www.burmeseclassic.com

စိုး မြို ၁၀၀၈၉

# ပန်းသီခိုင်

## ယုံကြည်ရပ်ဝယ်

BURMESE CLASSIC

design bo bo htoon 2005

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၅၀၂/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၀၂၀၅၀၄
ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၁၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၃)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC

# ယုံကြည်ရပ်ဝယ်

ပန်းသီခိုင်

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"မေ့ ..."

နာကျင်သွားသော ခြေဖျားကလေးကို ခဏခဏလှုပ်ယမ်းရင်း မျက်ရည်တွေပါ ဝိုင်းလာရသည်အထိ ခံစားရသည်။

အုတ်လှေကားထစ်ကြီးတစ်ခုလုံးတောင် မမြင်နိုင်ဘဲ ဝင်တိုက်မိတာ အငေးလွန်သောမျက်စိကိုပဲ အပြစ်တင်ရမလား၊ လှေကားထစ်ကိုပဲ ပြေစုမာန်မဲပစ်ရမလား။

"ကျွတ်"

တိုက်မိခဲ့သော လှေကားထစ်မှာပဲ စိတ်ပျက်လက်ပျက်ပစ်ထိုင်ချရင်း နာသွားသော ခြေဖျားလေးကို ဆွဲယူကြည့်မိသည်။

အားပါး ...သွေးတွေထွက်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခြေသည်းရှည်လေးလည်း မလှမပ ကျိုးပဲ့ပျက်စီးသွားရပြီး ငါးရံ့ခေါင်းပုံသဏ္ဍာန် ထူးခြားစွာရှိနေသော ခြေမကလေးမှာလည်း သွေးစသွေးနတို့ ဖြာကျလျက်။

"ငြိမ်ငြိမ်ရယ် ...သူ့ခြေမကလေးက လှလိုက်တာ၊ ငါးရံ့ခေါင်းလေးလိုပဲ၊ ခြေသည်းလေးကလည်း ဝိုင်းဝိုင်းလေး၊ အရှမ်းချစ်ဖို့ကောင်းတာပဲ"

မနေ့တုန်းက ကျောင်းမှာ စွယ်တော်ကာပင် အားပါးတရ ပြောနေခဲ့သေးသည်။

ခုတော့ ပတ်တီးဖြူဖြူနှင့် အရုပ်ဆိုးတော့မည့်အဖြစ်။

အဲသည်ကောင်မတွေ မျက်စိကျပြီး ခဏခဏပြောလို့ဖြစ်တာ။

မဆီမဆိုင် ဆွဲထည့်တွေးပစ်ရင်း ရန်တွေ့ဖို့ပါ စဉ်းစားထားမိသည်။

လက်ထဲတွင်ကိုင်ထားဆဲဖြစ်သော စာအုပ်တွေကိုဘေးနားမှာ အသာချရင်း ခြေမကိုပဲ အကြာကြီး ငုံ့ကြည့်ငြိမ်သက်နေမိသည်။

"ဟင်း"

ပြီးမှ သက်ပြင်းမောလေးတစ်ချက်ရှိုက်ရင်း စာအုပ်တွေကို ကောက်ယူကာ မတ်တတ်ရပ်ဖို့ ပြင်မိ၏။

မျက်နှာပေါ်ဝဲကျနေသော ဆံပင်တွေကို အသာအယာ





သပ်တင်ရင်း ကျောင်းချိန်နီးနေပြီဆိုတာ သတိရသည်။

ရှေ့နှင့်နောက် တစ်ညီတည်းထားရှိသော ဆံပင်တွေက ခေါင်းနည်းနည်းငုံ့လိုက်တာနှင့် ရှေ့ကိုဝဲကျကာ မျက်နှာပြင်တစ်ခုလုံးနီးပါးကို ဖုံးကွယ်အုပ်မိုးသွားတတ်သည်။

ပခုံးကို မထိတထိရှိနေသော ဆံပင်ပျော့ပျော့တွေကတစ်အုံတစ်ထွေးကြီးမို့ မကြာမကြာ ပါးပစ်ရသည်။

ငြိမ်က ဆံပင်အရှမ်းကောင်းသည်။ အဲဒါကြောင့်မို့လည်း လေးလေးက ဆံပင်အရှည် ထားစေချင်တာဖြစ်မည်။

လေးလေးကိုသတိရတော့ ငိုချင်စိတ်က ပိုမိုပြင်းထန်လာသည်။

အနားမှာ လေးလေး ရှိကြည့်ပါလား။ ငြိမ် အော်ကြီးဟစ်ကျယ် ငိုပစ်လိုက်မှာ။

တာကယ်နာတာထက်ကို ပိုသည်းပြမိမှာ။

"လေးလေးရေ ...နာတယ်၊ သွေးတွေလည်း ထွက်ကုန်ပြီ"

ဟု အသံပြဲကြီးနှင့် ချွဲပစ်လိုက်မှာ။

လေးလေး ရှိသွားနေချိန် တစ်ဦးတည်း ရှိနေချိန်မို့သာ လူကြီးမလေးတစ်ဦးလို တည်တည်ငြိမ်ငြိမ် ကြိတ်မှိတ်ခံစားလိုက်တာ။

ထိခိုက်မိသွားသော ဝေဒနာကြောင့် ဝဲခဲ့တာလာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သော မျက်ရည်တွေက လေးလေးကိုသာ မြင်ကြည့်။ တစ်ခါ တည်း ဒလဟောကျဆင်းလာမှာ။

"ဟိတ်"

ခြံဝင်းတံခါးဆီမှ ခေါ်သံကြောင့် မတ်တတ်ရပ်ဖို့ စဉ်းစားနေမိတာလေး ပျောက်ဆုံးသွားကာ ဟန်မပျက်ဆက် ထိုင်နေရင်း လှမ်းကြည့်မိသည်။

"ဟိတ် ...ခဏ"

ကုတ်အင်္ကျီအနက်ကလေးနှင့် ဘောင်းဘီရှည်မီးခိုးပြာ ရောင်ကို ဝတ်ဆင်ထားသည့် ကောင်လေးတစ်ယောက်က ငြိမ့် ကို ခပ်တင်းတင်းလှမ်းခေါ်နေ၏။

ကိုယ့်ကိုမခေါ်သလို အိုက်တင်မျိုးနှင့် ပေကတ်ထိုင် နေရင်း ထိုကောင်လေးကို ဒေါသဖြစ်ချင်ရသည်။

သူများခြံတံခါးဝလာပြီး ခေါ်ပုံက အိမ်ကြီးရှင်စတိုင် နှင့်။ ယဉ်ယဉ်ကျေးကျေးလည်း မရှိ။

ငြိမ့်ကတော့ မြင်ပြင်းကတ်စွာ မျက်စောင်းတစ်ချက် ထိုးမိသည်။

"ဟော့ ...မင်းကိုခေါ်နေတာကွ"

"ကြားသားပဲ"

"ဒီမှာ ဦးမင်းခင်ရှိလား၊ သူနဲ့တွေ့ဖို့လာတာ"

လေးလေးညှော်သည်ဟု သိလိုက်ရတော့ တအံ့တသြ





လေး ဖျတ်ခနဲရပ်မိတော့သည်။

"လေးလေး မရှိဘူး"

"ဘယ်သွားလဲ၊ ဘယ်တော့ပြန်လာမှာလဲ"

ခြံဝင်းတံခါးဆီ ထော့နင်းထော့နင်း လျှောက်သွား လျက် သူ့ကို စူးစူးစိုက်စိုက်ကြည့်မိသည်။

'ချောလိုက်တာ'ဟု တိတ်တဆိတ်မှတ်ချက်ချရင်း ငြိမ့် မျက်နှာထားကတော့ တင်းတင်းမာမာပဲရှိနေ၏။

"ဒီအချိန်ဆို လေးလေး ဘယ်တုန်းက အိမ်မှာရှိတတ် လို့လဲ၊ လေးလေးဆီလာတာဆို လေးလေးအကြောင်း သိရမှာ ပေါ့"

မယုံသင်္ကာပုံစံနှင့် ခနဲ့တဲ့တဲ့မေးလိုက်တာကြောင့် သူ့ မျက်နှာလေး သိသိသာသာ ပျက်ယွင်းသွား၏။ ပြီးမှ မပွင့် တပွင့်ပြုံးလိုက်ရင်း ...

"ရုံးကိုရောက်ခဲ့ပြီးပြီ၊ မရှိလို့ အိမ်ကိုလိုက်လာတာ"

"ဟင်"

သည်တစ်ခါတော့ ငြိမ့်မျက်နှာလေး ငယ်ကျသွားရ ၏။

"လေးလေး ရုံးမှာမရှိဘူး"

မယုံနိုင်သလို ထပ်မေးမိသည်။

"ဟုတ်တယ်၊ ကိစ္စရှိလို့ ဖေဖေခိုင်းလို့ လာရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာတွေ့ရင် ဒီအထိတောင် လိုက်လာစရာမရှိဘူး”

“သေချာရဲ့လားဟယ်၊ လေးလေး ရုံးမှာမရှိတာ”

“ဟာ”

သံသယမျက်လုံးတွေနှင့် ကြည့်နေသော ကောင်မလေးကို စိတ်မရှည်ချင်တော့ဘဲ ပြန်လှည့်ချင်တော့သည်။

“ရုံးမှာမတွေ့လို့ ဒီအထိလိုက်လာခဲ့တာပေါ့”

“လေးလေးအခန်းထဲထိ ရောက်ခဲ့လို့လား”

“မရောက်ခဲ့ဘူး၊ ဒါပေမယ့် ရှေ့ဂိတ်မှာမေးကတည်းက အပြင်ထွက်သွားတယ်ပြောတာ”

“ဟုတ်ပါ့မလား”

“မယုံလည်းနေပေါ့၊ ဦးမင်းဒင်မရှိရင် ငါပြန်မယ်”

ချာခနဲလှည့်ထွက်သွားသော ကောင်လေးကို ကြည့်ရင်း မျက်နှာလေး မဲ့သွားရသည်။

လေးလေးကို စိတ်မချနိုင်ခြင်းက ရင်မှာ ကြီးစိုးနေ၏။

ဘယ်သွားနေတာလဲ လေးလေးရယ်။ ဒေါ်လေးနှယ် နဲ့များ သွားတာလား။

ပူပန်စိတ်တွေနှင့် ခြံဝင်းတံခါးရှေ့မှာပဲ မလှုပ်မယှက် ရပ်နေမိတော့သည်။

သန့်ပြန့်မွန်ရည်သော ကောင်လေးကိုပင် ဂရုမစိုက်





နိုင်တော့။

ပြေလည်ရာပြေလည်ကြောင်းပြောပြီး လာရင်းကိစ္စကို မေးဖို့ပင် မေ့လျော့သွားရသည်အထိ ငြိမ် တုန်လှုပ်မိ၏။

ဧည့်ခန်းထဲကို ကမန်းကတန်းဝင်လာပြီး လေးလေးဆီ ဖုန်းဆက်ကြည့်သည်။ ဖုန်းလိုင်းအားလပ်နေလျက် လာကိုင်မည့်သူ ရှိမနေ။

လေးလေးအခန်းထဲကို ဘယ်သူတစ်ဦးတစ်ယောက်မှ ဝင်ခွင့်ရှိတာမဟုတ်။

လေးလေးက ရာထူးကြီးကြီးကို ပိုင်ဆိုင်ထားသူပါ။

လေးလေးနှင့် တွေ့ချင်လျှင် ရုံးအဝင်ဝဂိတ်မှာ စာရင်းသွင်းရသည်။

ဂိတ်မှ ဝန်ထမ်းတွေက လေးလေးဆီ ဖုန်းဆက်ပေးပြီး လေးလေးက ဝင်ခွင့်ပေးမှ ဝင်တွေ့ခွင့်ရှိသည်။

ဖုန်းခွက်ကို အသာချထားလျက် ငိုင်တွေရပ်နေမိ၏။

စိတ်ထဲမှာ နည်းနည်းလေးမှ မအေးချမ်းနိုင်တော့။

ကျောင်းတက်ချင်စိတ်လည်း မရှိ။

သို့ပေမယ့် သည်နေ့ သောကြာနေ့။

သောကြာနေ့ဆို ပရယ်တီကယ က နှစ်ချိန်ဆက်ရှိသည်။

ကျောင်းမတက်လို့ မရ။



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်ပတ်ထားသော နာရီအမည်းသေးသေးလေးကို တစ်ချက်ငုံ့ကြည့်ရင်း ကျောင်းသွားဖို့ သွက်သွက်လက်လက် ပြင်ဆင်ရသည်။

"ကြီးမေရေ"

အခန်းထဲကို ပြေးဝင်လာ၊ အချိန်စာရင်းတိုက်ရင်းမှ

"ကြီးမေရေ ...ထမင်းစားသွားဖို့ မမီတော့ဘူး၊ ထမင်းဘူးထည့်ပေးနော်၊ ပရယ်တီကယ်တွေနဲ့ ကင်တင်းသွားချိန်လည်း ရမှာမဟုတ်တော့ဘူး၊ ကော်ဖီပါ ထည့်ပေးလိုက်နော်"

ဟု လှမ်းအော်ထားမိသည်။

"ဘဘစိုးကိုလည်း ကားအဆင်သင့်လုပ်မိုင်းထားစမ်းပါ"

"အေး ...အေး စိတ်ချ သမီးလေး"

မြန်မြန်ဆန်ဆန် ရေမိုးချိုးပြီး အဝတ်အစားလဲရသည်။

သည်နေ့တော့ ပြင်ဆင်ချိန်လည်း သိပ်မရတော့ပါ။

မက်(စ်)ဖက်တာ ကရင်ပတ်(ဖ်)လေးကို မျက်နှာမှာ တို့လိမ်းရင်း ဘော်ဒီစပရေးကို တရှူးရှူးဖြန်းလိုက်၏။

ပရယ်တီကယ် နှစ်ချိန်ဆက်မို့ ပရယ်တီကယ်စာအုပ် ရှည်မျောမျော နှစ်အုပ်ကို ဖိုင်တွဲထဲညှပ်ထည့်ပြီး နုတ်(စ်)စာအုပ် သုံးအုပ်ကိုတော့ လက်ထဲမှာပင် ကိုင်လိုက်တော့မည်။





လွယ်အိတ် လွယ်စရာမလိုတော့။ ကွန်ပါဘူးကိုတော့ ဖိုင်တွဲအနက်လေးနှင့် တွဲကိုင်ရမည်။

"သမီးရေ ...ဒီမှာ အဆင်သင့်ပဲ"

"ဟုတ်ကဲ့"

"လိမ္မော်သီးပါ ထည့်ပေးလိုက်တယ်"

"အင်းပါ"

ထမင်းချိုင့်ရော ကော်ဖီထည့်ထားသည့် ဓာတ်ဘူးရော၊ ပြီးတော့ လိမ္မော်သီးကိုပါ ကြီးမေက ဆွဲခြင်းအဖြူလေးထဲ စုံစုံလင်လင် ထည့်ထားပေး၏။

ခပ်ပါးပါး နုတ်(စ်)စာအုပ် အနီရဲရဲလေး သုံးအုပ်ကို ဆွဲခြင်း၏ ဘေးတစ်ဖက်ထဲကို ကပ်ထည့်ထားလိုက်၏။

"ကြီးမေ ...သမီး သွားပြီ"

"အေး ...အေး လာကြိုရမယ့် အချိန်ကို ဘဘစိုးကို သေချာမှာဦးနော်"

"အင်းပါ ...ဒီနေ့ ငါးနာရီမှပြီးမှာ၊ ပရယ်တီကယ်ရှိတယ်"

ကြီးမေက ခေါင်းတညိတ်ညိတ်နှင့် သော့တွဲကိုယူပြီး စောင့်နေသည်။

ငြိမ်တို့ထွက်ဖို့ ခြံဝင်းတံခါးကို ဖွင့်ပေးပြီး ပြန်ပိတ်ရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်စင်ဘက်ကို အပြေးတစ်ပိုင်းရောက်သွားရင်း ရှူးဖိနပ်ပန်းရောင်ကလေးကို ယူလိုက်၏။

ဆွဲခြင်းကို ခဏချ၊ လက်ထဲတွင် ပိုက်ထားသော ဗိုင်တွဲနှင့် ကွန်ပါကို ဆွဲခြင်းထဲထည့်ပြီး ဖိနပ်စီးဖို့ ထိုင်ချလိုက်တော့မှပဲ ခြေမလေးကို ပတ်ထားလိုက်မိတာ သတိရပြီး နာကျင်လာရသည်။

စောစောတုန်းကတော့ လေးလေးအတွက် ပူပန်ရတာရော ကျောင်းချိန် နောက်ကျနေတာကြောင့်ရော မေ့သွားခဲ့တာ။

"သမီးလေး ... ဆံပင်တွေက ရေမခြောက်သေးပါလား"

ကြီးမေ ဂရုတစိုက်နှင့် ပြောလာ၏။

"ဟုတ်တယ်၊ သုတ်ဖို့အချိန်မှမရှိတာ၊ ခုတောင် နောက်ကျနေပြီ၊ ဒီမှာ ခြေမလည်း ထိထားသေးတယ်"

"ဟယ်တော့ ... ဘယ်တုန်းက ထိတာတုန်း၊ ဘာမှ မထည့်ရသေးဘူးလား"

"ရပါတယ် ကြီးမေရယ်၊ သိပ်မနာတော့ပါဘူး"

လေဒီရှူး ခွာမြင့်ချွန်းချွန်းကလေးကို ဖွတ်မိုတ်စီးလိုက်သည်။

ညနေ ကျောင်းပြန်ချိန်ကျမှပဲ ဆေးထည့်ပတ်တီးစည်း





တော့မည်။

"ဟော"

ငြိမ် ဖိနပ်စီးနေချိန်မှာပဲ ဖုန်းမြည်လာတာကြောင့် လိုက်ခနဲ ပျော်သွားရသည်။

လေးလေးဆီကပဲ ဖြစ်မည်ဟု စိတ်ထဲက ရုတ်တရက် ထင်လိုက်မိ၏။

"ငြိမ်ငြိမ်လား"

ငြိမ် ထင်သလိုပင် လေးလေး၏အသံဖြစ်နေတာကြောင့် ခုန်ဆွခုန်ဆွပင် ဖြစ်သွားရသည်အထိ ပျော်သွားရသည်။

"လေးလေးက ကျောင်းသွားပြီလားလို့ကွ"

"ခုပဲသွားတော့မလို့ပါ လေးလေး"

နှုတ်ခမ်းလေးတွေ မစေ့နိုင်အောင်ပင် ပြုံးထားမိရင်း ပြောမိ၏။

"ငြိမ်လေး ဖုန်းဆက်သေးလား"

"ဟုတ်တယ် လေးလေး၊ စောစောက ငြိမ် ဆက်တာ၊ လေးလေးကို ဘယ်သူပြောလဲ"

"ဟိုဘက်ခန်းက စာရေးမတစ်ယောက် ပြောတာပါ၊ ဆရာ့အခန်းထဲက ဖုန်းသံကြားတယ်ဆိုလို့ လေးလေး ပြန်ဆက်ကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ဘယ်သွားနေတာလဲဟင်"

"အစည်းအဝေးသွားတာပါ၊ ဘာလို့လဲ"

"ဪ"

ငြိမ့် ရင်ထဲမှာ အေးခနဲ ဖြစ်သွားရသည်။

"လေးလေးကို ကောင်လေးတစ်ယောက် လာမေးလို့ မရှိဘူးဆိုတာနဲ့ ငြိမ် ဆက်ကြည့်တာပါ"

"ကောင်လေးတစ်ယောက် ဟုတ်လား၊ ဘယ်သူတဲ့လဲ၊ သမီး မေးမထားလိုက်ဘူးလား"

"ဟင့်အင်း ...မမေးထားမိဘူး"

"အင်းလေ...ကိစ္စမရှိပါဘူး"

လေးလေးက ငြိမ့်ကို အပြစ်မမြင်သလို ဆို၏။

အမှန်တော့ ဘယ်သူပါ၊ ဘာကိစ္စနဲ့လာတာ လေးလေး ဟု ငြိမ် ပြန်ပြောပြနိုင်ဖို့ ကောင်းသည်။

ခုတော့ ငြိမ် ဘာတစ်ခုမှ မမေးထားလိုက်မိ။

"ကျောင်းချိန်နီးနေပြီ၊ သမီး ကျောင်းသွားတော့လေ"

"အင်းပါ လေးလေးရဲ့၊ ခုသွားမှာပါ"

"ဪ ...လေးလေးရေ၊ ငြိမ့်ခြေထောက် ထိသွားတယ်၊ သိလား"

"ဟင် ...ဟုတ်လား၊ ဘာနဲ့ထိသွားတာလဲ သမီး"





"လှေကားထစ်နဲ့ တိုက်မိသွားတာ"

"ဒီလှေကားထစ်ကလည်းကွာ ငါ့သမီးလေး လာနေတာ မမြင်ဘူးလား"

"ဟင်း ...ဟင်း ...ဟင်း"

ငြိမ် လေးလေးအပြောကြောင့် တခစ်ခစ်ရယ်မိသည်။

"လေးလေး ...သွေးတွေတောင် ထွက်တယ်သိလား၊ အခုလေ ဖိနပ်တောင် စီးလို့မရဘူး၊ လမ်းလဲမလျှောက်နိုင်ဘူး၊ တဆစ်ဆစ်နာနေတာ၊ ခုနပဲ ထိုင်ငိုနေရသေးတယ်"

ငြိမ့် စကားတွေကြောင့် ကြီးမေက ပြုံးနေ၏။

"ကြီးမေကြီး ဘာပြုံးတာလဲ"

ဖုန်းခွက်ကိုပိတ်ထားပြီး ကြီးမေကို ရှုပုပ်ပြောမိ၏။

"ဒီနေ့ ပရယ်တီကယ်ရှိတယ် မဟုတ်လား၊ ကျောင်းသွားလိုက်နော်. သမီး၊ လေးလေးက စောစောလာကြိုမယ်၊ ဘာဘစိုးကို မကြိုခိုင်းနဲ့တော့၊ အပြန် တစ်ခါတည်း ဆေးခန်းဝင်ပြရအောင်"

"အင်း"

လေးလေး လာကြိုမယ်ဆိုသဖြင့် ငြိမ် ကျေနပ်သွားရသည်။

"လေးလေး"

"ဗျာ"

"ဒေါ်နွယ်သဇင်ကော ရုံးတက်လား"



www.burmeseclassic.com

www.burmeseclassic.com



"တက်သားပဲ …ဘာဖြစ်လို့လဲကွ"

"အစည်းအဝေးသွားတော့ကော ပါလားဟင်"

"ပါတာပေါ့"

ငြိမ် ခပ်ကြာကြာ တိတ်ဆိတ်သွားရသည်။

ဒေါ်နွယ်သဇင်ကလည်း လေးလေးလို အရာရှိတစ်ဦးပဲ မဟုတ်လား။ လေးလေးက ဒေါ်နွယ်သဇင်ကို ဒေါ်လေးနွယ်ဟု ခေါ်ဖို့ သင်ပေးထားဖူးမယ့် ငြိမ် တစ်ခါမှ မခေါ်ခဲ့ပါ။

စိတ်ထဲမှာသာ ခေါ်ချင်ခေါ်မှာ။ လေးလေးရှေ့မှာတော့ နာမည်အပြည့်အစုံကို ခပ်မာမာပဲခေါ်ပြမိသည်။

"သမီးငြိမ်"

"ဘာလဲ"

လေးလေးကို စူအောင့်ထူးမိ၏။

"ခက်ပါလားဗျာ …သူက သူ့ကားနဲ့သူသွားတာ၊ အစည်းအဝေးမှာ ထိုင်ကြတော့လည်း တစ်ယောက်တစ်နေရာစီ၊ ဘာမှမဆိုင်ဘူး၊ စကားတစ်ခွန်းတောင် မပြောဖြစ်ခဲ့ဘူး"

လေးလေးက ငြိမ့်အတွင်းစိတ်ကို ထွင်းဖောက်မြင်နေသလို ရှင်းပြ၏။

"ပြီးရော …ပြီးရော"

ငြိမ် ဖုန်းချပစ်လိုက်သည်။

လေးလေးကို သည်ကိစ္စနှင့် ပတ်သက်လျှင် နည်း





နည်းမှ လျစ်လျူရှုထားလို့ ရမည်မထင်။

ငြိမ့်ဘက်က တစ်အား တင်းမာထားမှ ပြတ်သားထားမှ လေးလေး ရှေ့မတိုးရဲမှာ။

လေးလေးကို တော်ရုံကိစ္စဆို အပြစ်မယူတတ်ခဲ့ပေမယ့် ဒေါ်နွယ်သဇင်နှင့်ကိစ္စကိုတော့ ငြိမ့်ဘက်က ပိုင်ပိုင်နိုင်နိုင်ပဲ တွေဝေခြင်းကင်းစွာ မီးနီပြထားခဲ့သည်။

လေးလေးဆိုတာ ငြိမ့်အဖို့ တစ်ဦးတည်းသော မှီဖွယ်ရာ အရိပ်။

တစ်ကိုယ်ကောင်းဆန်တယ်ပဲဆိုဆို။

အတ္တကြီးတယ် ပြောပြော။

မတရားဘူးလို့ ထင်ချင်ထင်။

ဗိုလ်ကျတယ်လို့ ယူဆယူဆ။

လေးလေးက အရင်ခွဲထွက်သွားမှာမျိုး ငြိမ် မလိုလား။

အဲသည်လို အဖြစ်မျိုးအတွက် ခံနိုင်ရည်အင်အားလည်း မရှိ။

ငြိမ် တစ်ဦးတည်း သွေ့ခြောက်စွာကျန်ရစ်မှာကို ဘယ်လိုမှ သွေးမအေးနိုင်။

အထူးသဖြင့် နွယ်သဇင်နှင့်ဆို ပို၍ပင် မလိုလားနှစ်သက်နိုင်ပါ။

ပထမဆုံးအကြိမ် မြင်ဖူးကတည်းက ငြိမ်တို့နှစ်ဦးတစ်ယောက်စီကိုယ်စီ တင်းမာခဲ့ကြတာ။ ငြိမ်ကတော့ သူ့အပေါ်

www.burmeseclassic.com



ခါးသီးတာထက်ပင် လွန်ကဲချင်သည်။

ငြိမ့်လေးလေးလိုချင် ငြိမ့်ကို ကျအောင်ပေါင်းပေါ့။

သည်လို ခပ်တင်းတင်း နည်းဗျူဟာနှင့်တော့ ဘယ်ဖြစ်ပါ့မလဲ ဒေါ်နွယ်သဇင်ရယ်။

ဘဘစိုးမောင်းသော ကားလေးထဲ ဟိုငေးသည်ငေးလိုက်ပါလာရင်း ...

လိမ္မော်သီးတစ်လုံးကို အခွံခွာပြီး တစ်မြွာချင်း စားမိ၏။

ငြိမ့်ကို ကိုးတန်းဆယ်တန်း ကျောင်းသူတစ်ယောက်လို စိတ်ရှည်လက်ရှည် လိမ္မော်သီးအခွံနွာကျွေးခဲ့သော လေးလေးကို အလွယ်တကူ ဘယ်လိုလုပ် ခွဲနိုင်မှာလဲ။

သေးသေးဖွဲ့ဖွဲ့လေးတွေရော ကြီးကြီးမားမားတွေပါ အနစ်နာခံ အလိုလိုက်သော ငြိမ့်အတွက် အကောင်းဆုံးအရိပ်တစ်ခုလို ကိုယ်တိုင်က ယုံကြည်ထားသော လေးလေးကို သူစိမ်းတစ်ဦးလက်ထဲထည့်ပေးဖို့ ခုချိန်ထိ အင်အားမရှိသေးပါဘူး။

ငြိမ့် အနီးအနားဝန်းကျင်မှာ မိတွယ်ခိုဝင်စရာ အားဆေးတစ်ခုလောက် ရှိလာခဲ့ရင်တော့ ...

ငြိမ် ဆက်မတွေးရဲတော့ဘဲ ရပ်ထားပါသည်။

လေးလေးနဲ့ ပတ်သက်ရင် ငြိမ် လောဘကြီးပါရယ် လေးလေးရယ်။

× × × ×





## အခန်း (၂)

'နောက်ကျတယ်ဟာ' ဟု ငြိမ် ပခုံးလေးကို ဖက်တွယ်ရင်း စွယ်တော်က ပြောလာ၏။

"ဆရာဝင်နေပြီလား"

"အင်း"

"စွယ်တော်တို့ ဘာလို့မတက်တာလဲ"

"ငြိမ် မရောက်သေးလို့ ဒီမှာထိုင်နေကြတာ"

"သြော်"

ကားရပ်သည့်နေရာမှာ သစ်ပင် အုပ်ဆိုင်းဆိုင်းတွေရော ထိုင်စရာခုံတွေပါရှိနေတာကြောင့် စွယ်တော်တို့က သည်နေရာလေးမှာ လာစောင့်နေကြ၏။

"မသက်က ဒီနေ့ ရှိုး ...ရှိုးတွေနဲ့ပါလား"

ငြိမ်က ဘဘစိုးကို လာမကြိုဖို့နှင့် လေးလေး လာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုမှာကို သေချာရှင်းပြပြီး သူငယ်ချင်းတွေရှိရာ သစ်ပင်အောက်ကို စွယ်တော်နှင့်အတူ လျှောက်လာ‌ချင်းမှ မသက်ကို လှမ်းပြောမိသည်။

"ရှိုးရမယ်လေ၊ ဒီနေ့ မသက်ရဲ့ ဟဲဟဲကြီးလာမှာ"

"ဟင် …ဟုတ်လား"

"ဟုတ်တယ်ဟဲ့ …ဖုန်းဆက်ထားတယ်တဲ့"

မေသူကပါ ဝင်ပြော၏။

"ဒါဆို ကလပ်(စ်)မတက်ဘူးပေါ့"

"ဟင့်အင်း …ပရယ်တီကယ်အချိန်မှပဲ လုပ်တော့မယ်"

ငြိမ် ဘာမှထပ်မမေးတော့ဘဲ စွယ်တော်နှင့်အတူ ယှဉ်ရပ်နေမိသည်။

"ငြိမ်"

"ဟင်"

"ဒီနေ့ တို့တွေပါလစ်ရင် မကောင်းဘူးလား၊ နှစ်ချိန်ပဲရှိတာ၊ အခုတစ်ချိန်က ပြီးတော့မယ်၊ နောက်တစ်ချိန်ထဝင်မှာလား မသိဘူး"

"စွယ်တော်တို့သဘောပဲ ငြိမ်လည်း ပရယ်တီကယ်မို့ လာခဲ့တာ၊ အိမ်မှာ လေ့ကားထစ်ကို ခလုတ်တိုက်မိလို့ ခြေသည်းတောင် ကျိုးသွားတယ်"





"ဟုတ်လား …ဖိနပ်စီးထားတော့ မနာဘူးလား"

"နာတာပေါ့၊ သိပ်တော့မနာဘူး"

စွယ်တော်နှင့် မေသူက ဖိနပ်ချွတ်ခိုင်းပြီး သေချာကြည့်၏။

"အနာယဉ်းနေမယ်၊ ဓမ္မေ့ပါနဲ့ဦး"

"အင်း …လေးလေးက ညနေ ဆေးခန်းပြပေးမယ်တဲ့၊ လေးလေး လာကြိုမှာ"

"ဟာ …ဟုတ်လား"

မြူးတုံ့တုံ့ဖြစ်သွားသော စွယ်တော်ကို မျက်စောင်းထိုးရင်း …

"ဟွန်းနော် …ငါ့လေးလေးကို မပြစ်မှားနဲ့၊ ငရဲကြီးမယ်သိလား"

"ဒါက ကိုယ့်လွတ်လပ်ခွင့်ပဲ ခေါ်ငြိမ်ငြိမ်မင်းဒင်ရယ်"

ငြိမ် မနှစ်သက်မှန်းသိသဖြင့် စွယ်တော်က အနိုင်နှင့်ပိုင်းပြောသည်။

"ငရဲကြီးရအောင် ငြိမ့် လေးလေးက မိန်းမရှိတာ မဟုတ်တာ"

"မသက်"

မသက်ကပါ စွယ်တော်ဘက်က ဝင်ပြောသဖြင့် ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



အော်ပစ်လိုက်သည်။

"ဒေါ်နွယ်သဇင်ကြီးနဲ့ကျတော့ သူ လက်လျှော့ထား ရတာများ"

"တော်ပြီ၊ မဟုတ်ကဟုတ်က မပြောနဲ့"

"ပြောမယ်ကွာ"

ငြိမ် ပိတ်ပင်တားမြစ်တာကို လက်မခံဘဲ စွယ်တော်တို့က မခံချင်ဖြစ်အောင် တမင်စနေ၏။

"မသက်လူက ဘယ်တော့လာမှာလဲ"

"ခု လာတော့မှာ ငြိမ်ကော လိုက်ခဲ့မှာလား"

ငြိမ် ခေါင်းညိတ်လိုက်ရသည်။

သူတို့သုံးယောက်သွားမှတော့ ငြိမ်က နေရစ်ခဲ့လို့ ရမှာတဲ့လား။

"လိုက်မှာလား"

"လိုက်ရတော့မှာပေါ့"

မသက်က သူ့လူအကြောင်းတွေကို စုံစုံစေ့စေ့ ရှင်းပြနေသည်။

ဆေးကျောင်းသားဆိုတာကော၊ အိမ်ကအလုပ်ကို ဦးစီးနေရတာ။

ငြိမ်ကတော့ စိတ်ဝင်စားသည်လည်း မဟုတ်၊ မဝင်စားသည်လည်း မဟုတ်ဘဲ နားထောင်နေမိသည်။





ထူးခြားစွာ အလှပြင်ဆင်ထားသော မသက်ကို ငေးကြည့်ရင်း ခေါင်းထဲမှာ စဉ်းစားစရာတွေ ဝင်လာရသည်။

ငြိမ် ဆိုရင်ကော ချစ်သူနှင့် တွေ့ရမှာ ပျော်နေမှာလား။ ပြီးတော့ သိပ်လှချင်မှာလား။ မသက်လိုပဲ ပြင်ဆင်မိမှာလား။

ခုချိန်ထိတော့ ငြိမ့်ရင်ထဲ ကလေးတစ်ဦးလိုပဲ ရှင်းလင်းအေးချမ်းနေသည်။

အပူဆို၍ လေးလေးကို စိတ်မချနိုင်ခြင်း တစ်မျိုးပဲ လောလောဆယ်ရှိသည်။

လေးလေးကလည်း ငြိမ် ယူကျုံးမရဖြစ်အောင် ခံစားရအောင် လုပ်မှာမဟုတ်ပါ။ ငြိမ် ယုံကြည်ထားမိသည်။

ရုတ်တရက် ငြိမ့် လက်ကလေးကို မသက်က ဖျစ်ညှစ်ဆုပ်ကိုင်လိုက်တာမို့ အတွေးတွေ လွင့်သွားရသည်။

'လာနေပြီ'ဟု တိုးတိုးကလေးဆိုတာကို သေချာကြားပေမယ့် မြင်ကွင်းထဲမှာ ကျောင်းသားလေးများစွာ ရှိနေတော့ ဘယ်သူ့ကို ထင်ရမှန်းမသိ ဖြစ်နေ၏။

ငြိမ်တို့ထိုင်နေရာ သစ်ပင်အောက်ဆီ တန်းတန်းမတ်မတ် ဝင်လျှောက်လာနေသည့် ကျောင်းသားနှစ်ဦးကို နီးကပ်လာမှပဲ သူတို့ပဲဟု သေချာသိသွားရသည်။

သိသွားရသည်နှင့်လည်း ဟင်ခနဲ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်စာတုန်းကပဲ ငြိမ့်ဆီ ရောက်လာသော လေးလေးကို လာမေးသွားသော ကောင်လေးပါလား။ ထို ကောင်လေးနှင့်အတူ နောက်တစ်ယောက်လည်း ပါသေးသည်။

"အဲဒီကောင်လေးတွေလား"

ငြိမ့် အမေးကို စွယ်တော်က မျက်လုံးပြူးကြည့် သည်။

"ကောင်လေးတွေလို့ ပြောရအောင် ငြိမ်က အသွား ကြီးမို့လား၊ သူ့ပုံစံလေးနဲ့များ၊ သူများတွေကို ကောင်လေးတဲ့၊ ဟား …ဟား"

"ဘာဖြစ်လဲ၊ ဘယ်လိုပြောပြောပေါ့"

"ကောင်လေးတွေလား၊ သေချာအောင် အရပ်တိုင်း ကြည့်ပါလား"

"စွယ်တော်နော် သူ့အရပ်မြင့်တိုင်း ငြိမ် ပုတာကို လာမထိပါနဲ့"

ငြိမ့် ခပ်မာမာပဲ ရန်တွေ့ပစ်သည်။

"သြော် …စောင့်နေတာ ကြာပြီလား"

ငြိမ်တို့သုံးဦးက မတပ်ခေါ်ရမည့် မသက်နှင့်မှ သူတို့ က ရွယ်တူလောက်ရှိမည့်ပုံပါ။

မသက်ကို နှစ်ဦးစလုံးက တရင်းတနှီးနှင့် သက်ဝဲ ခေါ်ဝေါ်ပြောဆိုကြတာ မြင်နေကြားနေရသည်။





"စွယ်တော်"

"ဟင်"

"အဲဒီနှစ်ယောက်ထဲက မသက်လူက ဘယ် တစ်ယောက်လဲ"

"မျက်မှန်မပါတဲ့ တစ်ယောက်"

"သြော်"

မသက်ဘေးမှာထိုင်နေသည့် ငြိမ့်ကို သူတို့နှစ်ဦးက တစ်ချက်တလေမှပင် ကြည့်ဖော်မရပါ။

ငြိမ်ကတော့ ငြိမ့်ဆီလာသွားခဲ့သော မျက်မှန်အနက် နှင့် လူကို စူးစူးစမ်းစမ်း ကြည့်နေမိသည်။

"သက့်ဆီလာဖို့ ဒီကောင့်ကို မနည်းဆွဲခဲ့ရတာ"

"ကြိုးစားနေတယ်ပေါ့၊ ဟုတ်လား"

"မကြိုးစားရပါဘူးဗျာ၊ အကျိုးတော်ဆောင် လုပ်နေရ တာနဲ့ပဲ ပြီးနေတာ၊ ဟိုလူကခေါ် ဒီလူကခေါ်နဲ့၊ ဖေဖေလွှတ် ရင်လည်း သွားပေးရသေးတယ်"

ညစ်နေပုံနှင့် တရှည်တလျားပြောနေတာကို ငြိမ် ခေါင်းလေးမော့ကြည့်ရင်း စိတ်ဝင်စားနေမိသည်။

ခြံဝင်းတံခါးမှာ လာရပ်စဥ်ကတည်းက သနပ်ပြန့်ခန့် ညားလွန်းတာ သိပြီးသား။

ခုတော့ ကျောင်းချိန်မို့ ရေမိုးချိုးပြီး လာတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးစမတ်ကျကာ ကြည့်ကောင်းနေ၏။

ဝတ်ထားသော ရှပ်အင်္ကျီအကွက်စိပ်ကလေးက သူနှင့် တစ်အားပဲလိုက်ဖက်သည်။

ဆေးကျောင်းသားဆိုတော့ …

ကောင်မလေးတွေ ဝိုင်းနေမလားဟု တွေးဖြစ်၏။

သည်ပုံစံ သည်အနေအထားကိုမှ မဝိုင်းလျှင်လည်း

သူ့ဆီမှ အကြည့်ရှပ်ရင်း ဗွယ်တော်နှင့် စကားပြောနေမိသည်။

ရွှင့်ခေါင်က မသက်ဘေးမှ ကောင်မလေးဆီ ဝေ့ခနဲကြည့်ရင်း အံ့သြသွားရသည်။

စောစောကတော့ မသက်သူငယ်ချင်းတွေဆိုပြီး သေချာမကြည့်မိပါ။

ခုမှပဲ မသက်နှင့် ဘေးချင်းယှဉ်ထိုင်နေသော ကောင်မလေးကို ဘာရယ်မဟုတ် ကြည့်ဖြစ်သွားတာ။

အင်္ကျီပန်းဆီရောင်လက်ရှည်လေးနှင့် ထဘီလေးက အဖြူရောင်နုနု။ လေဒီရှူး ပန်းဆီရောင်လေးစီးထားသော သူမ ပုံစံလေးက ထင်းထင်းလင်းလင်းရှိနေ၏။

ဆံပင်ပုံစံကတော့ မြင်သူတကာ အသည်းယားပြီး ဆွဲဖယ်ပစ်ချင်စရာ မျက်နှာပြင်ပေါ် တစ်ဝက်မက အုပ်နေသည်။





တစ်ဖက်ကို ခေါင်းငဲ့ပြီး ခပ်ငုံ့ငုံ့စကားပြောနေတာ ပို၍ဆိုးသည်။

ခေါင်းလေးမော့ပြီး ဆံပင်တွေ သပ်တင်လိုက်လျှင်တော့ မျက်နှာလေးကို အထင်အရှား မြင်သာမှာပါ။

မျက်လုံးတောက်တောက်လေးတွေနှင့် ချစ်စရာကောင်းလွန်းသော မျက်နှာကို သည်ဆံပင်တွေနှင့် ဘာလို့များ ဖုံးအုပ်ထားရတာလဲ။

သူ စဉ်းစားမရအောင် ရှိပေမယ့် သည်ဆံပင်ပုံစံမျိုးက ခေတ်စားနေသော ပုံစံမှန်းလည်း ခေတ်လူငယ်ပီသစွာ သူသိနေခဲ့သည်။

"ကင်တင်းဘက်သွားရအောင် မသက်"

"အင်း"

မသက်က မတ်တတ်ရပ်ပြီး …

'ငြိမ် …သွားမယ်လေ'ဟုဆိုတော့ သူမက ချက်ချင်း မဖြေသေးဘဲ ဆံပင်လေးတွေကို လက်နှင့်သပ်တင်ကာ မျက်နှာလေး မော့လာ၏။

"အင်း"

ပြီးမှ ခပ်လေးလေးပင် အင်းဟုဆိုသည်။

"ဗွယ်တော်…ခြင်းဆွဲပေး"

"ကြောင်တယ်ကွာ၊ စတိတ်ကအကျွင့် ခုထိမပျောက်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူးလား"

စွယ်တော်က လက်ကလှမ်းယူပေမယ့် ပါးစပ်က ရှူပွ ရှူပွလုပ်ချင်သည်။

"ထမင်းစားဖို့ အချိန်မရခဲ့လို့"

"ကင်တင်းသွားမှာပဲဟာ"

"အဲဒီလို ကြိုမှမသိတာ၊ ငြိမ်က ကလပ်(စ်)တက် မယ်ပဲမှတ်တာ"

စွယ်တော့်လက်မောင်းတစ်ဖက်ကို ကိုင်ဆွဲလှုပ်ယမ်းရင်း ပြောပြီးမှ သူတို့ရှိနေတာ သတိရသွား၏။

"လိမ္မော်သီးတွေ ကြီးမေ ထည့်ပေးလိုက်တယ်"

ရယ်ကျဲကျဲလေးနှင့် စွယ်တော့်ကို မျက်နှာလုပ်ရသည်။

"ငြိမ် …နွှာပေးမယ်၊ မေသူ့ရေ ဗိုင်ခဏယူထားပေး"

မေသူ့ကို လက်ထဲတွင်ကိုင်ထားသော ဖိုင်တွဲအနက်လေးကို လှမ်းပေးထားပြီးမှ စွယ်တော် ဆွဲထားသော ခြင်းထဲမှ လိမ္မော်သီးတစ်လုံးထုတ်ယူကာ အခွံနွှာနေမိသည်။

မသက်ရယ်၊ ဟိုနှစ်ယောက်ရယ်က ရှေ့မှ။ ငြိမ်တို့သုံးဦးက ခပ်လှမ်းလှမ်းမှ ခွာပြီးလိုက်ခဲ့ကြသည်။

သူတို့က ခြေလှမ်းမြန်တာလား၊ ငြိမ်တို့က နှေးတာလားမသိ။ သူတို့နှင့်ငြိမ်တို့ အတော်ခြားသွားရသည်။





"ကလပ်(စ်) မတက်မှန်းသိရင် ဒီနုတ်(စ်)စာအုပ်တွေ ယူမလာပါဘူး၊ အဲဒီ မသက်က ကြိုမပြောဘူး"

"ငြိမ်"

"ဟင်"

"ဟိုတစ်ယောက်က ပီပြင်တယ်"

စွယ်တော်က မသက်တို့သုံးဦးကို လှမ်းကြည့်ရင်း တိုးတိုးလေး ကပ်ပြောသည်။

"ဘာပီပြင်တာလဲ"

မေသူက ငြိမ့်ကို ကျော်ကြည့်ပြီး စွယ်တော်ကို မေး၏။

"ချောတာပြောတာ"

"အင်း …ဟုတ်တယ်နော်"

မေသူကလည်း ကန့်ကွက်မလိုလုပ်ပြီးမှ ထောက်ခံလိုက်သည်။

ငြိမ်ကတော့ တိတ်တဆိတ်ပဲ ကြည့်နေမိသည်။

ဟိုတစ်ယောက် အိမ်ကိုလာသွားတာရော လေးလေးကို လာမေးတာရော ဖွင့်မပြောဖြစ်တာလည်း ဘာရည်ရွယ်ချက်နှင့်မှ မဟုတ်ပါ။

ကင်တင်းမှာထိုင်ကြတော့ တစ်ယောက်တစ်မျိုး စားချင်တာ မှာကြ၏။ ငြိမ်က ထမင်းချိုင့်ပါတာမို့ အအေးတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ မှာလိုက်သည်။

"ထမင်းမစားခဲ့ဘူးဆို ဆာနေရောပေါ့၊ စားလေ"

စွယ်တော်က ထမင်းချိုင့်ကို ငြိမ့်ရှေ့ ဖွင့်ချပေးသည်။

စားကြ သောက်ကြ ပြောကြ ဆိုကြနှင့် စိုစိုပြည် ပြည်ရှိနေသောဝိုင်းမှာ ငြိမ်က ငြိမ်ချက်သားကောင်းနေ၏။

တစ်ခွန်း နှစ်ခွန်းလောက်ပဲ ဝင်ပြောဖြစ်သည်။

လေးလေးနှင့်ဆို နေ့ရောညပါ မနားတမ်း ပြောစရာ စကားတွေ ပြည့်နှက်နေတတ်ပေမယ့် ခုလိုကျတော့ ပြောစရာ က သိပ်ရှားပါးနေသည်။

ဟိုတစ်ယောက်တော့ မသက်နှင့်သာမက စွယ်တော် နှင့် မေသူ့ကိုပါ စကားတွေ မနားတမ်း ပြော၏။

မသက် လူကတော့ မသက်တစ်ဦးတည်းပဲ ကပ်တိုး လေးပြောနေ၏။

ထွဋ်ခေါင်ဆိုသောလူက ငြိမ့်ကို တစ်ခါမှမသိခဲ့ဖူးသူ လိုပဲ ဟန်မပျက်နေတာမို့ အောင့်သက်သက်တော့ ဖြစ်ရသည်။

တကယ်တမ်းဆို တစ်ခွန်း နှစ်ခွန်းဖြစ်ဖြစ် သည်ကိစ္စ ကို မေးသင့် ပြောသင့်သည်ပဲ။

သူကိုယ်တိုင်က ပြောချင်ဆိုချင်ပုံမရတာကြောင့် ငြိမ် လည်း ဘာသိဘာသာပဲ နေလိုက်မိသည်။

လေးလေး လာကြိုမှ ထွဋ်ခေါင်ဆိုသည့် လူတစ်





ယောက်အကြောင်း ပြောပြဖို့ စိတ်ကူးထားမိသည်။

သူ့ ပြောပုံဆိုပုံတွေကြည့်ရတာ မာနကြီးကြီးနှင့် ခပ် မှန်မှန်အနေတည်မည့်ပုံစံမျိုး။

တော်ရုံဆို ဂရုစိုက်တတ်မည့်ပုံမရ။

'မာနကြီးမယ့်ပုံပဲ' ဟု ရှေ့မှာတင် စွယ်တော်က ဝေဖန်လိုက်တော့ ငြိမ်က အားနာသွားပေမယ့် သူကတော့ ဘာမှဖြစ်ပုံမရဘဲ ...

"ထင်လို့ဖြစ်မှာပါ"

ဟု မပွင့်တပွင့်ဆိုသည်။

သူ့အပြောကြောင့် ငြိမ့်ရင်ထဲမှာ မကျေနပ်ခြင်းတွေ ဖြစ်ပေါ်လာရသည်။

"ဟာ …မကြီးပါဘူးဗျာ၊ ကျွန်တော် ဒီလိုပဲနေတတ် တာပါ"

ဘာဘာညာညာနှင့် ဖြေရှင်းသင့်တာပေါ့နော်။

သူ့ဒီဗိုင်းက စွယ်တော်တို့နှင့် စကားပြောနေရတာ ဆိုဝင် မတတ်သာလွန်းလို့ ကြိတ်မှိတ်နေရပုံမျိုး။

စိတ်မပါတာ သိသာလွန်းလှသည်။

ခဏကြာတော့ စကားသံတွေက သိသာစွာ ငြိမ်ကျ သွားသည်။

စွယ်တော်နှင့် မေသူကလည်း နားလည်ပုံဖြင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စကားသိပ်မပြောတော့။

အစကတည်းကလည်း ကျွန်တော်တို့မေးမှ သူက ဖြေနေတာ။

သူက ဟိုငေး သည်ငေး လျှောက်ကြည့်ရင်း ဘာတစ်ခွန်းမှ စတင်စကားဆိုတာမျိုး မရှိ။

ကျွန်တော်နှင့် မေသူကလည်း ငြိမ့်ဆီပဲ စကားလမ်းကြောင်း ဦးတည်ကာ ပြောလာကြသည်။

ငြိမ်ကတော့ ခေါင်းညိတ်လိုက်၊ အင်းလိုက်နှင့် မကြာခဏ သူ့ဆီ လှမ်းကြည့်မိသည်။

နှုတ်ခမ်းထူပြည့်ပြည့်တစ်စုံမှာ စီးကရက်တစ်လိပ်ညှပ်ထားတာ ငြိမ့် မျက်စိထဲ စွဲနစ်နေအောင် မှတ်မိသွားရသည်။

× × × ×





## အခန်း (၃)

"အလကား ..မူးတင်းပဲတင်း အနံ့ကြီးကွင်းကျယ်"

ပရယ်တီကာယ်ခန်းထဲ ဝင်ခါနီး ပြောလိုက်သောမေသူ့စကားကို ပြန်လည်ကြားယောင်ရင်း နှုတ်ခမ်းစေ့ ရယ်မိသည်။

အေးအေးလူလူ စကားပြောကြဖို့ အချိန်မရဘဲ ကင်တင်းက ထွက်လာတာနှင့် ပရယ်တီကာယ်အခန်းထဲ ဝင်ကြသို့သာ။

အချိန်ရလျှင်တော့ ထွန့်ခေါင် အကြောင်းကိုတစ်ယောက်တစ်ခွန်း ပြောဖြစ်ကြမှာ ကျိန်းသေ။

ခဏလေးအချိန်မှာတောင် မေသူက တစ်ခွန်းပြောဖြစ်အောင် ပြောသွားသေးတာ။

အတန်းထဲမှာ အတူထိုင်ပြီး တတွဲတွဲရှိကြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်တို့သုံးဦးက ခုံနံပါတ်မနီးစပ်ကြပါ။ ထို့ကြောင့် ပရယ်တီကယ်လုပ်တော့ ကွဲနေကြသည်။

ပရယ်တီကယ်အချိန်မှာ တပူးတွဲတွဲနှင့် စကားပြောဖို့ အခွင့်အရေးမရတော့ပါ။

"သမီး"

"ရှင်"

လေးလေး ခေါ်သံကြောင့် ရယ်ရှိန်သတ်သွားရလျက် အတွေးတွေလည်း ပြတ်တောက်ကုန်သည်။

"ခြေထောက်သက်သာရဲ့လား"

"အင်း"

"ဆေးခန်းတစ်ခါတည်း ဝင်လိုက်ပါလား"

"ဟင့်အင်း ...ညမှပဲ လမ်းထိပ်ကဆေးခန်း သွားတော့မယ်"

လေးလေးက ငြိမ့်ဆန္ဒအတိုင်းပဲ ဖြစ်စေသည်။

"လေးလေးရေ"

"ဗျာ"

ကားမောင်းနေသော လေးလေး ပခုံးပေါ် ဖက်တွယ်မှီထားရင်း ...

'ပြောစရာရှိတယ်'ဟု လေသံလေးနှင့်ဆိုတော့ လေးလေး စိတ်ဝင်စားသွားရသလို ကိုယ်ကြီးမတ်သွားရ...





'ဘာလဲ'ဟု မဆိုင်းမတွ မေး၏။

"မနက်ပိုင်းက လေးလေးကို လာမေးသွားတဲ့ကောင်လေးနဲ့ တွေ့ခဲ့တယ်"

"ဟုတ်လား"

"သူ့နာမည်က ထွဋ်ခေါင်တဲ့၊ သိလား လေးလေး"

"အင်း"

"ဆေးကျောင်းတက်နေတာတဲ့"

"အင်း"

"အဲဒါ လေးလေးအသိလား၊ ဒီလောက်ငယ်တာ လေးလေးနဲ့ ဘယ်လိုသိတာလဲ"

မျက်လုံးလေးတွေ လက်လက်ဖြာရင်း မေးနေသော ငြိမ့်ဘက် တစ်ချက်လှည့်ကြည့်ရင်း သူ့ရင်ထဲ မသက်မသာ ရှိသွားရသည်။

"လေးလေးနဲ့ မသိပါဘူးကွာ၊ မိတ်ဆွေတစ်ဦးရဲ့ သားပါ၊ ညီသည်စာရင်းမှာ လေးလေး ကြည့်ပြီးပါပြီ"

"သြော်"

"အဲဒီချာတိတ်က သမီးဆီ ဘာလာလုပ်တာလဲ"

"အမယ်လေး ...လေးလေးရယ်၊ သမီးဆီလာတာ ဟုတ်ပါလိမ့်မယ်၊ မာနကြီးလိုက်တာ လွန်ရော"

မျက်နှာလေးရှုံ့ရင်း ပခုံးလေးတွန့်ရင်း ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်နေဖြစ်၏။

ငြိမ်ကလေးက တကယ့်ကလေးလေးလိုပါ။ အရမ်းပွင့်လင်းလွန်းသည်။

"သူ့သူငယ်ချင်းက ငြိမ့်သူငယ်ချင်းဆီ လာတယ်၊ သူ့သူငယ်ချင်းနဲ့ ငြိမ့်သူငယ်ချင်း မသက်က ရည်းစားလေ၊ အဲဒါ သူ့သူငယ်ချင်းနဲ့ အဖော်လိုက်လာပေးတာ"

ငြိမ့်အသံလေးကို ဂရုတစိုက် နားထောင်ရင်း သူ့ရင်ထဲ အေးငြိမ်းသွားရပြန်သည်။

ချာတိတ်တစ်ယောက်အကြောင်း သမီးနှုတ်မှ ကြားလိုက်ရတော့ ဟုန်းခနဲ ပူသွားရသည်။

သမီးငြိမ်က တရင်းတနှီး ရှင်းပြလိုက်မှ နေသာသွား၏။

"သမီး"

"ရှင်"

"လေးလေး ခရီးခဏထွက်ရမယ်"

"ဟင်"

ငြိမ့်ကိုယ်လေး မတ်သွားလျက် မယုံနိုင်သလို ကြည့်မိ၏။

"ဘယ်လောက်ကြာမှာလဲ လေးလေး၊ မသွားလို့ မရဘူးလား"





"ဘယ်ရမလဲ၊ တစ်ပတ်ပဲကြာမယ်၊ သမီး လိမ်လိမ်မာမာနေ၊ ကျန်းမာရေး ဂရုစိုက်၊ ကြားလား"

"လေးလေးရယ်"

ငြိမ့်အသံလေး တိမ်ဝင်သွားလျက် စိတ်မကောင်းဖြစ်သွားရသည်။

"ခဏပဲ သမီးရာ …ဘာဖြစ်လဲ"

"လေးလေး ပျော်နေလား"

"မဟုတ်တာကွာ၊ ကိစ္စရှိလို့သွားရမှာ လေးလေးက ဘာလို့ပျော်ရမှာလဲ"

"ပျော်မှာပါ၊ ဒေါ်နွယ်သဇင်လည်း ပါမှာပဲမဟုတ်လား"

"ဒါကတော့ သမီးရယ်၊ အပျော်ခရီးထွက်ရတာမှ မဟုတ်တဲ့၊ တာဝန်နဲ့ သွားရတာပဲကွာ"

ငြိမ့် ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းကျလာရသည်။

"ဟာ …ငိုနေတယ်၊ ဒီအရွယ်ကြီးရောက်မှကွာ၊ မရှက်ဘူးလား"

"မရှက်ဘူး …မရှက်ဘူး"

ဆံပင်တွေကို စိတ်ရှိလက်ရှိခါယမ်းပစ်ရင်း နှုတ်ခမ်းနှစ်မွှာလည်း တင်းမာသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးငြိမ်"

ငြိမ့်အသံ အရမ်းကျယ်သွားသဖြင့် လေးလေးက ခပ်မာမာခေါ်၏။

စကားကို အော်ကြီးဟစ်ကျယ်ပြောလျှင် လေးလေး လုံးဝမကြိုက်တတ်ပါ။

ငြိမ် ရှိက်ကြီးတငင်ငိုချရင်း လေးလေးဘက် လှည့်မကြည့်ဘဲ နေပစ်သည်။

အိမ်ရှေ့ ကားရပ်တော့မှ လေးလေးက ငြိမ့် ပခုံးလေးကို ပွေ့ပိုက်ရင်း ...

"အိမ်ထဲရောက်မှ ဆက်ငို"

ဟု ခပ်ပြုံးပြုံးစ၏။

"လေးလေးက စ,နိုင်သေးတယ်နော်"

"ဟာကွာ"

စိတ်ရှုပ်ပုံကြီးနှင့် ညည်းတော့လည်း ငြိမ် လေးလေးကို သနားသွားရပြန်သည်။

"သိတယ်၊ ငြိမ် ဒီလိုစိတ်ကောက်မယ် စကားနာထိုးမယ်၊ မဟုတ်တရုတ် လျှောက်ပြောမယ်ဆိုတာ ရုံးမှာကတည်းက တွေးထားပြီးသား၊ အားမွေးထားပြီးသား"

"ဟုတ်တယ်၊ ငြိမ်က အလိုက်မသိဘူး၊ လေးလေးကို စိတ်ချမ်းသာအောင် မထားဘူး၊ ဆိုးတယ်"





မချိမဆံ့ အသံလေးနှင့် ဝမ်းပန်းတနည်း ပြောလာတော့ မင်းဒင် ရင်ထဲနင့်သွားရသည်။

"လေးလေးမှာ ဘာအပြစ်ရှိလို့လဲ ကလေး...ဟာင်"

လေးလေး အမေးကို ငြိမ် မဖြေပါ။ ပြီးမှ တုံ့ဆိုင်းဆိုင်းနှင့် ...

"ဟုတ်ပါတယ်၊ ငြိမ့်မှာပဲ အပြစ်ရှိတာ"ဟု ခပ်မဲ့မဲ့လေး ပြောချ၏။

"လေးလေးက ငြိမ့်ကို အပြစ်ရှိတယ်လို့လည်း မပြောရပါလား"

လေးလေးကို ကားထဲမှာ ထားရစ်ရင်း ဖိုင်တွဲတစ်ဖက် ဆွဲခြင်းတစ်ဖက်နှင့် ခြေဆောင့်ဆင်းလာခဲ့သည်။

"ရော့"

ကြီးမေလက်ထဲ ဆွဲခြင်းထည့်ပေးပြီး အခန်းထဲကို တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။

ဖိုင်တွဲကို စာကြည့်စားပွဲပေါ် ပစ်တင်ရင်း နုတ်(စ်) စာအုပ်တွေနှင့် ကွန်ပါဘူးဆွဲခြင်းထဲပါသွားတာ သတိရသည်။

"ကြီးမေ ...ငြိမ့်စာအုပ်တွေနဲ့ ကွန်ပါဘူး ယူလာပေးပါ"

ငိုသံပါကြီးနှင့် အသံကုန်အော်ပစ်သည်။

လေးလေးအမိန့်ကို ဖီဆန်သည့်အနေဖြင့် အသံကို



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန်မြင့်ပစ်၏။

မျက်ရည်မခြောက်တခြောက်နှင့် ကိုယ့်ပုံကို မှန်ထဲ ကြည့်ရင်း အင်္ကျီချွတ်ပြီး ခုတင်ပေါ်ပစ်လိုက်၏။

အရာရာကို စိတ်တိုချင်သည်။

မျက်စိရှေ့တွင်မြင်သမျှကို ဒေါသနှင့်ပဲ ကြည့်မိ၏။

မနက်တုန်းက ချွတ်ထားခဲ့သော အင်္ကျီအဖြူလေးကို ကောက်စွပ်ပြီး ခုတင်ပေါ် ဝုန်းခနဲထိုင်ချသည်။

"သမီးလေးရေ ...စာအုပ်တွေဒီမှာ ရော့"

"ပေး"

ကြီးမေဆီမှ လှမ်းယူရင်း ...

"ကြီးမေ ...လေးလေး ခရီးသွားရမယ်တဲ့"

မျက်နှာငယ်လေးနှင့် ပြောနေသော ငြိမ့်ကို သနား လည်းသနား ရယ်လည်း ရယ်ချင်စိတ်ဝင်လျက် မောင်မင်းဒင် ကိုလည်း ကရုဏာသက်ရသည်။

သည်ဟာလေး တော်တော်ကိုဆိုးတာ။

အထူးသဖြင့် သူ့လေးလေးအပေါ် မတရားသက် သက် အနိုင်ယူတတ်ပုံများ ဘေးလူပင် မြင်ပြင်းကတ်သည် အထိ။

တစ်ခါတစ်ရံတော့လည်း စိတ်အားငယ်တတ်ပုံလေး နှင့် မောင်မင်းဒင်အနား ပူးကပ်ကာ ညှိုးရော်နေတတ်ပြန်သည်။





"ကြီးမေ"

"ဟင်"

"လေးလေးသွားမှာ ကြီးမေ သိလား"

"တစ်ပတ် ဆယ်ရက်ပါကွယ်၊ သမီးကလည်း လေးလေး စိတ်မကောင်းဖြစ်အောင်"

"သမီး စိတ်မကောင်းဖြစ်တာကျတော့ကော"

ကြီးမေက စိတ်ပျက်လက်ပျက် ပုံစံမျိုးနှင့် ကြည့်နေ တော့ ငြိမ့် ငိုချင်လာရပြန်သည်။

"အခု လေးလေး ဘယ်မှာလဲ"

"သူ့အခန်းထဲ ဝင်သွားတယ်"

ကြီးမေကိုကျော်ဖြတ်လျက် လေးလေး အခန်းရှိရာ ထွက်လာခဲ့သည်။

"သမီး ...စာအုပ်တွေ ထားဦးလေ"

"ရော့ ...ကြီးမေပဲ ထားပေးတော့"

ငြိမ့်ကတော့ ဖွတ်ပဲ လေးလေး အခန်းရှိရာ ထွက်လာ ခဲ့သည်။

"လေးလေး"

"လာ ...သမီး"

လေးလေးခုတင်ပေါ် ထိုင်ချရင်း တိုက်ပုံကို သေချာ ချိတ်နေတာကို ကြည့်ရင်း ဒေါသစိတ်တွေက တရစ်ရစ်တက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

လေးလေးကတော့ အေးချမ်းနေလိုက်တာ။

ငြိမ့်မှာသာ ...

"ရေမချိုးဘူးလား ...ထမင်းစားကြရအောင်၊ လာ"

"မစားဘူး"

ငြိမ့် ခေါင်းခါမိသည်။

"လေးလေး ဆာပြီကွာ၊ လာပါ ...ပြီးမှကောက်"

"အခုကောက်မှာပဲ၊ လေးလေးပဲ သွားစား"

လေးလေးက ငြိမ့်ဘေးမှာ လာထိုင်ရင်း ...

"လာပါသမီးရယ်"ဟု စိတ်ရှည်စွာ ချော့ခေါ်နေ၏။

"သမီးမစားရင်လည်း လေးလေးလည်း မစားတော့ဘူး"

သည်တစ်ခါတော့ ငြိမ် အလွယ်တကူ မကျေညက်နိုင်ပါ။

"ပြော ...စားမလား မစားဘူးလား"

"မစားဘူး"

မျက်နှာကို အစွမ်းကုန်မော့ပစ်ရင်း အေးစက်စက်ဆိုမိသည်။

"ဒါဆို လေးလေးလည်း မစားတော့ဘူး"

တကယ်ပဲ လေးလေးလည်း ထမင်းမစားတော့ပါ။





ရေချိုးခန်းပဲ ရေဝင်ချိုးပြီး ထွက်လာတော့ စာအုပ်တစ်အုပ် ထိုင်ဖတ်နေ၏။

ငြိမ့်ကိုလည်း နောက်ထပ် စကားတစ်ခွန်းမှ မဆို။

ကြီးမေကတော့ ချက်ပြုတ်ထားပြီး အလဟဿဖြစ်မှာကြောင့်ရော၊ ငြိမ်နှင့် လေးလေးကို ပြေလည်စေချင်တာကြောင့်ရော လေးလေးကိုတစ်လှည့် ငြိမ့်ကိုတစ်လှည့် ဖျောင်းဖျနေ၏။

"မစားတော့ဘူး ကြီးကြီး၊ ကျွန်တော် အိပ်တော့မယ်"

လေးလေးက ပြတ်သားစွာပြောပြီး အခန်းထဲဝင်သွားကာ တံခါးပါပိတ်ပစ်တော့ ငြိမ် မျက်ရည်တွေ ကျလာပြန်သည်။

ဒေါ်နွယ်သဇင်နှင့် ပတ်သက်၍ လေးလေး ငြိမ့်အပေါ် အမြဲပဲ ပြတ်တောက်မာကျောနိုင်ခဲ့သည်ဟု တွေးရင်း ကြေကွဲထိခိုက်နေမိသည်။

ဧည့်ခန်းဆိုဖာမှာ ငြိမ် တစ်ဦးတည်း အကြာကြီးထိုင်နေမိ၏။ နောက်တော့ စွယ်တော်ဆီ ဖုန်းဆက်ပြီး လာခေါ်ဖို့ ပြောလိုက်သည်။

"ငြိမ်"

တယ်လီဖုန်းချရုံရှိသေး လေးလေးအခန်း တံခါးပွင့်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး တင်းပြတ်သောလေသံနှင့် ခေါ်၏။

"မိုးချုပ်နေပြီ၊ အပြင်မသွားနဲ့တော့"

"စွယ်တော်တို့အိမ်မှာ သွားအိပ်မှာ"

"ဘာ"

လေးလေးအော်သံက ငြိမ့်တစ်ကိုယ်လုံးကို တုန်သွားစေသည်။

"နေပါဦး၊ ဘယ်တုန်းက ဘယ်သူ့အိမ်မှာ သွားအိပ်ဖူးတဲ့ အစဉ်အလာရှိခဲ့လို့လဲ၊ ပြောစမ်း"

"ရှိရှိ …မရှိရှိ၊ အခု သွားအိပ်မယ်"

"ကြီးကြီး"

လေးလေးက ငြိမ့်ကို ပြောမရတော့ ကြီးမေကို လှမ်းခေါ်သည်။

"လုံးဝမသွားစေနဲ့၊ သူသူငယ်ချင်းလာရင် မထည့်ဘူးပြောလိုက်၊ အဓိပ္ပာယ်မရှိတာ"

"လေးလေး …လေးလေးနော်"

ငြိမ့်အသံလေး ဆို့နင့်လျက် လှိုင်းထတုန်ခါလာရသည်။

"လေးလေး စိတ်မချဘူးကွာ၊ အိပ်တော့နော်ကလေး၊ ဒါမှမဟုတ်လည်း ထမင်းစားကြရအောင်"

လေးလေးက ချော့နေ၏။ ❀





"လေးလေးစကား ငြိမ့် နားမထောင်ဘူး လေးလေး မကြိုက်တာ အကုန်လုပ်ပြမယ်"

"လုပ်ပြ၊ အခုလောလောဆယ် လေးလေး ဆာနေပြီ၊ လာ ‥ ထမင်းစားမယ်"

လေးလေးဆွဲခေါ်ရာ မလိုက်ချင်လိုက်ချင် ပါလာရင်း ပါးစပ်မှလည်း မကျေနပ်တာတွေ တရစပ်ရွတ်လာခဲ့သည်။

"လေးလေးကို စိတ်မချဘူး၊ ခေါ်နွယ်သစင်လဲ ပါမှာ၊ ငြိမ့်ကို တစ်ညတောင် လေးလေး ပေးမသွားဘူး၊ လေးလေးကို ခုနစ်ည ရှစ်ည ဘယ်လိုလုပ်လွှတ်ရမှာလဲ"

ငြိမ့်စကားတွေကို လေးလေး ရယ်ချင်သလိုရှိနေတော့ ပိုပြီးခံရခက်သည်။

"လေးလေး"

လေးလေးမျက်နှာကို စေ့စေ့ကြည့်ရင်း ငြိမ့် ခေါ်ပြီး

"ငြိမ့် ဘာပြောပြော လေးလေး တလေးတနက် မထားဘူး၊ ရယ်စရာလိုပဲ သဘောထားတယ်၊ ငြိမ့်ကို လူကြီး တစ်ဦးလို ဘာလို့ အသိအမှတ် မပြုတာလဲ၊ လူရာမသွင်းတာ လဲဟင်"

"ငြိမ်က ကလေးပဲဥစ္စာ"

"ငြိမ့် တကယ်ရင်ထဲမကောင်းလို့ ပြောတာပေါ့၊ လူကြီးလို စိုးရိမ်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟား …ဟား …ဟား"

"လေးလေး မရယ်ပါနဲ့"

"ဪ …လူကြီးလို စိုးရိမ်တယ်ဆိုတဲ့ စကားကို ရယ်တာပါ၊ ငြိမ်က လူကြီးမှမဟုတ်တာ"

"ဘာလို့လဲ လေးလေး"

"လူကြီးတစ်ဦးလို အသိဉာဏ်ရှိပြီဆို ဒီလို အသံပြဲကြီးနဲ့ ဘယ်ငိုပါ့မလဲ၊ စိတ်လည်းကောက်မှာမဟုတ်ဘူး"

"ဪ"

ငြိမ့်မျက်လုံးလေးတွေ ငြိမ်ကျသွားရင်း လေးလေး စကားကို သေချာနားထောင်နေမိသည်။

"အော်ငိုပြီး စိတ်ကောက်တော့ ငြိမ် တကယ်ခံစား ရတာလို့ လေးလေး မယုံဘူးပေါ့ ဟုတ်လား"

"အင်း"

လေးလေး ခေါင်းညိတ်တော့ ရင်ထဲကျဉ်သွားရသည်။

"လူကြီးတစ်ဦးဆို ငြိမ့်နေရာမှာ ဘယ်လိုနေမှာလဲ ဟင် လေးလေး၊ ရင်ထဲထိခိုက်နေတာကို ဘယ်လိုသိသာစေမှာလဲ"

တွေးတွေးဆဆနှင့် မေးလာတာကို မင်းဒင် အဖြေရကျပ်သွားသည်။ သူကလေးရင်တွင်းမှာ အမှန်တကယ်ပဲ ဖိရှ





နေတာ နိုင်မာစွာ ယုံကြည်မိပါသည်။

သို့ပေမယ့် အစိုးရိမ်လွန်ကဲပြီး ဘာမဟုတ်တာကို အကျယ်ချဲ့နေတာပဲ ဖြစ်သည်။

မင်းဒင် ခရီးထွက်ရမည့် လေးငါးရက်ခရီးအတွက် သည်မျှအထိ ပူပန်စရာမလိုပါ။

"လေးလေး …ပြောလေ"

"အင်း …လူကြီးတစ်ယောက်ဆို လေးလေးရှေ့မှာ ဘယ်ငိုပါ့မလဲ၊ ခံစားနေရတာကို ကြိတ်မှိတ်မျိုသိပ်ထားမှာပေါ့၊ ပြီးတော့ လေးလေးကို စကားနည်းနည်းပဲပြောမယ်၊ အတတ်နိုင်ဆုံး ရှောင်ဖယ်နေမယ်၊ သိသာတဲ့အထိ မဟုတ်ဘူးနော်၊ မသိမသာပေါ့"

"နားလည်ပါပြီ လေးလေးရယ်"

ငြိမ်က ဆတ်ခနဲခေါင်းညိတ်ပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။

ခက်ရင်းနှင့် ဇွန်းကို ကောက်ယူပြီးမှ ခေါင်းကို ဆတ်ခနဲငုံ့ချကာ မျက်နှာ ဆံပင်တွေဖြင့် ကွယ်စေသည်။

ငြိမ်ကလေး မျက်ရည်ကျပြန်ပြီဆိုတာ တန်းခနဲသိ ပေမယ့် မသိသာလိုနေရင်း ထမင်းစားပွဲမှာ ဝင်ထိုင်သည်။

"လေးလေး"

"ဗျာ"


www.burmeseclassic.com

www.burmeseclassic.com



ထမင်းလေးငါးဇွန်းပဲ စားပြီးရုံရှိသေး ငြိမ်က အသံတိုးတိုးလေးနှင့် ခေါ်လာ၏။

"ဘာလဲ သမီး၊ လေးလေးကို ဘာမှာမလို့လဲ၊ လေးလေး ဘာဝယ်ပေးရမလဲပြော"

မင်းဒင်က စကားလမ်းကြောင်းကို တမင်ပြောင်းပေးလိုက်ပေမယ့် ...

"လေးလေးရယ် ...လေးလေး တကယ်ယုံအောင် လူကြီးတစ်ဦး ခံစားရသလိုပုံစံနဲ့ နေပြပါ့မယ်၊ ငြိမ့်ရင်ထဲမှာ မျိုသိပ်ထားရတာမဆံ့လို့ လေးလေးရှေ့မှာ ဖွင့်ဟချမိတာပါ"

ငြိမ်က စကားဆုံးသည်နှင့် ဆတ်ခနဲ ထထွက်သွားတော့သည်။

သူတစ်ဦးတည်း စားပွဲမှာကျန်ရစ်၏။

"ကြီးကြီး သိမ်းလိုက်တော့"

"ဟယ် ...ဝသွားပြီလား သား"

"ဟုတ်ကဲ့"

ကြီးကြီးမေကို ခေါင်းညိတ်ပြလိုက်ရပေမယ့် သူ့ လည်ချောင်းတစ်လျှောက်လုံး ဆို့နင့်နေသည်။ ဝမ်းတစ်ခုလုံး လစ်ဟာနေလျက် လည်ချောင်းမှာ နင်ကာ မျိုချမရချင်တော့။

ငြိမ်လေး ပြောသွားပုံက ဘယ်လိုလုပ် ထမင်းကို ဖြောင့်ဖြောင့် စားဝင်နိုင်တော့မှာလဲ။

× × × ×





အခန်း (၄)

ငြိမ် မနက်အစောကြီးပဲ နိုးလာခဲ့သည်။

လေးလေးနှင့် ကြီးမေ စကားတပြောပြောနှင့် ပြင်ဆင်နေကြတာ ကြားမိသည်မို့ ငြိမ်လည်း ဆက်အိပ်လို့မရတော့ပေ။

ကြီးမေက လေးလေးကို မှာစရာရှိတာတွေ မှာနေသလို လေးလေးကလည်း ကြီးမေကို ပြန်နှောက်သည်။

"ကျွန်တော်မရှိရင် သတိဝီရိယနှင့် နေကြနော်၊ အောက်ဆို တံခါးတွေ သေချာပိတ်၊ ညနေသည်လာတိုင်း အွယ်တကူ အိမ်ထဲမခေါ်နဲ့၊ ကလေးကိုလည်း သေချာဂရုစိုက်ပါ"

လေးလေး၏ ကြည်လင်ချိုသာသော စကားသံတွေကို တိတ်တဆိတ် နားထောင်နေမိသည်။

www.burmeseclassic.com



"ကလေးက တကယ်စိတ်မကောင်းဖြစ်နေပုံရတယ်
စိတ်ညစ်ညူးရင် နေမကောင်းဖြစ်တတ်တာ ကြီးကြီးလည်း
အသိပဲ ကျွန်တော်မရှိတုန်း အတတ်နိုင်ဆုံး အလိုလိုက်ပါ"

ကော်ဖီတစ်ခွက်ကို ဖြောင့်အောင် မသောက်နိုင်ဘဲ
ငြိမ်အတွက် စေ့စေ့စပ်စပ် မှာနေတာကြားတော့ ရင်ထဲက
ဘယ်လိုထိခိုက်မှန်းကို မသိ။

သန့်ပြန့်လွန်းသော လေးလေး ဝတ်စားမှုနှင့် တည်
ကြည်သောမျက်နှာထား၊ ခန့်ညားသောကိုယ်ထည်၊ ပြီးတော့
သိမ်မွေ့ညင်သာသော စကားသံတို့က ငြိမ့်အတွက်တော့
အားကိုးဂုဏ်ယူချင်စရာတွေချည်းပါပဲ။

လေးလေး လှုပ်ရှားပုံတိုင်းက သေသပ်ပြတ်သား
သည်။

ငြိမ့်လိုမျိုး တစ်ခုမှမဟုတ်။

ငြိမ်ကော လေးလေးအရွယ်ရောက်လျှင် အဲသည်လို
အရည်အချင်းကောင်းတွေ ပိုင်ဆိုင်ရမှာလား။

လုံးဝကိုမထင်ပါ။ လေးလေးရှေ့မှာတော့ ငြိမ် ဘယ်
တော့မှ လူကြီးဖြစ်မည်မထင်။

သုံးဆယ်ခွန်းရှုံလေးရှိသေးသော လေးလေးက အရွယ်
နှင့်မလိုက်အောင်ပင် ရင့်ကျက်တည်ငြိမ်သည်။

လုပ်စရာရှိတာကို ခေါင်းအေးအေးနှင့် စနစ်တကျ





ခံတတ်သည်။

လေးလေး ပျာယာခတ်နေတာမျိုး၊ အုမြူးရွှင်ပျနေတာ
မျိုး၊ မှိုင်တွေငေးမောနေတာမျိုး ငြိမ် တစ်ခါမှမတွေ့ဖူးပါ။

ငြိမ်သက်နေသော ရေပြင်ကျယ်လို လေးလေး အနေ
အထိုင်က ပကတိ မပြောင်းမလဲ ရှိနေသည်။

ရင်တွင်းခံစားမှုကို မျက်နှာပြင်အထိ သယ်ဆောင်လာ
တည့်သူလည်း မဟုတ်သဖြင့် တော်ရုံလူဆို လေးလေးကို
နားလည်မည်မထင်။

ကျောက်ရုပ်တစ်ခုနှယ် သွေးအေးစွာ၊ ခပ်မှန်မှန်ပဲ
နေတတ်တာကြောင့် ငြိမ်ပင် စိတ်ပျက်မိပါသည်။

ငြိမ့်ကို လေးလေးသိပ်ချစ်တာတော့ ငြိမ် ယုံကြည်
သည်။

"ငြိမ်လေး ...လာ ...လာ၊ ကော်ဖီသောက်ရ
အောင်၊ ဒီနေ့ အစောကြီးနိုးလာတယ်တော်၊ အထူးအဆန်းပဲ"

ကြီးမေက ငြိမ့်ကို လှမ်းမြင်သွားပြီး ခေါ်လိုက်တော့
လေးလေးကပါ တစ်ချက်မော့ကြည့်သည်။

ငြိမ် ဆတ်ခနဲ မျက်နှာလွှဲပစ်သည်။

"ငြိမ့်ကို ထမင်းကြော်ပေး"

"ထမင်းကြော်စားမလို့လား၊ နေဦး၊ ကြော်ပေးမယ်၊
ခဏထိုင်နော် ကလေး"

"မကြော်နဲ့တော့၊ မုန့်ဟင်းခါးပဲ သွားစားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ် ခပ်ပြတ်ပြတ်ပြောပြီး ထွက်လာခဲ့သည်။

ဝတ်ထားသော ဂျာကင်အိတ်ထဲ လက်နှစ်ဖက် ထိုးသွင်းထားရင်း မျက်နှာထားတင်းတင်းဖြင့် ခေါင်းမော့ဖြတ်လျှောက်လာပေမယ့် လေးလေးကို ကျော်လွန်ခဲ့သည်နှင့် စိတ်ထဲ နုံးခွေကျသွားရသည်။

"ငြိမ် ...ငြိမ်"

လေးလေးခေါ်သံက ရုတ်တရက် ထွက်ပေါ်လာတာမို့ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားရသည်။

"ခဏလာဦး သမီး"

"ငြိမ် မုန့်ဟင်းခါးသွားစားမလို့"

လှုံ့ဝလှည့်မကြည့်ဘဲ ကျောခိုင်းအနေအထားနှင့်ပင် ပြောမိသည်။

"လေးလေး သွားတော့မှာ"

"ဟုတ်ကဲ့"

ဘာမှမခံစားရသလို ဟန်ဆောင်ထားရင်း လေးလေးနှုတ်ဆက်တာကို ခေါင်းညိတ်မိသည်။

"လေးလေးက အခုသွားတော့မှာ၊ သမီး မုန့်စားပြီး ပြန်လာတဲ့အထိ မစောင့်ဘူး"

"အင်းပါ"

ခေါင်းကို အကြိမ်ကြိမ်အခါခါ ဆတ်ပြရင်း ခြေလှမ်းတွေပြန်စမိသည်။ ညှို့ခန်းကိုဖြတ်ကျော်ပြီး လှေကားထစ်သုံးထစ်ကို ခုန်ဆင်းခါနီးမှာပဲ ငြိမ့်အားကို လေးလေး ရောက်လာသည်။

"သမီး"

ငြိမ့်လက်မောင်းကို ဆွဲလှည့်ရင်း ...

"ဒါ လေးလေးကို နှုတ်ဆက်တဲ့ပုံစံလား၊ ဟုတ်လား"

ငြိမ့် မျက်နှာလေးကို အတင်းလိုက်ငုံ့ကြည့်ရင်း မရမကမေး၏။

"ငြိမ် ...ပြောလေ"

မျက်နှာလေးမဲ့ကျရင်း ...

"လေးလေးက ဘယ်လိုနှုတ်ဆက်စေချင်လဲ၊ ပြောပါ"

ဟု အေးစက်စက်မေးမိ၏

"သမီးရယ်"

"လေးလေးကိုစိတ်ချပါ သမီးရယ်၊ သမီးမကြိုက်တာ လေးလေး ဘာမှမလုပ်ဘူး၊ ယုံထား"

လေးလေး ငြိမ် ကျေနပ်အောင် ရှင်းပြသည်။

"ကဲ ...သမီး စိတ်ဆင်းရဲမနေနဲ့တော့၊ လေးလေး ကတိပေးထားပြီးပြီပဲကွာ၊ ဒေါ်နွယ်သဇင်နဲ့လည်း လေးလေး အရောတဝင်မနေပါဘူး"

လေးလေးစကားကြောင့် ငြိမ့်မျက်နှာလေး ဝင်းသွား





www.burmeseclassic.com

www.burmeseclassic.com



ရသည်။

“တကယ်လား လေးလေး”

လေးလေးက ခေါင်းညိတ်ပြ၏။

“ယောကျ်ားကတိနော်”

“အေးပါကွာ”

“လေးလေး ကတိပေးပုံကြီးကလည်း စိတ်မသက်သာသလိုကြီးနဲ့”

“ကတိပေးရတာကို စိတ်မချမ်းသာဖြစ်တာ မဟုတ်ဘူး၊ သမီးက လေးလေးကို အမြင်မရှင်းလို့ စိတ်ထိခိုက်တာပါကွာ”

ငြိမ် လေးလေးကို မော့်မော့်ကလေး ငေးနေဖြစ်သည်။

“အမှန်ဆို ဒီကတိကို တောင်းစရာတောင်မလိုဘူး သမီး၊ သမီးလေးမကြိုက်တဲ့ကိစ္စဆို လေးလေး ရှေ့တိုးပါ့မလား၊ လေးလေးက သမီးကိုပဲ ချစ်တာပါ၊ ကျေနပ်တော့နော်၊ လေးလေး သွားခါနီး လာခါနီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့ကွာ”

တောင်းတောင်းပန်ပန်ဆိုတာကြောင့် ငြိမ် ကျေငြိမ်းလိုက်တော့သည်။

“အမြန်ဆုံးပြန်ခဲ့ရမယ်နော် လေးလေး” ဟု



“အေးပါ၊ အလုပ်ကိစ္စပြီးတာနဲ့ ပြန်လာမှာပါ”

ငြိမ်က မုန့်ဟင်းခါးစားဖို့ မသွားတော့ဘဲ လေးလေးနှင့်အတူ ကော်ဖီနဲ့မုန့်ပဲ စား၏။

“သမီး မုန့်ဟင်းခါးစားချင်ရင် ဘဘစိုးနဲ့ မှာလိုက်ပါလား”

လေးလေးက ငြိမ့်စကားကိုမစောင့်ဘဲ လှမ်းပြောမိ၏။

“ဟုတ်တယ်၊ ဘဘစိုးနဲ့ မှာရမယ်၊ လေးလေးကော စားမှာလား၊ ကြီးမေကြီးကော”

“စားမယ်”

“စားမှာပေါ့ သမီးရဲ့”

“ဒါဆို လေးပွဲမှာလိုက်မယ်၊ ဘဘစိုးရေ”

ကလေးပေါက်စနလေးလို မြူးသွက်နေသော ငြိမ့်သဏ္ဌာန်အမှန်လေးကို မြင်ရမှ မင်းဒင်ရင်ထဲမှာ နေသာထိုင်သာရှိသွားတော့သည်။

သူကလေး မှုဖျက်နေတော့ မိမိ ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်။

“ဘဘစိုးကို နံနံပင်ထည့်ဖို့ ပြောနော်၊ ကြက်သွန်ဥလည်း ထည့်ခိုင်း၊ ငြိမ့်အတွက်က ညှပ်ခေါက်ဆွဲ”

ဟု စုံစုံစေ့စေ့မှာနေပုံလေးကို အကဲခတ်နေရင်း ကြည်နူးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုလေးမှ ဖြစ်မှဖြစ်ပါ့မလားဟု ပူပန်နေဖြစ်တာ။

သိပ်မချော့လိုက်ရဘဲ ကျေလည်သွားတာ ကံကောင်းသည်ဟု ဆိုရပါမည်။

သွားခါနီးအချိန်ထိ စိတ်ကောက်နေလျှင် ကသိကအောက်ဖြစ်ရဦးမည်။

ငြိမ်း ဆိုးပုံလေးက ကလေးတစ်ဦးလိုပါ။ ငိုလွယ် ရယ်လွယ်နှင့် ချက်ချင်း စိတ်ဆိုးတတ်သလို ချက်ချင်းလည်း ပြန်လည်ကြည်သာသွားတတ်သည်။

သူ ငြိမ်းကလေးကို အပြုံးနှင့်ကြည့်နေမိတာ ကြီးမေက စူးစမ်းသလိုကြည့်နေတာကြောင့် အကြည့်လွှဲလိုက်မိသည်။

"ကြီးကြီး"

"ဟင်"

"ကလေးစိတ် လုံးဝမပျောက်သေးဘူးနော်"

ကြည်နူးမှုပီတိကို မဖုံးဖိနိုင်ဘဲ ချစ်စနိုးပြောမိသည်။

"အင်း ...ဟုတ်ဝ့်"

"လေးလေး ...ဘာပြောလိုက်တာလဲ"

ငြိမ်းက မကြားမိသလို မေး၏။

"သြော် ...ငြိမ်းက ပေါက်စနလေးလိုပဲလို့ ပြော





တာပါ"

"မဟုတ်ပါဘူးနော်၊ တက္ကသိုလ်ကျောင်းသူကြီး ပါ"

"စိတ်ကတော့ ငါးနှစ်သမီးကနေကို မတက်တော့ဘဲ ရပ်နေခဲ့တာ"

"လေးလေးကလဲ"

ငြိမ်းက လေးလေးခုံမှာ ကပ်သီးကပ်သပ်ဝင်ထိုင်ရင်း ရှက်ပြုံးကလေးနှင့် ဆို၏။

"လေးလေး"

"ဗျာ"

"ငြိမ်း ဘာကောင်ကြီးပဲဖြစ်ဖြစ် လေးလေး ရှေ့မှာတော့ ကလေးလိုပဲနေမှာ ့လေးလေးက ငြိမ့်ကိုဆို အထင်မှမကြီးတာ"

"အထင်ပဲကြီးရဦးမယ်၊ ဟား ...ဟား"

"လေးလေးနော် ငြိမ့်ကျတော့ လေးလေး အထင်ကြီးမှာမဟုတ်လား"

"မကြီးပါဘူး"

"ဒါဆို ကတိက"

"လုံးဝမကြီးသေးဘူး"

"တော်ပြီ၊ အထင်မကြီးမယ့်အတူတူ ဒီအတိုင်းပဲ ကောင်းတယ်၊ မကြိုးစားတော့ဘူး"

"တကယ်ပျင်းတာ လေးလေးရယ်၊ စာတောင်



www.burmeseclassic.com

www.burmeseclassic.com



မကျက်ချင်ဘူး''

''ဒီကိစ္စကတော့ လေးလေး အလိုမလိုက်ဘူးနော်၊ ကလေးသိပါတယ်''

ငြိမ်က မျက်လုံးလေးစုံမှိတ်ရင်း ...

''ငြိမ် ကြိုးစားမှာပါ လေးလေးရယ်''

ဟု ကျေနပ်အောင်ပြောရသည်။

လေးလေးက ငြိမ့်ခေါင်းတွင်တပ်ထားသော ဘီးကုပ်အဝါလေးကို ခပ်တင်းတင်းဖြစ်အောင် ဆွဲပေးပြီး ...

''ကဲ ...လေးလေးသွားမယ်''

ဟု နှုတ်ဆက်၏။

''အင်း''

''ကလေး ဘာလိုချင်လဲ၊ မှာလေ''

''ဟင့်အင်း ...ဒေါ်နွယ်သဇင်''

''သိပြီ ...သိပါပြီ၊ စိတ်ချနေပါကွာ''

ငြိမ့်စကားဆုံးအောင် စောင့်ရမှာပင် စိတ်မရှည်သလို ဖြတ်ပြော၏။

''လေးလေးရေ ...ယူစရာတွေ စုံပြီလား''

''ကျုပ် သေချာစုံအောင် ထည့်ပေးတတ်ပါတယ်တော်''

ကြီးမေက ငြိမ့်ကို ကြည့်မရတော့သလို ဆို၏။

''ကြီးကြီးနော် ...ဘာလို့အူတိုနေတာလဲ''





''အူမတိုပါဘူး၊ ညည်းကလေးသာ အူရော သဝန်ရော အကုန်တိုနေတာ''

ကြီးမေစကားကို ငြိမ် အားပါးတရ ရယ်မိသည်။

လေးလေးလက်မောင်းကို ခိုတွယ်ရင်း ကားနားအထိ လိုက်ပို့ပေးမိသည်။

''လေးလေး အစစအရာရာ စိတ်ချမယ်နော် ကလေး''

''အင်းပါ''

''ကြီးကြီး ...ကျွန်တော်သွားမယ်''

''အေးပါ၊ အေး ...အေး''

ငြိမ် လက်ကလေး မြှောက်ပြရင်း မျက်ရည်တွေ ဝဲတက်လျက် ကျန်ရစ်ခဲ့သည်။

အရွယ်ရောက်ပြီး သိတတ်ချိန်မှစလို့ လေးလေး ခရီးမထွက်ရတော့တာ။ ခုတစ်ချိန် ပထမဆုံး ပြန်သွားရခြင်းပါ။

ခွဲခွာရခြင်းအတွက် ငြိမ့်ရင်မှာ ဆွေးမြည့်သွားရသည်။

တွယ်တာစရာ တစ်ဦးတည်းရှိလို့များ ငြိမ် ခုလောက် အဖြစ်သည်းနေမိတာလား မသိနိုင်ပါ။

မနက်မိုးလင်းတာနှင့် လေးလေးကို တွေ့ရမှ။ လေးလေးအနား ခဏဖြစ်ဖြစ် တွယ်ကပ်နေရမှ ဘဝင်ကျချင်သလို။ ညဘက်ဆိုလည်း လေးလေးနှင့် အကြောင်းကြီး စကားတွေပြော။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကျူရှင်သွားရဦးမှာလား"

"အင်း"

ကြီးမေကို ခေါင်းညိတ်အဖြေပေးရင်း မြင်ကွင်းထဲမှ ပျောက်လုပြီးဖြစ်သော လေးလေး ကားနောက်ပိုင်းလေးကို လစ်ဟာစွာ ကြည့်နေမိ၏။ ပြီးမှ အိမ်ထဲပြန်ဝင်လာပြီး ဧည့်ခန်းထဲရှိ ဒရင်းဘက်မှာ ထိုင်ချမိသည်။

"ကြီးမေရယ် ...လေးလေးက ခုနစ်ရက်ရှစ်ရက် ကြာမှာတဲ့"

"ဘာဖြစ်လဲသမီးရယ်၊ တာဝန်နဲ့ သွားရတာပဲ"

"ငြိမ် လွမ်းတာပေါ့"

"အမယ်လေးတော် ...ကားတောင် လမ်းထိပ် မရောက်သေးဘူး"

'သည်းနေလိုက်တာ' ဟု မျက်လုံးပြူးကြည့်ရင်း ကြီးမေက ပြော၏။

ငြိမ် ကြီးမေကို ပြုံးပြောမနေတော့ဘဲ အခန်းထဲ ဝင်လာခဲ့သည်။

ပိုက်ဆံအိတ် ဖြူဖြူပြာပြာလေးထဲ စာအုပ်တစ်အုပ် နှင့် ဘောလ်ပင်ရော ပိုက်ဆံပါထည့်ပြီး ဇစ်ကို ဆွဲပိတ်လိုက် ၏။

ကျူရှင်က လမ်းထိပ်နားမှာတင် တက်ရမှာ။

ကျောင်းမှာ တွဲဖြစ်သည့် စွယ်တော်တို့ သုံးဦးနှင့်





မဟုတ်ဘဲ အခုသွားတက်ရမည့် သူငယ်ချင်းက အီးမေဂျာ ယူထားသူပါ။

ငြိမ်က အင်္ဂလိပ်စာ သိပ်မရလိုက်နိုင်သဖြင့် ကျူရှင် ယူရသည်။

ပိုက်ဆံအိတ်ကလေးကို ရင်ခွင်ထဲပိုက်ရင်း ...

"ကြီးမေ ...ငြိမ် သွားပြီ" ဟု လှမ်းအော်လိုက်သည်။

"ဘဘစိုးရေ ...ခြံတံခါးပိတ်ပါဦး"

"အေး"

အပင်တွေ ရေလောင်းနေသော ဘဘစိုးက ခြံဝင်း တံခါးပြန်ပိတ်ပေး၏။ သဇင်မောင်မောင်တို့ ခြံဝင်းရှေ့ရောက် တော့ ဘဲလ်လေးကို တစ်အားဖိနှိပ်မိသည်။

သဇင်မောင်မောင်က အင်္ဂလိပ်စာ သိပ်တော်သည်။ တီချယ်သင်သမျှ သူ ရပြီးသလို ရှိနေ၏။

ငြိမ်နှင့်တော့ သိပ်မတည့်ပါ။

သူကိုယ်တိုင်လည်း အင်္ဂလိပ်စာမှာ ထူးချွန်၊ သူ့ကို အသင်သည့် ဆရာမကလည်း သိပ်တော်တာကြောင့် ငြိမ် သာတက်မိတာပါ။

ငြိမ့်အိမ်မှာ တစ်ဦးတည်း သီးသန့်ခေါ်သင်လျှင် ရနိုင် ပေမယ့် အဲသည်လိုမျိုး လုံးဝမစဉ်းစားခဲ့ပါ။

တီချယ်က ငယ်ငယ်ချောချောလေး။

လေးလေးနှင့် တစ်ခုခုသာဆို ...



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကတော့ ရှိသမျှလမ်းတွေ လိုက်ပိတ်မိတာပါပဲ။

လေးလေးကို ဘယ်လိုမှ မခွဲနိုင်သေး။

သဇင်မောင်မောင်ကို စိတ်ထဲချဉ်သော်လည်း ရှေ့မှာတော့ တဟဲဟဲနှင့် မျက်နှာချိုသွေးလုပ်မိသည်။

သဇင်ဆို ဘယ်သဇင်မှ ငြိမ်နှင့် အကျိုးမပေးပါ။

ဒေါ်နွယ်သဇင်ကိုလည်း ငြိမ် ကြည့်မရ။ သဇင်မောင်မောင်ကိုလည်း ခါးတူးနေအောင်မုန်းသည်။

သူ စကားပြောတာရော နေပုံထိုင်ပုံပါ ငြိမ် မျက်စိနှင့် မတွေ့။

'အိုက်တင်ချည်းပဲ'ဟု တွေးမိကာ ကြည့်မရရှိသည်။

တီချယ်ကတော့ သဇင်ပြောတာ သိပ်နားထောင်ကောင်းတယ်။ အမေရိကန်သူလေးလိုပဲဟု ချီးကျူးတတ်ပေမယ့် ငြိမ်ကတော့ 'လုပ်သံကြီး'ဟု ထင်ကာ နားထဲကန့်လန့်ဝင်သည်။

နာမည်ကို စမုန်းမိတာ။

သူ့ကိုယ်သူ 'မောင်မောင်'ကဟု ထည့်သုံးပြောဆိုတတ်တာလည်း ဟားချင်စရာပါ။

'ထွင်တာ အလကား'ဟု စွယ်တော်တို့ကို ပြောပြတော့ သူတို့က ထင်ကြေးပေးသည်။

ငြိမ့်ကိုဆို သူက 'ငချွတ်'လေးဟု သဘောထားချင်သလိုလို။





ဖဲတ်(စ်)ရီးယား (ပထမနှစ်ချင်း)အတူတူ သူက ဆရာကြီးဂိုက်ဖမ်းလို့ ငြိမ့်ကျတော့ ချာတိတ်လေးပေါ့။

တုတ်နိုင်ပါ့ ဒေါ်သဇင်မောင်မောင်ရယ်။

ညည်းလည်း ဟိုမိန်းမကြီး ဒေါ်နွယ်သဇင်လိုပဲ။ ကိုယ့်ကိုယ်ကို အဟုတ်ကြီးမှတ်နေ။

ငြိမ်ကတော့ နှမ်းတစ်စေ့မျှပင် အထင်ကြီးလို့မရပါ။

"ဟော ...ငြိမ်ငြိမ်လေး၊ တီချယ် မရောက်သေးဘူး၊ ဝင်လေ"

သဇင်မောင်မောင်က ခြံတံခါးကို ကိုယ်တိုင်လာဖွင့်ပေး၏။

"မောင်မောင် ခုမှနိုးတာ၊ ယူက ဝီရိယကောင်းသားပဲ၊ အစောကြီးနိုးတယ်"

"တီချယ်က လာမှာတဲ့လား"

"လာမယ်လို့ ပြောတာပဲ"

"မောင်မောင်က အိပ်ရာထဲမှာလည်း လှနေတာပဲနော်"

စိတ်ထဲဘယ်လိုရှိရှိ သဇင်မောင်မောင် ကျေနပ်မည့်စကားမျိုးကိုပဲ ရွေးပြောသည်။

"အဟင်း ...ယူ ဘာစားမလဲ"

"တကယ်ပြောတာပါ"

သူမက ငြိမ့်ပခုံးလေးကို လှမ်းဖက်ပြီး လာဟု ခေါ်



www.burmeseclassic.com

www.burmeseclassic.com



၏။

ငြိမ့်စကားတစ်ခွန်းကြောင့် သူမဆက်ဆံရေးက မျှားစွာပဲ နွေးထွေးလိုက်လှဲသွားတာကြောင့် ငြိမ် ကျေနပ်မိသည်။

"မောင်မောင်"

"ဟင်"

"ဟိုတစ်နေ့က အက်ဆေးရေးတာ ဘယ်နှစ်မျက်နှာရလဲ"

"ငါးမျက်နှာလောက် ရှိမယ်"

"ငြိမ် တစ်မျက်နှာခွဲပဲရတယ်"

"ငြိမ်ငြိမ်ဘို့ကိုပေးတာ ဘာခေါင်းစဉ်လဲ"

"နွေရာသီအားလပ်ရက်"

"ဟယ် …လွယ်တယ်နော်"

"ငြိမ်က လေ့လာမထားတော့ သိပ်မရေးတတ်ဘူး။ သင်္ကြန်ကို စာလုံးပေါင်းတာတောင် မှားသွားသေးတယ်"

"ဟယ် …ဖြစ်ရမယ်"

"အခု မောင်မောင် အားလား"

"အားပါတယ်၊ ခဏနော်၊ မောင်မောင် ရေးပြမယ်။ ရေးရင်းနဲ့ ပြောပြသွားမယ်"

"အိုကေ"

သဇင်မောင်မောင်က ကော်ပီနှစ်ခွက် သွားယူလာ၏။





"ရော့ …သောက်လိုက်ဦး၊ အတူတူတိုင်ပင်ပြီး ရေးကြည့်တာပေါ့"

"အင်း"

သူမက ခုလိုကျ အရမ်းပဲ အသုံးတည့်သည်။

"ဟိုကောင်မလေးတွေလည်း မလာကြသေးဘူး"

သည်ကျူရှင်မှာ ငြိမ်ရယ်၊ သဇင်ရယ်အပြင် နောက်ထပ်သုံးယောက်ရှိသေး၏။

ငြိမ်နှင့် သဇင်မောင်မောင် အက်ဆေး(စာစီစာကုံး) တစ်ပုဒ် ရေးပြီးသည်အထိ တီချယ် မရောက်သေးပါ။

"ငြိမ်"

"ဟင်"

"ငြိမ့်ကို ကြွားရမယ်၊ ဘတ်ဒေးပရဲစင့်ပေးဖို့ ဝယ်ထားတာ"

သဇင်မောင်မောင်က ရှီးကေ့(စ်)ပေါ် တင်ထားသော စက္ကူဘူးအကြီးကြီးကို ယူချလာ၏။

"ဘာလဲဟင်"

"လှလား …ကြည့်ပါဦး"

စက္ကူဘူးကြီးထဲမှ ထုတ်ယူမကြည့်လိုက်တော့ …

"ဟယ် …ချေးရုပ်ကြီး၊ လှလိုက်တာဟယ်၊ ငြိမ်ဆောင် လိုချင်တယ်၊ ကြည့်စမ်း၊ အမွေးဖွားရလေးတွေက နူးညံ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"စကော့ထဲက ဝယ်လာတာ"

"မွေးနေ့ပေးဖို့လား"

"အင်း"

"ငြိမ်ဆိုရင်တော့ ဒါမျိုးကြီးပေးရင် သိပ်ကြိုက်မှာ"

အလျားလိုက်ထိုင်နေသည့် ခွေးရုပ်အညိုကြီးကို မျက်စိကျနေမိရင်း မမျိုးသိပ်နိုင်ဗွာ ပြောဖြစ်သည်။

သဇင်မောင်မောင်ကတော့ ငြိမ့်အပြောကို သဘောကျသွား၏။

သည်တစ်ခါတော့ သူကျအောင် တမင်ပြောဖြစ်တာ မဟုတ်ဘဲ တကယ်ရင်ထဲရှိသည့်အတိုင်း ပြောမိတာပါ။

"မောင်မောင်လည်း ဘာဝယ်ရမှန်းမသိတာနဲ့၊ သူက အစစပြည့်စုံနေတော့ ဘာပေးရမှန်းကို မသိဘူး၊ နောက်မှ ဒါကြီးတွေ့တော့ ဝယ်လိုက်တာ"

"ချစ်စရာကြီးပဲ၊ တကယ့် ခွေးအရှင်ကြီး ထိုင်နေသလိုပဲ၊ မျက်လုံးတွေက စူးလက်နေတာပဲ"

ပျော့အိလွန်းသော အမွေးပွပွတွေကို ကြာရှည်စွာ ကိုင်တွယ်ပွတ်သပ်ပေးမိရင်း ပြောပြ၏။

"ပက်ကင်တောင် မလုပ်ရသေးဘူး၊ ပက်ကင်စက္ကူ မဝယ်ရသေးတာနဲ့၊ ဒီမှာလေ၊ ဒါက ဘတ်ဒေးကတ်၊ လှရဲ့လား"

လှန်လှောကြည့်လိုက်လျှင် တေးသွားလေး ထွက်ပေါ်





လာသော မွေးနေ့လက်ဆောင်လှလှလေးကို မောင်မောင်က ထုတ်ယူပြသည်။

"လှတာပေါ့"

သူမမျက်နှာပြင်ကို စူးစူးစမ်းစမ်းကြည့်ရင်း တလေးတနက်ရှိနေသော မွေးနေ့ရှင်ကို မြင်ဖူးချင်လာရသည်။

"မွေးနေ့ပွဲက ဘယ်တော့လဲဟင်"

"မနက်ဖြန်"

"ညပိုင်းလား"

"အင်း ...ငြိမ် စိတ်ဝင်စားရင်လိုက်ခဲ့လေ၊ တို့နဲ့ ရင်းနှီးပါတယ်"

သဇင်မောင်မောင်နှင့် အဖော်လိုက်သွားဖို့ကို စိတ်မပါသေမယ့် မွေးနေ့ပွဲကိုတော့ အာရုံဝင်စားမိတာ အမှန်။

"လိုက်မှာလား၊ မောင်မောင် လာခေါ်မယ်လေ၊ မောင်မောင်လည်း အဖော်ရတာပေါ့"

"အင်းလေ...အားရင်လိုက်ခဲ့ပါမယ်"

"အိုကေ ...အိုကေ၊ ဝင်ခေါ်မယ်"

သူမက အရုပ်ကြီးကို စက္ကူဘူးထဲ သေချာပြန်ထည့် သိမ်းနေတုန်းမှာပဲ တီချယ် ရောက်လာတာမို့ စကားစပြတ်သွားရတော့သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ညှော့ခန်းထဲမှာ ညှော့သည်ရောက်နေသည်ဟု ကြီးမေ ပြောတာကြောင့် ဆင်းလာခဲ့ရသည်။

ငြိမ် တစ်ခါမှမမြင်ဖူးခဲ့တာ သေချာသော ကောင်မ လေးတစ်ယောက်။ ငြိမ် ဆင်းလာတာမြင်တော့ သွားတက် ကလေးတွေပေါ်အောင် တလိုက်တလှဲပြုံးပြတာကြောင့် ငြိမ် လည်း အလိုက်သင့်ပြုံးလိုက်ရသည်။

"ကိုကြီး မင်းဒင်က စာတစ်စောင် ပေးခိုင်းလို့ပါ"

"ဟင် ...လေးလေး ပေးခိုင်းတာ၊ ဟုတ်လား"

နှုတ်ခမ်းလေးဟာရင်း အံ့သြသွားရပြီးမှ စာအိတ်အ ကို လှမ်းယူဖွင့်မိသည်။

"သြော် ...ကြီးမေကို မှာသွားခဲ့ဖို့ကျန်တာလေး ရေး ထားတာကိုး"



တစ်ဦးတည်း ရေရွတ်ပြီးမှ ...

"ကျေးဇူးပဲနော်"

ဟု ညှော့သည်ကောင်မလေးကို ပြောမိသည်။

"ထိုင်ဦး ...ကော်ဖီယူဦးမယ်"

"ဟာ ...နေပါစေ၊ ခုပဲပြန်မှာပါ"

"ယူက လေးလေးတို့ရုံးကလား"

"ဟင့်အင်း ...မဟုတ်ပါဘူး"

"မဟုတ်ဘူး"

ငြိမ် စဉ်းစားရေရွတ်မိပြန်သည်။

"တို့က အန်တီနွယ့်တူမပါ"

"သြော်"

သြော် ...ဟု ရေရွတ်သံမှာ ခါးသီးမှုတွေ ပုံအောပါ တာ သူတော့ ရိပ်စားမိမလား မသိပါ။

စောစောတုန်းက လိုလားနွေးထွေးမှုတွေ ရုတ်ခြည်း ပျောက်ဆုံးသွားရတော့သည်။

လေးလေးရယ် ...သည်စာ ပေးခိုင်းစရာ တခြားလူ မရှိတော့ဘူးလား။ သက်ပြင်းမောလေးရှိုက်ရင်း ငြိမ်ကျသွား သည်။

"သွားမယ်နော်"

"ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားသော ကောင်မလေးကို လိုက်ကြည့်မ
နေတော့ဘဲ စာကို ကြီးမေလက်ထဲ ထည့်ပေးပြီး ထွက်လာခဲ့
သည်။

ရင်ထဲမှာ မရှင်းလင်းနိုင်တော့။

သည်ပုံအတိုင်းသာဆို လေးလေး အနားမှာ ဒေါ်နွယ်
သဇင် ရှိနေခဲ့မှာပေါ့။ ရှိနေလို့သာ သူ့တူမနှင့် အဆင်တခြေ
ပေးနိုင်းလိုက်နိုင်တာပေါ့။

လေးလေး ကတိမတည်ဘူး။

ငြိမ့်မျက်ဝန်းတွေ အေးစက်သွားရင်း နှုတ်ခမ်းကို
ဖိကိုက်ထားမိတော့သည်။

မနက်တုန်းကတော့ ငြိမ့်မှာ လေးလေးပျော်ရွှင်ပါစေ
တော့ဆိုပြီး စိတ်ဖြေလိုက်တာ။

မှားတယ်။

လေးလေးကို အကြာကြီး မနှိပ်စက်မိတာ မှားတ
ပဲ။

ခုမှ ငြိမ် နောင်တရချင်လာသည်။

ခုတင်ပေါ် လှဲချရင်း မျက်စိကိုမှိတ်မှိတ်ပြီးအိပ်
ကြိုးစားသည်။

သို့ပေမယ့် တော်တော်နှင့်အိပ်မပျော်။

လေးလေးအပေါ် တလိပ်လိပ်တက်လာသော အ





ကို ချိုးနှိမ်မရအောင်ရှိ၏။

လေးလေး မနှစ်သက်သမျှ လျှောက်လုပ်ပစ်ချင်သည့်
စိတ်ရိုင်းတွေ ဝင်လာရသည်။

"သမီးငြိမ်"

"ရှင်"

"နွားနို့သောက်မှာလား"

"မသောက်တော့ဘူး"

"သမီး နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဘာလဲ …နွယ့်တူမ စာလာပေးလို့ မကြည်မလင်
ဖြစ်နေတာလား"

"ဟုတ်တယ် ကြီးမေ"

"ကြိုက်တဲ့လူကို ပေးနိုင်းလိုက်တာနေမှာပါ"

"ငြိမ် မကြိုက်ပါဘူး"

"မကြိုက်လည်း ပြန်လာမှာပါ၊ အခု အေးအေးဆေး
ဆေးအိပ်တော့"

"ဘယ်လိုလုပ်အိပ်ပျော်တော့မလဲ၊ ဒါပဲနော် …
ကြီးမေလည်း ပြောထားပေး၊ သမီး လေးလေးကို အဲဒီအမျိုး
သမီးနဲ့ လုံးဝသဘောမတူဘူး"

"အေးပါအေ …ပြောပေးပါ့မယ်၊ ကျေနပ်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com

ကြီးမေက ငြိမ့်အခန်းရှိ ပြတင်းတံခါးတွေကို လိုက်ပိတ်ပေးသည်။ နှုတ်မှလည်း တဖွဖွနှစ်သိမ့်နေ၏။

"ငြိမ် စိတ်ချမ်းသာအောင်မပြောမနေပါနဲ့ ကြီးမေကြီးရယ်၊ အခြေအနေမှန်ကို ငြိမ်လဲ သိနေသားပဲဟာ"

ကြီးမေက ပြောရဆိုရကျပ်လွန်းသော ခေါင်းမာသော ငြိမ့်ကို လက်လျှော့ပြီး ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

သည်ကောင်မလေးက ခုချိန်ထိ ကလေးလုပ်တုန်း။

ဟိုတစ်ယောက်ကလည်း အဲသည်ဆိုးတာလေးနဲ့ပဲ ဗုန်းဗုန်းလဲအောင် ကျနေတာ။

ကြားထဲကလူတွေ မသက်သာလှပါ။

x x x x





အခန်း (၆)

သဲဇင်မောင်မောင် တကယ်လာခေါ်တော့ ငြိမ် ဘာမှ အဆင်သင့်ဖြစ်မနေသေးတာမို့ အားနာသွားရသည်။

မဟူရာရောင် ဝမ်းဆက်လေးနှင့် ပြုံးပြုံးပြက်ပြက် လှနေသော သူမကို ခဏတော့ ငေးသွားရ၏။

သူမ အပြင်အဆင် သိပ်တော်သည်။ တခြားလူ စိတ်ဝင်စားအောင် ထွင်တတ်၏။

"ခဏလေးနော် ...ငြိမ် မပြီးသေးဘူး"

"ရပါတယ်ကွာ၊ သိပ်မကြာဘူး မဟုတ်လား၊ ကားထဲကပဲ စောင့်မယ်"

"အင်း"

ညှို့ခန်းအထိ ဆင်းမထိုင်တာကြောင့် ငြိမ် အပြေးအလွှား ပြင်ဆင်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



ကားထဲက မဆင်းတာကြောင့် အကြာကြီး စောင့်ခိုင်းရမှာ ဝန်လေးစေသည်သာ။

သိပ်ပြင်ဆင်မနေတော့ဘဲ ဖြစ်သလိုလေးပဲ လိုက်လာခဲ့၏။

တီရှပ်အပြာလေးနှင့် ထဘီအဖြူ ပိုးသားပျော့ပျော့ကိုပဲ မျက်စိထဲမြင်ရာ ဆွဲထုတ်ဝတ်ခဲ့ရသည်။

သဇင်မောင်မောင် မောင်းသော ကားထဲ ငြိမ့်ညောင်းစွာ လိုက်ပါလာရင်း စွဲဆောင်မှုပြင်းစွာ ရှိနေသော ရေမွှေးနံ့တစ်မျိုးက တစ်ကားလုံး ဖုံးလွှမ်းထားသည်။

သိပ်မကြာလိုက်ဘဲ မွေးနေ့ပွဲရှိရာ ခြံဝင်းရှေ့သို့ ရောက်လာခဲ့၏။

စီတန်းရပ်ထားသော ကားတွေ ပြည့်နေသည်မို့ ခပ်လှမ်းလှမ်းမှ ဆင်းလျှောက်ရသည်။

သူမကတော့ ယူဆောင်လာသော ငွေရောင်ပက်ကင်ဘူးကြီးနှင့် မနိုင်မနင်းဖြစ်နေ၏။

ငြိမ် သူမကို မသိမသာကြည့်ရင်း ပြုံးချင်နေမိသည်။

အားတက်သရောရှိနေလွန်းသော မွေးနေ့ရှင်ကို မြင်ဖူးချင်စိတ် ရှန်းကြွလာ၏။

"သူက သဘောကောင်းပါတယ်၊ ခင်လည်း ခင်တတ်တယ်၊ မောင်မောင်တို့နဲ့ ဟိုကတည်းက သိခဲ့ ခင်ခဲ့ကြတာ"





"ဟုတ်လား"

"မောင်မောင့်မွေးနေ့ဆိုလည်း သူက တကူးတက ခုလိုပဲပေးတတ်တယ်"

"ဟုတ်လား"

မလုံမလဲပုံစံလေးနှင့် ဖြေရှင်းတာကိုလည်း ပြုံးချင်မိတာပါပဲ။

"သူက ဆေးကျောင်းတက်နေတာလေ"

"ဟုတ်လား"

"သူ့အမေက သူ့ကို သည်းသည်းလှုပ်"

"ဟုတ်လား"

ငြိမ် တစ်ဦးတည်း အားနာသလို ရှိသွားရသည်။

ဟုတ်လား...ဟုတ်လားနှင့် စကားဆုံးတိုင်း မေးနေမိတာ သရော်သလိုများ ဖြစ်နေပြီလား။

သူမကတော့ သတိပြုမိပုံပင်မရဘဲ မွေးနေ့ရှင်အကြောင်း အားပါးတရလေး ပြောနေ၏။

"ဟော ...အဝင်ဝအထိ ထွက်ကြိုနေရှာတယ်"

သူမစကားကြောင့် ငြိမ် လှမ်းမျှော်ကြည့်မိသည်။

"ဟယ်"

ငြိမ့် ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားကာ စွယ်တော်နှင်း မေသူကို ဖျတ်ခနဲသတိရမိ၏။

ထွဋ်ခေါင် ...ထွဋ်ခေါင် ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့တုန်းက ငြိမ်တို့နှင့် ကင်တင်းမှာ အကြာကြီးထိုင်သွားခဲ့သူ။

စွယ်တော်တို့ ပြောဆိုသမျှ မပွင့်တပွင့် တုံ့ပြန်ဖြေကြားခဲ့သူ။

သူ မာနကြီးတာတော့ သိပြီးသားမို့ ငြိမ့်တို့ကို မဖိတ်တာ ထူးပြီးမအံ့သြတော့ပါ။

သို့ပေမယ့် မဖိတ်ဘဲရောက်လာခဲ့သည့် ကိုယ့်ဖြစ်အင်ကို ထူပူသွားရသည်။

"ဟာ …မောင်မောင် ခုမှလာတယ်၊ နောက်ကျလိုက်တာ"

သဇင်မောင်မောင်ကို ရင်းနှီးဖော်ရွေလွန်းစွာ ကြိုဆိုနှုတ်ဆက်တာကို မမြင်ဖူးသလို ငေးစိုက်ကြည့်နေမိ၏။

ငြိမ်တို့နှင့်တုန်းကတော့ အေးတိအေးစက် အသက်မပါသလိုနှင့်။ အခုကျတော့လည်း သွက်လက်ချက်ချာနေလိုက်ပုံများ စွယ်တော်တို့ကို ခေါ်ပြလိုက်ချင်သည်။

ငြိမ်တို့လို ဟာလေးတွေကို အဖက်လုပ် အရောဝင်ချင်စိတ် မရှိတာပေါ့။

သူ့သဘောကိုသိရတော့ ခံရခက်လွန်းသည်။

"ထွန်း"

"ဟင်"

"ဒါ မောင်မောင့်သူငယ်ချင်း ငြိမ်ငြိမ်မင်းခင်တဲ့"





"အာ …ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

သူက ငြိမ့်ဘက် တစ်ချက်ကြည့်ပြီး ပြုံးပြရင်း ခေါင်းညိတ်သည်။

"ဒါက ထွန်းအတွက် ပရဲစင့်နံ"

"သိုင်းကျူးပဲ၊ လာကြ …ထိုင်ပါ၊ ကြိုက်တာယူစားနော်၊ တခြားဧည့်သည်တွေဆီ ခဏသွားမယ်၊ အေးအေးဆေးဆေးမှ ပြန်နော်"

"အင်းပါ"

သူက သဇင်မောင်မောင်ကို သေချာမှာပြီး ထွက်ခွာသွားသည်။

ငြိမ့်ကိုတော့ တစ်ချက်မှ ကြည့်သွားဖော်မရ။

ငြိမ့်ရင်ထဲ အောင့်သွားရသည်။

သောကြာနေ့က ကျောင်းမှာတွေ့တုန်းကလည်း ငြိမ်တို့ဝင်လာခဲ့တာ သူမဟုတ်သလို နေခဲ့သည်။ ခုတစ်ခါ ထပ်တွေ့လည်း တစ်ခါမှ မသိကျွမ်းဖူးသူလို လုပ်နေပြန်၏။

ဘယ်လိုလဲ ဦးထွန်းခေါင်၊ နည်းနည်းပါးပါး အသိအမှတ်ပြုဖို့ ကောင်းတယ်နော်။

သူ့အပြုအမူကို ငြိမ် အသည်းယားသွားရသည်။

တကယ်ပဲ ငြိမ့်ကို သူမှတ်မှတ်မိမိမရှိဘူးလား၊ တမင်တာပဲ အရေးမလုပ်တာလား။

"ငြိမ် …ငြိမ်လှချည်လား"

www.burmeseclassic.com



““အဟင်း””

သူ့ကို လိုက်ငေးနေဖြစ်တာမို့ အရှက်ပြေ ရယ်မိသည်။

ငြိမ်သာ သူ့နေရာမှာဆို ခုလိုဖြစ်ရတာကို အနည်းအကျဉ်းဖြစ်ဖြစ် အားနာမိမှာပါ။

လူချင်းကြုံပါလျက် ဆန်းဒေး ကျွန်တော့်မွေးနေ့လာခဲ့ကြပါနော်ဟု ဝတ်ကျေတမ်းကျေပင် ပြောမသွားခဲ့တာ အမှန်စင်စစ် မေ့လျော့သွားတာများလား။

အဲသည်လိုမှ မဟုတ် ငြိမ်တို့ကို အပေါင်းအသင်းအဖြစ် မပတ်သက် မရောက်ယှက်ချင်တာမျိုးလား။

ဘယ်လိုပဲဖြစ်ဖြစ် သူ့မွေးနေ့ကို လာရတာ ငြိမ်မျက်နှာပူရပါပြီ။

ငြိမ်တို့စားပွဲရှိရာ လျှောက်လာသော သူ့ကို မရဲတရဲတစ်ချက်ကြည့်ပြီး ခေါင်းငုံ့နေမိတော့သည်။

စားပွဲပေါ်တင်ထားသော ပန်းအိုးလက်လက်ကလေးကို ငေးကြည့်နေပေမယ့် သစ်လွင်သားနားစွာ ဝတ်ဆင်ထားသော သူ့ရုပ်သွင်ကို စွဲမက်စွာ မြင်နေမိသည်။

အမုန်းစိတ်တွေ ထူထဲလာနေလျက် မက်မပြေစွာ မြင်နေမိတာ အတော်ပဲ ဆိုးဆိုးရွားရွား နိုင်လွန်းလှသည်။

““မောင်မောင် …ဘာမှမစားသေးဘူးလား””





““ဖြည်းဖြည်းပေါ့၊ ဘတ်ဒေးကိတ် လှီးပြီးပြီလား””

““မလှီးရသေးဘူး၊ မောင်မောင် ဘာပေးတာလဲ၊ ဟောတ်ကဟုတ်က လုပ်မလာနဲ့နော်””

““ကိုယ့်အလှည့်ကျ မနွဲ့စတမ်းပေါ့””

သဇင်မောင်မောင်က ပြုံးတုံ့တုံ့လေးပြောတော့ သူက ဆက်သီးထောင်ပြသည်။

““တစ်ခုခုဆို ဒီမှာတွေ့လား””

ငြိမ်က သူတို့ရင်းနှီးမှု အတိုင်းအတာကို အကဲခတ်ရင်း တစ်လှည့်စီ ကြည့်နေမိသည်။

““ဩော် …ငါ့ဆီကယူထားတဲ့ အခွေကော””

““လိုချင်လာယူပေါ့””

““မညစ်စမ်းနဲ့ မောင်မောင်၊ ငါ လုံးဝမအားဘူး””

““အဲဒါဆိုလည်း မယူနဲ့တော့ပေါ့””

သူက စိတ်ရှုပ်သွားသလိုပုံစံနှင့် နားရွက်အောက်ဆည်ကုပ်ပေါ်ကျနေသော ဆံပင်စတွေကို လက်နှင့် ခပ်ဖွဖွသားကုတ်ပစ်သည်။

““လာယူမယ်၊ မောင်မောင် ဘယ်နေ့ရှိလဲ၊ ပြောထား””

““နေ့တိုင်းရှိတယ်””

““ပြီးရော …ပြီးရော””

သူက ငြိမ်တို့စားပွဲမှာ အကြာကြီးထိုင်ပြီး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



၏။ ငြိမ်နှင့်တော့ စကားမပြောဖြစ်ပါ။

သဇင်မောင်မောင့် မျက်ဝန်းကလေးတွေ လက်ဖြာ စူးရှနေတာရော၊ သူ့အကြည့်တွေ မောင်မောင့်မျက်နှာပေါ် ခစ်ကြာကြာ ရပ်တန့်ငြိမ်သက်သွားတာရော၊ မချင့်မရဲဖြစ်ရ သလို စိတ်လှုပ်ရှားရပုံဖြင့် သက်ပြင်းရှိုက်တာရော သူတို့နှစ်ဦး အနားမှာ ရှိနေသူမို့ တီတီကျကျ သိနေ၏။

စွဲအားပြင်းစွာ လှပသော သူ့မျက်လုံးတွေက ခုလို ချိုချိုမြမြကြည့်နေတော့ ငြိမ်ပင် မူးမေ့ချင်ရသည်။

တဖြည်းဖြည်းတိုးတက်လာသော သံသယတွေက ငြိမ်ပင် မကြားရချင်တော့။

သူက ဖယောင်းတိုင်မီးတွေကိုမှုတ်ပစ်ပြီး ဘတ်ဒေး ကိတ်ကို လှီးချတော့ သဇင်မောင်မောင်က အားပါးတရ လက်ခုပ်တီးပေး၏။

တခြားတခြားသော ဧည့်သည်တွေကိုတော့ ငြိမ် သတိမပြုမိလိုက်ပါ။

သူက သဇင်မောင်မောင်ကို ဘတ်ဒေးကိတ်ခွဲ့ကျွေး တဲ့ ဓာတ်ပုံလည်း ရိုက်သည်။

ဟိုတစ်နေ့တုန်းကလို မထုံတက်တေးနှင့် မဟာတယ ပုံစံမျိုး အလျှင်းမတွေ့ရ။

သူက သူ့မွေးနေ့ အမှတ်တရအဖြစ် သူ့ဓာတ်ပုံပါ သော သော့ချိတ်ကလေးတွေ ပြန်ပေးသည်။

ချိုကြည်စွာပြုံးရင်း ငြိမ့်လက်ထဲ သော့ချိတ်ကလေး ပေးလာတော့ အလိုက်သင့် ယူထားလိုက်ရသည်။

"ငြိမ် ပျင်းနေပြီလား"

"ရပါတယ်"

သဇင်မောင်မောင်ကို အားနာသည်မို့ ပြောလိုက်ရပေ မယ့် ငြိမ်ကတော့ ပြန်ချင်လှပါပြီ။

တစ်စတစ်စ လူရှင်းစပြုလာသော မွေးနေ့ပွဲမှာ လူရင်းတွေလောက်သာ ကျန်ရှိချိန်မှာတော့ သူက ငြိမ်တို့ရှိရာ အေးအေးလူလူ လာထိုင်နေတော့သည်။

ငြိမ်နှင့် စကားမပြောဖို့ကို မေ့လျော့နေတာပဲလား၊ တမင်မပြောချင်တာပဲလား အတပ်မသိ။ တစ်ခွန်းတလေမှ စတင်ပြောလာတာမျိုး မရှိပါ။

ငြိမ်ကကော အောက်ကျနောက်ကျ ပြောမယ့်သူလား။

သူ့သတင်းတော့ ငြိမ်လည်း မာကျောစွာပဲ နေပြ လိုက်သည်။

သူနှင့် စကားမပြောရလို့ ငြိမ့်မှာ ဘာအရှုံးမှမရှိ။

ခုလို အေးစက်စက်ကြီး လုပ်ပြတာတော့ ငြိမ့်ကို ဘာလိုသည့်နှယ်။ အလိုမကျ ဖြစ်နေမိတာ ငြင်းမရပါ။

ငြိမ်တို့ အပြန်ကျတော့ သူပါ လိုက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သဇင်မောင်မောင် ယူထားခဲ့သော ဗွီဒီယိုခွေတစ်ခုကို လိုက်ယူတာပါ။

ငြိမ်က အလိုက်တသိ နောက်ခန်းမှာပဲ ဝင်ထိုင်လိုက် ၏။

သူနှင့် သဇင်မောင်မောင်က ငြိမ့်ကို ရှိသည်ဟု မထင်ဘဲ တွန်းထိုးတိုက်ထိုးနှင့် ရယ်မောနေကြသည်။

သူတို့ ဘာတွေပြောပြီး သဘောတွေ့နေသည် မသိ ငိုက်မျဉ်းစပြုနေသော ငြိမ်က ကားကူရှင်ကို မှီ လိုက်ပါလာခဲ့သည်။

"ငြိမ့်ကို အရင်ပို့လိုက်မယ်နော်"

"အင်း"

သူ့ဆန္ဒကို မောင်မောင်က အလေးထားစွာ မေး သေးသည်။

"ငြိမ်ကလည်း မောင်မောင်တို့လမ်း အတွင်းဘက် မှာပဲနေတာ"

"အင်း ...သိတယ်၊ တစ်ခါရောက်ဖူးပါတယ်"

သူက အရေးမကြီးသလို ခပ်ပေါ့ပေါ့ပြောလိုက်တာ ကို မောင်မောင်က မျက်လုံးလေးပြူးရင်း ...

'ရောက်ဖူးတယ် ဟုတ်လား' ဟု မယုံချင်သလို ငြိ မေးလိုက်တာ ကြားရသည်။





"ဟုတ်တယ်၊ ဖေဖေလွှတ်လို့ ဦးမင်းဒင်ဆီ သွား တာပါ"

သူက ဖြေရှင်းချက်တစ်ခွန်းလောက်ဆိုပြီး တခြား စကားတွေ ဆက်ပြောနေသည်။

ဒါဆို သူ ငြိမ့်ကို မှတ်တော့ မှတ်မိတာပေါ့။

မှတ်မိသားနဲ့များ ဘာလို့ သည်လိုကြီး ဆက်ဆံရတာ လဲကွယ်။

ငြိမ် မတွေးတတ်တော့ပေ။

သူ့ဘက်က ငြိမ့်အပေါ် အတွင်းနာ တစ်ခုခုများ ရှိနေ ခဲ့သလား၊ စိတ်ထဲမှာ ကျိတ်ပြီးမျက်နေတာမျိုး ရှိကိုရှိနေ မှာပါဟု သုံးသပ်မိတော့သည်။

ခြံရှေ့ကားရပ်တော့ သူတို့နှစ်ဦးကို ပြိုင်တူနှုတ်ဆက်

ငြိမ်ကတော့ လမ်းမီးရောင်ပြင်မှာ တဖြည်းဖြည်းဝေး သွားသော ကားလေးကိုကြည့်ရင်း ရင်ထဲပူလောင်လာရသည်။

ခုလိုအနေအထားမျိုးကို ငြိမ် မကြိုက်ချင်ဖြစ်မိပါ ား။

အနေသာကြီးပေမယ့် ငြိမ် တစ်မျိုးမျိုး ခံစားရတာ တော့ ကျိန်းသေသလောက်ပါ။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ အမှတ်တရပြန်ပေးလိုက်သော သော့ချိတ်ကလေး မောင်မောင်တို့ကားထဲ ကျန်ရစ်ခဲ့ပြီ။

ခုမှ ရုတ်တရက်သတိရမိတာမို့ ဘာမှ မတတ်နိုင်တော့ပါ။

မျက်နှာပေါ်ကျလာသော ဆံပင်ပျော့ပျော့ကလေးတွေကို လက်နှင့်ပင့်တင်လိုက်ရင်း ခြံထဲမှတစ်ဆင့် တိုက်ဖြူဖြူရှိရာဆီ တရွေ့ရွေ့ လှမ်းလာမိသည်။

သော့ချိတ်ကလေးကို လက်ထဲတင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း မာနတရားက အရှိန်ပြင်းစွာ ဖြစ်ပေါ်နေရသည်။

ဘာသဘောလဲ ဒေါ်ငြိမ်ငြိမ်မင်းဒင်။

သူပေးသော သော့ချိတ်ကလေးကို ကားထဲ ဖြစ်သလို ပစ်ထားခဲ့ပါလား။

သူ အပြန်မှာ သိပ်မိုးချုပ်နေပြီမို့ သဇင်မောင်မောင်ကို လိုက်မပို့နိုင်းတော့ဘဲ သူမတို့အိမ်မှ ဒရိုင်ဘာနှင့်ပဲ ပြန်ပို့ခိုင်းမိသည်။

နောက်ခန်းမှာလည်း တစ်ဦးတည်း လွတ်လပ်စွာ ထိုင်ခဲ့မိခြင်းက သည်သော့ချိတ်ကလေး သူ့ဆီပြန်ရောက်စေဖို့ပဲ ဖြစ်ခဲ့သည်။

ကိုယ်က တန်ဖိုးထားပြီး ပေးခဲ့တာကို သူမ တုံ့ပြန်မှုက ရိုင်းပျလွန်းလှသည်။

သည်မိန်းကလေးကို ရိုင်းပျလွန်းလို့ သူ တမင်ရှောင်





ရှားခဲ့တာ။

စတွေ့ကတည်းကပင် သူ့အပေါ် မလေးမစား ဆက်ဆံခဲ့သည်။

အရေးမလုပ်ချင်သည့်ပုံစံနှင့် ရှိနေခဲ့သော သူမ သဏ္ဍာန်ကို မျက်စိထဲ ပြန်မြင်ယောင်တိုင်း ဒေါသဖြစ်ရသည်ချည်း။

တစ်ခွန်း နှစ်ခွန်းမက အော်ခေါ်နေတာကိုပင် သူ့ မခေါ်သလို မြင်ပြင်းကတ်ချင်စရာလုပ်ပြခဲ့သည်။

ကိုယ်ပြောသော စကားများကို လုံးလုံး လျစ်လျူရှုမသွင်းခဲ့။

သည်လိုလူမျိုး တစ်ခါမှ မကြုံဖူးခဲ့တာမို့ သူမကို ခွင့်လွှတ်မပေးနိုင်ခဲ့ပါ။ ကျောင်းမှာ ရုတ်တရက်တွေ့လိုက်တော့ မသိသလိုပဲ နေခဲ့သည်။

ရင်ထဲ မကျေညက်ခဲ့တာမှန်သမျှ ကိုယ့်မွေးနေ့ပွဲကို မမျှော်လင့်ဘဲ ရောက်လာတော့ အားနာစိတ်နှင့် ပျက်ပြယ်လုနီးပါး မှိန်ဖျော့သွားရတာပါပဲ။

ကိုယ်က သူတို့ကို ဖိတ်ခေါ်သမှု မပြုခဲ့ဘူးလေ။ သူတို့ပြောဆိုသမျှလည်း စိတ်မပါတပါ လုပ်နေခဲ့မိသည်။

သူမက ကိုယ့်မွေးနေ့ပွဲကို တော့ဆိုင်စွာ ဘွားခနဲ ရောက်လာတော့ သူ အရမ်းပဲ မျက်နှာပျက် အနေခက်သွားရသည်။

ကိုယ့်အပြစ်ကိုလည်း မလုံမလဲနှင့် သူမကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စကားစရမှန်း မသိတော့။

တိတ်တဆိတ်ထိုင်နေရင်း အကဲခတ် မျက်ဝန်းတွေနှင့် ကြည့်နေသော သူမကို သူ စကားတစ်ခွန်းမှ မဆိုဖြစ်ခဲ့တာတော့ သူ့အလွန်ပါ။

သော့ချိတ်ကလေးကို ခုလို ပစ်စလက်ခတ် မျက်နှာငယ်စွာ တွေ့လိုက်ရတော့ နောင်တရချင်နေတာလေး အစအနပင် ရှာမရတော့။

သူမ အတော်ပဲ စော်ကားလွန်းပါသည်။

ကိုယ့်အပေါ် ဘာကြောင့် ခါးသီး မုန်းမျက်နေမှန်း မသိပါ။

သူမ အကြည့်တွေက လိုလားနှစ်သက်မှု လုံးဝမရှိတာ သိသိသာသာအချဉ်စိတ်တွေရှိနေတာ မျက်ဝန်းများတွင်ပေါ်နေ၏။

ကိုယ့်မွေးနေ့ကို မဖိတ်ကြားဘဲ ရောက်လာမိတာ သူမ စိတ်တချဉ်းကျပ်မှာတော့ မလွဲမသွေ။

သူမကိုယ်သူမ မကျေမနပ်ဖြစ်မိမှာ ကျိန်းသေနီးပါးပါပဲ။

သည်တစ်ချက်ကိုတော့ သူ နှစ်ခြိုက်သွားရသည်။

× × × ×





## အခန်း (၇)

သည်နေ့တော့ ငြိမ် ကျောင်းကို အစောဆုံး ရောက်လာခဲ့သည်။

ငြိမ့်သူငယ်ချင်းတွေ တစ်ဦးမှမရောက်သေးတာမို့ င်တင်းရှိရာ တစ်ဦးတည်းထွက်ခဲ့မိရင်း လေးလေးကို တိရစိတ်နှင့် ရင်ထဲ ဆွေးဟာဟာကြီး ဖြစ်လာရသည်။

အစွန်ဆုံးစားပွဲမှာ နံရံကို ကျောပေး မှီကပ်ထိုင်ရင်း ော်ဖီတစ်ခွက်နှင့် ကော်ပြန့်ကြော်ပဲ မှာထားလိုက်၏။

ဟိုငေးသည်ငေး ဟိုတွေးသည်တွေးနှင့် အချိန်ဖြုန်း မိသည်။ လေးလေးကို ချက်ချင်း ပြေးတွေ့ချင်စိတ်က းမရစွာ ဖြစ်ပေါ်နေ၏။

ငြိမ့်ကို လေးလေးက တကယ့်ပိစိကွေးလေးလို ဂရု ရှာသည်။ လောကကြီးမှာ ငြိမ့်အတွက် အကောင်းဆုံး

www.burmeseclassic.com



အားကိုးတွယ်မှီစရာသည် လေးလေး တစ်ဦးတည်းပါ။

ဟိုးငယ်စဉ်ကတည်းက လေးလေးကိုပဲ ချွဲနွဲ့နေတတ်ခဲ့တာမို့ အကျင့်ကလည်း ဖျက်မရအောင်ပဲ စွဲမြဲနေ၏။

လေးလေးရှေ့ရောက်လျှင် ငြိမ့်အသက်၊ ငြိမ့်အရွယ်၊ ငြိမ့်အခြေအနေအားလုံး မေ့ပျောက်ကုန်ကာ ကလေးဆန်စွာ ပြုမူနေထိုင်လိုက်မိတာပါပဲ။

အဲဒါတွေကြောင့်လည်း လေးလေးက ငြိမ်ကို လူကြီးလုပ်ရာမသွင်းတာ ထင်သည်။

ငြိမ် စိတ်ဆိုးနေလည်း လေးလေးက ရယ်နေတတ်သလို ငြိမ် ရိုင်းပျစွာ ဆိုးပစ်တာကိုလည်း 'ကလေးစိတ်လေးနဲ့ပါ' ဆိုပြီး ခွင့်လွှတ်ပေးနိုင်ခဲ့၏။

တဖြည်းဖြည်းနှင့် ငြိမ့်ရင်ထဲမှာ သံသည်အနေအထားကို မုန်းလာမိသည်။

ငြိမ့်ဆန္ဒကို လေးလေး တလေးတနက်ထားစေချင်သည်။ ငြိမ့်ခံစားမှုတွေကို နားလည်ပေးစေချင်သည်။

ကလေးတစ်ဦးလို ပေါ့ပြက်ပြက် သဘောထားနေတာကို ခံရခက်သလောက် မကျေမနပ်လည်း ဖြစ်မိသည်။

ဖျတ်ခနဲအရိပ်ကျလာတာကြောင့် လေးလေးအပေါ် အလိုမကျစွာ တွေးနေမိသမျှ လွှင့်ပျောက်ကုန်ကာ မော်ကြည့်မိသည်။





ဪ …

ထွန်းခေါင်ဆိုသည့်လူနှင့် အမျိုးသားနှစ်ဦး။

ငြိမ့်စားပွဲမှာပဲ ခပ်တည်တည် ခုံဆွဲထိုင်ကြသည်။

တခြားမှာ နေရာလွတ် ရှိမနေတာကြောင့် ငြိမ့်စားပွဲကို ရောက်လာကြတာပဲ ဖြစ်လိမ့်မည်။

ကော်ပြန့်ကြော်ကို တစ်ကိုက်ချင်းစားလိုက်၊ အချဉ်ရည်ထည့်လိုက်နှင့် တစ်ဆိုင်လုံးမှာ ကိုယ်တစ်ဦးတည်းရှိသလို လွတ်လပ်စွာ စားနေမိတာပင် တန့်ခနဲဖြစ်သွားရသည်။

ထွန်းခေါင်က စူးရှသော မျက်ဝန်းနက်များဖြင့် တစ်ချက်ကြည့်ပြီး တစ်ခါမှမသိဖူးသူတွေလို မျက်နှာထားတည်တင်းနေတော့ ငြိမ် တအံ့တဩဖြစ်သွားရသည်။

ငြိမ့်ကိုများ ရန်သူကြီးကျလို့။

သူ့အကြည့်တွင် အမြင်ကတ်ချင်စိတ်နှင့် ချဉ်တူးခါးသက်နေစိတ်က ယှဉ်တွဲပါလာသလိုထင်မိကာ ငြိမ် ခေါင်းငုံ့လိုက်မိသည်။

ငြိမ့်ကို ဘာလို့များ ရောင်ဖယ်ဖယ်နှင့် ခပ်ခွာခွာဖြစ်နေရတာပါလိမ့်ဟု တွေးမရအောင်ရှိသည်။

မျက်လုံးစိမ်းစိမ်းများက အမိပ္ပာယ်များစွာ ပါဝင်ကာ ထိုအဓိပ္ပာယ်တွေကို အားလုံးပေါင်းလိုက်လျှင်တော့ ငြိမ့်အပေါ် မကျေညက်တာပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ် သူ့ကို ဘာများလုပ်မိလို့လဲ။

ကော်ဖီကို တစ်ငုံချင်းသောက်နေမိရင်း စိတ်ထဲမှာ ကြီးစွာသော အနှောင့်အယှက်ဖြစ်ရသည်။

သူ မခေါ်မပြောလုပ်နေတာကို ငြိမ် မကျေနပ်နိုင်ပါလား။ ငြိမ်ကို အရေးမလုပ်တာ အောင့်သက်သက်ရှိလှသည်။

တကယ်ဆို 'ဟာ …ငြိမ်တစ်ယောက်တည်းလား' ဟု တစ်ခွန်းတလေ နှုတ်ဆက်လိုက်လျှင် ခုလို ငြိမ် အလိုမကျ ဖြစ်မိမှာမဟုတ်ပါ။

စိတ်ထဲမှာ မျက်ရှုနေလျှင်တောင် အပေါ်ယံ ဟန်မပျက်တစ်ခွန်းလောက် နှုတ်ဆက်လိုက်လျှင် ဘာဖြစ်မှာတဲ့လဲ။

ကျသင့်ငွေကို ရှင်းပေးခဲ့ပြီး ခပ်သွက်သွက် ထွက်လာမိခဲ့သည့်တိုင် ရင်ထဲ တနုံ့နုံ့နှင့်။

"ထွန်း"

"ဟင်"

"ချစ်စရာလေးပါပဲ၊ မင်းက ဘာထွင်နေတာလဲ"

"ဟ …ငါ ဘာထွင်လို့လဲ"

"မင်း နှုတ်ဆက်လိုက်ပါလား"

ထွန်းခေါင်က ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းခါပစ်လိုက်သည်။

'ဟိုစားပွဲမှာ သွားထိုင်ရအောင်၊ အဲဒါ ငါ့ကောင်မ





လေး' ဟု ထွန်းပြောတော့ သူတို့အဟုတ်ကြီး မှတ်လိုက်မိတာ။

'တကယ်ဟားရတယ်ကွာ၊ ဒါနဲ့များ သူကောင်မလေးတဲ့' အသံပြဲကြီးနှင့် အော်ရယ်ပြီး ပြောလိုက်သော အရှည်ကြီးကို သူ ဆွဲထိုးလိုက်မိသည်။

"ကျွတ် …သူများတွေကြားတော့မှာပဲ"

"ကြားတုန်းက ကြားပြီး"

သည်ကောင်နှစ်ကောင်ကို နောက်မိတာ မှားပြီ။

တစ်သက်လုံး ဟားစရာဖြစ်တော့မည်ထင့်။

"မင်း ဒီလောက်မသွက်တာ ငါတို့သိပါတယ်ကွာ"

"သိ …ဘာလို့ယုံလဲ"

"မင်းက အတည်ကြီးနဲ့ကိုးကွ"

"အဟား"

ဆံပင်တွေထဲ လက်ချောင်းတွေထိုးသွင်းပြီး ခေါင်းမော့ရယ်ပစ်လိုက်၏။

အံ့ညြရိပ်လေးတွေ ဖြာနေသော မျက်လုံးလေးတစ်စုံတို မြင်ယောင်ရင်း ကျေနပ်မှုပီတိက ဘာနှင့်မှနှိုင်းမရ။

မင်းလေးရယ် …တို့က မင်းကိုတွေ့လိုက်တာနဲ့ အစရေးတယူပျာပျာသလဲ နှုတ်ဆက်မယ်လို့ တွက်ထားရင် မှားမှာပေါ့။

တို့ အဲသည်လောက် မပျော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းလွန်းသော မျက်နှာလုံးလုံးလေးကို မျက်စိထဲ စွဲနှစ်နေပေမယ့် သူ မာကျောပြတ်တောက်စွာပဲ နေပြမိသည်။

"ငါ ဟိုတစ်နေ့က မော်ကြီးနဲ့ အဖော်လိုက်ပေးတာ မင်းတို့ မှတ်မိလား"

"မှတ်မိသားပဲ၊ မသက်ဆီ သွားကြတာဆို"

"အင်းလေ ...အဲဒါ မသက် သူငယ်ချင်းပေါ့၊ ငါ မင်းတို့ကို ပြောပြဖူးပါတယ်၊ ငြိမ်း ဆိုတာ"

"သြော် ...သိပြီ၊ မင်းဖားသားကြီးလွှတ်လို့ သွားတုန်းက ခြိတ်ခါးမဖွင့်ပေးတဲ့ ကောင်မလေးလား"

"ဟုတ်တယ်"

"မင်း မွေးနေ့လာပြီး မင်းပေးတဲ့သော့ချိတ်ကို ပစ်ဆော့ခဲ့တာသူပေါ့"

"အင်း"

ထွန်း မျက်နှာက တင်းမာအေးစက်သွားရင်း ခေါင်းညိတ်မိသည်။

အဲဒါကြောင့်လည်း မင်းကို ငါ အရောမဝင်ချင်တာ ငြိမ်းရယ်။

သူ့မာနကို ထိပါးစေခဲ့သော သူ့စိတ်ကို ကသိကအောက်ဖြစ်စေခဲ့သော သူမကို အလွယ်တကူ ခွင့်လွှတ်ဈေး





အေးမပေးနိုင်ဘဲ အပြစ်မြင်ကာ နာကျင်နေမိသည်။

"ချစ်စရာလေးပါ၊ အေးဆေးမယ့်ပုံစံလေး"

"အင်း"

သည်တစ်ခါတော့ သူ ခေါင်းညိတ်မိသည်။

ချစ်စရာလေးဆိုတာလည်း မှန်တာပါပဲ။

အေးဆေးမယ့်ပုံစံလေးဆိုတာ ပိုတောင်မှန်သေး။ စကားနည်းပြီး တည်တည်တင်းတင်းလေး နေတတ်တာ သူမ ပုံစံအမှန်ပဲလားတော့ သေချာမသိသေး။

"ထွန်း ...မင်းက ဘာတွေ ဒီလောက်တွေးနေရတာလဲ"

အရှည်ကြီးက သူ့မခုံးကို ဖျတ်ခနဲရိုက်ရင်း မေးလာ၏။

"ဘာတွေးနေလို့လဲ"

"စဉ်းစားစရာပဲ၊ မင်း ဒီကျောင်းကို ဘာလာလုပ်တာလဲ၊ ငါတို့မှာ ကျက်စရာ စာတွေအများကြီး၊ မင်း တစ်ခါမှ ဒီလို မလုပ်ဖူးပါဘူး၊ ငါတို့ခေါ်ရင်တောင် မင်း ငြင်းတတ်တာ၊ ခုမှ လိုလိုချင်ချင် လာချင်နေတာဆိုတော့ တွေးစရာပေါ့"

"ငါကတော့ ကျိန်းသေ သိတယ်၊ မင်း ငြိမ်းဆီလာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ"

တစ်ယောက်က သွယ်ဝိုက်ပြောပြီး ကျန်တစ်ယောက်က တဲ့တိုးကြီးပြောချတော့ ထွဋ်မျက်နှာပြင်တစ်ခုလုံး မည်းခနဲဖြစ်သွားရသည်။

"မင်း ငြင်းမလို့လား"

"မငြင်းပါဘူး"

ထွဋ် တစ်ခွန်းချင်းပြောမိသည်။

"ဒါပေမယ့် ငါကိုယ်ငါ သိပ်မသေချာဘူး၊ သူ့ဆီလာချင်တာတော့ အမှန်ပဲ၊ အဲဒါကြောင့် ထွက်လာမိတာ၊ တွေ့ချင်တယ်ကွာ၊ မျက်လုံးချင်းဆုံချင်တယ်၊ အဲဒီလောက်ပဲ"

"လောဘနည်းလှချည်လား"

"ရင်ထဲမှာ ဆန္ဒက အဲဒီလောက်ပဲရှိသေးတယ်"

"တစ်မျိုးကြီးပါလား"

"မင်းတို့ နားမလည်နိုင်ပါဘူး"

"အောင်မယ် ...ရည်းစားတောင် မရသေးဘူး၊ လေသံက ဆရာကြီးဂိုက် ဖမ်းနေပြီ"

ထွဋ် ရယ်နေလိုက်မိသည်။

နက်ပြာရောင်ဝတ်စုံလေးနှင့် ထင်းထင်းလင်းလင်းရှိနေသော သဏ္ဍာန်လေးကို ပျောက်ဖျက်မရအောင် စွဲနေမိတော





ည်း အမှန်ပါပဲ။

"ပြန်ကြမယ်ကွာ"

"မသက်ဆီ ခဏဝင်ဦးမလား"

ကောင်းတယ်၊ ဖော်ကြီးအကြောင်း နည်းနည်းသွားပြောရမယ်။

"မင်းတို့ကလည်းကွာ၊ မလုပ်စမ်းပါနဲ့၊ မပြေမလည်ရင် ငါတို့ပဲ ဒုက္ခရောက်မှာ၊ ဟိုဘက်ညှိရ၊ ဒီဘက်ညှိရ"

ထွဋ်စကားကို အရှည်ကြီးက မျက်လုံးပြူးကြည့်ပြီး

"ခုကတည်းက စာနာတတ်ပြီပေါ့"

ဟု ငေါ်တော့တော့ဆို၏။ မသက်တို့အုပ်စုနှင့် သူတို့ဘားမှာပဲ ဆုံဖြစ်ကြသည်။

ငြိမ်က စွယ်တော်လက်မောင်းကို ကိုင်ဆွဲထားရင်းဆယ်လိုက် ပြောလိုက်နှင့် စောစောတုန်းကလို မဖော့တ်တဲ့ ရွှင်ပျကြည်လင်နေတာ တွေ့လိုက်ရသည်။

မသက်က သူတို့ကို ခပ်လှမ်းလှမ်းမှာကတည်းကပြော၏။

"မသက် ...ဒီကောင်တွေပြောတာ ဘာမှမယုံနဲ့၊ ကားနောက်နေတာ"

ထွဋ်က ဦးဆုံးပြောထားလိုက်တော့ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က မကျေမနပ် ကြည့်သည်။

"ဝင်းလည်လိမ့်မယ် သိလား"

မသက်ကလည်း သူတို့အကြောင်းကို သိပြီးသားမို့ သူတို့ပြောတာ မယုံနိုင်တော့ဘဲ ခြိမ်းခြောက်စကား ဆို၏။

"ကျွန်တော်တို့က ဝင်းလည်ဖို့ အရိပ်အယောင်တောင် မမြင်ရသေးဘူး၊ ဒီကောင်သာ ..."

"ဟာ ...ဘာတွေလျှောက်ပြောနေတာလဲ"

အရှည်ကြီးစကားကို ထွန်းခေါင်က ကမန်းကတန်း တားသည်။

"ဟုတ်လား"

မသက်က ထွန်းခေါင်ဆီ မျက်လုံးဝိုင်းနှင့်ကြည့်ရင်း မေးလာ၏။

"သူတို့စကား မသက် ယုံလား"

ထွန်းက ပျက်ယွင်းသောမျက်နှာကိုပြင်ရင်း ရယ်ကျဲကျဲလုပ်ပစ်လိုက်၏။

"မယုံပါဘူး၊ ဆယ်ခွက်တစ်ခွက်တင်တွေ၊ သိပါတယ်"

ဦးတည်ရာမဲ့ အတူလျှောက်လာကြရင်း တစ်ယောက် တစ်ခွန်း ပြောဆိုကြရင်းမှ ထွန်း အကြည့်က သူမဆီ မကြာခဏရောက်သည်။





သို့ပေမယ့် သူမနှင့် တစ်ကြိမ်မှ အကြည့်ချင်းဆုံ၍ မရပါ။

သူ့ဘက် လုံးဝမကြည့်ဘဲ ရှေ့တည့်တည့်ကိုသာ စူးစိုက်ကြည့်ရင်း စွယ်တော်နှင့်သာ တိုးတိုးကျိတ်ကျိတ် ပြောနေ၏။

"ငြိမ်ရေ"

"ဟင်"

မသက်က ရှေ့ဆုံးမှသွားနေသော သူမတို့နှစ်ဦးကို လှမ်းခေါ်လိုက်ပြီး ...

"ကင်တင်းဘက် သွားရအောင်"

ဟု ပြောလိုက်တာကြောင့် သူမတို့နှစ်ဦးက ကင်တင်း ဘက်ရှိရာ ကွေ့လိုက်ကြသည်။

"မသက်သူငယ်ချင်းတွေက မာနကြီးလှပါလားဗျ"

အရှည်ကြီးက ထွန်းဘက် မျက်လုံးတစ်ဖက်မှိတ်ပြရင်း ပြောလိုက်တော့ ...

"ဟုတ်တယ်၊ သူတို့က အေးတယ်၊ မာနကြီးတယ်"

ဟု မသက်က မိတ်ဆက်မပေးချင်သလို အပြတ်ပြော၏။

ဝင်းလွင်က အရှည်ကြီးအဖြစ်ကို မျက်နှာမဲ့ရင်း ကောင်းတယ်ဟု ခပ်တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ့် ခုပဲစားခဲ့ပြီးသား၊ ဘာမှမစားချင်တော့ဘူး"

ဟု ကင်တင်းမှာထိုင်မိကြတော့ သူမက ပြောသည်။

"တစ်ခုခုထပ်စားဟာ"

စွယ်တော်က သူမကို တိုက်တွန်းနေ၏။

စားပွဲထိုးလေး ခေါင်းရှုပ်အောင် တစ်ယောက်တစ်မျိုး မှာနေကြတော့ ငြိမ်လည်း မနေသာတော့ဘဲ အအေးတစ်ခွက် မှာလိုက်ရသည်။

ငြိမ့်ရင်ထဲမှာ မကျေမနပ်နှင့် ဒေါသဖြစ်နေရသည်။

ဒေါသကိုထိန်းပြီး ဘာမှမဖြစ်သလို တိတ်ဆိတ်နေရ တာ ပိုခံပြင်းသည်။

မပြတ်သားနိုင်သော ငြိမ်ကိုယ်ငြိမ် ဘယ်လိုမှ ခွင့်မ လွှတ်ချင်တော့။ ငြိမ့်ကို အဖက်မလုပ်ချင်မှန်း သိသိချည်းနှင့် သည်လူနှင့်အတူ တစ်ခေါက်ပြန်လိုက်လာမိသည်။

တကယ်ဆို 'မသက်တို့ သွားပါ၊ ငြိမ် နေရစ်ခဲ့တော့ မယ်'ဟု သူတို့နှင့်ဆုံကတည်းက ပြောပစ်လိုက်ဖို့ကောင်းတာ။

ခုတော့ မတုံ့တတုံ့နှင့် ပါလာရသည်။

ထွဋ်ဆိုသူကို ငြိမ် မုန်းမိပါပြီ။

ငြိမ်မုန်းလည်း သူက ဂရုစိုက်မည့်လူစားမျိုး မဟုတ်။

ဘာပဲဖြစ်ဖြစ် ငြိမ့် သူနှင့် ကင်းကင်းပဲနေချင်တော့ သည်။ စောစောတုန်းက ကိစ္စကို ငြိမ် ဘယ်လိုမှလျှည်း





သည်းခံခွင့်လွှတ်မပေးနိုင်တော့။

ငြိမ် ချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်သည်။

"စွယ်တော်ရေ ...ငြိမ် စာအုပ်ငှားထားတာ မေ့ပါ လာခဲ့ပြီ၊ နှင်းနှင်းဆီက ငှားထားတာ၊ အခု အဲဒီဆရာအချိန်၊ နှင်းနှင်းတော့ ဒေါကန်နေပြီလားမသိဘူး၊ ငြိမ် သွားပေးလိုက် ဦးမယ်"

"ဟင် ...ဟုတ်လား၊ စွယ်တော်လိုက်ခဲ့မယ်လေ"

"ရတယ်၊ ရတယ်၊ နေပါ၊ ငြိမ် သွားလိုက်ဦးမယ် မသက်"

ငြိမ်က ပြောပြောဆိုဆို ဆတ်ခနဲထရပ်ပြီးသား။

"ငြိမ်ရယ် ...ရပါတယ်၊ နှင်းနှင်းအတွက်ပါ မသက် တို့ရော ကူးပေးလိုက်မှာပေါ့"

"ဟာ ...မရဘူးထင်တယ် နှင်းနှင်းက သိပ်တိကျ တာ၊ ဆရာဝင်နေတုန်း သူ ရေးထားမှတ်ထားရမှ ကျေနပ်တာ၊ အားနာစရာဖြစ်နေပြီ၊ ငြိမ် အတန်းထဲကပဲ စောင့်မယ်နော်"

မသက်တို့ ခေါင်းအညိတ်ကို စောင့်မနေတော့ဘဲ ထွက်လာခဲ့မိသည်။

မေသူတစ်ယောက် ကျောင်းမတက်တာဘဲလား၊ နောက်ကျနေတာပဲလားတော့ မသိပါ။ ခုထိရောက်မလာသေး တာတော့အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ထွန့်က တရွေ့ရွေ့ထွက်ခွာသွားသော သူမကို အမှတ်တမဲ့ လိုက်ကြည့်နေမိရင်း နားမလည်နိုင်အောင် ဖြစ်ရသည်။

ချက်ချင်းကြီး ထွက်ခွာသွားတာ ရိုးရိုးသားသား မဖြစ်နိုင်ဟု သူ ယူဆမိသည်။

သူမအတွေးထဲမှာလည်း ထွန့်ကို မုန်းမျက်နေမှာ သေချာသလောက်ပါပဲ။

အရှည်ကြီးနှင့် ဝင်းလွင်က သူ့ကိုလှမ်းကြည့်၏။

သူ နှုတ်ခမ်းစေ့ပြုံးရင်း ငြိမ်သက်နေမိသည်။

"မသက်"

"ဟင်"

"ငြိမ်က နှင်းနှင်းဆီက ဘာလို့စာအုပ်သွားငှားထားရတာလဲ"

စွယ်တော်က မသက်ကို လှမ်းမေး၏။

"မသိဘူးလေ"

မသက်က ဇဝေဇဝါအတွေးနှင့် ပြန်ဖြေ၏။

"အခုရက်ပိုင်းမှာ ဘာမှလည်း ကူးစရာသိပ်မရှိပါဘူး၊ ငြိမ်လည်း စာတွေပြည့်စုံနေသားနဲ့"

"အင်းလေ …ငြိမ့်တစ်ယောက် သူ့လေးလေးမရှိတာနဲ့ ညစ်နေပြီထင်တယ်"

"အင်း …ဟုတ်မှာ၊ ငြိမ်က သူ့လေးဖေါ်းကို





တစ်အားချစ်တာ"

မသက်နှင့် စွယ်တော်တို့ ပြောနေကြတာကို ထွန့် နားထောင်နေမိရင်း ဝိပြင်စွာ ပြုံးမိသည်။

မင်းလေးက တို့နဲ့ မပတ်သက်ချင်လို့ ရှောင်ထွက်သွားတာလား။ သိပါတယ်ကွာ၊ အဲသည်လို အသည်းယားအောင် လုပ်ပြတတ်တာလေးတွေကိုပဲ ငြိတွယ်သွားမိတာနေမှာ။

ထွန့် ကစ်ဦးတည်း တွေးနေမိသည်။

မသက်တို့နှင့် စောစောကလောက် စကားတွေ မပြောဖြစ်တော့ဘဲ စားပွဲဝိုင်းလေးက ငြိမ်ကျသွားရသည်။

ငြိမ်မာနထားတတ်ပုံလေးက သူ့စိတ်ကို နှစ်သက်မှုဖြစ်စေသလိုပါ။

"ကျွန်တော်တို့ ပြန်ပါဦးမယ်"

ခဏကြာတော့ အရှည်ကြီးက နှုတ်ဆက်လိုက်ပြီး သူတို့သုံးဦး ထွက်လာခဲ့၏။

"ငြိမ့်က မင်းကို အပြတ်ချဉ်နေပြီ၊ သိသာတယ်"

ဝင်းလွင်စကားကို မတုံ့ပြန်မိဘဲ နေလိုက်သည်။

ချဉ်နေမယ်ဆိုတာ နားလည်ပါတယ် ငြိမ်၊ မင်းနဲ့တို့နဲ့ ပြေလည်ဖို့ဆိုတာ ကိုယ်စီမာနလျှော့ကြမှဖြစ်မယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဟယ် …လေးလေးပြန်လာပြီ၊ ကြီးကြီးရေ … လေးလေးပြန်လာပြီတော်"

လက်ခုပ်လက်ဝါးတီးရင်း မြောက်ခနဲ မြောက်ခနဲ ဖြစ်အောင် ခုန်ဆွခုန်ဆွလုပ်ရင်း ငြိမ် အရမ်းပျော်သွားရသည်။

ငြိမ့်အော်သံကြောင့် ကြီးမေက ပြေးထွက်လာ၏။

ကားထဲမှဆင်းလာသော လေးလေးကိုကြည့်၍ ငြိမ့်အပျော်တွေ တန့်ခနဲရပ်ကာ မျက်နှာလေး မဲ့သွားရသည်။

ဒေါ်နွယ်သဇင်။

လေးလေးကားထဲမှာ သက်သောင့်သက်သာ လိုက်ပါလာသော အမျိုးသမီးက ငြိမ့်ကို ညိုးနွမ်းကျစေပါသည်။

"ကလေး"

လေးလေးက အားပါးတရခေါ်ပြီး ခြေလှမ်းကျဲများ





ဖြင့် လွှားလွှားမတ်မတ် လျှောက်လာနေပေမယ့် ငြိမ်ကတော့ ခြေစုံရပ် ခေါင်းငုံ့ချရင်း မျက်ရည်တွေ ဝေ့ဝဲလာရတော့သည်။

"ငြိမ် …သမီး နေကောင်းရဲ့လား"

လေးလေးက ငြိမ့်ဘေးမှာရပ်ပြီး ငုံ့ကြည့်ကာမေးတော့ နှုတ်ခမ်းစူထားမိရင်း ပြန်မဖြေဖြစ်ပါ။

"ငြိမ်လေး …လေးလေးကို စိတ်ကောက်ပြန်ပြီလား၊ နောက်မှ ကောက်ပါကွာ၊ အခု ဧည့်သည်ပါလာတယ်၊ ဧည့်သည်လိုက်ပို့ရအောင် ငြိမ်ပါလိုက်ခဲ့၊ လေးလေး ငြိမ်လေးကို အရမ်းသတိရလို့ အိမ်ကိုအရင်ဝင်လာတာပါကွာ … နော်"

ငြိမ် လေးလေးကို မော့ကြည့်ပြီး ဘာမှမပြောနိုင်အောင်ပင် ဖြစ်သွားရသည်။

လေးလေးမျက်လုံးများက ဆွေးမြည့်မှုနှင့် ညှိုမှိုင်းနေကြသည်။

ငြိမ် ယုံပါတယ် လေးလေးရယ်။

လေးလေး ငြိမ့်ကို အလူးအလဲ သတိရမယ်ဆိုတာ ငြိမ် ကိုယ်ချင်းစာ နားလည်ပေးနိုင်ပါတယ်။

ငြိမ်လည်း လေးလေးကို အတိုင်းအဆမဲ့ တမ်းတနေရတယ်မဟုတ်လား။

"ငြိမ် …ဧည့်သည်သွားပို့ဖို့ လိုက်မယ်မဟုတ်လား"

မျက်နှာထား တင်းတင်းနှင့် ဆတ်ခနဲ ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ထဲလှည့်ဝင်လာခဲ့မိတော့သည်။

လေးလေးအပေါ်ဆို ငြိမ် ဘယ်တော့မှ မတင်းမာနိုင်ပါလား။ ငြိမ့်ကိုယ်ငြိမ် သိပါတယ်။

လေးလေးကို ငြိမ် သိပ်ချစ်ပါတယ်။

ငယ်ငယ်ကတည်းက ငြိမ့်မှာ ဖေဖေ၊ မေမေဆိုတာ ရှိမနေခဲ့ပါဘူး။ လေးလေး တစ်ဦးတည်းပဲ ငြိမ့်အနားမှာ ရှိနေခဲ့တာ။

ရှိသမျှ သံယောဇဉ်အကုန်လုံး လေးလေးအတွက်ပဲ ဖြစ်ခဲ့တယ်လေ။

လေးလေးကလွဲပြီး ခင်တွယ်စရာ တစ်ဦးမှ မရှိခဲ့ပါဘူး။

"ငြိမ်လေးရေ ...ပြီးရင် လာခဲ့တော့လေ"

ဧည့်ခန်းမှ လေးလေးအသံကြောင့် ငိုချင်နေသော စိတ်ကို ဖွတ်မေ့ဖျောက်ရင်း ဟန်မပျက် ထွက်လာရပေမယ့် ရင်တစ်ခုလုံး နင့်နေရသည်။

"လာ"

လေးလေးက ငြိမ့်လက်ကလေးကို ဆွဲယူရင်း ကားရှိရာ ခေါ်ဆောင်လာခဲ့သည်။

"လေးလေးပစ္စည်းတွေကော"

"အကုန်ချပြီးပါပြီ"

လေးလေးက ငြိမ့်ကို ပြုံးပြုံးကြီးကြည့်ပြီး ပြောသည်။





"ကြီးကြီး ...ကျွန်တော် ဧည့်သည်သွားပို့ဦးမယ်"

"အေး ...အေး"

ငြိမ်ကတော့ ခပ်တည်တည်နှင့် ကားရှေ့ခန်း လေးလေးဘေးမှာ ဝင်ထိုင်လိုက်၏။

လေးလေးက ကားမောင်းနေရင်းမှ ငြိမ့်ဘက် လှည့်ကြည့်လှည့်ကြည့်နှင့် ပြုံးစိစိဖြစ်နေသည်။

"လေးလေး ...ဘာဖြစ်နေတာလဲ"ဟု ခပ်တိုးတိုး ကျိတ်ပြောမိသည်။

"ကလေးပုံစံလေးက ရယ်ရတယ်၊ လေးလေးကို သတိရရဲ့လား"

"မရပါဘူး"

"တကယ်မရဘူးလားကွာ"

"တကယ်ပေါ့"

"လေးလေး ယုံရမှာလား"

"ငြိမ် ဘယ်တုန်းက ညာပြောဖူးလို့လဲ"

"ဟား"

လေးလေးက ရင်မောသွားရသလို လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်၏။

"လေးလေးကော ငြိမ့်ကို သတိရလား"

"အင်း ...ရတာပေါ့၊ သတိရတာထက် ပိုပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူတာပေါ့''

''ငြိမ်က စိတ်ပူရမှာ၊ လေးလေးက ဘာပူစရာရှိလဲ''

''ရှိတာပေါ့၊ ငြိမ် ကလေး၊ လေးလေးက လူကြီး၊ လူကြီးဆိုတော့ ဟိုတွေးပူ ဒီတွေးပူနဲ့ ဘယ်လိုလုပ် စိတ်ဖြောင့်ဖြူးနိုင်မှာလဲ''

''ကလေးလို့ လေးလေးက ဘာလို့ယူဆတာလဲ''

ကလေးလည်း စိတ်ပူတတ်တာပဲ။ အဲဒါ လေးလေး မသိပါဘူး။

''ဒါဆို လေးလေးကို ပူပန်တတ်တယ်ပေါ့၊ ဟုတ်လား''

''မဟုတ်ပါဘူး''

ခေါင်းလေးမော့ ဆံပင်တွေယမ်းပစ်ရင်း နှုတ်ခမ်းလေးစူကာ ပြောမိသည်။

''အင်းလေ ...လေးလေးသိပါတယ်၊ လေးလေးဘက်က ဘယ်လောက်ပဲ သံယောဇဉ်ကြီးကြီး ငြိမ်လေးဘက်က ဘာတုံ့ပြန်မှုမှ ရမှာမဟုတ်ဘူးဆိုတာ နားလည်ပါတယ်ကွာ၊ ဒီလိုပဲပေါ့၊ ဒီဘနေရာမှာရှိနေတဲ့ လေးလေးက ဒီလောက်တော့ ပေးဆပ်ရမှာပေါ့''

''အဟင်း''

လေးလေးစကားကြောင့် ငြိမ် ခေါင်းငုံ့ရယ်မိလိုက်





တော့ ဆံပင်တွေက ဝဲနေပြီးဆင်းကာ မျက်နှာလေးကို တစ်ဝက်မက ဖုံးလွှမ်းသွားရသည်။

''ရယ်ပါ ...ရယ်ပါ၊ လေးလေးကို လှောင်တာပေါ့၊ ဟုတ်လား''

မခံချိမခံသာမေးလိုက်တော့ ငြိမ်က တခစ်ခစ်ရယ်မိတော့သည်။

လေးလေးပခုံးစွန်းပေါ် ခေါင်းလေးမှီချရင်း ဘာတစ်ခွန်းမှ မဆိုဖြစ်တော့။

ရင်ထဲရှိသမျှ သွန်ချချဲဖို့ အခုအချိန်မှာ ဆင်ခြင်နေရတာ ပင်ပန်းလွန်းလှပါသည်။

ဒေါ်နှယ်သဇင်က နောက်ခန်းမှာရှိနေသည်လေ။ ငြိမ် ဘယ်လိုလုပ် စိတ်လွတ်ကိုယ်လွတ် ရင်ထဲရှိတာတွေ ချပြောလို့ဖြစ်မှာလဲ။

လေးလေးကသာ ငြိမ့်ကို သည်းသည်းလှုပ်ချစ်ပြီး ဟိုဘက်က အေးတိအေးစက်ပဲဟုသာ ဒေါ်နှယ်သဇင်ကို ထင်အောင်စေချင်သည်။

အိုက်တင်အပြည့်နှင့် ဒေါ်နှယ်သဇင်ရှေ့မှာ ခပ်မာမာနဲ့ နေပြမိ၏။

''လေးလေးသွားနေတဲ့ တစ်ပတ်မှာ ငြိမ် ကျောင်းတက်သေးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း …မပျက်ပါဘူး၊ စာလဲ ကျက်တယ်၊ နေလည်း ကောင်းတယ်၊ ဘယ်မှလည်း လျှောက်မသွားဘူး"

လေးလေး အမောပြေစေရန် အချိန်ဆွဲမနေဘဲ ရှင်းပြလိုက်သည်။

"အင်း …ငြိမ်လေးက ကျောင်းတက် စာကျက်နဲ့ ဆိုတော့ လေးလေးကို အောက်မေ့ဖို့ အချိန်တောင် ရမှာမဟုတ်ဘူးနော်"

"ဟုတ်တယ်"

အနိုင်ယူချင်စိတ်နှင့် အထက်စီးမှ ပြောရင်း လေးလေးမျက်နှာကိုကြည့်မိတော့ သိသာစွာ ပျက်ယွင်းအုံ့မှိုင်းနေတာတွေ့ရတော့ ရင်ထဲ ဝမ်းနည်းသလိုကြီး ဖြစ်သွားရသည်။

ဒေါ်နွယ်သဇင်တို့အိမ်ရောက်တော့ ငြိမ်တို့နှစ်ဦးကို ခွတ်အတင်းပဲ ကော်ဖီနှင့်မုန့်ကျွေး၏။

လေးလေးဘက်မှာ တော်ကတ်တဲ့လေးကို တွယ်ကပ်နေရင်း ဒေါ်နွယ်သဇင်နှင့် လေးလေးကို သိသိသာသာပဲ တစ်လှည့်စီကြည့်ရင်း အကဲခတ်နေမိသည်။

'ရိုးရိုးသားသားပါပဲ'ဟု တစ်ချက်တွေးလိုက် …

'ဟင် …မဟုတ်သေးဘူး၊ ဒေါ်နွယ်သဇင့် မျက်ဝန်းတွေက တစ်မျိုးပဲ'ဟု တစ်ဖန်ပြန်တွေးလိုက်နှင့် တစ်ဦးတည်း အလုပ်ရှုပ်သွားပြီး နောက်ဆုံးမှာတော့ တိကျသည့်အဖြေမာ်နေ





မှုလည်း ထွက်မလာခဲ့ပါ။

လေးလေး နှုတ်ဆက်တော့မှ ငြိမ်လည်း စူးစမ်းနေဖြစ်တာကို ရပ်တန့်လိုက်ရတော့သည်။

အပြန် ကားပေါ်မှာတော့ ငြိမ် တကယ်ပဲ ဟန်ဆောင်မှုကင်းစွာ လွတ်လပ်ပျော်ရွှင်နေရသည်။

"လေးလေး"

"ဗျာ"

"နောက်တစ်ခါ သွားရဦးမှာလားဟင်"

"မသွားရပါဘူး၊ တစ်နှစ်တစ်ခါလောက်ပဲ သွားရမှာပါ၊ အခုဟာက အထက်လူကြီး နယ်ဆင်းလို့ မလိုက်မဖြစ် လိုက်သွားရတာပါ၊ ဘာလဲ ငြိမ်လေးက လေးလေး နောက်တစ်ခါသွားမှာ စိုးရိမ်နေတာလား"

"အင်းပေါ့"

ငြိမ် ခေါင်းညိတ်တော့ လေးလေးမျက်နှာ ဝင်းလက်သွားသည်။

"ဒါနဲ့ သတိမရဘူးဆို"

"ညာတာ"

"ဟင် …စောစောက မညာတတ်ဘူးဆို"

"လေးလေးနော် …ကတ်သတ်မပြောနဲ့"

"ဟား …ဟား"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ လေးလေး အလှည့်ပဲထင်သည်။ ငြိမ့်ကို လေးလေး ရယ်နေပြီလေ။

ခံစားရသမျှ ဖွင့်ချဝန်ခံဖို့ပင် စိတ်လေးသွားရကာ မျိုသိပ်နေလိုက်မိ၏။ ငြိမ့် ဖွင့်မပြောလည်း ငြိမ့်စိတ်ကို လေးလေး သိပြီးသားပါ။

"ငြိမ်"

"ရှင်"

"လေးလေး ဟိုရောက်တော့ ငြိမ်လေးကို သိပ်သတိရတာပဲ၊ ချက်ချင်း ပြန်လာချင်စိတ်တောင် ပေါက်တယ်"

လေးလေးကိုယ်တိုင်က တလေးတနက်နှင့် ပွင့်ပွင့်လင်းလင်း ပြောလာတော့ ငြိမ်လည်း သတိရ အောက်မေ့တာတွေ အကုန်အစင် မနားတမ်း ပြောချမိတော့သည်။

လေးလေး မရှိလို့ ခြောက်သွေ့ရပုံတွေ၊ ငြိမ် ထမင်းစားမဝင်တာတွေ၊ လေးလေးအတွက် ကြံဖန်စိတ်ပူရတာတွေ၊ ရင်ထဲလန်းလန်းဆန်းဆန်းမရှိတာတွေ၊ အိပ်ရာဝင်ချိန် တစ်ဦးတည်း ကျိတ်ငိုခဲ့တာတွေ အားလုံးအားလုံး တစ်ခုမကျန် ပြောပြလိုက်မိ၏။

ငြိမ့်စကားဆုံးတော့ လေးလေးက တိတ်တဆိတ် သက်ပြင်းရှိုက်၏။

"စွယ်တော်တို့ကတောင် ငြိမ် မှိုင်ငေးနေတာ သတိ





ထားမိတယ်၊ သိလား လေးလေး"

ဟု သက်သေပါထည့်ရင်း ခိုင်လုံအောင် ထပ်ဖြည့်မိ၏။

"ပြီးတော့ သူတို့က ပြောသေးတယ်၊ ငြိမ့် လေးလေးက ဒေါ်နွယ်သဇင်နဲ့ ညက်နေမှာ၊ ဘာညာနဲ့"

ကိုယ် စိတ်ပူမိတာကို ဘွင်းဘွင်းကြီးမပြောဘဲ လေးလေးဘက်က ငြင်းဆန်သံကိုလည်း ကြားရအောင် သွယ်ဝိုက် ...င်းပြပါသည်။

"ငြိမ်လေးကကော လေးလေးကို အဲဒီလို ထင်လား"

"ဟင့်အင်း ...ဘယ်ထင်ပါ့မလဲ"

"ဒါဆို ပြီးတာပဲ"

ငြိမ့်ထက် အစစအရာရာ ကျွမ်းကျင်လိမ္မာ ပါးနပ်သော လေးလေးဆီမှ မဟုတ်တာတွေ၊ ဒေါ်နွယ်သဇင်နဲ့ ဘာမဆိုင်ဘူး၊ ရိုးရိုးသားသားပါ ဆိုသော ဖြေရှင်းချက်မျိုးကို ...ဘဲ အလွယ်တကူလေး ရှောင်ထွက်သွားပုံက ငြိမ် ဘာမှ ...တတ်နိုင်အောင်ပင် ပညာသား ပါလှသည်။

"လေးလေးရေ"

"ဟင်"

"မနက်ဖြန် ငြိမ့်ကို ကျောင်းလိုက်ပို့ရမယ်နော်၊ လေးလေးမနက်ဖြန် အလုပ်မသွားရဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...တစ်ရက်လောက်တော့ နားရမှာပဲ၊ သ
ဘက်ခါတော့ သွားရမယ်"

"ဒါဆို ငြိမ့်ကို လိုက်ပို့မှာပေါ့"

"ပို့မှာပေါ့ ကလေးရဲ့"

"လေးလေး လိမ္မာတယ်"

အပြစ်ကင်းလှစွာ ကလေးငယ်တစ်ဦးလို သန့်စင်
သော ပုံစံလေးက မင်းဒင်ကို လုံးဝရုန်းထွက်မရအောင် ဖ
နှောင်ထားလေသည်ပဲ။

သည်ကလေးမလေးကို သွေးမတော် သားမစပ်
မယ့် သမီးရင်းကလေးလို စွဲနစ်နေအောင် ချစ်ရပါသည်

ညီမအထွေးဆုံးလေးလိုလည်း တစ်ခါတစ်ရံ စ
စိတ်ဖြစ်မိပါသည်။

သူ့ဘဝတစ်ခုလုံးကို အနစ်နာခံ အနွံတာခံကာ ဖ
ခဲ့ရပေမယ့် ကျေနပ်ပီတိဖြစ်နေမိသည်။

သည်ကောင်မလေးကြောင့် သူ့ဘဝမှာ ဘယ်လော
ကသိကအောက် ဖြစ်ခဲ့ရသလဲ။ ဘယ်လောက် စိတ်ညစ်
ခဲ့ရသလဲ။

သို့ပေမယ့် အရာရာ၏ရှေ့မှာ သည်ကလေးမလေ
ထားပြီး စဉ်းစားခဲ့သည်။

သူ့ဘဝလေး စိုပြည်သာယာဖို့၊ လန်းဆန်း ပျော်





ဖို့ အစစပြည့်စုံကျေနပ်ဖို့ သူ့ဘဝတစ်ခုလုံးကို ဖြည့်ထားပေး
မိတာပင်ကြည့်။

သူမမျက်နှာလေး ကြည်လင်နေလျှင် သူမမျက်ဝန်း
လေးတွေ လက်ဖြာရွှန်းလဲ့နေလျှင် သူ ဘာပဲဖြစ်ဖြစ် ကျေနပ်
ရောင့်ရဲနိုင်ပါသည်။

သူမလေး စိတ်မကောင်းဖြစ်သွားမှာမျိုး သူ ဘာတစ်ခု
မှ မလုပ်ရက်ပါ။

သည်အရွယ်၊ သည်အနေအထားထိအောင် ရောက်
လာပြီးမှတော့ သူ့အတွက် ဘာတစ်ခုမှ အလွန့်အလွန် ဆန္ဒ
ရှိတာမျိုးဖြစ်လာမည် မထင်တော့။

ခေါ်နွယ်သဇင်နှင့်ကိစ္စကို သူခေါင်းထဲ လုံးဝမထည့်
ထားမိပါ။

ငြိမ်ကလေး စိုးရိမ်တာကိုသိတော့ ပိုပြီးတောင်
ဆင်ခြင်မိသည်။

တစ်ခါတစ်ရံတော့လည်း သူ့အပေါ် ယုံကြည်မှု
အပြည့်ပါးတာကို မခံချင်ဖြစ်မိ၏။

"စိုးရိမ်မနေပါနဲ့ကွာ၊ မင်းကလေး ငယ်ငယ်တုန်းက
တောင် ငါသိပ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို မင်းကြောင့်
စွန့်လွှတ်နိုင်ခဲ့ဖူးပါတယ်"

ဟု နားလည်အောင် ပြောပြလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့လည်း သည်ကိစ္စကို ဘယ်လိုမှ ပြောမထွက်၊ ငြိမ်လေး စိတ်ဒဏ်ရာရသွားမှာ စိုးထိတ်သည်။ အားငယ်ညှိုးရော်သွားမှာ သူ အထိတ်အလန့်ဆုံး။

"လေးလေး"

"ဟင်"

"ဘာတွေတွေးနေတာလဲဟင်"

"အလုပ်ကိစ္စတွေပါ"

"ငြိမ့်ကို ရုပ်ရှင်ပြဖို့၊ ငြိမ်နဲ့ လျှောက်လည်ဖို့တော့ မစဉ်းစားဘူး"

"ငြိမ်လေးက သွားချင်လို့လား"

"သွားချင်တာပေါ့"

"သွားချင်ရင် လေးလေး လိုက်ပို့မှာပေါ့၊ အမြဲတမ်းလည်း ပို့နေကျပဲဟာ"

"ဒါဆို ဘယ်သွားရမလဲ၊ ငြိမ် စဉ်းစားထားတယ်"

"အင်း …စဉ်းစားထား"

ငြိမ်တို့ အိမ်ပြန်ရောက်တော့ ကြီးမေက …

"ငြိမ်တဲ့၊ ဖုန်းလာတယ်"

ဟု ပြန်ပြော၏။

"ဘယ်သူဆီကလဲ ကြီးမေ"

ဟု ငြိမ် မေးတော့ …





"အဲဒါ မပြောခဲ့ဘူး"

ဟု ကြီးမေက ပြန်ဖြေ၏။

"ယောကျ်ားသံလား၊ မိန်းမသံလား"

"ကောင်လေးတစ်ယောက်အသံပဲ"

ကြီးမေ ဖြေသံကြောင့် ရုပ်အင်္ကျီလက်မှ ကြယ်သီးကို စိတ်ရှည်စွာ ဖြုတ်နေသော လေးလေးက တစ်ချက်လှမ်းကြည့်သည်။

"ကြီးမေက ဘယ်သူလဲ၊ ဘာကိစ္စလဲလို့ မမေးလိုက်ဘူးလား"

"မေးပါ ပြန်မပြောဘူး၊ ညဘက် ဆက်မယ်တဲ့၊ အဲဒါပဲပြောတယ်"

ငြိမ် ဆိုဖာဆက်တီမှာ ထိုင်ချရင်း ဆံပင်တွေကို လက်နှင့်သပ်တင်ကာ ဘယ်သူဖြစ်မလဲဟု စဉ်းစားသော်လည်း တွေးမရအောင်ရှိသည်။

လေးလေးဆီ တစ်ချက်လှမ်းကြည့်မိတော့ အင်္ကျီလက်မှ ကြယ်သီးကို ကျန်လက်တစ်ဖက်ဖြင့် ဖြုတ်နေတာ တွေ့ရတာမို့ ဖျတ်ခနဲ ခုန်ထပြီး လေးလေးအနားကို ပြေးသွားကာ

"ဖယ် …ငြိမ် ဖြုတ်ပေးပါ့မယ် လေးလေးရဲ့"

ဟု ဆိုရင်း ကြယ်သီးလေးကို ကြယ်သီးပေါက်ကျဉ်းကျဉ်းလေးထဲမှ ကပ်ကပ်သပ်သပ် ဆွဲထုတ်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ...ရေချိုးမှာလား၊ ငြိမ်တော့ အရမ်းဆာနေပြီ"

"ကလေးဆာရင် စားနှင့်ပေါ့၊ လေးလေး ရေချိုးဦးမယ်"

"မြန်မြန်ချိုးနော်၊ ငြိမ် စောင့်နေမယ်"

"စားနှင့်ပါကွာ၊ တော်ကြာ အဆာလွန်သွားမယ်"

"ရပါတယ်၊ လေးလေးကိုစောင့်မယ်"

"ပြောရခက်တဲ့ ကောင်မလေး"

"လေးလေးတူမလေ"

လေးလေးစကားကို လိုက်နောက်ရင်း ငြိမ် ရယ်နေမိသည်။

"လေးလေးရေ"

ရေချိုးခန်းထဲဝင်ခါနီးဖြစ်သော လေးလေးကို ထမင်းစားပွဲခုံမှာ ဝင်ထိုင်ရင်း ငြိမ် လှမ်းခေါ်မိသည်။

"ပြော ...ဘာလဲ"

လေးလေးက ခြေလှမ်းတွေရပ်ပစ်ရင်း လှည့်ကြည့်ပြီးမေးလာသည်။

"ဒေါ်နွယ်သဇင်က အရမ်းချောတယ်နော်"

"ဟာ ...ပြဿနာမရှာပါနဲ့ကွာ"

လေးလေးက တောင်းပန်သလိုပြောပြီး ရေချိုးခန်းထဲ





သွားတော့၏။

ငြိမ် လေးလေးအဖြစ်ကို ပြုံးသွားရသည်။

လေးလေး ရေချိုးနေချိန်ကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသည့် ငြိမ့်ကို ကြီးမေက အကဲခတ်မျက်လုံးများဖြင့် မကြာမကြာ လှမ်းကြည့်၏။

"ကြီးမေရယ် ...ငြိမ့်ကို အထင်မသေးပါနဲ့၊ လေးလေး ပြီးတဲ့အထိ ဇွဲနဲ့စောင့်မှာပါ၊ ဗိုက်ကတော့ အရမ်းကို ဆာနေပြီ"

"စားနှင့်ပါလား သမီးရယ်၊ စားရင်း စောင့်ပေါ့"

"ဟင့်အင်း ...လေးလေးက ဒီနေ့မှပြန်ရောက်တာ၊ ငြိမ် စောင့်လိုက်မယ်၊ လေးလေးရေ မြန်မြန်ချိုးပါဗျို့"

ရေချိုးခန်းတံခါးကို တဒုန်းဒုန်းသွားထုရင်း ငြိမ် အော်လိုက်တော့ လေးလေးလည်း ကမန်းကတန်း ထွက်လာရတော့သည်။

"အဲဒီဒေါ်နွယ်သဇင်က ထမင်းစားချိန်ကြီးကို ကော်ဖီနဲ့မုန့် ကျွေးတယ်၊ ဘာမုန့်ကို မသိပါဘူး၊ သိလား ကြီးမေ"

လေးလေးက သူ့ကို ပြောနေသည်ထင်ပြီး နားစွင့်နေသေး၏။ ပြီးမှ အခန်းရှိရာ ခပ်သွက်သွက်ထွက်သွားသည်။

"သမီးက ထမင်းပဲကျွေးပါလို့ မပြောလိုက်ဘူးလား"

"အဲလိုကြီးပြောလို့ ကောင်းမလား ကြီးမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့လည်း သူသိသားပဲ၊ ဒီလိုကျတော့လည်း ကြီးကြီးကလေး မဆိုးဘူးပဲနော်"

လေးလေးက ဖွေးသန့်နေသော စွပ်ကျယ်တစ်ထည် ကို စွပ်ချပြီး ထမင်းစားပွဲနား လျှောက်လာရင်းမှ ဝင်ပြေ လိုက်သည်။

"လေးလေးနော် ...ငြိမ့်ကိုများ လူ့အရိပ်အကဲ နားမလည်တဲ့ အရိုင်းအစိုင်းလေး မှတ်လို့လား"

"မမှတ်ပါဘူးဗျာ၊ ကျုပ် ကလေးလိမ္မာတာ က သိတာပေါ့"

"လေးလေးကလည်း ကျုပ်တဲ့၊ အဟား ...ရယ် တယ်နော် ကြီးမေ"

လေးလေးပြောလိုက်ပုံကို ငြိမ် အပြတ်ဟားနေ ရွှမ်းမဲ့နေသော လေးလေးမျက်နှာက မအီမလည်ကြီ

"ဘယ်လိုပြောပြောပေါ့ကွာ"

"နားထောင်လို့မှ မကောင်းတာ၊ ငြိမ်ဆို ငြိမ်က ငြိမ်ကလေးနဲ့ ထည့်ပြောတာ ဘယ်လောက် နားထောင်ကော လဲ"

"ဟုတ်ကဲ့"

လေးလေးက အချဉ်စိတ်နဲ့ ခေါင်းညိတ်ထော တော့ ငြိမ်က တခစ်ခစ်ရယ်နေမိသည်။

"ကဲ ...ဆာပြီဆို၊ စားတော့"





"သိပ်မဆာတော့ဘူး"

"အဲဒါကြောင့် စားနှင့်လို့ လေးလေးပြောတာ၊ ဟော အခု အဆာလွန်ပြီမဟုတ်လား"

"အဆာလွန်တာမှ မဟုတ်တာ၊ မဆာတော့တာ"

လေးလေးက ငြိမ့်ခေါင်းလေးကို လက်သီးဆုပ်နှင့် တဖွဖွထုချ၏။

"လေးလေးရေ ...ဒေါ်နွယ်သစင်က မနက်ဖြန် ညစာစားဖို့ ဖိတ်လိုက်တာ ငြိမ် ကြားတယ်နော်၊ လေးလေး သွားမှာလား"

"သွားမှာပေါ့၊ ငြိမ်လေးရော ကြီးကြီးပါ ခေါ်သွား မယ်"

"ငြိမ် လုံးဝမလိုက်ဘူး၊ စိတ်ချ၊ စောစောကတောင် လေးလေးကို သနားလို့"

ငြိမ် အပြတ်သားဆုံး ပြောပေမယ့် လေးလေးက အပြုံးအေးနှင့်ပင် လှမ်းကြည့်နေ၏။

"ဒါဆို လေးလေးပဲ သွားရမှာလား"

"လေးလေး ဆန္ဒရှိသလိုပေါ့၊ ငြိမ် မလိုက်နိုင်ဘူး ဆိုတာ ကြိုပြောထားတာ"

"ကြိုပြောစရာလားကွာ၊ သွားခါနီးမှ မလိုက်ချင် လည်း ရတာပဲ"

"သိပါတယ် လေးလေးရယ်၊ ငြိမ့်အပေါ် ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ နားလည်ပါပြီ"

ငြိမ် တကယ်စိတ်ထိခိုက်သွားရပေမယ့် လေးလေးကတော့ သည်ကိစ္စကို ဘယ်လိုမှမနေပါ။

"လေးလေး ...မနက်ဖြန် ငြိမ့်ကို ကျောင်းပို့ပေးရလည်း မလိုတော့ဘူးသိလား"

စကားစပြတ်သွားပေမယ့် ငြိမ် မကျေနပ်နိုင်ဘဲ တစ်ဖက်လှည့်ကာ ဂျစ်တိုက်ပြောပစ်သည်။

"ဘာဆိုင်လို့လဲကွာ၊ ဟိုဘက်က ညမှသွားရမှာ"

"ရတယ်၊ လိုက်ပို့လိုက်ကြိုနဲ့ လေးလေး ပင်ပန်းပါတယ်၊ နေပါစေတော့"

ပြောချင်တာက တစ်မျိုး၊ တကယ်တမ်း ပြောလိုက်တာက တစ်မျိုး။

"လေးလေး ...ဒေါ်နွယ်သဇင်ဆီသွားမှာဆို ငြိမ် လေးလေးနဲ့ လုံးဝမခေါ်တော့ဘူး"

ဟု ခပ်တင်းတင်းလေး ဆိုချင်တာပါ။

လေးလေးကလည်း ငြိမ့်ဆိုလိုရင်းကို သိသလိုပါပဲ။ သို့ပေမယ့် ဘာတစ်ခွန်းမှ ထပ်မဆိုဘဲ တိတ်နေပြန်၏။

ထမင်းစားပြီးတာနှင့် ငြိမ် အခန်းထဲဝင်လာပြီး တစ်ဦးတည်း ထိုင်နေမိသည်။

လေးလေး ပြန်ရောက်လာသောနေ့မှာ ရှောင်ဖယ်နေရတာ ခါတိုင်းထက် ပိုခဲယဉ်းနေ၏။





ခရီးမှပြန်ရောက်သော လေးလေးကို စကားတွေ ဟာဝကြီးပြောချင်သေးသည်။ လေးလေးပြောတာတွေလည်း နားထောင်ချင်သေး၏။

ငြိမ်ငြိမ်သက်သက် ထိုင်နေရပေမယ့် စိတ်က လေးလေးဆီပဲ ရောက်နေတာခက်သည်။

အချိန်အတော်ကြာသည်အထိ လေးလေးက ငြိမ့်ကို လှမ်းမခေါ်ပါ။

"ကြီးမေရေ"

ငြိမ့်အော်သံကြောင့် ကြီးမေက ပြေးပြေးလွှားလွှားဖြင့် ရောက်လာသလို လေးလေးပါ ပါလာ၏။

"ဘာဖြစ်လို့လဲ သမီးလေး၊ ထိတ်လိုက်တာကွယ်"

ငြိမ့်ကို ထိုင်နေလျက်သား တွေ့မှပဲ ကြီးမေ ဟင်းချနိုင်တော့၏။

"လေးလေးကို ဘယ်သူခေါ်လို့လဲ"

"ခေါ်ခေါ် မခေါ်ခေါ် လာတော့ ဘာလုပ်ချင်လဲ"

လေးလေးက မျက်နှာတင်းလျက် မာပြတ်ပြတ်မေးသည်။

"လေးလေး လာစရာမလိုဘူး"

"လာချင်လို့ပါကွာ၊ လာပါရစေ"

ရွတ်နောက်နောက်ပြောရင်း ငြိမ့်ဘေးမှာ ဝင်ထိုင်၏။ လူတည်ထန်ကြီးက ပြုံးချိုချိုနှင့် ကျီစယ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ် အံ့ဩလွန်းစွာ ငေးစိုက်ကြည့်နေမိသည်အထိ။

နယ်ကိုသွားပြီးပြန်လာမှ လေးလေး ဘယ်လိုဖြစ်လာသည်မသိ။ အေးတိအေးစက် ဟန်မူရာတွေ လွင့်ပြယ်ကာ မြူးမြူးသွက်သွက်နှင့် လူငယ်လေးတစ်ဦးလို ဖြစ်လာခဲ့သည်။

သည်နေ့မှ ပြန်ရောက်စမို့လားတော့ မသိပါ။

ကြီးမေက စိတ်အေးသွားရပြီမို့ ချာခနဲ လှည့်ထွက်သွားတော့ လေးလေးနှင့် ငြိမ်ပဲ ကျန်ရစ်ခဲ့ရသည်။

"ငြိမ်လေး …ရုပ်ရှင်ကြည့်မလား"

"ဟင့်အင်း …မကြည့်ပါဘူး"

"လာ …ခြံထဲဆင်းရအောင်"

"နေပူတယ်"

"ဘယ်မှာပူလို့လဲ"

"ပူတယ်ဆိုပူတယ်ပဲ၊ မဆင်းဘူး"

"ဒါဆို ညွှေ့ခန်းကို သွားမယ်၊ လေးလေး ဘာတွေဝယ်လာလည်း စိတ်မဝင်စားဘူးလား"

"ဟင် …ဟုတ်သား"

စိတ်ထဲမှာ လှစ်ခနဲ သိချင်စိတ် ပြင်းပြသွားရပေမယ့် ချက်ချင်းပဲ ပြန်ထိန်းကာ ခေါင်းယမ်းပြလိုက်၏။

"အင်း"

လေးလေးက စဉ်းစားနေသလို အင်းဟု ရေရွတ်ပြီးမှ …





"ကဲ …ဒီလိုဆိုလည်း လေးလေးအတွေ့အကြုံ ရှင်းမယ်ကွာ၊ ငြိမ်လေး နားထောင်မှာလား"

"ဟင့်အင်း"

"ပြီးရော"

လေးလေးက ဆတ်ခနဲ မတ်တတ်ထရပ်ရင်း ထွက်သွားဖို့ပြင်လိုက်၏။

"လေးလေး"

ငြိမ် လေးလေးလက်မောင်းကို ဆွဲထားပြီး ခြေဆောင့်အော်ပစ်သည်။

"ဟာ …တိုးတိုးခေါ်ပါလား၊ နီးနီးလေးဥစ္စာ"

"လေးလေး …မနက်ဖြန်ည သွားမှာလား"

"အင်း"

"အဲဒါဆိုသွားတော့"

လေးလေးက ငြိမ့်လက်ကလေးကို ဆွဲယူပြီး …

"လုံးဝမသွားဘူး"

ဟု လေသံထွက်ရုံ တိုးတိုးကလေးဆို၏။

"ဟင် …အဟုတ်"

"အဟုတ်ပေါ့"

ငြိမ် အားတက်သရောနှင့် လေးလေးလက်မောင်းကို ဖက်တွယ်ထားလိုက်မိသည်။

"ရုပ်ရှင်လည်းကြည့်မယ်၊ ခြံထဲလည်း ဆင်းမယ်၊

www.burmeseclassic.com



ဘာတွေဝယ်လာခဲ့တာလဲဟင်၊ အဲဒါလည်း ကြည့်မယ်၊ လေလေးပြောတာလည်း နားထောင်မယ်''

''ဒါဆို လေးကိုယ်ခွဲပေတော့''

လတ်တလောချင်းပဲ ပြောင်းလဲသွက်လက်သွားပုံက မင်းဒင်အဖို့တော့ ချစ်ပြီးရင်း ချစ်စရာလေးပါပဲ။

''ဘယ်လိုခွဲလို့ရမှာလဲ လေးလေးရဲ့၊ ပထမဆုံး လေးလေးဝယ်လာတာတွေ ကြည့်မယ်၊ လေးလေးပြောတာ နားထောင်မယ်၊ ပြီးတော့ ခြံထဲဆင်းမယ်၊ ရုပ်ရှင်က ညမှ ကြည့်မယ်၊ ကောင်းလားဟင်''

''ကောင်းပါတယ်ဗျာ''

လေးလေးက ခေါင်းညိတ်ပြီးမှ ...

''ပင်ပန်းလာတဲ့ ကျူပ် အနားယူဖို့အချိန်ကကော''

''မနက်ဖြန် ငြိမ် ကျောင်းသွားမှ လေးလေး တစ်ချိန်လုံး အနားယူ စာအုပ်ဖတ်''

''ကောင်းပါပြီ၊ ကျူပ်အချိန်တွေအကုန်လုံး ဒီနေ့အဖို့တော့ ခင်ဗျားလေးပဲ ယူပေတော့''

ငြိမ်ကတော့ နှစ်သက်လွန်းသော ကစားစရာ အရုပ်တစ်ခု ရရှိသွားသည့် ကလေးငယ်လို မျက်လုံးလေးတွေ တလက်လက်နှင့် နှုတ်ခမ်းပင်မစေ့နိုင်လောက်အောင် တခစ်ခစ်နှင့် အကျေနပ်ကြီး ကျေနပ်သွားတော့သည်။

× × × ×





## အခန်း (၉)

ညပိုင်း လေးလေးနှင့် ဗွီဒီယိုထိုင်ကြည့်နေတုန်းမှာပဲ နေ့လယ်ခင်းက ခဏတာအချိန်ယူစဉ်းစားကြည့်ပြီး အရှင်းကြီး မေ့လျော့သွားခဲ့သော အကြောင်းအရာက မမျှော်လင့်ဘဲ တစ်ဖန်ရောက်ရှိလာ၏။

''သမီးရေ ...ငြိမ်''

''ရှင် ...ကြီးမေ၊ ငြိမ့်ကိုခေါ်လား''

ခေါ်သံကြားပါလျက် ငြိမ့်ကိုခေါ်လားဟု လှမ်းမေးမိရင်း အကြည့်တွေက ဖန်သားပြင်မှာပဲ စိုက်ကျနေ၏။

''ငြိမ်လေး ...ကြီးကြီးခေါ်နေတယ်လေ''

''ဟာ ...လေးကလဲ၊ ခဏလေး မသိချင်ယောင်ဆောင်နေစမ်းပါ၊ အခန်းကောင်းရောက်နေလို့''

''ဘာလို့ခေါ်တာလဲ မေးကြည့်ပါလား ငလေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက လူကြီးသူမကို လေးစားမှု ကြိုက်သည်။ မထိမဲ့မြင်လုပ်တာမျိုး လုံးဝ အားမပေးပါ။

"ကြီးမေရေ ဘာလဲဟင်"

"သမီးရေ ...ဖုန်း"

ကြီးမေက ငြိမ်တို့အနားကို လျှောက်လာပြီး ပြောသည်။

"ဘယ်သူလဲဟင်"

"နေ့လယ်ကဆက်တဲ့ ကောင်လေးပဲ"

"ဟင် ...ဟုတ်လား"

စိတ်ဝင်တစားနှင့် ငြိမ် မတ်တတ်ရပ်မိလျက်သား ဖြစ်သွားရ၏။

"ဘယ်သူလို့ပြောလဲဟင်"

"မေးမရပါဘူး၊ ငြိမ်နဲ့ ခဏပြောချင်တယ်၊ ကိစ္စရှိလို့ပါတဲ့၊ အဲဒါပဲ ပြောနေတယ်"

"အင်း ...အင်း၊ ငြိမ် သွားပြောကြည့်မယ်"

လက်ထဲတွင်ကိုင်ထားသော အဝေးထိန်းကိရိယာ (ရီမုခ်)လေးကို လေးလေးဆီပေးပြီး ဧည့်ခန်းဆီ ခြေထောက်ရှုပ်တိုက် ပြေးလာခဲ့၏။

ပြောင်ချောနေသော ကြမ်းပြင်နှင့် ခြေထောက်အတွေ့မှာ တကယ်ပဲ ကြက်သီးဖုထချင်စရာ ယားကျိကျိလေး ဖြစ်နေ





ဧည့်ခန်းကိုရောက်တော့ ကြီးမေ ချထားခဲ့သော ဖုန်းခွက်ကို ကောက်ယူလိုက်ရင်း ...

"ဟဲလို ...ငြိမ်ပါ"

ဟု ပြောမိသည်။

တစ်ဖက်မှ ဘာသံမှမကြားရဘဲ တိတ်နေတာကြောင့် ငြိမ် ဖုန်းချလိုက်၏။

"ဘယ်သူလဲ ကလေး"

လေးလေးက ထွက်လိုက်လာပြီး မေး၏။

"မသိပါဘူး လေးလေးရယ်၊ ဘာမှလည်းမပြောဘူး"

ငြိမ်နှင့်လေးလေး အခန်းထဲပြန်ဝင်လာပြီး တီဗွီပြန် ...ကြည့်သည်။

"သမီးရေ ...ငြိမ်"

ကြီးမေ ခေါ်သံက ပေါ်လာပြန်၏။

"ကျွတ်"

ငြိမ် စိတ်ရှုပ်စွာ ဆံပင်တွေ ဖွပစ်လိုက်၏။

"ဘာမှန်းလည်းမသိဘူး လေးလေးရာ"

လေးလေးက ရုတ်တရက် ရယ်လိုက်ပြီး ...

"နေ ...လေးလေး ပြောကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ကို ထားရစ်ခဲ့ပေမယ့် ငြိမ်လည်းနေမရတော့ဘဲ လေးလေးနောက်ပါးမှ ကပ်လိုက်လာခဲ့သည်။

ကြီးမေ လက်ထဲမှ ဖုန်းခွက်ကို လေးလေးက ပြောင်းယူလိုက်သည်။ အေးစက်ပြတ်တောက်သော လေးလေးအသံက ကျောစိမ့်ချင်စရာပါ။ ဒေါသသံ ကင်းစင်နေလျှက် ပကတိမာကျောနေ၏။

သုံးလေးခွန်းပြောပြီး လေးလေးက ဦးစွာ ချလိုက်တာလည်းဖြစ်မည်။

"ဘယ်သူလဲဟင် လေးလေး"

"မေးလို့မရဘူး လေးလေးပြောလိုက်ပြီ၊ ထပ်တစ်ကြိမ် ဆက်ရဲတော့မှာမဟုတ်ဘူး"

တကယ်လည်း လေးလေးထင်သလိုပင်။ နောက်တစ်ကြိမ် ဖုန်းခေါ်သံ မကြားရတော့ပါ။

လေးလေးက သည်ကိစ္စကို မေ့သွားတာဖဲလား၊ မေ့ပစ်ချင်တာလားတော့ မသိ။ ဘာမှမပြောတော့ဘဲ စိတ်ဝင်စားစရာကောင်းသော စုံထောက်ဇာတ်ကားကိုပဲ စိတ်ပါလက်ပါ ကြည့်နေတော့သည်။

ငြိမ် တစ်ဦးတည်းသာ မငြိမ်မသက်နှင့်။

ဖုန်းဆက်တာ ဘယ်သူဖြစ်မလဲဟု အစွမ်းကုန်ဖျစ်ညှစ်စဉ်းစားနေမိသည်။ ❀





ရိုးရိုးသားသားဆို ရဲရဲဝံ့ဝံ့ပြောပါတော့လား။

ငြိမ်နှင့် တွေ့ချင်သည်လည်းဆိုသေး ငြိမ်ကိုယ်တိုင် ကိုင်တော့လည်း ဘာစကားမှမဆို။

နားပင် မလည်ချင်တော့ပါ။

"ငြိမ်"

"ဘာလဲဟင် ...လေးလေး"

ဇာတ်လမ်းတွဲပြီးသွားတော့မှ လေးလေးက ငြိမ့်ဘက် ကြည့်လာ၏။

"ဘယ်သူလဲ၊ စဉ်းစားလို့ရလား"

"မရဘူးလေးလေး"

"ကျောင်းမှာ လိုက်နှောင့်ယှက်နေတာမျိုးရှိလား"

"ဟင့်အင်း ...မရှိပါဘူး လေးလေးရဲ့"

လေးလေးက တွေးဆနေသလို အဝေးကို ငေးစိုက်ကြည့်နေပြီးမှ ...

"ထားပါတော့လေ၊ မေ့ပစ်လိုက်တော့၊ ကြားလား ကလေး"

ငြိမ် ခေါင်းညိတ်ပြဖြစ်သည် ထင်၏။

"ဪ ...လေးလေး"

"ဘာလဲ ...ကလေး"

"ကျောင်းမှာ မုန်းနေတဲ့တစ်ယောက်တော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လေးလေးကို ဒီအကြောင်း မပြောသေးပါလား"

"ပြောစရာတွေများတော့ မေ့နေတာ"

ဟု အစချီပြီး ထွင့်နှင့် ကင်တင်းများတွင် တွေ့ခဲ့ပုံ၊ ငြိမ့်ကို ခပ်တည်တည်လုပ်နေခဲ့ပုံ၊ သူ့မွေးနေ့ကို မမျှော်လင့်ဘဲ ရောက်သွားခဲ့ပုံ၊ သော့ချိတ်ကလေး ကားထဲမှာ ကျန်ရစ်ပုံမှအစ အကုန်လုံး ပြောပြလိုက်သည်။

"ပြီးတော့ ဟိုးတစ်ရက်က ဗိုလ်ချုပ်ဈေးထဲမှာ တွေ့တယ်၊ ငြိမ်နဲ့ ဝင်တိုက်မိတော့မလို့၊ ငြိမ့်ကို အထက်စီးလေသံနဲ့ ဟိန်းဟောက်တာ၊ ရန်သူတွေကျနေတာပဲ၊ ဈေးထဲမှာတွေ့တာနောက်ဆုံးပဲ၊ ထပ်ပြီး မတွေ့တော့ဘူး"

"အဲဒီတစ်ယောက် ဖြစ်နိုင်လို့လား"

"လုံးဝကိုမဖြစ်နိုင်တာ လေးလေးရဲ့၊ သူက မာနကြီးလွန်းတယ်၊ အထာကြီးပဲ၊ ငြိမ့်ကို မတူမတန်သလိုနဲ့"

"သြော်"

"ငြိမ်က မေ့နေလို့ ပြောပြတာပါ၊ ဖုန်းဆက်တာသူ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

လေးလေးက ဦးဆုံး အိပ်ရာဝင်၏။

ငြိမ်လည်း ခုတင်ထက်မှာ လူးရင်းလိမ့်ရင်း ထွင့်အကြောင်းတွေ စဉ်းစားနေမိသည်။





ချောမောသန့်ပြန့်သော သူ့ရုပ်သွင်က မျက်ဝန်းအိမ်မှာ အရိပ်ထင်ဟပ်လာ၏။

မာနနှင့် တင်းစေ့နေတတ်သော နှုတ်ခမ်းတစ်စုံက တစ်အားစွဲမက်ဖွယ်ကောင်းသလို ငြိုငြင်ရိပ်တွေပြည့်နေသော မျက်ဝန်းစူးစူးတွေကလည်း ငြိမ့်ကို လှုပ်ခတ်စေတာပါပဲ။

အေးစက်စေးထန်းသော အကြည့်တို့က ငြိမ့်ရင်မှာ ကပ်ငြိနိုဝင်စေသည်။

သူသာ ငြိမ့်အနီးမှာ ချိုချိုမြမြနှင့် အသက်ပါစွာ ကြည့်နေလျှင် ငြိမ် မူးမေ့သာယာသွားမှာ စိုးကြောက်စရာပါပဲ။

ကြီးမေက ငြိမ် သောက်ဖို့ပျစ်နှစ်သော နွားနို့တစ်ခွက် ယူလာပေး၏။ အိပ်မရသည့်အဆုံး နွားနို့သောက်ပြီး စာထကျက်နေမိ၏။

လေးလေးတစ်ယောက်တော့ နှစ်ခြိုက်စွာ အိပ်ပျော်နေလောက်ပြီ ထင်၏။

"ကြီးမေရေ ... လေးလေး အိပ်သွားပြီလား"

"အိပ်သွားပြီ သမီးရဲ့၊ ဘာလို့လဲ"

"မေးကြည့်တာပါ"

ငြိမ် ဧည့်ခန်းကိုထွက်လာပြီး စာအုပ်တစ်အုပ်ဖတ်နေတုန်းမှာပဲ ဖုန်းမြည်သံကြားရ၏။

ဖျတ်ခနဲ ဖုန်းရှိရာရောက်သွားပြီးမှ မကိုင်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေလိုက်သည်။

အကြိမ်ကြိမ်ခေါ်သံကြားမှ ကောက်ကိုင်ပြီး ...

"ငြိမ်ပါ"

ဟု ပိုင်နိုင်စွာ ပြောမိသည်။

စောစောကလူပဲဆိုတာတော့ ငြိမ် အလိုလိုသိနေ

သက်ပြင်းရှိုက်သံ တစ်ချက်ကိုသာ ကြားရပြီး တိ
နေပြန်တော့ ငြိမ် ထိန်းမထားနိုင်တော့ဘဲ ...

"ဘယ်သူလဲ ဘာလို့ခေါ်ပြီး စကားမပြောတာ
ဘယ်သူလဲ၊ ပြောစမ်းပါ"

ငြိမ် မေးပေမယ့် ဟိုဘက်က ပြန်မဖြေပါ။

"မဖြေရင် ကျွန်မ ချလိုက်တော့မယ်၊ ဒါပဲ"

ခြိမ်းခြောက်ကြည့်သော်လည်း အသံထွက်မလာ
ဒုတိယအကြိမ် သက်ပြင်းရှိုက်သံကိုသာ ကြားရ၏။

ငြိမ် စိတ်လျှော့လိုက်မိသည်။

ဖုန်းခွက်ကို ခပ်ဖြည်းဖြည်းချရင်း နံရံကို ကျောမှီ
နေမိသည်။

ပြီးမှ ရုတ်တရက် ဆုံးဖြတ်လိုက်ကာ မသက်ဆိ
တစ်ဆင့် တိတ်တခိုး မှတ်သားထားမိသော ထွင့်ခေါင်း
နံပါတ်ကို နှိပ်လိုက်မိ၏။

တစ်ဖက်မှ ချက်ချင်းပဲ ဖုန်းကိုင်လာသလို ...





ဟဲလိုဆိုသော အသံကလည်း ထွင့်အသံပါပဲ။

"ဘယ်သူလဲ၊ ထွင့် ပြောနေတာပါ"

ငြိမ် ကြောက်လန့်တကြားနှင့် ဖုန်းခွက်ကို ပြန်ချလိုက်ပါသည်။

ပြောစရာစကားမှ မရှိဘဲ။

'ဖုန်းဆက်တာ ရှင်လား'ဆို သူ လှောင်မှာပေါ့။ ပြီးတော့ ငြိမ့် အထင်ကို ပြက်ရယ်ပြုတော့မှာ။

မာထန်နေသောအသံက စောစောက သက်ပြင်းရှိုက်သံနှင့် တခြားစီ။

ထွင့် ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟု ခိုင်မာသွားရရင်း အိပ်ရာဆီ လှမ်းလာမိသည်။

မျက်လုံးတွေကလည်း ငိုက်မျဉ်းစ ပြုလာလေပြီ။

အခန်းဝရောက်နေသော ခြေလှမ်းတွေ ဖုန်းသံကြောင့် ရပ်တန့်သွား၏။ စိတ်ပျက်လွန်းစွာ ဖုန်းဆီလှမ်းကြည့်ပြီး မလှုပ်မယှက် ရပ်နေမိသည်။ အကြာကြီး ဆဲက်တိုက်မြည်နေတော့ လေးလေး နိုးသွားမှာ စိုးရိမ်စိတ်နှင့် တစ်ဖန် ပြန်ရောက်လာရသည်။

"ဟဲလို"

ထုံးစံအတိုင်း သက်ပြင်းမော ရှိုက်သံကိုပဲ ကြားရာမှ ...



www.burmeseclassic.com

www.burmeseclassic.com



'တောက်' ဟု ရေရွတ်မိတော့သည်။

"ရှင် ဘယ်သူလဲ၊ ဘာလို့ ခဏခဏခေါ်နေတာလဲ မနှောင့်ယှက်ပါနဲ့တော့၊ ကျွန်မတို့ တစ်အိမ်သားလုံး အိပ်ရာဝင်တော့မှာပါ"

သူက ငြိမ့် ပြောစကားကို နာခံသလို ဖုန်းအရင်ချသွား၏။ ထပ်မခေါ်တော့ဘူးဆိုတာ သေချာတော့လည်း သူ ဘယ်သူဆိုတာ သိချင်စိတ် ပြင်းပြသွားရသည်။

တယ်လီဖုန်း အနီရဲရဲလေးကို အဓိပ္ပာယ်မဲ့စွာ ရပ်ကြည့်ရင်း ငြိမ့် အနီရောင်ကို သိပ်နှစ်သက်တာ တွေးမိ၏။

လေးလေးကလည်း ငြိမ့်အကြိုက်လိုက်ကာ ဘာဝယ်ဝယ် အနီရောင် ဦးစားပေးလေ့ရှိသည်။

ငြိမ့်တို့အိမ်မှာ ဆိုဖာဆက်တီလည်း အနီရဲရဲ။ ရေခဲသေတ္တာတို့၊ တီဗွီတို့လည်း အနီရဲရဲ၊ ပြီးတော့ ကားအရောင်လည်း အနီရဲရဲ၊ လွယ်အိတ်ဆိုလည်း ပန်းပွားလွယ်အိတ် အနီရဲလေးမှစကာ ဘောလ်ပင်အနီလေးအဆုံး ပစ္စည်းတော်တော်များများ အနီရောင်ပဲ ဖြစ်နေခဲ့၏။

သုံးစွဲစရာပစ္စည်းလေးတွေဆို အနီရောင်ကြိုက်ပေမယ့် အဝတ်အစားကျတော့ ရဲရဲတွတ်တွတ်နိုင်လှသော အနီကို ငြိမ့် မုန်းပင်မုန်းချင်သည်။

လေးလေးက ထူးဆန်းသော ငြိမ့်စိတ်ဓာတ်ကို အံ့ဩ





နေသည်။

မှန်တင်ခုံ အရှင်လေးကိုပင် အနီရောင်ရင့်ရင့် ဆေးသုတ်ခိုင်းတတ်သော ငြိမ့်က လေးလေး ဝယ်လာပေးသော တီရှပ်ရဲရဲလေးကို တစ်ကြိမ်တစ်ခါမှ ဝတ်ဆင်ခြင်း မရှိခြင်းကြောင့်ပါ။

"လေးလေးရေ ...အနီရောင် မကြိုက်ဘူးနော်၊ အဝတ်အစားဆို ပန်းဆီရောင်တို့၊ ပန်းရောင်ဖျော့ဖျော့တို့၊ အဖြူရောင်တို့၊ နက်ပြာတို့ပဲ ကြိုက်တယ်" ဟု ပွင့်လင်းစွာ ပြောထားမှ လေးလေး သဘောပေါက်တော့သည်။

နောက်ဆို ပန်းဆီရောင်တို့၊ ပန်းရောင်တို့ကို ဦးစားပေးရွေးလာတတ်တာမို့ ငြိမ့်မှာ ပန်းရောင်တွေချည်း ထပ်လာရသည်။

တစ်ခါလည်း ဈေးထဲမှာ ရယ်ဒီမိတ်အင်္ကျီဝယ်ကြတုန်းက ...

'ပန်းရောင်ယူမှာ မဟုတ်လား' ဟု အတင်းအကြပ်ပင် ရွေးချယ်ပေးခဲ့၏။

"ဒီထဲမှာ ပန်းရောင်က လှမှမလှတာ၊ အဖြူလေးနဲ့ အပြာလေးက ပိုမလှဘူးလား၊ ဒီအစိမ်းတောက်တောက်လေးဆို အကုန်ထဲမှာ အလှဆုံးပဲ"

ငြိမ့်စကားကို လေးလေးက နားမလည်သလိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း …

'ငြိမ်ပဲ ပန်းရောင်ကြိုက်တယ်ဆို' ဟု မေးနေသေး

"လေးလေးရာ …တော်တော်ခက်ပ!လား
ပန်းရောင်ကြီးက ဒီလောက်မိုက်ဖျော့နေတာ အပေါင်းကြီး
ကျနေတာပဲ၊ အစိမ်းလေးပဲယူမယ်" ဟု မနည်းပြောယူရသည်

"ပုံသေကြီး မှတ်မထားပါနဲ့ လေးလေးရဲ့၊ ပန်းရောင်
ကြိုက်တယ်ဆိုတာနဲ့ လှလှမလှလှ ယူရမှာလား၊ တစ်ခါတလေ
ဒီလိုအင်္ကျီတွေထဲမှာ ပန်းရောင်က မလှတတ်ဘူး၊ တစ်ခါတ
ကျတော့လည်း အဝါတို့ အစိမ်းတို့ မလှဘူး၊ အသစ်ဝယ်
တယ်ဆိုမှ စိုစိုလှလှလေး သစ်သစ်လွင်လွင်လေး ဝယ်မှာ
လေးလေးရဲ့"

ရှည်လျားစွာရှင်းပြတော့ လေးလေးက သိသွား
မယ် …

'ရှုပ်နေတာပဲကွာ' ဆိုပြီး စိတ်မရှည်သလို ပြော
လေးလေးကတော့ ငြိမ့် သဘောထားနှင့် ဆန့်ကျင်စွာ အင်္ကျီ
ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့၊ ပုဆိုးဆိုလည်း မည်းမည်းမှိုင်းမှိုင်း

"ညိုညိုညစ်ညစ်တွေ ငြိမ် မကြိုက်ပါဘူး၊ အဝ
အစားကြည့်ရတာကိုက ခြောက်သွေ့ချင်စရာကြီး၊ လေးလေး
မို့ ကြိုက်တယ်"

"လေးလေးက လူကြီးပဲကွာ"





"လူကြီးလည်း အရောင်စိုစိုဝတ်တော့ ဘာဖြစ်လဲ၊
အရောင်တွေထဲမှာ ငြိမ် အမုန်းဆုံးအရောင်တွေက လေးလေး
အကြိုက်ဆုံး အရောင်တွေပဲ၊ အသားရောင်တို့၊ မီးခိုးရောင်တို့၊
နို့စိမ်းရောင်တို့"

ငြိမ် မဲ့ရွဲ့ပြောတော့ လေးလေးက ဝတ်ထားသော
အသားရောင် ရှပ်အင်္ကျီကို ငုံ့ကြည့်ကာ ဟက်ခနဲရယ်၏။

လူငယ်တစ်ဦးလို ရယ်လိုက်တော့လည်း လေးလေး
က ချောနေပြန်တာပဲဟု မှတ်ချက်ချမိသည်။

"လေးလေး ခုဝတ်ထားတဲ့ အင်္ကျီ ထောင်ကျော်ပေး
ဖို့ နေနေသာသာ တစ်ဆယ် နှစ်ဆယ်ဆိုတောင် ငြိမ် မဝတ်
သေးဘူး၊ သိလား"

"အပြစ်ကို ရှုတ်ချနေပါလားကွာ"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ အဲဒီမီးခိုးရောင်တို့၊
အသားရောင်တို့၊ နို့စိမ်းရောင်တို့ကို နံရံဆေးသုတ်ရင်တော့
တကယ်အနောက်တိုင်းဆန်တယ်၊ ကဗျာလည်းဆန်တယ် ငြိမ်
တစ်အားကြိုက်တယ်"

"အင်း"

"လေးလေးရေ …ငြိမ့် အခန်းနံရံကို မင်းကွတ်
ရောင်ဖြစ်ဖြစ်၊ ကြံရည်ရောင်ဖြစ်ဖြစ် သုတ်ပေးပါလား လေး
လေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...အားတဲ့နေ့ သုတ်ပေးမယ်"

ရှလေးလေးက ငြိမ့်စကားဆို ဘယ်တော့မှ မမေ့တတ်သူပီပီ အလုပ်အားရက်တစ်နေ့မှာ ငြိမ့် အခန်းနံရံကို မင်းကွတ်သီးအရောင်လေး တစ်နေ့ အကုန်ခံကာ ကိုယ်တိုင်သုတ်ပေး၏၊

"အလုပ်သမားနဲ့ဆို မကောင်းပါဘူးကွာ၊ ကလေးအခန်းထဲဆိုတော့ မဖြစ်ပါဘူး"

ဟု စိတ်မချချင်သလိုဆို၏။

"ဘာဖြစ်လဲ လေးလေးရဲ့၊ ငြိမ် ဟိုဘက်အခန်းမှာ တစ်နေ့ရွှေ့နေမှာပေါ့"

"အလုပ်ရှုပ်ပါတယ်ကွာ၊ ပြောင်းဦး ရွှေ့ဦးနဲ့၊ လေးလေးဆေးသုတ်ပေးတော့ ပြီးရောပေါ့၊ ကလေးနေချင်သလို လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့၊ မကောင်းဘူးလား"

"လေးလေးကိုယ်တိုင်ဆိုရင်တော့ အကောင်းတကာ့ အကောင်းဆုံးပေါ့၊ ပင်ပန်းမှာစိုးလို့ ငြိမ် ပြောတာပါ"

"ရပါတယ်ကွာ၊ မျက်နှာကြက်ကော သုတ်မှာလား ပြော"

"ဟင့်အင်း ...မျက်နှာကြက်က ပါကေးရှင်းကွက်လေးတွေ ငြိမ် ကြိုက်ပါတယ်၊ သူ့သဘာဝအရောင်ပဲ ကောင်းတယ်"





"ဒါဆို လေးလေး သက်သာတာပေါ့၊ ဒီအရောင်ဟာ ငြိမ် ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့၊ ဘယ်လောက်ကဗျာဆန်လဲ"

"လေးလေး မကြိုက်ပါဘူးကွာ၊ အရောင်မှိန်တော့ အခန်းမှောင်ကျနေရောပေါ့၊ လင်းလင်းရှင်းရှင်း ဘယ်ရှိပါ့မလဲ"

"ငြိမ် ကြိုက်ပါတယ်ဆို"

"ပြီးရော ...ပြီးရော စိတ်ပြောင်းမှာစိုးလို့"

"ငြိမ် ဘယ်တုန်းက စိတ်အပြောင်းအလဲ မြန်ဆန်ခဲ့လို့လဲ"

"မသိနိုင်ဘူးလေကွာ၊ ငြိမ်က ကလေးစိတ်ဆိုတော့"

"လူကြီးဆန်တဲ့ကိစ္စတွေမှာ ဆန်ပါတယ်နော်"

"ထင်ရတာပါပဲ"

"လေးလေးနော် ...ငြိမ့်ကို စကားကောင်းပြောပါ"

"ဘာများမကောင်းပြောမိလို့လဲ"

"အဲဒါတွေကြောင့် ငြိမ်နဲ့ လေးလေး မတည့်တာ"

"ဟုတ်မယ်"

"ကြည့် ...လေးလေးကြီးနော်၊ မစကြေး"

"စိတ်မကောက်ကြေး"

စိတ်လိုလက်ရ ငြိမ့်ကိုထိုင်စနေတော့ စိတ်မဆိုးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရသည်။ သည်လိုနှင့်ပဲ ငြိမ့်အခန်းလေး မင်းကွတ်ရောင် ဖြစ်သွားခဲ့ရတာပါပဲ။

လေးလေး ငြိမ့်ကိုချစ်တတ်ပုံကတော့ ဘယ်သူမှ လိုက်မီနိုင်မည် မထင်။

ဘယ်တော့များ မေတ္တာတွေလျော့ပါးသွားမလဲလို့ စိုးရိမ်စိတ်နှင့် ရင်ထဲ နင့်နင့်နဲနဲ ရှိနေရတာပါပဲ လေးလေးရယ်။

အခန်းထဲမဝင်ဖြစ်သေးဘဲ မတ်တတ်ရပ် အတွေး ကျယ်နေမိရာမှ လေးလေးအခန်းဘက် ထွက်လာခဲ့၏။

စေ့ထားသောတံခါးကို ခပ်ဖြည်းဖြည်း တွန်းလိုက်တော့ ပွင့်ဟသွား၏။

နှစ်မြိုက်စွာအိပ်ပျော်နေသော လေးလေး ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချရင်း ငိုချင်စိတ်တွေ ပြည့်လာရသည်။

လေးလေးရယ် …

ဒေါ်နွယ်သဇင်ကို လက်ထပ်မှာလားဟင် …

ရင်ထဲမှာ ထင်ခါတလဲလဲ မေးမြန်းရင်း ပူလောင်လာရသည်။

လောလောဆယ် လေးလေးနှင့် ဘယ်လိုမှမခွဲနိုင်တာ သေချာပြီးရင်း သေချာရင်းပါပဲ။

“ဟင် …ငြိမ် မအိပ်သေးဘူးလား”

လေးလေးက ဝေါက်ခနဲထထိုင်ရင်း မေးလိုက်တော့





ငြိမ့်ကိုယ်လေး တုန်ဆတ်သွားရသည်။

လေးလေး နိုးသွားပြီဆိုသောအသိက ငြိမ့်ကို လန့်ဖျပ်သွားစေသည်။

“ကလေး”

နူးညံ့ညင်သာလွန်းသော အသံက စိုးထိတ်မှုတွေ၊ မရဲဖြစ်နေမှုတွေ လွင့်စဉ်ကုန်ကာ အင်အားတစ်မျိုးနှင့် ရင်ထဲ တွေးကြည်မွေ့သွားရသည်။

“ငြိမ်လေး ဘာတွေစိုးရိမ်နေလဲ၊ လေးလေး ကတိ ခုပေးထားမယ်၊ သေချာနားထောင်နော်”

‘နားထောင်နော်’ ဆိုပေမယ့် မပြောသေးဘဲ လေးလေး အိပ်ရာထက်မှဆင်းကာ ရေချိုးခန်းဘက်ဝင်သွား၏။

ငြိမ်လည်း ဧည့်ခန်းရှိရာဘက် ထွက်လာခဲ့သည်။

“မျက်နှာသစ်လိုက်ပြီ၊ အိပ်ချင်မူးတူးနဲ့ ပေးတဲ့ကတိ နေမှာစိုးလို့”

ငြိမ် ထိုင်နေသော ဆိုဖာဘေးမှာ ခုံကလေးတစ်လုံး ထိုင်ရင်း ပြောလာတာမို့ လေးလေးကို ငေးမောကြည့်နေမိ

“လေးလေး ကလေးကိုသိပ်ချစ်ပါတယ်၊ ကလေး ဆင်းရဲမှာမျိုး ဘာတစ်ခုမှမလုပ်ဘူး၊ ငြိမ်လေး ယုံလား”

ငြိမ် မျက်လုံးလေးဝိုင်းရင်း အံ့ဩတုန်လှုပ်နေမိသည်။

www.burmeseclassic.com



အတွင်းစိတ်ထဲက အတွေးစတွေကို လေးလေး ဘယ်လိုသိမြင်နားလည်သွားတာပါလိမ့်။

"ဒေါ်နွယ်သဇင်ကိုမှမဟုတ်ဘူး၊ ဘယ်သူ့ကိုဖြစ်ဖြစ် ငြိမ် သဘောမတူရင် လေးလေး မယူပါဘူး၊ ငြိမ့်ကိုပစ်ပြီး ဘယ်မှမသွားဘူး၊ အဲဒီကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက်ပါကွာ၊ ကဲ ...ကျေနပ်ပြီလား"

"လေးလေး ဒေါ်နွယ်သဇင်ကို မရည်ရွယ်ဘူးလား"

"ဘယ်သူ့ကိုမှ မရည်ရွယ်ထားဘူး"

"ဟုတ်ရဲ့လားဟင်"

"မယုံရင်စောင့်ကြည့်လေ"

"ဒါဆို လေးလေး လူပျိုကြီးလုပ်မှာလား"

"ဒါပေါ့"

"ငြိမ် ဘယ်တရားပါ့မလဲ"

အကြာကြီးစဉ်းစားပြီးမှ ခပ်တိုးတိုးပြောတော့ လေးလေးက နှုတ်ခမ်းဖွင့် ပြုံး၏။

"အဲဒါတော့ ငြိမ်လေး တွေးပေးပေါ့"

ဆိုဖာလက်တန်းပေါ် လက်ကလေးထောက်။ အဲဒီလက်ပေါ် မေးကလေးထောက်တင်ရင်း ငြိမ် ငြိမ်ကျသွားရသည်။

"ဒီလိုတော့လည်း မဖြစ်သင့်သေးပါဘူး"





မျက်နှာလေး ပျက်ယွင်းမှောင်ကျလျက် ပြောတာကြောင့် မင်းဒင် ရယ်မိတော့သည်။

"အဟား ...ဘာလဲ၊ ငြိမ်လေးက ရှာပေးမလို့လား"

"အင်း ...အခုလတ်တလောကြီးတော့ ငြိမ် မစဉ်းစားတတ်သေးဘူး၊ ခဏတော့ စောင့်ပါနော် လေးလေး"

"ရပါတယ်ကွာ၊ လူကြီးသူမသဘောတူဖို့ ဒီလောက်တော့ စောင့်ဆိုင်းသည်းခံရမှာပေါ့"

"မခနဲ့ပါနဲ့ လေးလေးရယ်၊ ငြိမ် အသည်းအသန်စွယ်နေမိတာပါ"

"လေးလေး ကတိပေးထားပြီးသားပဲဟာ"

"ဟုတ်ပါတယ်၊ လေးလေးက တစ်ထစ်လျှော့လိုက်တော့ ငြိမ် ဘယ်လိုလုပ် ရှေ့တိုးတော့မလဲ"

"လေးလေးက ရှေ့တိုး ငြိမ်ကဖျက်၊ အဲဒါမျိုး အပြိုင်ထိုးချင်တာလား"

"အင်းပေါ့ ...အခုမပြိုင်ရဘဲ အနိုင်ပေးလိုက်တာတော့ ဆုရတာ အရသာမရှိသလို ပေါ့ပေါ့ကြီး၊ ပြီးတော့ ငြိမ့်ကို ကိုယ့်ဘာသာကိုယ် ချောင်ပိတ်သွားစေတယ်လေ၊ လေးလေး လူလည်ကြီး"

"မဟုတ်ပါဘူးကွာ"

"ဟုတ်ပါတယ်နော်၊ ငြိမ် သိပါပြီ၊ ဒါပေမယ့် ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စမှာ သဘောမကောင်းချင်ဘူး၊ သမာသမတ် မရှိနိုင်ဘူး လေးလေးရယ်"

ငြိမ် တကယ်ပဲ အသက်ရှူရကျပ်သလို မောဟိုက်လာရသည်။

"မတရားဘူးပဲပြောပြော၊ လေးလေး အိမ်ထောင်ပြုလိုက်မှာ ငြိမ် မလိုလားဘူး"

"ငြိမ် မလိုလားရင် လေးလေး ရှေ့မတိုးဘူး၊ ဘာလိုသေးလဲ"

လေးလေးက မေးဆတ်ပြီး ကျေနပ်ရဲ့လားဟု မေး၏

"တစ်ဝက်တော့ စိတ်အေးသွားပါပြီ"

"တစ်ဝက်ပဲလား"

"အင်းပေါ့ ...အရှင်းကြီးတော့ ဘယ်စိတ်ချနိုင်ပါ့မလဲ"

"ခက်တယ်ကွာ ...လေးလေး မပြောတတ်တော့ဘူး"

"ငြိမ် သွားအိပ်တော့မယ် လေးလေး၊ မျက်လုံးတွေလေးလာပြီ"

"အင်း ...ဟုတ်သားပဲ၊ ညဉ့်နက်နေပြီ၊ သွားအိပ်သွားအိပ်"

ခြေသလုံးအလယ်မှာ တင်းကျပ်နေသော ဘောင်းဘီ





ရှည်အနက်လေးနှင့် တီရှပ်ပန်းဆီရောင်အပွကြီး ဝတ်ထားသော ငြိမ့်ပုံစံလေးက ဆယ်နှစ်ကျော်ရုံ မိန်းကလေးတစ်ဦးလိုပါ။

သူ အိမ်ထောင်ပြုသွားမှာ စိုးထိတ်နေတာလေးကို အပြစ်လည်း မယူရက်၊ စိတ်လည်း မဆိုးရက်ပါ။

သူကလေးဘက်က ကြည့်တော့ ဟုတ်နေသည်လေ။ အားကိုးတွယ်တာစရာ ကိုယ့်ကို ဘယ်လိုနည်းနှင့်မှ အဆုံးရှုံးခံနိုင်မည်မထင်။

တရားပါတယ်လို့ပဲ ယူဆပေးပါ့မယ် ကလေးရယ်။

ကလေး စိုးရိမ်နေတာတွေကို ဟိုးဆယ်နှစ်ကျော်ကာလကတည်းက လေးလေး ရင်ဆိုင်ဖြတ်ကျော်လာခဲ့ပြီးသားပါ။

အဲဒါတွေ ကလေးမှ မသိတာ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ထူးဆန်းသားပဲ၊ ငြိမ်က ရအောင်မမေးဘူးလား"

"မေးတယ် စွယ်တော်ရယ်၊ ဖြေမှမဖြေတာ"

"အတင်းအကျပ် မေးပါလားဟ"

"မပြောချင်တာကြီးကို"

ငြိမ်က ပခုံးထက်မှ လွယ်ထားသော ပန်းဖွားလွယ်အိတ်ရဲရဲလေး၏ လက်ကိုင်ကြိုးကို ခပ်ဖွဖွဆုပ်ကိုင်ထားမိရင်း ခေါင်းငုံ့စောင်းကာ ပြောမိသည်။

မျက်စိရှေ့ ဖြတ်ကွယ်သွားသည့် ဆံပင်တို့ကို လက်နှင့် အသာသပ်တင်လိုက်ရင်း အတွေးထဲမှာ အဖြေရှာမရတာကို စိတ်တိုချင်သည်။

ဆံပင်စတွေကလည်း လက်နှင့်သပ်တင်လိုက်၊ ဝဲခနဲပြန်ကျလာလိုက်နှင့် အလုပ်တစ်ခုဖြစ်နေတာကို ခါတိုင်းခါ





တိုင်းတုန်းက ပင်ပန်းသည် မထင်မိဘဲ သည်နေ့မှ ရှုပ်နေသည်ဟု ထင်မိကာ နောက်ကျိလာရသည်။

ခေါင်းငုံ့အကြည့်ရွှေ့လိုက်တာနှင့် ဆံပင်တွေက လုံးထွေးစွာ ကျလာစမြဲ။

လွယ်အိတ်ထဲမှ သိုးမွေးကွင်းအနက်ကလေးကို ထုတ်ယူကာ မျက်နှာပေါ် ဝဲကျလာသော ဆံပင်တွေကို သိမ်းယူလျက် တင်းကျပ်စွာ စည်းနှောင်ထားလိုက်မိ၏။

ကြည့်ရတာ ဘာပုံပေါက်နေမှန်း မသိပေမယ့် စိတ်ရှင်းသွားတာတော့ အမှန်။

စွယ်တော်က ငြိမ့်ကို ပြုံးစိစိလေး ကြည့်နေပြီးမှ...

"ဒီညကော ဆက်မလားမသိဘူးနော်"

ဟုလည်း စိတ်ဝင်တစား မေးနေသေး၏။

"စွယ်တော်"

"ဟင်"

"ထွန်းခေါင် ဆက်တာလို့ စွယ်တော် ထင်လားဟင်"

မထင်မှတ်သော ငြိမ့် အမေးစကားကြောင့် စွယ်တော်ရုတ်တရက် အမ်းသွားရသည်။

"အဲဒီလူနဲ့ ငြိမ်နဲ့ ..."

ငြိမ့်ကို လက်ညှိုးထိုးရင်း စကားစ တစ်ဝက်တစ်ပျက်မှာတင် ရပ်တန့်သွား၏။ မျက်လုံးလေးလည်း ဝိုင်းသွားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့အကြည့်ရောက်ရာဘက် လှမ်းကြည့်မိတော့ မသက်နှင့်အတူ မသက်လူကိုရော ထွန်းကိုပါ တွေ့လိုက်ရသည်။

မသက်တို့က ငြိမ်တို့ဆီ တန်းမတ်စွာ လျှောက်လာနေ၏။

မေသူ နေမကောင်းတာမို့ သတင်းမေးသွားကြဖို့ တိုင်ပင်ထားကြပြီးသား။

"ငြိမ်…ဒီနေ့နောက်ကျတယ်"

"ဟုတ်တယ် မသက်၊ မနေ့က လေးလေး ပြန်ရောက်တယ်လေ၊ အခု လေးလေး လိုက်ပို့တာ၊ အပြန်လည်း လာကြိုမှာသိလား"

ကလေးတစ်ဦးလို ခေါင်းလေးမော့ပြီး ခပ်ကြွားကြွား ပြောမိပြီးမှ ရှက်ဖို့သတိရသွားကာ အဟင်းဟု ရယ်ချမိသည်။

စွယ်တော်ကတော့ သီချင်စိတ်ပြင်းပြနေသော ကိုးတစ်ခုကို အခြေအနေအရ မျိုချလိုက်ရသည်မို့ ငြိမ်နှင့် ထွန်းကို သိသိသာသာပင် စူးစမ်းအကဲခတ်နေတော့၏။

"မေသူ့ဆီ သွားမှာလား"

"သွားမှာပေါ့၊ မသက် မလိုက်ဘူးလား"

"လိုက်မယ်လေ၊ သူတို့ပါ လိုက်မှာ"

မသက်အပြောကြောင့် ငြိမ့်မျက်နှာ တစ်မျိုးဖြစ်သွားရပေမည့် ချက်ချင်းပဲ ပြန်ပြင်ယူရသည်။

လူတစ်ဖက်သားကို အားနာစရာ ကောင်းသည်လေ။

"ဒါဆို သွားကြမယ်လေ"

မသက်လူ ကိုဇော်ကြီးက ဦးဆောင်ကာ ငြိမ်တို့ငါးဦး ထွက်လာခဲ့ကြ၏။ စွယ်တော်နှင့်အတူ ယှဉ်တွဲလျှောက်ရင်း သန့်ပြန့်သားနားလွန်းသော သူ့သဏ္ဌာန်က မျက်စိထဲ စွဲထင်ကျန်ရစ်နေ၏။

မိုးပြာရောင်လွင်လွင်နှင့် တီရှပ်က ထွားကျိုင်းသော ကိုယ်ခန္ဓာမှာ ကပ်ရပ်နေကာ ဘောင်းဘီရှည်အနက်နှင့် တွဲဖက်ဝတ်ထားပြီး ရှူးဖိနပ်အနက်ကလည်း အမြင့်ကြီးမို့ ရှည်လျားသော သူ့အရပ်ကို ပိုမိုပြီး မိုးမတ်စေသည်။

မျက်မှန်အနက်တပ်ကျင့်ကတော့ သူ့စတိုင်ပဲ ထင်၏။ စူးရှသော မျက်လုံးတစ်စုံကို တိုက်ရိုက် ရင်မဆိုင်ရတာမို့ ငြိမ့်အတွက် အသက်ရှူချောင်စေခဲ့သည်။

မာနနှင့်သရော်ဟန်တွေ ရောယှက်နေသော သည်မျက်လုံးတစ်စုံကို ဘာကြောင့်မှန်းမသိ ငြိမ် ကြာရှည်ယှဉ်မကြည့်ရဲပါ။

ဂျယ်ပဲ လိမ်းထားသလား၊ ကြွေတောင့်နှင့်ပဲ တိုက်ထားသလား မသိပေမယ့် စို့ရွဲပြောင်လက်နေသော ဆံပင်တွေက ဆွဲဆောင်မှုတစ်မျိုး ရှိနေ၏။

ဆံပင်တွေကို နောက်လှန်ဖြီးထားတာမို့ သူ့မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ထင်းထင်းလင်းလင်း ပေါ်လွင်နေ၏။

မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ တစ်ခုချင်း တစ်ခုချင်း ကြည့်ကောင်းလွန်းသော ဥပမိရုပ်ပိုင်ရှင်မို့ ဆံပင်စတွေ ဖယ်ရှားထားတာ မြင်သူငေးချင်စရာပေါ့။

"ဟောင်ကောင်မင်းသား ကျနေတာပဲ"

မကြားတကြားပြောသွားသော ကောင်မလေးတစ်ယောက်၏ စကားသံက သူ့အတွက် ဂုဏ်ယူကျေနပ်ချင်စရာ ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ငြိမ်ကတော့ မျက်နှာလေး မဲ့ကျသွားရသည်။

သူတို့ပြောသွားတာကို ငြိမ်တို့ တစ်အုပ်စုလုံး သေသေချာချာ ပီပီသသ ကြားလိုက်ရသည်။

"သက် ...တို့ကိုပြောသွားတာ ကြားတယ်မဟုတ်လား"

ကိုဇော်ကြီးက မသက်ဘက် ကိုယ်ကြီးကိုင်းကာ ပြောလိုက်တော့ စွယ်တော်က ငြိမ့်ဘက် လှည့်ကြည့်ရင်း နှာခေါင်းရှုံ့ပြသည်။

မသက်က 'အသိသာကြီးပါ' ဟု မပွင့်တပွင့် ပြန်ပြောလိုက်တော့ ထွဋ်က အော်ရယ်ပြီး ...

"ဟုတ်ပါတယ်ဗျာ ဇော်ကြီးကို ပြောသွားတာပါ" ဟု ရောချပေး၏။

သူ သည်လိုပြောလိုက်တာကို ငြိမ့် စိတ်ထဲမှုနှိုးချင်





၏။

"ကြည့်လို့ကို မရဘူး"

စွယ်တော်ကြားရရုံ တိုးတိုးကလေးပြောပေမယ့် ထွဋ်၏ ဦးခေါင်းက ချာခနဲလည်လာကာ ...

"ခင်ဗျားကိုလည်း ကြည့်မရဘူး" ဟု မာမာပြတ်ပြတ် ပြောလာတာကြောင့် ငြိမ် ပါးစပ်အဟောင်းသားနှင့် ကြောင်အမ်းသွားရသည်။

ပြန်ပြောစရာစကားလည်း ရုတ်တရက် ရှာမတွေ့။ ရှာဖွေတွေ့ရှိသွားချိန်မှာလည်း အံ့ဩသွားပုံရသည်။

ငြိမ့်ဆီ အကြည့်တွေ စုပြုံရောက်လာသဖြင့် နှုတ်ခမ်းလေးဖိကိုက်ရင်း ခေါင်းငုံ့လိုက်မိ၏။

'စွာလိုက်တာ' ဟု ကျောချမ်းစွာ တွေးလိုက်မိစဉ်မှာပဲ 'နောင်ဆိုဆင်ခြင်မှ' ဆိုသော အသိတရားက ရုတ်ခြည်းဝင်ရောက်လာ၏။

ဈေးမှာ တစ်ကြိမ်တွေ့တုန်းကလည်း သူ့ကို မတိုက်မိသေးဘဲ ငြိမ့်ကို ပြောသွားလိုက်တာများ ငြိမ့် တုန်လှုပ်စွာ ငေးကြောင်ရပ်နေမိသည်အထိ။

အခုလည်း ငြိမ် ပြောတာကို ကြားဖြစ်အောင် ကြားပြီး တုံ့ပြန်မှုကလည်း စက္ကန့်ပင်မခြား။

'ဖုန်းဆက်တာ သူ ဘယ်လိုမှမဖြစ်နိုင်ဘူး' ဟု တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်း သေချာသွားရပြန်သည်။

စောစောက ဗွယ်တော်ကို ထင်မြင်ချက်တောင်းမိတာပင် တကူးတက ပြန်ရုပ်သိမ်းပစ်ရတော့မလိုလို။

သည်လောက်ခါးသီးမုန်းမျက်နေတာ ဘယ်လိုလုပ်ငြိမ့်ဆီ တကူးတက တရေးတယူ တန်ဖိုးထား အချိန်ကုန်အောက်ကျခံပြီး ဖုန်းဆက်မှာတဲ့လဲ။

လွဲမှားလိုက်တဲ့ အတွေးအခေါ်။

ထွန့်က ရှုံ့မဲ့မှုန်ကုပ်နေသော မျက်နှာလေးကို မှန်းကြည့်ရင်း ရယ်ချင်စိတ်ကို ထိန်းထားရသည်။

ညှို့သက်တိုးပွလွန်းသော အသံလေးကို ပီသစွာ ကြားလိုက်မိတာ အာရုံစိုက်ထားမိလို့ပဲလား၊ နားကောင်းလွန်းတာပဲလား ခွဲခြားမကြည့်ချင်တော့ပါ။

သူ ပြန်ပြောလိုက်သော စကားကြောင့် နှုတ်ခမ်းလေးဖွင့်ဟကာ မျက်လုံးလေး တလည်လည်နှင့် ဟန်ပျက်သွားသော ပုံစံလေးက ကျေနပ်ချင်စရာ။

တစ်ခုခု ပြန်ပြောမည်ပြုပြီးမှ နှုတ်ခမ်းကိုက် ထိန်းလိုက်ပုံလေးကလည်း မျက်စိထဲ စွဲသွားစေသည်။

အဖြူဝတ်စုံလေးနှင့် လွယ်အိတ်အနီရဲလေးက ထင်းထင်းလင်းလင်းရှိသလို စီးထားသော ကြိုးသိုင်းဖိနပ် အနီလေးကလည်း ခြေထောက်ဖွေးဖွေးမှာ ပေါ်ပေါ်လွင်လွင် နေရာယူ





ထား၏။

ခါတိုင်းနှင့်မတူဘဲ မျက်နှာပေါ်ဝဲကျအုပ်မိုးနေတတ်သော ဆံပင်စင်းစင်းပျော့ပျော့တွေကို သိုးမွေးအနက်လေး ချည်နှောင်ထားတာကြောင့် မျက်နှာလေးက ပြောင်ပြောင်တင်းလေးရှိနေ၏။

ခြုံငုံပြောရလျှင်တော့ 'ချစ်စရာလေး' ဟုပဲ ဆိုရမည်ထင်သည်။

သူ့ကို ချဉ်တူးနေပုံလေးနှင့် ခပ်ဖယ်ဖယ် လုပ်နေပုံလေးကတော့ ဒေါသဖြစ်ချင်စရာပါပဲ။

စကားမပြောချင်သလိုလို၊ မကြည့်ချင်သလိုလို၊ အရောမဝင်ချင်သလိုလိုနှင့် ဘယ်လိုလေးမှန်းကို မသိပါ။

သည်လို သည်းသည်းလှုပ်လှုပ် ရှောင်ခွာနေချင်သူလေးနားမှာ တွယ်ကပ်နေဖို့ ဆုံးဖြတ်မိကာ ခေါ်ကြီးနှင့် လိုက်လာခဲ့ခြင်းပါပဲ။

ခဏတစ်ဖြုတ်မဟုတ်ဘဲ တစ်နေကုန်နေဖို့ တစ်ဦးတည်း တွေးမှတ်ထားလိုက်၏။

ငွေရောင်နှုတ်ခမ်းဆေးဆိုးထားသော နှုတ်ခမ်းတစ်စုံသည်လည်းကောင်း၊ ငွေရောင် ရှဲဒိုးခြယ်ထားသော မျက်ဝန်းတစ်စုံသည်လည်းကောင်း မာနဖြင့် ခက်ထန်မာကျောနေသောသူ့အတွက်တော့ ရင်မောချင်စရာ။

www.burmeseclassic.com



အရှည်ကြီးတို့၊ ဝင်းလွင်တို့ ပြောကြသလိုဆိုရင် သူ့အတွက် အနုတ်လက္ခဏာတွေ များများလာနေတာပဲ ဖြစ်နိုင်သည်။

သူကလည်း သူ၊ သည်မိန်းကလေးကို ဘယ်လိုမှ နှုးညံ့ဖော်ရွေမှုတွေ မပြနိုင်ခဲ့ပါ။

သူနှင့်တွေ့တိုင်း ခက်ထန်နေတတ်သောစိတ်နှင့် တုံ့ခနဲ ထွက်တတ်သော ဒေါသကို ချုပ်တည်းမရခဲ့ပါ။

သူမစကားတွေ အပြုအမူတွေက သူ့ကို သွေးဆူလှုပ်စေသည်။ အေးစက်ပြတ်သားသော ဆက်ဆံရေးကို ဖြစ်ထွန်းစေသည်။

အဲသည်လိုဖြစ်မိတာ ဘာကြောင့်လဲဟု အကြိမ်ကြိမ် ဆန်းစစ်အပြီးမှာ ရရှိလာသောအဖြေက သူ့အတွက် ခေါင်းကြီးစရာ ဖြစ်ခဲ့ရသည်။

သူမကို ချစ်နေမိတာကလွဲလို့ တခြား ဘာဖြစ်နိုင်ဦးမှာတဲ့လဲ။

"ချစ်နေမိတာပဲ"

ဟု ရေရေရာရာသိပြီးချိန်မှာ ပထမဦးစွာ ထွင့်ရကိုယ် ထွင့် ဒေါသဖြစ်သည်။ အပြစ်မြင်သည်။

ကြင်နာမိပြီဆိုကတည်းက ရှုံးပြီပေါ့။ သွားပြီပေါ့။

ကိုယ့်အားနည်းချက် အရှုံးကို သူမရှေ့မှာ ချပြလိုက်





မှီ ဝန်လေးနေမိသည်။

သူမဘာသာ သူမ ရှာဖွေတွေ့ရှိသွားမှာလည်း စိုးရိမ်သည်။ အတတ်နိုင်ဆုံး ဖုံးကွယ်ထားဖို့ပဲ သူ ကြိုးစားချင်မိ၏။

ဒုတိယအပြစ်မြင်မိတာက သူမကိုပါ။

သူမ ဘာကြောင့် ကိုယ့်ရင်ထဲကို ထွင်းဖောက် စူးနစ်လာခဲ့ရတာလဲ။

'ဒီလိုဟာလေး'ကို ရင်တစ်ခုလုံးနေရာပေးပြီး မြတ်နိုးမိလိမ့်မည်ဟု အယ်တုန်းကမှ ထင်မထားခဲ့။

ထင်မထားခဲ့တာကြောင့်လည်း ကိုယ် သေချာသိနေတာကြီးကို မသိသလိုဟန်ဆောင်နေ နေမိသည်။

ကိုယ် အမြတ်တနိုးနှင့် ရွေးချယ်ဖြစ်မည့် အဖော်မွန်သည် သူမလို ကလေးမကျ လူကြီးမကျတဲ့လေး မဟုတ်စေချင်။

ကိုယ့်စိတ်ကူးထဲမှာ ဒါမျိုးလေးကို ယောင်၍မျှပင် စဉ်းစားခဲ့မိပါ။

'သဇင်မောင်မောင်'လို မိန်းကလေးမျိုးတောင် ကိုယ်က ကိုယ်နှင့်ညီသည်ဟု ထင်နိုင်ခဲ့တာမဟုတ်ပါ။

သူမနှင့် သဇင်မောင်မောင်ဆို မယှဉ်သင့်လောက်အောင် ကွာခြားလွန်းသည်ဟု ကိုယ်တိုင်ထင်သည်။

သဇင်မောင်မောင်က တကယ့်ကို နှစ်သက်စရာပြွ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည့်နေခဲ့သူ လှမှုရေးကြည့်ကြည့်၊ နေတတ်ထိုင်တတ်တာ ကြည့်ကြည့်၊ အရည်အချင်းကြည့်ကြည့်၊ ဘယ်ဘက်ကပဲ လှည့်ပတ်ကြည့်ကြည့် သည်ကောင်မလေးထက် သာနေမှာပါပဲ။

ဦးနှောက်နှင့် စဉ်းစားရွေးချယ်စတမ်းဆို ကိုယ်နှင့်လိုက်ဖက်တာက သဇင်မောင်မောင်ပဲဟု နားလည်ယူဆထားမိသည်။

သို့ပေမယ့် သူ့စိတ်တွေက သူမအပေါ် ယိမ်းထိုးကျနေ၏။

ပိုင်ပိုင်နိုင်နိုင် ယတိပြတ်မဆုံးဖြတ်ရသေးခင်မှာပဲ လူက သူမရှေ့မှောက် ရောက်ရောက်နေခဲ့ပြီ။

"ထွန်း"

"ဟာ …မောင်မောင်၊ မပြန်သေးဘူးလား"

မျက်နှာချင်းဆိုင်မှုလာနေသော သဇင်မောင်မောင်က နှုတ်ဆက်လိုက်သောကြောင့် သူ့အတွေးစတွေ ပြတ်တောက်ကုန်ရသည်။

"ထွန်း …ဘယ်လာတာလဲ"

သူမေးတာကို ပြန်မဖြေသေးဘဲ သူမက မေးခွန်းပြန်ထုတ်သည်။

"ဒီမှာလေ၊ ဖော်ကြီးနဲ့ လိုက်လာတာ"





"လည်တတ်နေပြီပေါ့လေ"

ရိသဲ့သဲ့လေးမေးရင်း ငြိမ်းတို့အုပ်စုကို ဝေ့ခနဲကြည့်လာ၏။

"ဪ"

ငြိမ်းကိုတွေ့သွားတော့ အံ့ဩလွန်းစွာ …

"ဪ"

ဟု ရေရွတ်၏။

ငြိမ်းကတော့ ဟက်ဟက်ပက်ပက်ကလေးပဲ ပြန်ပြုံးပြလိုက်မိ၏။

"အခု ဘယ်သွားကြမှာလဲ"

"သူငယ်ချင်းတစ်ယောက်နေမကောင်းတာ သွားမေးမလို့"

"ဘယ်သူလဲ၊ ထွန်း သူငယ်ချင်းလား"

"မဟုတ်ပါဘူး"

ဖြေရှင်းရခက်နေပုံဖြင့် အကျပ်တွေ့နေတာကို ငြိမ်းဝမ်းသာသွား၏။

သဇင်မောင်မောင်ကတော့ ထွန်းကို အကြည့်မလွှဲတမ်း စိုက်ကြည့်ရင်း စစ်ချက်တွေ ထုတ်နေတော့၏။

"မောင်မောင်ပါ လိုက်ခဲ့မလား"

"ဟင့်အင်း …အိမ်ပြန်တော့မှာ၊ ထွန်း လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



မလို့လား”

ထွင်္ဋက ခြေစုံရပ်ထားသော ခြေလှမ်းတွေကို ရွှေလျားပစ်ဖို့ ခဲယဉ်းလွန်းစွာ ခေါင်းရှုပ်လာရ၏။

သဇင်မောင်မောင်နှင့်ပဲ နေရစ်ခဲ့ရမလား။ သူတို့အုပ်စုနဲ့ပဲ ဆက်လိုက်သွားရမလား။

မဆုံးဖြတ်တတ်အောင် ရှိချေ၏။

ကိုယ့်ကြောင့် ရပ်စောင့်ဆိုင်းနေရသော သူတို့ကို အားနာမိတာလည်း အမှန်ပါ။

“ထွင်္ဋ …မောင်မောင်နဲ့လိုက်မှာလား”

သဇင်မောင်မောင်က စိတ်မရှည်တော့သလို ခပ်ဆတ်ဆတ်မေး၏။

“ဇော်ကြီး …မင်းတို့ပဲသွားလိုက်တော့၊ ဖြစ်မလား”

သူ ဇော်ကြီးကိုလှမ်းကြည့်ကာ မေး၏။

“မင်းက ဘယ်သွားမှာလဲ၊ အတူတူပြန်မယ်လေ။ ဒီကျောင်းကပဲ စောင့်နေမလား၊ ပြောထားခဲ့”

“မြန်မြန်ပြန်လာကွာ၊ ဒီကပဲစောင့်မယ်”

“အေး …အေး ပြီးရော”

သူတို့ထွက်သွားတော့ သဇင်မောင်မောင်နှင့် လျှောက်လာခဲ့ရပေမယ့် စိတ်က ငွေရောင်နှုတ်ခမ်းလေး တစ်စုံနောက်ပဲ ကပ်ငြိပါသွား၏။





“ထွင်္ဋ”

“ဘာလဲမောင်မောင်”

“ထွင်္ဋ ဘာလို့လျှောက်သွားနေတာလဲ”

သူ့မျက်လုံးတွေထဲ အဖြေရှာသလို ကြည့်နေတာကြောင့် အနေခက်သွားရရင်း …

“လျှောက်သွားနေတာ မဟုတ်ပါဘူး၊ အဖော်လိုက်တာပါ”

ဟု ဖြေရှင်းချက်ပေးမိ၏။

“အင်းလေ”

သဇင်မောင်မောင် စကားမဆက်ချင်တော့သလိုနှင့် ငြိမ်သွား၏။

“ကင်တင်းထိုင်ရအောင်”

ထွင်္ဋ ဖိတ်ခေါ်မှုကို သူမ မငြင်းဆန်ပါ။

“သဘောပဲလေ”

သူက ဘာလက်ကော်ဖီ မှာသောက်ပေမယ့် မောင်မောင်က သံပရာရည် မှာသောက်သည်။

ဆီးညိုရောင်ဝမ်းဆက်လေးနှင့် စတိုင်ကျလွန်းသော ခြေကြော့မတ်မတ်ပုံစံလေးက ငြိမ်လေးလောက် ချစ်စရာကောင်းသော်လည်း စွဲမက်စရာတော့ အရမ်းကောင်းနေ၏။

“ထွင်္ဋ …ကျောင်းမတက်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အားတယ်"

"ဟင် …အားတယ်"

"ဟုတ်တယ်လေ"

မယုံသလိုမေးတာကို ခပ်တည်တည်ဖြေလိုက်

သဇင်မောင်မောင်က စဉ်းစားသလို တွေးနေ၏။

'မောင်မောင်က ဆေးကျောင်းကမဟုတ်တော့

ပေါ့'ဟု ဆိုတာကို သူ ရယ်နေမိသည်။

"မညာပါဘူး၊ တကယ်ပါ"ဟုလည်း မဆို။

"အလကားစတာ၊ ဒီနေ့ အရေးသိပ်မကြီးတာနဲ့

လာတာ"ဟုလည်း မပြောတော့။ မောင်မောင် ကျေနပ်

မဟုတ်တာ သူ သိသည်။

"အခု ထွဋ်က အိမ်မပြန်သေးဘူးလား"

"ဖော်ကြီးကို စောင့်ရဦးမယ်လေ"

"ထွဋ်၊ တစ်မျိုးပဲ၊ မောင်မောင် အရမ်းထူးဆ

မိတယ်၊ ဒီမှာ ဘာလို့အချိန်ကုန်ခံ လာနေတာလဲလို့ မေး

မရဘူး"

"ဆယ်ခါတစ်ခါပါဟာ၊ လူပဲ၊ အမြဲချည်း

တစ်ခုထဲမှာ ဘယ်နေနိုင်ပါ့မလဲ"

"အင်း …အဲဒီအပြောတွေကိုက အစကနဲ့ မတူ

တာ"



"မောင်မောင်ထင်တာ ဖြစ်မှာပါ"

ဘလက်ကော်ဖီကို ဇွန်းလေးနှင့် မွှေနှောက်နေရင်း

သူ ပြောမိသည်။

"ကဲပါလေ …ထားပါတော့"

မောင်မောင်က အဝေးကို ငေးကြည့်နေရင်း …

"မောင်မောင် သွားမယ်"ဟု ခပ်တိုးတိုးနှုတ်ဆက်၏။

"နေပါဦး မောင်မောင်၊ ချက်ချင်းကြီး"

"ကိုဖော်ကြီး ပြန်လာတဲ့အထိ နေပေးရမလား"

မာကျောခြင်းမရှိပေမယ့် မောင်မောင့်အသံတို့က ရှတ

နေသည်။

"ဟာ …ဒီလောက်ကြီးမလိုပါဘူး၊ ကိုယ်က မောင်

မောင်နဲ့ စကားပြောချင်လို့ ကြိုလိုက်ခဲ့တာပါ"

ထွဋ်၏ စကားကို မောင်မောင် နှုတ်ခမ်းစေ့ပြုံး၏။

"ထားပါ၊ ဘာတွေပြောချင်တာလဲ ပြော"

"ကိုယ်တို့ မတွေ့တာကြာပြီ၊ မောင်မောင် ဖုန်းလည်း

မဆက်ဘူး"

"ထွဋ် ဆက်ပေါ့၊ ငရဲကြီးမှာစိုးလို့လား"

"ဟာကွာ …ဒီနေ့ မောင်မောင်နဲ့စကားပြောရတာ

သိပ်အဆင်မပြေဘူး"

မွှေနှောက်နေသော ဇွန်းကို ပန်းကန်ပြားပေါ်ချ

www.burmeseclassic.com



ထားပြီး ကော်ဖီကို တစ်ငုံနှစ်ငုံသောက်ဖြစ်၏။

မောင်မောင်က စာအုပ်တစ်အုပ် စားပွဲပေါ်တင်ကာ ဖတ်နေ၏။

"မောင်မောင်"

သူခေါ်တော့ 'ဟင်'ဟု ထူးပေမယ့် အကြည့်က စာအုပ်ပေါ်မှမခွာ။

"ကျွတ်"

"ထွဋ်ပဲ စကားပြောရတာ အဆင်မပြေဘူးဆို"

"ဟုတ်တယ်လေ"

"ဘယ်ပြေမလဲ ...မောင်မောင်မှ မကျေနပ်တာ"

"ဘာကိုမကျေနပ်တာလဲ"

"အကျီးမဲ့ ဒီရောက်နေတာ"

သူ ခေါင်းမော့ပြီး ဟက်ခနဲရယ်တော့ မောင်မောင်က မျက်စောင်းထိုးသည်။

"ဆောရီးကွာ ...နောက် ဒီလိုမဖြစ်စေရဘူး"

သူမ ကျေနပ်အောင် အလိုက်အထိုက်ပြောနေမိသည်။

"စောင့်ကြည့်ရဦးမယ်"

"ကြည့် ...ကြည့်"

"မသက် သူငယ်ချင်းမလေးက မချောပါဘူး၊ စွယ်တော်ဆိုလား"





"အဟား"

သစခင်မောင်မောင်၏ ထင်မြင်ချက်ကို သူ တစ်အား ရယ်ချင်သွားသည်။ အင်းလေ ...ငြိမ့်လို ကောင်မလေးကို ထွဋ် စွဲငြိနေပြီဟု ဘယ်ထင်ပါ့မလဲ။

စွယ်တော်ဆိုတာလေးကိုလည်း ထွဋ် နိုက်မှာမဟုတ်နိုင်ဟု သိထားတာမို့ မောင်မောင်က အဖြေရှာရခက်နေလောက်ပြီ။

ငြိမ့်ကို ပေါ့ပေါ့ဆဆ အရေးမလုပ်ခဲ့တာ မောင်မောင် အသိဆုံးပဲ မဟုတ်လား။

ထို့ကြောင့်လည်း ငြိမ့်ကို ဘေးထုတ်ထားတာဖြစ်မည်။

"ထွဋ် ...စွယ်တော်ကိုလား"

"ဘာလဲဟ ...မဟုတ်ကဟုတ်က၊ အဲဒါလေးများ"

အတင်းငြင်းဆန်လိုက်ပုံကြောင့် မောင်မောင် ခစ်ခနဲ ရယ်၏။

"သိပါတယ်၊ ဒါပေမယ့် သေချာအောင် မေးကြည့်တာပါ၊ ဒါဆို ဇော်ကြီးနဲ့ အဖော်လိုက်ရှုံသက်သက်ပေါ့၊ ဟုတ်လား"

"ဒါပေါ့"

သည်လို ညာလိုက်တာကို သူ ဘဝင်ခိုက်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းမှာ မက်မပြေစွာ တောင့်တနေမိပေမယ့် နှုတ်များက သူမကို အဖက်လုပ်ပြီး ထည့်မပြောဖြစ်တာ သူ တကယ်တော်သည်ပဲ ယူဆမိသည်။

"မောင်မောင် ပြန်တော့မယ်"

"ကောင်းပြီလေ"

ထွန်း ကော်ဖီဖိုးနှင့် သံပရာရည်ဖိုးကိုရှင်းလိုက်ပြီး သစင်မောင်မောင်ကို ကားနားအထိလိုက်ပို့ပြီး ငြိမ်တို့ အတန်းမှာ လာစောင့်နေမိသည်။

သိပ်မကြာလိုက်ဘဲ ငြိမ်တို့အုပ်စု ပြန်ရောက်လာ၏။

"ထွန်းရေ ...စောင့်လက်စနဲ့ ခဏစောင့်ကွာ၊ သက်တို့ မြန်မာစာကျူတိုရီရယ်ရှိတယ်တဲ့ကွ၊ နေမကောင်းတဲ့ ကောင်မလေးအစား ငါ ဝင်ဖြေပေးလိုက်မယ်"

ထွန်း ခေါင်းညိတ်မိ၏။

အဲဒါကြောင့် သူတို့ ပြေးပြေးလွှားလွှား ပြန်ရောက်လာကြတာကိုး။

"မင်းဖြေပေးလို့ ဖြစ်မှာလား"

"ဖြစ်ပါတယ်၊ တီချယ့်ကို ပြောထားပြီးသား"

"ဩော်"

ထွန်း မေးတာကို မသက်က ဝင်ဖြေ၏။

"ငါက အပြင်ကပဲစောင့်ရမှာလား"



"အတန်းထဲဝင်ထိုင်ပါ၊ ရပါတယ်၊ တီချယ်က သဘောကောင်းပြီးသား"

နောက်ဆုံးတန်း ခုံလွတ်တစ်ခုမှာ ထွန်း ဝင်ထိုင်မိ၏။

ဇော်ကြီးနှင့် မသက်က သူ့ဘေးမှာထိုင်ပြီး စွယ်တော်နှင့် ငြိမ်က ရှေ့ခုံတစ်ခုံကျော်မှာ သွားထိုင်သည်။

ခေါင်းလေးငုံ့ပြီး စိတ်ပါလက်ပါ အလွှတ်ရေးနေတာကို ကြည့်ရင်း သူမကို ကိုယ် တကယ်ချစ်နေမိပြီပဲဟု နားလည်မိ၏။

"ဟော ...ငြိမ့်လေးလေး"

မသက်အသံကြောင့် ထွန်း ဆတ်ခနဲဖြစ်သွားတာ အပြင်ကို ကမန်းကတန်းလှမ်းကြည့်မိသည်။

"ဘယ်မှာလဲ"

ဇော်ကြီး မေးလိုက်တာကြောင့် မသက်က "ဟိုးမှာလေ ...ရပ်နေတာ မတွေ့ဘူးလား ရှောင်မျက်မှန်နဲ့ ရှပ်အင်္ကျီအဖြူနဲ့" ဟု ပြောပြသည်။

ထွန်းလည်း ငြိမ့်လေးလေးဆိုသူကို မှတ်မိအောင် ကြည့်ထားလိုက်သည်။

"ငြိမ်ရေ ...မူလေးလေး ရောက်နေပြီ"

"ဟင် ...ဟုတ်လား"

စာထဲ စိတ်ရောက်နေရာမှ ဆတ်ခနဲ ခေါင်းလေးမော့



www.burmeseclassic.com

www.burmeseclassic.com



ပြီး အပြင်ကို လှမ်းကြည့်လျက် မျက်နှာတစ်ပြင်လုံး ဝင်းလ
ချိုအိသွားရသည်။

လက်ဝါးလေးတစ်ဖက် မျက်နှာဘေးမှာ ကပ်ထော
မြှောင်း 'ခဏ' ဟူသော ပုံစံလေးလုပ်ပြ၏။

"ငြိမ်ရေ ...ပြန်မှာလား"

"အင်းပေါ့ ...ကျူတိုရီရယ်ရှိလို့ လာတာ၊ လေးထေ
နဲ့ လျှောက်လည်မလို့"

"မသက် လိုက်ချင်လိုက်တာ"

"မရပါဘူး"

ငြိမ်က စာငုံ့ရေးလိုက် သူ့လေးလေးဆီ လှမ်းကြ
လိုက်နှင့် စိတ်လောနေ၏။

အားလုံးထဲမှာ ငြိမ်က အရင်ဦးဆုံး ပြီး၏။

မသက်ကတော့ ဇော်ကြီးကိုလည်း ခေါ်ပေး၊ ကိုယ်
တိုင်လည်း ရေးလုပ်နေရတာမို့ မပြီးနိုင်သေးပေ။

"စွယ်တော် ...ငြိမ် သွားမယ်"

"အင်းပါ ...အင်း ...အင်း"

"စောင့်ရဦးမလား"

နှုတ်ဆက်ပြီးကာမှ အားနာသလိုလေး မေးသံကို ကြား
ရသည်။

"ရပါတယ်၊ သွား ...သွား"





ငြိမ်က သူ့ဘေးနားကို ရောက်လာပြီး မသက်ကို
လှမ်းနှုတ်ဆက်၏။

"မသက် ...ငြိမ် ပြန်မယ်"

"မသက်လဲ လိုက်မယ်ဆို"

"ဟင်းနော်"

လက်ညှိုးလေးထောင်ပြီး 'သတိထား' ဆိုသော ပုံစံ
လေး လုပ်ပြပြီးမှ သူ့ဆီအကြည့်ရောက်၏။

သူ့ကို စူးခနဲကြည့်ရင်း နှုတ်ခမ်းလေးမဲ့သွား၏။ ပြီးမှ
ချာခနဲ လှည့်ထွက်သွားတော့ ရုတ်တရက် ပြေးလိုက်သွားချင်
စိတ်ပင် ပေါက်သွားရသည်။

မသက်တို့လည်း ဖြေလို့ပြီးပြီမို့ အခန်းထဲမှ ထွက်ခဲ့
ကြတော့ ငြိမ်တို့ကို လှမ်းတွေ့လိုက်ရသည်။

ငြိမ်က ဖြေဆိုခဲ့သော ကျူတိုရီရယ်စာအုပ်ကို စွယ်
တော်ဆီ ပေးထားခဲ့တာမို့ စွယ်တော်က တီချယ့်ဆီ သူ့စာအုပ်
နှင့် ရောပေါင်းပြီး သွားအပ်ပေးနေသည်။

"စွယ်တော်ရေ ...လေးလေးကိုမြင်တာနဲ့ အခေျာ
လွန်ပြီး စာနှစ်ကြောင်း မေ့ကျန်သွားတယ်၊ ထပ်ခဲ့ပြီလား"

ဟု ကလေးဆန်စွာပဲ ပြော၏။

"ထပ်ခဲ့ပြီ"

"မတတ်နိုင်ပါဘူး"

www.burmeseclassic.com



လေးလေး လက်မောင်းကို ပိုင်နိုင်စွာ ခိုတွဲရင်း ပြော နေမိပြီးမှ သူ့ဆီ အကြည့်ရောက်သည်။

မျက်နှာလေးတည်သွားရင်း နှုတ်ခမ်းကို တင်းနေအောင် စေ့မိသည်။

"လေးလေးရေ ...ရုပ်ရှင်ကြည့်မယ်နော်၊ ပင်ဒါမှာ ကျွေးရမယ်၊ သိလား"

လေးလေးက ငြိမ်ပြောသမျှ ခေါင်းညိတ်နေ၏။

"လေးလေးရေ ...မေသူ နေမကောင်းတာ သွားကြည့်တယ်၊ အရမ်းပိန်သွားတာပဲ၊ ဂျယ်နှီးနောက်ရောင်ရောဂါလို့ ပြောတယ်၊ ငြိမ်တော့ ကြောက်လိုက်တာ အရမ်းပဲ"

ပခုံးလေးတွန့်လိုက်၊ မျက်ခုံးလေးရှုံ့လိုက်နှင့် ပိစိကွေးလေးလို လုပ်နေတာကိုပဲ သူမ လေးလေးဆိုသူ အသည်းခိုက်နေတာ ဖြစ်မည်။

လေးလေး ဟု ခေါ်ပေမယ့် အရွယ်က သူမနှင့် သိပ်မကွာခြားလှ။ အစ်ကို အကြီးဆုံးနှင့် ညီမ အငယ်ဆုံးလေးလောက်ပဲ ထင်ရ၏။

ငြိမ့်လေးလေးဆိုသူက သန့်ပြန့်ကာ တကယ်ကြည့်ကောင်းနေ၏။

"သွားမယ်နော်"

ငြိမ်က အားလုံးကို ခြုံငုံနှုတ်ဆက်ကာ ကားထဲဝင်





ထိုင်လိုက်၏။ ထွက်ခွာသွားသော သူမတို့ကားလေးကို ငေးကြည့်ရင်း သူ ခပ်တောင့်တောင့်ရပ်နေမိသည်။

ငြိမ်က ကားထဲမှာ မလှုပ်မယှက်ထိုင်နေရင်း ဝေးကျန်ရစ်ခဲ့သော ပုံရိပ်ကလေးကို ကားမှန်ထဲမှာ စူးစူးစိုက်စိုက် ငေးနေမိလေသည်။

"လေးလေး"

"ဗျာ"

"ထွန်း ဆိုတာ ဟိုတစ်ယောက်ပေါ့၊ တွေ့လိုက်လား"

"တီရှပ်အစိမ်းနဲ့"

"ဟုတ်တယ် ...ဟုတ်တယ်"

"ကောင်လေးက ခန့်ချောလေးပဲ"

"အလကားပါ၊ မာနကြီးတယ်၊ လေးလေး ဘာသိလဲ"

"မာနကြီးတာ ကောင်းတာပေါ့ကွ"

"ငြိမ့် မကြိုက်ပါဘူး လေးလေးရာ"

လေးလေးက ငြိမ့်ဘက်ကို ချစ်စနိုးလေး ကြည့်ရင်း...

"ဘာလဲ ...လေးလေးလို့ အလျှော့ပေး၊ အလိုလိုက်ဆော့လူမျိုး ရှာနေတာလား၊ ဟုတ်လား ...ဟော"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲခံစားမိသမျှ အကုန်အစင်ပြောချပစ်ဖို့ ပြင်ပြီးမှ မြူးတူးတူဖြစ်နေသော လေးလေးမျက်နှာကို ကြည့်မိရင်း စတာဟု သိရှိသွားကာ ...

"လေးလေးနော်"

ဟု မူတူတူလေး ပြောမိသည်။

"လေးလေးက ဘယ်မှာအလိုလိုက်လို့လဲ၊ ဘယ်မှာ အလျှော့ပေးလို့လဲ၊ ပြောပါဦး"

"ပြောစရာမလိုပါဘူးကွာ၊ ငြိမ်လေး သိသားပဲ"

"အနိုင်ပိုင်းပြီ တွေ့လား၊ အဲဒါများ အလျှော့ပေးသတဲ့"

ငြိမ်က ခေါင်းတညိတ်ညိတ်နှင့် တရားကျစရာကောင်းပါပေတယ်ဟု ပြောမိ၏။ လေးလေးက အားပါးတရ ရယ်နေခဲ့သည်။

လေးလေးရယ် ...

ဘယ်တော့မှ မခွဲကြေးနော်။

ဘယ်အရာတွေ ဘယ်လိုပြောင်းပြောင်း လေးလေးနဲ့ ငြိမ်တို့အကြားမှာ ရှိနေတဲ့ မေတ္တာတရားကတော့ ထာဝရရှင်သန်နေကြေးနော်။

မပြောင်းလဲကြေး။

× × × ×





အခန်း (၁၁)

လေးလေး နေမကောင်းသဖြင့် ငြိမ် ပျာယာခတ်နေမိသည်။

ဘာတစ်ခုမှ ဟုတ်တိပတ်တိ မလုပ်ကိုင်ပေးတတ်ပေမယ့် အငြိမ်မနေနိုင်ဘဲ ဟိုပါသည်ပါနှင့် တစ်ဦးတည်း ချာလည်ယမ်းနေ၏။

လေးလေးက အရမ်းဖျားသည်။ အဖျားကျသွားတော့လည်း ခေါင်း တစ်အားမူးနေသည်တဲ့။

ဆရာဝန် လာကြည့်ပေးတာ တစ်နေ့တည်းမှာပင် နှစ်ကြိမ်ရှိသွားပြီ။

ရင်တစ်ခုလုံး ပူလောင်ကျိန်းစပ်ကာ နေမရ ထိုင်မရ ရှိသည်။

"ငြိမ်ရယ် ...စိတ်အေးအေးထားစမ်းပါ၊ ဟိုကာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှမဖြစ်ခင် ညည်းလေး အရင်ရှုးသွားလိမ့်မယ်''

ကြီးမေက ငြိမ် ရှုပ်ယှက်ခတ်နေတာကို မျက်စိ
သလို ပြောလာ၏။

''လေးလေး ကောင်းသွားမှာပါနော်၊ ကောင်းသွား
ပါ''

ဟု တစ်ဦးတည်း ရေရွတ်နေတော့ ကြီးမေ ဆု
သည်။

''ဘာမှမဖြစ်ပါဘူးတော် ...တကတဲ''ဟု အ
ကာ ပွစိပွစိ လုပ်နေတော့၏။

''ဟာ ...ကြီးမေကလည်း ညစ်နေရတဲ့အထဲ
တောက်ဗျစ်တောက်နဲ့''

လေးလေး နေမကောင်းဖြစ်နေချိန်မှာ ငြိမ် အ
စိတ်တိုနေသည်။

စိုးရိမ်စိတ်နှင့် ရှုးမတတ်ဖြစ်နေတာ ကြီးမေ
သိသည်။

''ထမင်းစားတော့လေ''

''ရေချိုးတော့လေ''

''လာ ...ကော်ဖီသောက်''

''သွားအိပ်ချည်တော့''

ဟု တစ်နေ့တာကိစ္စကို အစအဆုံး တိုက်တွန်း





ပေးနေရသည်။

''ငြိမ် ...မဆာသေးဘူး''

''ဟာ ...မချိုးချင်သေးပါဘူး''

''ငြိမ့်မှ မအိပ်ချင်သေးတာ၊ အိပ်ပျော်မှာလည်း
မဟုတ်ဘူး''

ဟု ငြင်းဆန်ရင်း လေးလေးအနီးမှာပဲ ပေကတ်ထိုင်
နေမိသည်။

ဒေါ်နွယ်သဇင်က လေးလေးကို သာကြည့်ပြီး လိုအပ်
တာတွေ သွက်သွက်လက်လက် လုပ်ကိုင်ပေး၏။

လေးလေး အခန်းကိုရှင်းပေးတာကစလို့ ကြက်ပေါင်း
ရည်တိုက်တာ၊ ဆေးတိုက်တာအဆုံး မနားတမ်း မအောတမ်း
ပြုစုပေးတော့ ငြိမ် တိတ်တဆိတ် စောင့်ကြည့်နေမိသည်။

ညပိုင်းရောက်တော့ လေးလေး ထူထူထောင်ထောင်
ရှိလာ၏။ ဒေါ်နွယ်သဇင်ကလည်း အိမ်ပြန်ဖို့ ပြင်ဆင်နေပြီ။

ငြိမ်ကတော့ လေးလေး အခန်းထောင့်ကြမ်းပြင်မှာ
နံရံကိုမှီချရင်း လျှော့ရဲရဲထိုင်နေဖြစ်၏။

လေးလေးက ခုတင်ထက်မှာ ငုတ်တုတ်ထိုင်တော့
ဒေါ်နွယ်သဇင်က ညတိုက်ရမည့်ဆေးတစ်စုံစာကို တိုက်သည်။

ငြိမ် လေးလေးကို မျက်ရည်တွေ ရစ်ဝဲလျက် ကြည့်
နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်"

လေးလေးက ငြိမ့်ကို လှမ်းခေါ်သည်။

မော်တတ်ရပ်ပြီး လျှောက်သွားမနေတော့ လေးဘက်ထောက်ကာ အပြေးကလေး ရောက်သွားမိ၏။ ခုတင်နားရောက်မှ ဒူးထောက်ထိုင်ကာ …

"လေးလေး …သက်သာလာပြီလား"

ဟု အင်အားချည့်နဲ့စွာ မေးမိသည်။

"သက်သာသွားပါပြီကွာ၊ လေးလေး နေကောင်းသွားပါပြီ"

ငြိမ် အားငယ်နေမှာ စိုး၍လားမသိ။

လေးလေးက စိတ်ချမ်းသာအောင် ပြော၏။

ခေါ်နွယ်သစင်ကိုလည်း …

"ကျေးဇူးပဲ"

ဟု ခပ်တိုးတိုးဆို၏။

"ငြိမ်လေးပုံလည်း ကြည့်ပါဦးကွာ၊ ဘယ်လိုဖြစ်နေတာလဲ၊ သိပ်စိတ်ပူနေလား၊ ဟုတ်လား၊ လေးလေး ဘာမှမဖြစ်ပါဘူး"

"လေးလေးရယ်"

ငြိမ် ရှိုက်ငိုမိသည်။

"ကွာ …ကလေးက စိုးရိမ်ကြီးလိုက်တာ၊ တိတ်…တိတ် မငိုကောင်းဘူး"





"လေးလေး ဘာမှမဖြစ်ပါဘူးနော်"

ကိုယ့်အတွက်ထက် သူကလေးအတွက် မြန်မြန်နေ…င်းဖို့ အရေးကြီးနေသည့် အဖြစ်ပါလား။

"ဘာမှမဖြစ်ပါဘူးဆိုကွာ၊ တစ်ခါတလေ ဖျားတာ…"

ခပ်ပေါ့ပေါ့ပြောပေမယ့် ငြိမ့်ရင်ထဲ မအေးချမ်းနိုင်…။

"လေးလေးရယ် …ငြိမ် ရှူးတော့မှာပဲ"

"ခေါင်းအေးအေး ထားမှပေါ့၊ သွေးအေးရမယ်၊ ဘာ…ရင်ဆိုင်ရဲရမယ်၊ အဲဒါမျိုးမှ လေးလေးက ကြိုက်တာ"

"လေးလေး မဟုတ်ဘဲ တခြားလူဆို နေနိုင်သားပဲ"

ငြိမ့်စကားဆုံးတော့ ခေါ်နွယ်သစင်က တဟင်းဟင်း…သည်။

"လေးလေးကို သိပ်ချစ်လို့ပေါ့နော်"

"အင်းပေါ့ …လေးလေးရယ်၊ တစ်လောကလုံးမှာ…လေးကို ငြိမ့်အချစ်ဆုံးပဲ"

လေးလေးက ကြားချင်နေတာလေးကို အခွင့်အရေး…ုန်း မေး၏။ ငြိမ့်ကလည်း လေးလေး စိတ်ချမ်းသာအောင်…င်ချိုတာလေးပဲ ပြောချင်သည်။

ငယ်ငယ်တုန်းကတော့ …

"လေးလေးကို ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အရှမ်းချစ်တယ်"

မှာ တစ်နေ့မှာ လေးငါးကြိမ်တော့ အနည်းဆုံးပြော[...]ဖြစ်ခဲ့တာပါပဲ။ ဒေါ်နွယ်သဇင်က ပြန်ဖို့နှုတ်ဆက်တော့ ငြိမ်[...]ခြံဝင်းဝအထိ လိုက်ပို့မိသည်။

"ရေမချိုးစေနဲ့ဦး"

"ဟုတ်ကဲ့"

"မနက်ကျ ဒေါ်လေး လာခဲ့ဦးမှာပါ"

"အင်း"

မတည့်သူကိုလည်း လိုလားဟန်တွေပြကာ ဖော်ရွေ[...]မိ၏။

"အဖတ်လဲ မစားစေနဲ့"

"အင်း"

စိတ်ထဲဘာရှိရှိ အပြင်ဘက်မှာတော့ သွားလေးတွေ[...]ပေါ်အောင် ပြုံးရင်း ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေရပြီ။

ငြိမ်က ဘာမှသိပ်နားလည်တာ မဟုတ်ဘူးလေ။

ဒေါ်နွယ်သဇင်လောက်တော့ ဘယ်ပြုစုတတ်ပါ့မလဲ။

ပြီးတော့ ငြိမ်က လေးလေး၏ ယုယမှုအောက်တွင် ကြီးပြင်းလာခဲ့ရသူ။

လူတစ်ဦးအပေါ် အနွံတာခံ စိတ်ရှည်တတ်သူ[...]မဟုတ်။

ခုထက်ထိလည်း လေးလေးအပေါ် ဆိုးလို့ချွဲလို့[...]



[...]အင်းနေဆဲ။

အိမ်ရှင်မကြီးတစ်ဦးလို တည်တည်ငြိမ်ငြိမ်နှင့် အရာ[...]ကို စီမံခန့်ခွဲနိုင်စွမ်း ဘယ်လိုရှိနေမှာလဲ။

တချို့ကျတော့ ငယ်ရွယ်ပေမယ့် တော်ချင်တော်နေ[...]တတ်သည်။

ငြိမ်က အိမ်မှာ ကလေးလိုနေရသူပီပီ ထက်မြက်မှု[...]ရွလည်း ပျောက်ဆုံးနေ၏။

"လိုက်ပို့လိုက်ပြီလား"

"အင်း"

"ကလေးလည်း သွားအိပ်တော့၊ ဖျားမယ်"

"ငြိမ်လည်း ဖျားနေပါပြီ လေးလေးရယ်"

"ဟင် …ဟုတ်လား"

နေမကောင်းဖြစ်နေသည့်ကြားမှ လေးလေး တုန်လှုပ်[...]သွားပြီး ငြိမ့်အနား ချက်ချင်းရောက်လာသည်။

"မှန်းစမ်း …အား …ဟုတ်တယ်၊ နဖူးလေး ပူချစ်[...]ပြီ"

"လေးလေးလက်က ပိုပူတယ်"

"မဟုတ်ဘူး၊ ငြိမ့်နဖူးက ပိုပူတာ"

"ဟင့်အင်း …လေးလေးလက်က ပိုပူပါတယ်ဆို"

လေးလေးနှင့်ငြိမ် အငြင်းအခုံဖြစ်နေ၏။

ပြဒါးတိုင်နှင့် တိုင်းကြည့်တော့ ငြိမ်လည်း အဖျား



www.burmeseclassic.com

www.burmeseclassic.com



သွေးရှိနေပြီ။

"ကြည့်စမ်း ...အားကျမခံ လိုက်ဖျားတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ...လေးလေးနဲ့ ပြိုင်မယ်"

တကယ်ပဲ ငြိမ်လည်း သုံးလေးရက်ဖျား၏။

ငြိမ်ကြောင့် လေးလေးအဖျားတွေ ဘယ်ရောက်ကုန်မှန်း မသိဖြစ်ရကာ လူမမာက ငြိမ့်ကို ပြန်ပြုစုရတော့သည်။

လေးလေးလည်း အနားမရတော့ပေ။

ဒေါ်နှယ်သိဇင်လည်း နေ့တိုင်းလိုလိုရောက်လာပြီး တူဝရီးနှစ်ယောက်စလုံးကို ပြုစုပေးနေရတော့သည်။

× × × ×





အခန်း (၁၂)

"သမီးရေ ...ဖုန်းလာနေတယ်"

ကြီးမေ ခေါ်သံကြောင့် ငြိမ် ကိုယ်လေးမတ်သွားရသည်။

ခုတင်ထက်မှာ မှောက်လျက်သားအိပ်၊ လက်နှစ်ဖက် ထောက်လျက် ဓာတ်ပုံလေးတွေ ကြည့်နေမိတာပင် ပျက်သွားရပြီ။

လေးလေးနှင့် ငြိမ်တို့ ရိုက်ထားသော ဓာတ်ပုံတွေက အယ်လ်ဘမ် လေးငါးခုစာမက ရှိနေသည်။

ခွင့်ရက်ကြာရှည် မယူချင်သော လေးလေးက အလုပ်ဆင်းနေပြီ ဖြစ်ပေမယ့် ငြိမ်ကတော့ ကျောင်းပျက်ဆဲပါပဲ။

မသက်တို့၊ စွယ်တော်တို့ ငြိမ် နေမကောင်းတာကို လာကြည့်သွားကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်တော့ ပရယ်တီကယ်ရှိတာမို့ ငြိမ် ကျော
တက်ရပါမည်။

"ဘယ်သူလဲ ကြီးမေ"

"ထွဋ်ခေါင်လို့ ပြောတာပဲ"

ငြိမ့် ခြေလှမ်းတွေ ဆွဲယူထားလိုက်သလို တန့်သွား
၏။ ပြီးမှ အားတင်းကာ ဖုန်းအနီးသို့ လျှောက်လာမိသည်။

"ငြိမ်လား"

"ဟုတ်ပါတယ်"

ရင်တွေတဒိတ်ဒိတ်ခုန်ကာ ခေါင်းတွေ မူးဝေချ
သည်။

သူ ဘာကိစ္စကြောင့် ဖုန်းဆက်တာပါလိမ့်ဟု ထိ
လန့်နေမိသည်။

"ဒေါ်ငြိမ်ငြိမ်မင်းဒင်ကို မေးစရာရှိလို့ပါ"

"မေးပါ"

အသံကို မတုန်အောင်ထိန်းရင်း ပြန်ပြောရသည်။

'ဒေါ်ငြိမ်ငြိမ်မင်းဒင်'ဟု ခေါ်လိုက်တာကိုလည်း
သလို နေလိုက်၏။

"ဟိုနေ့က ကျုပ်ကိုကြည့်ပြီး ဘာလို့မဲ့သွားရတာ

"ရှင်"

ပြဿနာမဟုတ်တာကို ပြဿနာလာလုပ်ဆည်





တွေးမိကာ ထောင်းခနဲ ဖြစ်သွားရသည်။

နေမကောင်းဖြစ်နေချိန်မို့ ဘယ်လိုမှ စိတ်ရှည်သည်းခံ
နိုင်စွမ်းမရှိတော့။

"မကျေနပ်ရင် အိမ်ကိုလာရှင်းပေါ့၊ ဒါပဲ"

ကျောကျောလေးပြောပြီး ဖုန်းခွက်ကို ချပစ်လိုက်
သည်။

သူ ရောက်လာလိမ့်မည်ဟု လုံးဝမထင်ပါ။

ပါးစပ်ဖျားရောက်လာတာကို ပြောချမိတာပါပဲ။

"ငြိမ်လေး သူငယ်ချင်းလား"

ကြီးမေအမေးကို ချက်ချင်းမဖြေဖြစ်။ နောက်မှ တုံ့
ဆိုင်းဆိုင်း ...

"ဟုတ်ပါတယ်"

ဟု ခေါင်းညိတ်မိသည်။

"ဒါများကွယ် ...ဒီသူငယ်က ဘာစိတ်ကူးပေါက်
နေလည်း မသိဘူး"

"ဘာလို့လဲ ကြီးမေ"

ကြီးမေ ဆိုလိုရင်းကို နားမရှင်းနိုင်ဘဲ ပြန်မေးမိ၏။

"ဟိုတစ်ညက ဖုန်းဆက်တဲ့ကောင်လေး မဟုတ်
လား"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း မျက်လုံးလေးပြူးရင်း ကြီးမေဘက် မျက်
လေး ငိုက်ကျလာကာ မယုံသလို ထပ်မေးမိသည်။

"ငြိမ်းကို ခေါ်ပေးပါ၊ ကိစ္စရှိလို့ဖါဆိုပြီး ဆက်တ
လေ"

"အဲဒါ သူလား"

"အဲဒီကောင်လေး အသံပဲ"

"သေချာရဲ့လား ကြီးမေ"

"ကြီးမေ မှတ်မိပါတယ်"

စေ့စပ်သေချာသော ကြီးမေကို ငြိမ်း စိတ်ချသည်

ပြောစရာစကား ကုန်သွားသလို ငိုင်တွေရပ်နေမိ

ကြီးမေက မီးဖိုချောင်ဘက် လှည့်ဝင်သွားတော့ ငြိ
ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်ရင်း ဆိုဖာနောက်ကျောကို ခေါင်း
ထားကာ မျက်လုံးမှိတ်ထားမိ၏။

လျှပ်စစ်ဘဲလ်သံကြောင့် မျက်လုံးပွင့်သွားရပြီး တံခါ
ဝကို လှမ်းကြည့်မိတော့ မားမတ်စွာ ရပ်နေသော သဏ္ဍာ
တစ်ခု။

မြင်ဝင်းတံခါးက စေ့ထားတာမို့ တွန်းဖွင့်ဝင်လာခဲ့တ
ပဲလား။

တစ်ယောက်ယောက် ဖွင့်ပေးလိုက်တာပဲလား မသိ
မယ့် သူကတော့ အိမ်ရှေ့သံပန်းတံခါးအထိ ရောက်နေခဲ့ပြီ





ငြိမ်း မလှုပ်ရှားမိသေးဘဲ သူ့ကို မမြင်ဖူးသူလို ငေး
ကြည့်နေမိသည်။

ချက်ချင်း ရောက်လာလိမ့်မည်ဟုလည်း မထင်ပါ။

ရောက်လာလျှင်လည်း တစ်ယောက်တစ်ခွန်း ရန်ဖြစ်
စကားများကြဖို့ပဲ ရှိသည်။

သို့ပေမယ့် ကြီးမေစကားတစ်ခွန်းက အရာရာကို
ပြောင်းလဲသွားစေခဲ့၏။

"ဟိုတစ်ညက ဖုန်းဆက်တဲ့ကောင်လေး မဟုတ်
လား" တဲ့။

ငြိမ်းကို အံ့ဩစေဆုံး စကားပါပဲ။

ဆိုဖာမှ ညင်သာစွာထရပ်ရင်း ခြေလှမ်းတွေက သူ့ဆီ
အလိုအလျောက် ရွေ့လျားဖြစ်၏။

သော့မခတ်ထားသော သံပန်းတံခါးကို အလွယ်တကူ
တွန်းဖယ်ဝင်လာနိုင်လျက် ဘဲလ်တီးပြီး ရပ်နေတာကို သဘော
မပေါက်ပါ။

"ငြိမ်း"

တိုးညင်းညင်းခေါ်သံမှာ အင်အားတစ်မျိုး ပါဝင်နေ
သလို ဆွဲအားပြင်းလှသည်။

"ဖွင့်ထားသားပဲ"

ငြိမ်းစကားအဆုံးမှာ သူက သံပန်းတံခါးကို ဆွဲတွန်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီး ဝင်လာ၏။

သူနှင့် ငြိမ်း ခင်းထားသော ကော်ဇောအစပ် ဖိနပ်ချွတ်ပုလေးဆီသို့ မျက်နှာချင်းဆိုင် ဆုံမိကြသည်။

ငြိမ်းနှင့် ခြေနှစ်လှမ်းစာလောက် အကွာမှာ ရပ်ပစ်ရင်း သူက တည်တည်တင်းတင်း စူးစိုက်ကြည့်သည်။

ငြိမ်း တစ်ချက်ကြည့်ပြီး ခေါင်းငုံ့မျက်လွှာချမိ၏။

"ကျုပ် မကျေနပ်လို့ လာရင်းတာ"

တိုးတိမ်သောအသံက ဒေါသမပါ။

"ဟိုနေ့က ကျောင်းမှာ ကျုပ်ကိုသေချာကြည့်ပြီး မဲ့သွားတာ ဘာဖြစ်လို့လဲ"

ငြိမ်း မဖြေသေးဘဲ သူ့ကို မမိုတ်မသုန် ခပ်ရဲရဲ ကြည့်ပစ်သည်။

သည်နေ့မှ ထူးခြားစွာ လယ်သာဂျာကင် အနက်ရောင်နှင့် ပုဆိုးကို တိုတိုကလေးဝတ်ထား၏။

ငြိမ်း တဖြည်းဖြည်း ပြုံးလိုက်သည်။

တကယ် ရယ်ချင်စရာလေးပဲကွယ်။

ငြိမ်းကို စိတ်ဝင်စားတဲ့ပုံစံလေးကလည်း ...

လုံးဝမထင်မှတ် သူ့အချစ်ကို လက်ခံရရှိလိုက်တော့ အပျော်နှင့် လူတစ်ကိုယ်လုံး မြောက်နေရသည်။

သူက ငြိမ်း ပြုံးလိုက်တာကို မလွှတ်တမ်း မျှော်တော်





ငေးနေ၏။

ငြိမ်း ရှေ့တစ်လှမ်း တိုးသွားတာ ...

"အခုပြုံးပြလိုက်ပြီ၊ ပြီးရော့မဟုတ်လား"

ဟု မေးဆတ်မေးမိသည်။

"အာ"

သူက ငြိမ်း ရှေ့ကို ဖျတ်ခနဲရောက်လာကာ အားပါးတရ ဖက်တွယ်ထားလိုက်၏။

တင်းကျပ်သော သူ့အမြွေမှာ ငြိမ်း ပျော့ပွသွားမိသည်။

"အရမ်းချစ်တယ် ငြိမ်းရယ်"

ဆံပင်စတွေကို ထွင်းဖောက်ကာ နားထဲရောက်လာသော လေသံတိုးတိုးက ရင်ထဲဆူညံစွာ မြည်ဟည်းရိုက်ခတ်သည်။

"ငြိမ်း ...မောင့်ကို ချစ်တယ်မဟုတ်လား"

ငြိမ့် ကျောပြင်လေးကို ဖက်တွယ်လျက် တဖွဖွမေး၏။

"ဖယ်ပါ"

ဟု လက်တွေကို အားမပါစွာ တွန်းပစ်မိ၏။

"မောင့်ကိုချစ်လား"

ငြိမ့် မျက်နှာရှေ့ကို အတင်းတိုးကပ်လျက် စေ့စေ့ကြည့်ပြီးမေးတော့ အနေခက်လှစွာ ခေါင်းငုံ့ရှောင်တိမ်းရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ"

ဟု မာမာပြတ်ပြတ် မေးမိသည်။

"ငြိမ်ရယ်"

သူက မရိုမခန့်ရေရွတ်ရင်း အံကြိတ်လိုက်ပြီး ငြိမ်၏ ပခုံးစွန်းနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လာ၏။

မချင့်မရဲ အသည်းယားလှသလို ကြည့်နေပုံက ငြိမ်ကို ရင်ခုန်မြန်စေသည်။

သူ့ဂျာကင်စကို မမိမကမ်း ဖမ်းဆုပ်ထားလိုက်ရင်း မျက်နှာလေးကို သူ့ပခုံးစွန်းပေါ် မှောက်ချလိုက်မိတာပါပဲ။

"ငြိမ်"

သူ့ခေါ်သံကို ကြားပေမယ့် ပြန်မထူးမိဘဲ ငြိမ်သည် တိတ်ဆိတ်နေဖြစ်တာလည်း ရှက်ရွံ့နေမိတာကြောင့်ပဲ ဖြစ်လိမ့်မည်။

"ငြိမ် ...နေမကောင်းဘူးဆို၊ မနက်ဖြန် ကျောင်းတက်မှာလား"

"ဟုတ်ကဲ့"

တိုးရှ တုန်ခတ်နေသော ကိုယ့်အသံလေးကို အားရှုံ့ချင်ပါ။

"မောင့်ကို ချစ်လားဟင်"

"ဟုတ်ကဲ့"





ဟု ယောင်ယမ်းပြောမည် ပြင်ပြီးမှ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားမိသည်။

"ကြည့်မရဘူးဆို"

မည်းမည်းခဲခဲ သူ့ဆံပင်စတွေကို ပခုံးပေါ် ခေါင်းတင်ထားတာမို့ နီးကပ်လွန်းစွာ ဖြစ်နေရသည်။

ငြိမ် အနိုင်မိုင်းသံလေးနှင့် မေးတော့ သူက သက်ပြင်းတစ်ချက်ရှိုက်ပြီး ငြိမ့်ကိုယ်လေးကို ဆွဲယူဖက်ထားလိုက်၏။

သူ့ဆံပင်တွေကို အစိပ္ပာယ်မဲ့စွာ ဆက်နှင့်ကိုင်တွယ်ထိကစားရင်း အိပ်မက် မက်နေသလိုကြီး ခံစားရသည်။

ရရှိနေသောအခြေအနေကို ကိုယ်တိုင်မယုံချင်။

ဟိုးတစ်ရက် နှစ်ရက်က ငြိမ် မျက်နှာငယ်စွာ၊ ဖျော့လင့်ရဲ့စွာ ငေးမောကြည့်ခဲ့သော မာနရှင် ယောကျ်ားသားတစ်ဦး၏ သေသပ်ပုံကျလွန်းသော ဆံပင်တွေကို ခုချိန်မှာတော့ ကြည်နူးရင်ခုန်ချင်စရာကောင်းအောင်ပင် ဂိုထိဆော့ကစားခွင့် ရရှိခဲ့လေပြီ။

ရင်ဆိုင်တိုးမိတိုင်း၊ မျက်နှာချင်းဆိုင်ဆုံတိုင်း အမြဲလိုလို အေးစက်ပုပ်စပ်နေတတ်သော အမူအရာတွေသည်လည်း ထူးခြားလွန်းစွာ နူးညံ့ညင်သာလွန်းသည့်အဖြစ်သို့ ဆန့်ကျင်စွာ ပြောင်းလဲကုန်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်'ဆိုသော ထန်ထန်မာမာ နာမ်စားလေးနှင့် ဘယ်လိုမှ ညီမျှခြင်းချမရသည့် 'မောင်'ဆိုသော နာမ်စားလေး ကို ရွေးချယ်သုံးစွဲလာခဲ့ပြီ။

"ငြိမ်"

"ရှင်"

"ချစ်တယ်လို့ပြောကွာ"

"မပြောချင်သေးဘူး"

"ဘယ်တော့ ပြောချင်လာမှာလဲ"

"အဲဒါလည်း မသိသေးဘူး"

"ရပါတယ်၊ ငြိမ်မပြောရင် မောင်က မလွှတ်ဘူး ပေါ့"

ရုပ်ရှင်တွေထဲမှာ၊ ဝတ္ထုတွေထဲမှာ၊ ချစ်သူရည်းစား တိုင်းလိုလို အကျုပ်ကိုင်ပြောသည့် အရိုးရှင်းဆုံး စကားလေးကို ပဲ မောင်က သုံးလာခဲ့သည်။

သည်စကားလေးကို မကြားချင်ဟ ဖတ်နေ၊ ကြားနေ ကျမို့ နားထဲရိုးအီနေရပါပြီ၊ ဆန်းသစ်မှု လုံးလုံးမရှိ။

သည်လောက် ရှေးကျလွန်းသော၊ ရိုးလွန်းသောစကား ကို ဘာလို့များ အဖန်တလဲလဲ သုံးနေကြတာလည်းဟု အစ တုန်းက အတွေးခေါင်ခဲ့မိသည်။

"အဖြေမပေးရင် မလွှတ်ဘူး"ဆိုတာလောက် ဓိမ်





ထွက်ဖွယ်ကောင်းသော လူတိုင်းသုံးလွန်းသဖြင့် ဟောင်းနွမ်း ကြေညက်နေသောစကား ရှိပါဦးမလား။

တိုးတက်နေသောလူတွေ အသည်စကားကို ကျမှ အဟောင်း ခံနိုင်ဘဲ ထပ်ခါတလဲလဲပြောနေကြတာကို နားမ လည်နိုင်ခဲ့ပါ။

ခုမှပဲ သည်စကားတစ်ခွန်း၏ မဖျက်ပြယ်နိုင်သော အဓိပ္ပာယ်အနှစ်သာရကို ငြိမ် ရှာဖွေတွေ့ရှိသွားတော့သည်။

မိန်းကလေးတစ်ဦး၏စိတ်ကို သည်စကားလောက် အခက်တွေ့စေ ရင်ခုန်စေတာ ရှိဦးမလား။

ရင်တွင်းမှ ကြည်နူးမှုအဟုန်က အပြင်ကို မျက်တောင်း တလေးအဖြစ် ရောက်ရှိလာသည်။

သူ့အပြုအမူ သူ့အယုအယကို ကိုယ်တိုင်လည်း ကျေနပ်မိလျက် မကျေနပ်သလိုလို မူတူတူ ရှုတူတူ လုပ်နေ မိတာလေးသည်လည်း အချစ်၏နုပျိုနေသော အဖြစ်ဆန်း တလေးပဲဖြစ်လိမ့်မည်။

"ပြောတော့လေ"

"မကြည်ဖြူရင် ခုလိုနေပါ့မလား၊ ရိုက်ပစ်လိုက်မှာ ပေါ့"

တိုးတိမ်သော အသံလေးနှင့် မာန်မဲသလို ဆိုတော့ များ သူ့မျက်နှာကြီးကို ရှိုအီသွားလိုက်တာ ဝင်းဝင်းလင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါပဲ။

ဟိုတစ်နေ့က ကျောင်းမှာ သူ သဇင်မောင်မောင်နှင့် ချန်ရစ်နေခဲ့တာကို ပြန်သတိရသည်။

အဲသည်တုန်းက ငြိမ့်ရင်ထဲ ဘယ်လောက်ခံရခက်ခဲ့သလဲ။ အရှုံးဝေဒနာတွေနှင့် တစ်ချိန်လုံး ငိုင်တွေနေခဲ့မိတာ ဘယ်သူမှသိမည်မထင်။

"မောင်မောင်နဲ့က ရီးရီးခင်တာလားဟင်"

မိန်းမပီသစွာ ချစ်မိပြီဆိုတာနှင့် သဝန်တိုစိတ်ကလေး ချုပ်ချယ်ချင်သည့်စိတ်ကလေး ပေါ်ထွက်လာပြီ။

"ရီးရီးမေ့ကွ၊ မောင့်ဘဝမှာ ခင်ဗျားလေး တစ်ယောက်ကိုပဲ ဒီလိုပြောဖူးသေးတာ၊ ယုံရဲ့လား"

"မယုံရဲပါဘူး"

"ဘာလို့"

"မောင်တ လူချောပဲဟာ"

မောင် ခြေဖဝါးထောက်ရပ်ရင်း ပခုံးကိုပါ စုံမြှင့်ကာ ခေါင်းတမော့်မော့်နှင့် လေချွန်ပြသည်။

"ကြည့်မရဘူး ...မုန်းတယ်"

"ရကောက်နဲ့ ဝလုံးနဲ့ အသိသာကြီး"

မောင်က ငြိမ့်မေးဖျားလေးကို ဆွဲမော့်ယူရင်း ...

'မောင်ကတော့ ကြည့်မဝဘူး'ဟု ပွင့်လင်းစွာ ဆို၏။





"ဟိုတစ်နေ့က ကျောင်းမှာလည်းပြောခဲ့ပါတယ်၊ ခင်ဗျားကို ကြည့်မဝဘူးလို့"

"အံမယ် ...မယ် ...မဟုတ်ဘဲနဲ့များ၊ ကြည့်မရဘူးလို့ ပြောတာ ငြိမ် ပီပီသသကြားပါတယ်နော်၊ မညာနဲ့"

"နားကောင်းလိုက်တာကွာ"

ငြိမ့်ပါးလေးကို ဆွဲလိမ်ပစ်ရင်း ပြော၏။

"ခဏထိုင်နော် ...ငြိမ် ကော်ဖီယူလာခဲ့မယ်"

"အိုကေ ...မောင် ရေဆာနေတာ ရင်မှာနေတာတွေ ခုမှ သက်ပြင်းချနိုင်တော့တယ်၊ ငြိမ် ပြန်မချစ်မှာ မောင် တွေးကြောက်နေတာကွ၊ သိလား"

ငြိမ့်လက်ကလေးကို ဖျစ်ညှစ်ရင်း ဝန်ခံနေပြန်သည်။

"ခုကော"

"အခု ပျော်တာပေါ့"

မျက်လုံးတစ်ဖက်မှိတ်ပြရင်း အမြှုးစွက်သော မျက်နှာပေးနှင့် ပြောလာ၏။

ငြိမ် ပြန်ချစ်မှာမဟုတ်ဘူးလို့ သူမှို တွေးနေခဲ့တယ်နော်။

ငြိမ် ချစ်နေတာဖြင့် ကြာလှပြီ။ သူ မသိဘူး။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဟိတ်"

"အမေ့"

အနားကပ်ကာ အော်လိုက်သံကြောင့် ငြိမ်တုန်အောင် လန့်သွားရသည်။

သည်နေ့ ဖစ်ဆစ်ပရယ်တီကယ်ရှိတာမို့ လက်တွေ့ ခန်းတွေရှိရာဘက်သို့ အိုကို(စီးပွားရေး)ဆောင်ဘေးရှိ လှေကား မှ ဆင်းလာရင်း တစ်ဦးတည်း တိတ်ဆိတ်အတွေးကျယ်နေမိ ရာမှ ရုတ်တရက် 'ဟိတ်'ဟု ထွက်ပေါ်လာသောအသံကြောင့် ရင်ထဲ ဝုန်းခနဲဖြစ်သွားရသည်။

ငြိမ့်ဘေးမှ စွယ်တော်ကတော့ မျက်လုံးလေး တစ်ချက်ရွှေကြည့်ပြီး ပြုံးနေ၏။

"ဆောရီး …ငြိမ် သိပ်လန့်သွားသလား"





ထွင့်က ခပ်တိုးတိုးတောင်းပန်၏။

"ငြိမ် တစ်အားလန့်သွားမိတယ် စွယ်တော်ကျ မလန့် သွား"

စွယ်တော့်ဘက်လှည့်ကာ မကျေမနပ် ပြောမိသည်။

"စွယ်တော်က အဝေးကြီးကတည်းက မြင်ပြီးသား တို့"

"သြော် …ဟုတ်လား"

ခုမှ အလိုကျသလို ပြုံးနိုင်တော့၏။

"ပရယ်တီကယ်အချိန်နော်"

"အင်း"

ထွင့်ကို မျက်ဝန်းထောင့်ကပ်ကြည့်ရင်း ခေါင်းညိတ် ပြမိ၏။

"မောင် စောင့်နေမယ်နော်"

ထပ်တစ်ချက် ခေါင်းညိတ်ပြမိ၏။

"ပရယ်တီကယ်ပြီးရင် ပြန်မှာမဟုတ်လား"

"ပြန်မှာပေါ့ …အတန်းမှ မရှိတော့တာ၊ ညနေခဲ ဆုတ်နေပြီ"

"မောင်တို့လည်း အစောကြီးပြီးသွားတာနဲ့ ထွက်လာ တာ"

ငြိမ် ခေါင်းညိတ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် ခေါင်းချည်းညိတ်ပြနေတာကို မကြိုက်ချင်တော့။

"မောင် အခန်းပြင်က စောင့်ရမှာလား"

"အင်း…သိပ် ကြာပါဘူး"

ငြိမ်တို့ အခန်းထဲဝင်တော့ မောင်က ကော်ရစ်ဒါမှာ ရပ်ကျန်ရစ်၏။

သည်နေ့လုပ်ရမည့် သင်ခန်းစာက (……) ရှာရသော လက်တွေ့သင်ခန်းစာဖြစ်သည်။

ဆရာရှင်းပြနေတာကို နားထောင်ရင်းမှ ကော်ရစ်ဒါတွင် တိုင်ကိုမှီရပ်ရင်း စောင့်နေသည့် သူ့ဆီ မကြာခဏ အကြည့်ရောက်သည်။

မြတ်နိုးမှုများစွာ ပျော်ဝင်နေသလို ထင်မိသော မောင့်မျက်ဝန်းအစုံကို ကြာကြာမကြည့်ဘဲမနေနိုင်။

မာနကြီးသော ကြိုးစားမှုနှင့် ဖွဲ့ရှိသော အချိန်ကိုဖြုန်းဝစ်ရမှာ လွန်စွာနမြောတတ်သော ငြိမ် အထင်ကြီးရသည့် ယောက်ျားသားတစ်ဦးက ကိုယ့်ကို စိတ်ရှည်စွာ သည်းခံစောင့်ဆိုင်းပေးနေတာ မြင်တွေ့ရတော့ အားလည်းနာ ပျော်လည်းပျော် စာထဲလည်း စိတ်မရောက်နိုင် ဖြစ်သွားရ၏။

ရပ်နေလိုက်၊ ထိုင်ချလိုက်၊ ပြန်ရပ်လိုက်နှင့် မောင့်ကိုကြည့်ပြီး ငြိမ် စိတ်ရှုပ်လာသည်။





မောင်ကတော့ သည်လိုလာစောင့်နေရတာကို စိတ်ပျက်ပုံလည်းမရ၊ အောက်ကျသည်ဟုလည်း ထင်ပုံမရဘဲ သက်သောင့်သက်သာနှင့် ချစ်မဝသလိုမျိုး လှပ်ကြည့်နေ၏။

ငြိမ် မြန်မြန်ပြီးစီးအောင် ကြိုးစားပါသည်။ ကြိုးစားသလို သိပ်မကြာလိုက်ဘဲ ငြိမ် ပြီးသွား၏။

တစ်ဖက်စားပွဲမှ စွယ်တော်ကိုပင် နှုတ်ဆက်မနေတော့ သွက်လက်စွာ ထွက်လာခဲ့မိသည်။

"ပြီးသွားပြီလား"

"ဟုတ်ကဲ့"

"လာ…သွားမယ်"

"မောင်"

"ဟင်"

ငြိမ့် လက်ဖျားလေးကို ပိုင်နိုင်စွာဆွဲယူပြီး ခြေလှမ်းစ ရှိ ပြင်ပြီးမှ ငြိမ့် ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်၏။

"စောင့်နေတာ အကြာကြီးမို့ မောင် စိတ်မဆိုးပါဘူးနော်"

"ဘာလို့ဆိုးရမှာလဲ၊ ငြိမ်လေးက တမင် စောင့်ခိုင်းတာလည်း မဟုတ်ဘူး"

ချိုသာစွာပြုံးရင်း ဆက်ပြောနေ၏။

"ငြိမ် ကမန်းကတန်းလုပ်နေတာ မောင် မြင်ပို့တောင် အနှောင့်အယှက် ဖြစ်နေရှာပြီဆိုပြီး လာခဲ့တာ မောင်က



www.burmeseclassic.com

www.burmeseclassic.com



ရချင်တာ၊ ချစ်သူတွေပဲကွာ မာနတွေ မလိုတော့ပါဘူး မဟုတ်
လား"

"မောင်ရယ်"

မေးလာမှုကြောင့် ရင်ထဲ လှိုက်တက်ဆို့နင့်လာ
သည်။

မောင့်ပခုံးပေါ် ခေါင်းလေးမှေးတင်ထားရင်း စကာ
မပြောနိုင်လောက်အောင် ချမ်းမြေ့သွားရသည်။

"မောင် ဒီလောက်ချစ်တတ်လိမ့်မယ်လို့ ငြိမ် မထင်
ဘူး"

ခဏကြာမှ သည်တစ်ခွန်းကို အားစိုက်ပြောရသည်။

"ငြိမ်လေးကို ဘာလို့ ဒီလောက်ချစ်သွားမိလည်း
မသိပါဘူးကွာ"

မောင်က ဆုပ်တွေးထားသော လက်ဖျားကလေး
ဖျစ်ညှစ်ပြီး ပြောလာ၏။

မောင် ဦးဆောင်ခေါ်ရာနောက်ကို ခြေလှမ်းတွေ အ
အလျောက် ရွေ့ပါမိသည်။

"ကျုပ်ကို ဘာပညာတွေနဲ့ ဖမ်းထားတာလဲ ခေါ်ငြိ
ငြိမ်မင်းဒင် ပြောစမ်း"

"မောင်နော် ငြိမ့်ကို ခေါ်တပ်ပြီး နာမည်အပြည့်အ
ခေါ်နေရလား၊ အဲဒါမျိုး ငြိမ် မုန်းတယ်နော်၊ ပြောထားတယ်"

"ဟုတ်ကဲ့ ...ဆင်ခြင်ပါ့မယ်"





တပည့်လေးတစ်ဦးလို နာယူသံလေးနှင့်ပြောတော့
ငြိမ် စိတ်လွတ်ကိုယ်လွတ် ရယ်မိသည်။

"မောင့်ကို ငြိမ် အရမ်းချစ်တယ်"

မေးတာလည်း မဟုတ်ဘဲ မနေနိုင် မထိုင်နိုင် ဖွင့်
ပြောမိသည်။

"ချစ်တယ် မောင်ရယ်၊ အရမ်းကိုချစ်တာ"

ပြောပြီးမှတော့ မတွေးတော့ပြီ။ ရင်ထဲ ပေါ့ပါးရှင်း
လင်းသွားအောင် အထပ်ထပ် အကြိမ်ကြိမ် ပြောချလိုက်တော့
သည်။

မောင်က ငြိမ့်မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း အံ့ကြိတ်
လိုက်၏။

လမ်းတစ်လျှောက်မှာ ကျောင်းသူကျောင်းသားတွေ
အာ ရှိမနေဘူးဆို မောင် အသည်းယားသမျှ ပေါက်ကွဲကုန်
မှာသေချာ၏။

"မောင်ရေ လက်ဆောင်ပေးချင်တယ်၊ မြို့ထဲဘက်
သွားရအောင်နော်"

"ဟာ ...နေပါစေ"

"ဟင့်အင်း ...မရဘူး"

ငြိမ် ဖွတ်ပူဆာတော့ မောင် မငြင်းဆန်နိုင်ဘဲ လိုက်
ပို့ပေးသည်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဂီတသံတို့ အမွှေးနံ့သာတို့ဆိုတာ လူနဲ့ယှဉ်ပြီး အမှတ်တရဖြစ်စေတဲ့ အရာတွေလို့ မောင် ထင်လားဟင်"

"ဘယ်လို"

ငြိမ့် စကားကို မောင်က ပြန်မေးမိ၏။

"ငြိမ် ရှင်းပြပါ့မယ်၊ ဥပမာထားပါတော့ ငြိမ်က ကိုယ်လိမ်းပေါင်ဒါဘူး သုံးတယ်ဆိုပါစို့၊ ဘာဘူပေါင်ဒါနံ့ကို ရလိုက်ရင် ငြိမ့်ကို မောင် သတိမရဘူးလား"

"ရတာပေါ့၊ အဲဒါဟုတ်တာပဲ"

"ငြိမ်နဲ့ မောင်နဲ့ ဟိုးတစ်နေ့က ကင်တင်းမှာထိုင်တော့ ဘာသီချင်းဖွင့်ထားလဲ၊ ငြိမ့် စားပွဲကို မောင်တို့သုံးယောက် လာထိုင်တဲ့နေ့ကလေ"

"ထူးအိမ်သင် သီချင်းပါ၊ ရင်ခုန်ရင် အချစ်ပဲကွယ် ဆိုတာလေ"

"ကဲ ...မောင် ဘာလို့မှတ်မိနေလဲ"

"အာ ...သဘောပေါက်ပြီ၊ ဟုတ်တယ် သီချင်းသံတို့၊ ရေမွှေးနံ့တို့ဆိုတာ လူနဲ့ယှဉ်ပြီး မှတ်မိစေတယ်၊ မောင်တောင် မနေ့က လမ်းထိပ်မှာ အဲဒီသီချင်းကြားမိတော့ ငြိမ် ကော်ပြန့်ကြော် စားနေတာလေးရော မောင် ကြည့်ပြီး ရင်ခုန်နေမိတာရော တွေးမိတယ်"





"ဟုတ်တယ်နော်"

ငြိမ်က မောင် သဘောပေါက်သွားတာကို အားတက်သရောလေး ဖြစ်သွား၏။

"စောစောတုန်းက မောင် ပြောလိုက်တယ်နော်၊ ဘာပညာတွေနဲ့ ဖမ်းထားတာလဲလို့"

"ဟုတ်တယ်လေ"

"ခုမှ ဖမ်းတော့မှာ၊ မောင်တော့ မိပြီ"

"ဟာ ...ဘယ်လိုကြီးလဲ"

ငြိမ်က လက်ညှိုးလေးထောင်ရင်း သေချာနားထောင် ဟု ဆို၏။

"အခု ငြိမ်က မောင့်ကို ရေမွှေးဝယ်ပေးမယ်၊ မောင့် အခန်းထဲမှာ အမြဲဖျန်းဖို့၊ အဲဒီစပရေးနံ့လေး သင်းနေတိုင်း ငြိမ့်ကို သတိရရမယ်နော်"

မောင်က စိတ်ပါလက်ပါ ခေါင်းညိတ်ပြ၏။

"ငြိမ် သိပ်နှစ်သက်ပြီး အမြဲတမ်း ငြိမ့်အခန်းထဲမှာ ဖျန်းတာတဲ့၊ စပရေးပါ၊ ဂျပန်မိတ်ဆွေ၊ မောင် ကြိုက်ရဲ့လား"

"ဟင့်အင်း မသိဘူး၊ ငြိမ် ကြိုက်တယ်ဆို မောင် အမြဲသုံးတော့မှာပါ"

ငြိမ်က မောင့်ကို ရေမွှေးတစ်ဘူး ဝယ်ပေး၏။

"ပြီးတော့ သီချင်းတစ်ခွေပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း သိပ်ကြိုက်တဲ့အခွေလား"

"ဟုတ်တယ်၊ မြန်မာသီချင်းခွေတွေထဲမှာတော့ ငြိမ်းအကြိုက်ဆုံးခွေပဲ၊ အမြဲလည်း နားထောင်တယ်၊ နားထောင်သလောက်ပဲ မရိုးသေးဘူး၊ နှစ်သက်ပြီးရင်း နှစ်သက်လေပဲ"

"ဒါဆို ပေး ပေး မောင် အမြဲနားထောင်မယ်"

"အဲဒီသီချင်းသံလေးတွေ ကြားတိုင်း ငြိမ့်ကို သတိရရမယ်နော်"

"အင်းပါ"

ငြိမ်းက မောင့်ကို ဟေမာနေဝင်း၏ 'ခွင့်လွှတ်နော်' သီချင်းခွေကို လက်ဆောင်ဝယ်ပေးသည်။

"ဒါ ရုန်းမရအောင် ချည်နှောင်လိုက်တဲ့နည်းတွေလား"

မောင့်အမေးကို ပြန်မဖြေဘဲ ရယ်နေမိသည်။

"ဩော်…ကားထဲမှာသုံးဖို့ ကားရေမွှေးလေးလည်း ဝယ်ပေးမယ်"

ကြံကြံဖန်ဖန် ငြိမ့်စိတ်ကူးလေးတွေကို မောင်ကပြုံးနေသည်။

ငြိမ်းရယ် …

အဲဒါတွေ ဘာမှမလိုပါဘူးကွာ၊ အလိုလိုနေရင်းထိုင်ရင်း မောင် လွမ်းဆွတ်သတိရပြီးသားပါ၊ အချိန်တိုင်း ရွေ





ချင်နေသူပါ။

"ကားပေါ် တခြားမိန်းကလေး တင်တော့မယ်ဆိုတာနဲ့ 'မိုင်တောင်းနဲ့' လေးကို အားနော်ပါနော်၊ ငြိမ့်မျက်နှာလေးကို မြင်ယောင်ပါနော်၊ ငြိမ့်အပေါ် သစ္စာဖျက်မယ်လို့ ကြံစည်မိရင် ခွင့်လွှတ်နော်၊ ခွေလေးကို ဖွင့်နားထောင်ပြီး ဆင်ခြင်ပါနော်၊ ငြိမ်း မောင့်ကို သိပ်ချစ်ခဲ့တာ ပြန်တွေးပြီး စိတ်ထိန်းနော်"

"ဟာကွာ"

မောင့်မျက်နှာက ရုတ်တရက် တင်းမာကျော်ထန်သွားကာ ငြိမ့်ကို တည်တည်ကြီး ကြည့်သည်။

"နိမိတ်မရှိ နမာမရှိ၊ ဘာတွေပြောမှန်းကို မသိဘူး"

မကြိုက်ချင်သလိုဆိုသော မောင့်စကားကြောင့် ငြိမ်းစက်လေးပုသွားရသည်။

အစိမ်းရောင်တစ်ပုလင်း၊ အဝါရောင် တစ်ပုလင်းပါသော ဘူးလေးကို မောင့်လက်ထဲထည့်ပေးတော့ …

"မောင့်ကို ငြိမ်း မယုံဘူးလား"

ဟု ခပ်မာမာမေး၏။

"ယုံတာပေါ့"

ဟု ကမန်းကတန်း ပြန်ဖြေပေမယ့် မောင့်မျက်နှာက ကြည်ကြည်သာသာ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

မောင်က ငြိမ် သုံးလေ့ရှိသော မိတ်ကပ်တစ်ဘူးကို အမှတ်တရ ပြန်ဝယ်ပေး၏။

ကိုယ် အလွယ်တကူဝယ်နိုင်ပေမယ့် ချစ်သူက တယုတယဝယ်ပေးတာမျိုးကျတော့ အရမ်းကျေနပ်ဖို့ ကောင်းနေပြန်သည်။ မိတ်ကပ်ဘူးလေးကို ပိုလည်း မြတ်နိုးရသည်။

သည်မိတ်ကပ်လေး မျက်နှာပေါ်တင်မိတိုင်း နွေးထွေးသိပ်သည်းလွန်းသော မောင့် အနမ်းများကို ပြန်အမှတ်ရနေမိမှာလည်း မလွဲမသွေ။

× × × ×





အခန်း (၃၄)

မမျှော်လင့်ဘဲ သဇင်မောင်မောင်ဆီမှ ဖုန်းလာ၏။

"ငြိမ်လား"

"ဟုတ်ပါတယ်၊ မောင်မောင်လား၊ ပြောလေ"

သည်တစ်ပတ် အင်္ဂလိပ်တီချယ် မလာဖြစ်တာကြောင့် ကြိုဆက်ပြီး ပြောထားတာလား။

ကိုယ့်အတွေးကိုယ် သိပ်မဖြစ်နိုင် ထင်သည်။

မောင်မောင်က ငြိမ့်အပေါ် သည်လောက်အရေးထားမတဲ့လား။

ပြီးတော့ ခရီးက အဝေးကြီးလည်းမဟုတ်။ လမ်းထိပ်တင်လေးပဲ။ ရောက်သွားပြီးမှ 'တီချယ်မလာဘူး' ဆိုသောကြောင့် ပြန်လာခဲ့ရသောရက်တွေလည်း ရှိခဲ့ဖူးတာပါပဲ။

ခုမှ အဆန်းတကြယ်လုပ်ပြီး ဖုန်းဆက်မည် ထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စများလဲ' ဟု စဉ်းစားရင်း သူ့ခမျာ ပြောလာချိန်ကို စောင့်ဆိုင်းနေမိ၏။

"ထွန်း ရှိလား"

"ဟင့်အင်း ... မရှိပါဘူး"

စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားရရင်း သည်လိုမေးလိုက်တာကို လုံးဝမကြိုက်ချင်ပါ။

ငြိမ်ကပဲ ထွန်းကို အနိုင်ယူထားသလိုမျိုး။ ထွန်းက သက်မဲ့မှမဟုတ်တာ။ သူ့ဆန္ဒနှင့်သူ။

"မြို့ထဲမှာ ငြိမ်တို့ကို တွေ့လိုက်တယ်၊ မနေ့ညနေက"

"ဪ"

သည်အကြောင်းကလည်း ဖုန်းဆက်ပြီး ပြောရလောက်အောင် အရေးမကြီးဟု ထင်မိသည်။

"ငြိမ့်ကို မေးစရာရှိတယ်"

"မေးပါ"

"ထွန်း ကျောင်းကို ရောက်ရောက်နေတာ ငြိမ့်ဆီလာတာမဟုတ်လား"

ငြိမ် ပြန်မဖြေဖြစ်ပါ။

"ငြိမ်"

"သူ့ကို မေးကြည့်ပါလား မောင်မောင်၊ ငြိမ် အဲဒီ





အကျတော့ ဘယ်ပြောနိုင်ပါ့မလဲ"

"ပွင့်ပွင့်လင်းလင်းပဲမေးတော့မယ်၊ ထွန်းနဲ့ ငြိမ်နဲ့ ချစ်နေကြပြီလား"

ငြိမ် ဝန်မခံချင်ပါ။ သစင်မောင်မောင်ရှေ့မှာ သည်ကိစ္စကို ဘာလို့ခေါင်းညိတ်ရမှာတဲ့လဲ။

"ထွန်းကိုပဲ မေးကြည့်ပါ"

"ငြိမ် ပြောတာလည်း နားထောင်ချင်လို့"

မာမာကျောကျောလေးပြောလိုက်သော သူ့အသံကြောင့် ခံပြင်းသွားရသည်။ မောင်ကပဲ သူ့ကို မခြွင်းမချန် ပြောထားသလိုမျိုး။

ငြိမ်ပြောတာနှင့် မောင်ပြောတာ တူမတူ သူက စေ့စပ်ချင်သလိုမျိုး။ ဖြစ်မှဖြစ်ရလေ။

ငြိမ့်နှုတ်ခမ်းလေး မဲ့ကွေးကျသွားရ၏။ ပြီးမှ ...

မောင်ကော သူ့အပေါ် ဝပ်စင်းနေသလား၊ ငြိမ့်ကို တားလိုက်ပေမယ့် သူ့ရှေ့မှာ မဟုတ်ဘူးဟု ငြင်းဆန်နေရော့သလားဟု ရင်ပူသွားရသည်။

စကားကို ရှေ့နောက်စဉ်းစားပြီး စိတ်သိုက်မာန်ပါ မပြောမိဖို့ ထိန်းမှဖြစ်တော့မည်။

အမှားနည်းအောင် ပြေလည်မှုလေး မပျက်သုဉ်းအောင် ပရိယာယ်ရှိပါမှ တော်နိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းနဲ့ မောင်မောင်က ရင်းနှီးတာပဲ၊ ရအောင် မေးကြည့်ပေါ့၊ ဘာတွေ ကြံစည်နေလဲလို့၊ ငြိမ်လဲ သိပ်မသိဘူး"

"အိုကေ ...အိုကေ၊ မေးကြည့်ရမယ်"

ငြိမ့်စကားကို မောင်မောင်က ကျေနပ်သွား၏။

ငြိမ့်အပေါ် ထွန်း မပွင့်လင်းသေးဘူး၊ အတည်တကျချစ်သူတွေ မဟုတ်သေးဟု အထင်ရောက်သွားပုံပါပဲ။

ရင်နာနာနှင့် ဖုန်းချလိုက်ရင်း သက်ပြင်းပါ ရှိုက်မိသည်။

"ကလေး"

"ရှင် ...လေးလေး"

လေးလေးက ဧည့်ခန်းဆိုဖာမှာဝင်ထိုင်ပြီး လှမ်းခေါ်၏။

"ငြိမ်လေးကို မေးစရာရှိတယ်"

အေးချမ်းတည်ငြိမ်လွန်းသော လေးလေးမျက်နှာကို မော့်ငေးကြည့်ရင်း ...

"လေးလေး မမေးခင် ငြိမ် ဖြေပါ့မယ်၊ လေးလေးကို ငြိမ် ဖွင့်ပြောမလို့ပါ၊ ပြောရမှာ မရဲသေးတာနဲ့"

မျက်နှာတစ်ပြင်လုံး ပူရှိန်းတက်လာရရင်း ခေါင်းငုံ့ချမိ၏။

လေးလေးနှင့် မျက်လုံးချင်း မဆုံရဲတော့ပါ။





လေးလေးမျက်နှာက တစ်မုဟုတ်ချင်း မည်းကျသွား၏။

"ဒါဆို အတည်တကျ အခိုင်အမာပေါ့ဟုတ်လားကလေး"

တိုးတိတ်လွန်းသော လေးလေးအမေးကို ခေါင်းလေးဆတ်ပြမိသည်။

လေးလေးရယ် ..ငြိမ်က အပျော်တွေ ဘာတွေထားမှာတဲ့လား။

"အင်းလေ ..ငြိမ်လေးသဘောပါ၊ လေးလေးဆီလဲ ခေါ်လာဦး၊ အချိန်ယူစဉ်းစားပေါ့ကွာ ကြားလား"

လေးလေးက ဖျော့တော့စွာ ပြုံးရင်း မတ်တတ်ရပ်လိုက်သည်။

"လေးလေး ငြိမ့်ကို မဆူဘူးနော်၊ အပြစ်မတင်ဘူးနော်"

မျက်လုံးအိမ်တွေ စိုစွတ်လာရင်း လေးလေးမျက်နှာကို တမေ့တမော စိုက်ကြည့်မေးမိသည်။

"အပြစ်တင်စရာကိစ္စမှ မဟုတ်တာ၊ ငြိမ်လေးလည်း စဉ်းစားတတ်တဲ့ဉာဏ် ရှိနေပြီပဲ၊ လိုက်ဖိတ်ပင်ရင် လေးလေး ဘယ်တားပါ့မလဲ"

မင်းဒင်က ကိုယ့်ရှေ့ရပ်နေသော ကလေးမကို ငုံ့ကြည့်ရင်း နှမြောလွန်းစွာ ရင်ထဲမကောင်းနိုင်တော့။

www.burmeseclassic.com



ကြည့်နေမိသော ဒီမှာတွေ လေးတော့တည်း
ရေချိုးပေး၊ ထမင်းခွံ့ပေး၊ အဝတ်အစားလဲပေး၊ သနပ်ခါးလူး
ပေးတဲ့ ခေါင်းဖြီးပေးတဲ့ မျိုးတွေကစလို့ နှမ်းစိမ်ရောက်လာ
ချိန်မှာ သီသင့်သီအပ်တာလေးတွေ မိခင်တစ်ဦးလို သွန်သင်
ပြသပြီး ကိုယ့်ဘဝကို သူမှာ ဝစ်ပေါ်အတွက် ဖြစ်စေခဲ့တာ
ပါပဲ။

တစ်ဦးတည်း အထီးကျန် ရွာမှာ ဆိုင်ချစ်စရာ သူမမျက်နှာ
လေးကိုပဲ အရိပ်လိုကြည့်နေခဲ့သည်။

သူမလေးမကြိုက်တာ ဘာတစ်ခုမှ မလုပ်ခဲ့။

ကိုယ့်သူငယ်ချင်းတစ်ဦး၏ မိန်းကလေးနှင့် သိကျွမ်းဖို့
နိုကိုကတည်းက ရှိခဲ့ပြီးသား။

မိရော ဘရော မရှိရှာသူလေးဆိုပြီး အဖော်အဖြစ်
ကြင်နာခဲ့သည်။

ကိုယ့်ဘဝကို နောက်ပို့ကာ သူမလေးကို ရှေ့တန်း
တင်ပြီး အရာရာဦးစားပေး ဆွဲခဲ့၏။

ကိုယ့်ချစ်သူက အသည်းမခိုင်တဲ့ ကိုယ့်မိတ်ဆွေ
တော့လည်း ရင်ထဲမှာ ကိုယ့်ပေမယ့် မြေကြီးအောင် ပြော
သည်။

'ကလေး' ဟု ကိုယ့်မျက်စိထဲ မြင်နေမိသော ကလေး
သည် ကိုစွတွေ ပွင့်လာတော့ ချစ်သူကိုယ့်မဟုတ်ဖြစ်မိသည်







ကိုယ့်ဘဝမှာတော့ မှုကလေး ပျော်နေဖို့ အလိုအပ်
ဆုံး၏ အဓိကတွင် တာဝန်ပါပဲ။

ကိုယ့်ကို မစဉ်းစားသလည်း အခြေမပျက်။ ထားသွား
ခဲ့ပြီး တန်ခေါင်အပြုံးတစ်ခုနှင့် ချစ်ရဖို့ရှာတဲ့။

ခေတ္တအစစ်အမှန်ကတော့ ချစ်မလေးကို ဘယ်သူ့နှင့်မှ
မပေးစားချင်၊ ဘယ်သူ့လက်ထဲ ထည့်လိုက်ဖို့မှ စိတ်မချ။

သူမလေးအကြောင်းကို ထိုလိုက်ရင် အသိဆုံး။

ကိုယ်တစ်ဦးပဲ သူမလေးအပေါ် အကောင်းဆုံးမြင်တော့
ယူဆထားမိတာ လွန်နေပြီလား မသိ။

ရှာမှာလေး တစ်တစ်တည်းက ကိုယ့်ယိမ်းရောင်း
နဲ့ရပြီး ကိုယ့်လက်ပေါ် ကြီးပြင်းလာသည့် ချာတိတ်မလေး။

ကိုယ့်မေတ္တာကို အဓိပ္ပာယ်ဖွင့်ပါ့မလဲ။

မိဘနှစ်ပါး၏မေတ္တာမျိုး ကိုယ်တစ်ဦးတည်းသာ ပေး
နိုင်ခဲ့သည်။

'ဒါတွေ မစဉ်းစားရဘူး မေ့လိုက်' ဟု ခိတ်တင်းတင်း
ဆိုပြီး တင်းခြစ်လို့ရသည်။ သို့သော် အသည်းလို အနိုင်မကျင့်
ချင်။

ကိုယ့်ဘဝမှာ တယ်မွေးလာခဲ့သော ကိုယ့်ကလေး။

စိတ်ဆင်းရဲနေတာကို ဘာကြောင့်လို့ဖွင့်အားမဲ့ ကြည့်နေနိုင်
မှာလဲ။

ငယ်စဉ်တုန်းကတော့ ပုခက်လေးထဲ အငင်းထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လွှဲသိပ်လိုက်လျှင် အိပ်ချင်ချင် မအိပ်ချင်ချင် အိပ်ပျော်သွားခဲ့ပေမယ့် အခုတော့ သည်လိုမလွယ်ကူတော့။

လိုချင်တာမရသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေလျှင်လည်း တခြား စိတ်ဝင်စားစရာလေးပြရင်း တခစ်ခစ်ရယ်လာအောင် ချော့နိုင်စွမ်း ရှိခဲ့ပေမယ့် အခုတစ်ခါတော့ သည်လိုချော့ရမည်မထင်တော့။

အသိဉာဏ်တွေ ဖွံ့ဖြိုးလာပြီး မှတ်ဉာဏ်ရော ခံစားမှုပါ အားကောင်းလာပြီမို့ ကလေးတစ်ဦးလို မေ့လွယ်ပျောက်လွယ်အနေအထား မဟုတ်တော့။

ကိုယ်က ဝိတ်ပင်လိုက်လျှင် ကိုယ့်ကို ငဲ့ညှာပြီးနောက်ဆုတ်ကောင်း နောက်ဆုတ်နိုင်ပေမယ့် သူကလေးရင်တွင်းမှာ ဒဏ်ရာရပေတော့မည်။

ကိုယ်မသိအောင် ကျိတ်ငိုနေရှာမည့်အဖြစ်ကို ကိုယ့်ရင်ထဲက အလိုအလျောက် သိနေခဲ့သည်။

ကဲ …ကိုယ် ဘာတတ်နိုင်ဦးမှာလဲ။

တင်းကျပ်အက်နေသော ဝေဒနာတွေကို ရင်ထဲမှာသိုဝှက်ထားဖို့ တစ်နည်းပဲ ရှိတော့သည်။

တစ်သက်လုံးက မြင့်မြတ်လာခဲ့သော ကိုယ့်မေတ္တာတရားကိုလည်း မညစ်နွမ်းစေချင်တော့။

သူကလေး ပျော်ရှာပါစေ။





လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ အပြီးတိုင်ပေးထားလိုက်သည်။ ကြီးကြီးက ကိုယ့်ကို ပြောထားပြီးသားမို့ သိနေခဲ့ရ၏။

သူမရှေ့မှာ သည်အကြောင်းပြောဖြစ်တော့ ကိုယ့်သွေးအေးနေခဲ့ပြီ။

ကိုယ် ခေါက်တည်ရာမရအောင် မှုပျက်လှုပ်ရှားသွားမိတာကို ကြီးကြီးပဲ မြင်တွေ့ခွင့်ရလိုက်၏။

'ထွန်းဆိုတဲ့ ကောင်လေးနဲ့ ငြိမ်လေးနဲ့ တွယ်ငြိနေကြပြီ'ဆိုတော့ ကိုယ် ဘယ်လိုဖြစ်သွားမှန်း မသိပါ။

ဟာခနဲဖြစ်ပြီး အမြင့်မှ ဖောက်ထိုးကျသွားသူလိုကာလီစာတွေ ပြောင်းဆန်ကုန်ပြီး မူးခနဲ မိုက်ခနဲပင်ဖြစ်ရ၏။

ရင့်ကျက်တည်ငြိမ်လှပြီဟု ယူဆထားသမျှ လုံးဝလွဲမှားကုန်၏။

"ဗျာ …ကြီးကြီး"

အသံက လုံးဝထွက်မလာဘဲ တိမ်ဝင်သွား၏။

ကုလားထိုင်လက်တန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး မယုံနိုင်သလို ထပ်မေးမိ၏။

"သေချာရဲ့လား"

ဘယ်လိုမှ လက်မခံနိုင်ဘဲ ကယောင်ကတမ်း အကြိမ်ကြိမ်မေးမိသည်။ ကြီးကြီးက မဟုတ်ဘဲပြောမည့်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး

နိုင်နိုင်ဖြေသချာလျက် ဆုံးဖြတ်မဖြစ်ဖော်သော ခံစားချက်ကြောင့်သာ ခေါင်းခါနေမိတာ။

ကြီးကြီးတဲ့ ထွန့်ချိုသော ကောင်လေးမှန်းဆက်တာရော အိမ်ကိုရောက်လာတာရော၊ ငြိမ်လေးကိုယ်တိုင်အား လိုချင်လာစရာ လက်ခံလိုက်တာရော ဖုံးဖော်အောင် မပြောပေမယ့် သူ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေ၏။

ကောင်မလေးမှာ သဘောမတူစရာ အကြောင်းဖြစ်ချက်မှ ရှာမရ။ ဆရာဝန်လောင်းလေးဖြစ်တာရော၊ ရုပ်ချောတာရော၊ ဖြူတော့ ဘွဲ့ရပြီးသည့် ကိုယ့်မြို့အရပ်ရှိ ကြီးကြီးတစ်ဦး ဖြစ်နေတာရော ငြိမ်လေးအတွက် စိုးရိမ်စရာ ရှိပါ။

ဟိုအစက်အလှည်း ငြိမ့်အပေါ် ခွဲခွဲမကျမကျ ရှိနေတာပဲဟု ခန့်မှန်းမိတော့ ကိုယ့်အတွက် အမှောင်ကျသွားခဲ့ရမိပါ၏

မတရားမလုပ်ချင်ပါဘူး ကြံစည်ရယ်။

[illegible] ဆုံးဖြတ်ချက်တိုမှ လေးလေး လိုက်နာလိုက်ပါပြီးမယ်။

ဟိုးပေါက်စနလေး [illegible] အဖြည့်ခံနေခဲ့တာ တစ်ချိန်ချိန် ကလေးတို့ နှိပ်စက်ခံကြပေးဖို့မှ မမျှော်လင့်ခဲ့။

[illegible]





နိုင်ရမည်။

"ငြိမ်လေး"

"ရှင်"

နှစ်ဦးသား တိတ်ဆိတ်လျက် အကြာကြီး ရပ်နေမိရာမှ လေးလေးက အဦးဆုံး သတိဝင်လာသည်။

"လေးလေး မြို့ထဲဘက်သွားမယ်၊ ဘာမှာမလဲ"

"မှာစရာမရှိပါဘူး"

"လိုက်မလား"

"မလိုက်တော့ဘူး လေးလေး"

"ဒါဆို လေး [illegible]"

[illegible]

[illegible]

လေးလေး [illegible] မျက်ရည်

[illegible]

လေးလေးကို ငြိမ် မခွဲသွားပါဘူး။ [illegible]

[illegible]

မောင့်ကိုလည်း သည် [illegible]

[illegible]

[illegible]

× × × [illegible]

www.burmeseclassic.com



## အခန်း (၁၅)

"ဘာမှမတော်ဘူး ဟုတ်လား"

ထိတ်လန့်တုန်လှုပ်သွားသလို မေးလိုက်တော့ ငြိမ်စကားလေးပင် တန့်သွားရသည်။

"မောင်က ငြိမ့်ဦးလေး အရင်းမှတ်တာ"

တစ်ခုခုကို သေချာစဉ်းစားနေသလို တစ်ခွန်းချင်းပြောသည်။

မောင်က ငြိမ့်ဆီရောက်လာပြီး 'မေးစရာရှိလို့' ဟုဆိုတော့ ငြိမ် ဘာမှန်းမသိခင်ကပင် ထိတ်သွားမိတာ မေသိစိတ်ကြောင့်ပဲလား မသိပါ။

"ငြိမ့်ဦးလေးက အဖေဘက်ကလား၊ အမေဘက်ကလားဟင်၊ သွေးသားမတော်ဘူးလို့ ပြောနေတာ ကြားမိလို့ ဟုတ်လား" ဟု မေးတော့ ...





ဟုတ်တယ်၊ ငြိမ့်ကို ငယ်ငယ်လေးကတည်းက မွေးစားထားတာ ဘာမှမတော်ပေမယ့် အရမ်းချစ်တယ်ဆိုတော့ သိသိသာသာပင် မောင် မျက်နှာပျက်သွားသည်။

'ဒါတွေ ဘယ်သူပြောတာလဲ' ဟု ဘာရယ်မသိ မေးဖြစ်တော့ သခင်မောင်မောင်ပြောတာဟု တုံးတိတိဖြေ၏။

"ဟင် ...သူက ဘာဆိုလို့ ဝင်ပါချင်ရတာလဲ" ဟု စပ်စွာစွာဆိုမိတော့သည်။

"ငြိမ့်ကိုလည်း ဖုန်းဆက်မေးတယ်၊ မောင်နဲ့ ငြိမ်နေပြီလားတဲ့"

"ဟုတ်လား"

ငြိမ် အေးအေးစက်စက် ပြောတာကို ဘာမှမဖြစ်သလိုရယ်နေ၏။

"မောင့်ကိုကော မေးလား"

မောင့်မျက်နှာကို မလွှတ်တမ်း စူးစိုက်ကြည့်ရင်း မေးမိသည်။

"မေးတယ်"

မောင့်မျက်နှာက ဘာတစ်ခုမှ မပြောင်းလွဲပါ။

"မောင် ဘာပြောလိုက်လဲ"

"ငါတို့စုံတွဲကို ထမင်းဖိတ်ကျွေးမလို့လား မေးလိုက်တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ အပြစ်မဲ့သောကြောင့် ငြိမ်း အံ့အားသင့်ရသည်။

မောင်က ငြိမ်းနှင့်ချစ်နေတာ အနှစ်နှစ်ခဲ့ပြီပေါ့မှာ ရွှေးမိ့ရင်း မော်မော်ကြွားကြွားလေး ပြုံးမိသည်။

"မောင်မောင်က ရပါတယ်။ တကယ့် ဆိုမင်းတား စိတ်ရမယ်တဲ့၊ ပြောတာပဲ၊ ဘယ်တော့လဲတော့ မသိခဲ့ပြ ငြိမ်းကို ကလိမှာလည်း မောင်း နားလည်ပါတယ်"

မောင်ရှာ ငြိမ်းလက်ကလေးကို အာမခြော ညာခွဲမှုပြီး ဆွဲလှုနမ်းရှိုက်ပြီးမှ

"ငြိမ်း လေးလေးနဲ့ တွေ့ပေးမယ်ဆို" ဟု မေးလေ၏။

"အင်း ... မောင်ကြောလေးလေး ပြန်လာတော့မှာပါ၊ မောင် အချိန်ရတယ် မဟုတ်လား"

"ရပါတယ်၊ ဒါမျိုး အချိန်မရလို့တော့ ဖြစ်မလား၊ မြန်မြန်လက်ထပ်ကြရအောင်လေ"

ကျောင်းတွေလည်း ပိတ်သွားပြီမို့ ငြိမ်းတို့ အိမ်ပြန်သွားရပြီး လက်ထပ်ကြဖို့ကိစ္စကိုလည်း မောင်က ရွှေ့ဆိုင်း မနေချင်တော့ပါ။

ငြိမ်း ကိုယ်တိုင်ကလည်း ချစ်သူကို အနီးနား ရှိစေချင်တာကြောင့် သူ့အလိုကို သိပ်မငြင်းဆန်ချင်။

"မောင် အိမ်လေးတစ်အိမ်ဝယ်မယ်၊ ငြိမ်းလေးနဲ့အတူ





နေဖို့၊ ပြေးစီစဉ်ရတော့မှာလား ခင်ဗျားလေး ခေါင်းညိတ်ကျေပြီ ဆောင့်နေတာ"

"ဟင် ... အိမ်က ဘာလို့ဝယ်ရမှာလဲ၊ ငြိမ်းတို့နဲ့ လာနေပေါ့"

"ဟာ ... မဟုတ်တာ"

ခါးခါးသီးသီး ငြင်းပစ်တာကြောင့် ငြိမ်း စိတ်ပူစ ပြုရသည်။

လွယ်မယောင် ချင့်ခက်ခဲလာတော့မည့် ပြဿနာ တစ်ခုကို ရင်ဆိုင်ရဖို့ ကြိုတင်မြင်ဆင့်ထားရတော့မည်။

"ငြိမ်းက မောင်နဲ့ လိုက်မနေချင်ဘူးလား"

"မဟုတ်ပါဘူး မောင်၊ လေးလေးက တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာဆိုတော့ ငြိမ်း စိတ်မချဘူးလေ၊ ငြိမ်းတို့အိမ်မှာ ရုစုဝေါင်းမှ အိမ်သားသုံးလေးဦး ရှိတာပါ၊ မိသားစု ဆိုလို့ ငြိမ်းရယ် လေးလေးရယ် နှစ်ယောက်တည်း ရှိတာ၊ မောင်လာနေလို့ ရပါတယ်၊ ဘာအနှောင့်အယှက်မှ မဖြစ်ပါဘူး"

"မဖြစ်နိုင်တာပဲကွာ"

မောင်က စိတ်ညစ်ညူးသလို ဆို၏။

"ဘာ မဖြစ်နိုင်စရာရှိလဲ"

"ငြိမ်းလေးလေးက အိမ်ထောင်မပြုတော့ဘူးတဲ့လား၊

www.burmeseclassic.com



မောင်တို့ကို တစ်သက်လုံးထားမှာလား''

''လေးလေးအိမ်ထောင်ပြုတော့မှ ငြိမ်တို့ ခွဲနေကြတာပေါ့''

''ငြိမ့် လေးလေးအရင်းလည်း မဟုတ်ဘူး၊ မောင် မနေချင်ဘူး''

''ဘာ''

ငြိမ် အသံတုန်လေးနှင့် အော်မိသည်။

မောင် ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်တာပါလိမ့်။

ငြိမ်နှင့် လေးလေးကိုခွဲပစ်ဖို့စိတ်ရိုင်းတွေ မောင့် ခေါင်းထဲ ဘယ်လိုဝင်လာခဲ့သလဲကွယ်။

ချက်ချင်းကြီးပဲ ငြိမ် နုံးခွေကျသွားရသည်။ လန်းလန်းဆန်းဆန်းမရှိတော့။

''လေးလေးက ငြိမ့်ကို သမီးရင်းလို ချစ်တာပါ မောင်ရယ်၊ လေးလေးကို ငြိမ် သနားတယ်၊ တစ်ယောက်တည်းကျန်ခဲ့မှာမျိုး မဖြစ်စေချင်လို့ပါ''

''အင်းလေ ...စဉ်းစားကြသေးတာပေါ့၊ ခွဲနေပြီး ငြိမ် သတိရရင် လာလည်လို့ရသားပဲ''

မောင်က သည်ကိစ္စကို အလွယ်တကူ လျှော့မည့်ပုံ မရတာကြောင့် ငြိမ် ငိုချင်လာရသည်။

''ဘာလို့ခွဲနေချင်တာလဲလို့ ငြိမ် တွေးမရဘူး မောင်''





''ငြိမ် တကယ်တွေးရမှာက မောင့်ကိုချစ်လား၊ ယုံကြည်လား၊ မောင့်ကို နံပါတ်တစ်နေရာမှာ ထားနိုင်လားဆိုတာပဲ''

''ဘာလို့မထားနိုင်ရမှာလဲ မောင်၊ ငြိမ့်မှာ ယှဉ်စဉ်းစားစရာ ပြိုင်ဘက်ရှိတာမှ မဟုတ်တာ''

''ငြိမ့် လေးလေး ရှိနေတယ်လေ''

''အို ...မယှဉ်ကောင်း မနှိုင်းကောင်း မောင်ရယ်''

''လေးလေးထက် မောင့်ကို ပိုချစ်ရင် မောင့်ဆန္ဒကို သဘောတူရမှာပေါ့''

''အဲလို မကပ်ပါနဲ့ မောင်၊ ငြိမ့်ကို နားလည်ပါလား''

''နားလည်ပါတယ်၊ အရမ်းနားလည်တယ်၊ ငြိမ့် လေးလေးလောက် မောင့်ကို အားမကိုးဘူး မဟုတ်လား၊ ငြိမ် လိုက်မနေရဲဘူး မဟုတ်လား အရှင်းကြီးပါ''

''တော်ပါတော့ မောင်ရယ်''

ငြိမ် ပြိုင်ပြောမနေတော့ဘဲ ငိုချပစ်လိုက်၏။

သည်လိုစကားတွေကို လုံးဝမျှော်လင့်မထားတာကြောင့် ယူကျုံးမရ ကြေကွဲလွန်းရသည်။

''တိတ်ပါ ငြိမ်ရယ်၊ အဲဒါတွေ မတွေးနဲ့တော့''

ငြိမ် မျက်ရည်ကျတာမြင်တော့ သူလည်း စိတ်မကောင်းဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းကန်သည်ဟု ထင်ထားသည့်ကိစ္စမို့ မလျှော့ချင်တာပါ။

ငြိမ်တစ်ယောက် သူ့လေးလေးအကြောင်း တသသ ပြောတတ်တာ၊ အမြဲ တလေးတစားနှင့် ချစ်ခြတ်နိုးတာ၊ ဘယ်စကားလေးပဲဖြစ်ဖြစ် လေးလေးပါအောင် ပြောတတ်တာ။ သူတို့နှစ်ဦး နက်ရှိုင်းကျယ်ပြန့်စွာ သံယောဇဉ်ရှိကြတာ အစတုန်းကတော့ ဘာယ်လိုမှမနေပါ။

မနာလိုဝန်တိုခြင်းလည်း မဖြစ်မိ။ အနှောင့်အယှက်တစ်ခုဟုလည်း မထင်ခဲ့ပါ။

အခုအချိန်မှာတော့ သူ ဘာယ်လိုမှ သဘောထားမကြီးနိုင်တော့။

ချစ်သူလေးနှင့် တစ်မိုးအောက် တစ်ယောက်တည်း အတူနေရသည့် ဖိုကျိုလ်သည် သူ့စိမ်းသက်သက်ဆိုသော အတွေးက သူ့ကို ပူလောင်ထိရှစေပါသည်။

ဘယ်လိုမှ သွေးမအေးနိုင်၊ စိတ်မချနိုင်ပါ။

စဝေစဝါအတွေးတွေနှင့် သံသယဖြစ်လာရသည်။

သူတို့နှစ်ဦးအနေအထားကို မှတ်မိသလောက် ပြန်စဉ်းစားကြည့်သည်။

လေးလေးနှင့်ပတ်သက်ပြီး သိသိသာသာ ရင်တွင်းမေတ္တာကို ပေါ်လွင်စေလွန်းသော ငြိမ့်အမူအရာလေးတွေကို



မြင်မြင်ယောင်ရောက်မိသည်။

ငြိမ်က ဦးမင်းဒင်အကြိုက်ဆို အကုန်သိနေသည်။ ဦးသိနေရသာမက ဂရုစိုက်သေချာစွာလည်း ရှိသည်။

ဦးမင်းဒင်စကားတွေဆို ဘာမဆိုတော့မှမလွန်ရဘူး။

သူနှင့်ငြိမ် ကြုံခဲ့ချိန်တိုင်း စကားပြောလေ့ ပြီးသွားချိန်ကဲ မရှိခဲ့သလောက်။

အချို့ကတော့ သူ့အကြောင်းပြောကို ဆေးခွဲဝင်မှုရာတော့ပဲ မသိနိုင်။

ဒြော် သူတို့ဇွဲ့သားရင်းတွေခဲ့ပုံ ဆွေမျိုးကြည်သိခဲ့မိသည်လေ။

အခုမတော့ ချစ်ချင်နိုင်သဲစရာတွေ ရှိလာပြီ။

ငြိမ်လေးအပေါ် ဦးမင်းဒင် ရိုးသားရဲ့လား၊ ငြိမ်လေးကကော် မှန်သက်ရှိုးအတူရှိနေခဲ့သည့် လေးလေးအရိပ်ကိုလွန်ပြီး သူ့စိတ်ဝင်မှုတော့ဂါ မူမှား။

သူ ဘယ်လိုမှ စိတ်မအေးနိုင်တော့ပါ။

ငြိမ်လေးကို အမြန်ဆုံးပဲ လက်ထပ်ချင်ပြီ။

သူ့အဖြစ်က တစ်ချိန်လုံး တထင့်ထင့်နှင့် ရုန်းကန်နေရသည့်အခြေအနေ။

သူ့ကို မိုးလှင်းမိုးချုပ် တစ်နေကုန် ဖြစ်နေတွေ ရင်းနှီးနေရသည့် အနေအထား။ ကိုယ်ဝှာ အပြင်လူ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နေတာထိုင်တာ ဘာတစ်ခုမှ တွေ့မြင်ရတာ မဟုတ်။

ဘယ်အတိုင်းအတာအထိ အရောတဝင် နေသလဲဆိုတာ မှန်းရခက်သည်။

ကိုယ့်မျက်စိရှေ့မှာပင် ငြိမ်ကလေးက သူ့လေးလေး လက်မောင်းကို ကိုင်ဆွဲလှုပ်ယမ်းနေတာ၊ ပခုံးပေါ် ခေါင်းမှီနေတာ၊ လေးလေးမျက်နှာကို မြတ်နိုးမှုပြင်းစွာ မော်မော်ကလေးကြည့်နေတာ၊ ကလေးပိစိလေးလို ချွဲနွဲ့နေတတ်တာ၊ ပွတ်သီးပွတ်သပ်နှင့် တွယ်ကပ်နေတတ်တာ။

ဦးမင်းဒင်ကလည်း ငြိမ့်ကိုဆို ပေါက်စလေးလို အရိပ်တကြည့်ကြည့်နှင့် သည်းသည်းလှုပ် ဖြစ်နေတတ်တာ။ အားလုံး အားလုံး ...

စေ့စေ့တွေးကြည့်လေ ရင်ပူစရာတွေပါပဲ။

သည်အနေအထိုင်တွေကို သူ ဘယ်အချိန်အထိ သည်းခံနေနိုင်မှာလဲ။

သူ့စိမ်းဆိုသောအသိနှင့် သူ ဘယ်လိုမှ ကျေနပ်နိုင်မည်မထင်ပါ။

ငြိမ့်ကို တဖြည်းဖြည်းတော့ အနေအထိုင် ဆင်ခြင်ဖို့ ပြောရဦးမည်ဟု တွေးမိရင်း သူ့စိတ်တွေ နောက်ကျိ[illegible]သည်။





"ဟော ...လေးလေးပြန်လာပြီ"

ငြိမ့်စကားကြောင့် ဆတ်ခနဲဖြစ်သွားရင်း အိမ်အဝင်ဝသို့ လှမ်းကြည့်ဖြစ်၏။

ကားပေါ်မှဆင်းပြီး မတ်မတ်တည့်တည့် လျှောက်လာသော ပုံစံက ကိုယ်နှင့် ဘယ်လိုမှမယှဉ်နိုင်အောင်ပင် ပြည့်စုံနေသလို ခံစားရသည်။

အရွယ်ရော၊ ရာထူးရော၊ အနေအထားရော၊ ဥပဓိရုပ်ရော အစစအရာရာသည် မိန်းကလေးတစ်ဦး အားကိုးမှီတွယ်ချင်စရာပါပဲ။

တင့်တင့်တယ်တယ်ရှိလွန်းသော သဏ္ဍာန်နှင့် စိတ်သဘောထား ပြည့်ဝမြင့်မြတ်ပုံရသော မျက်နှာထားက လိုက်ဖက်လွန်းနေသည်။

သူလည်း ငြိမ်နှင့်အတူ မတ်တတ်ရပ်ရင်း စောင့်ကြိုနေလိုက်ရသည်။

"ထိုင်ပါ ...ထိုင်ပါ၊ ရပါတယ်"

မျက်နှာပြင်က ပြုံးယောင်ယောင်လေး ရှိသွားရင်း လှမ်းပြောသည်။

"လေးလေး ...တွင့်ပါ၊ ငြိမ်ပြောထားတဲ့လူပါ"

"ဪ ...ဟုတ်လား၊ အေးကွာ၊ လေးလေး ဝမ်းသာပါတယ်၊ အေးအေးဆေးဆေးနေပေါ့၊ ငြိမ်လေးပြောထားလို့

www.burmeseclassic.com



သိပြီးပါပြီ၊ လူငယ်ချင်းပြေလည်ဖို့သာ အရေးကြီးတာပါ။ ကဲ ... လေးလေးကို နားခွင့်ပေးဦး''

ထွဋ်ဌ ခေါင်းအသာညိတ်ပြလိုက်ရင်း ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသလို ခံစားရသည်။

ငြိမ့်မိဘရင်းတွေဆီ ခုလို တွေ့ဆုံရတာ ဘယ်လောက် မင်္ဂလာရှိလိုက်မလဲ။

ဦးမင်းဒင်သာ ငြိမ့်လေးလေး အရင်းအချာဆို သည် အချိန်မှာ ထွဋ်ဌ သိပ်ပျော်သွားမှာ အမှန်ပါ။

ကိုယ်နှင့် အရွယ်မတိမ်းမယိမ်းလောက်သာ ရှိမည့် ငြိမ့်နှင့်လည်း အမျိုးအဆွေ မတော်စပ်ဘဲ သူ့ရှေ့မှာ မျက်နှာငယ်ရတာ မနှစ်သက်ချင်ပါ။

ဦးမင်းဒင်က ငြိမ့်လေးလေးအရွယ်ပင် မရှိသေးပါ။

နပျိုလန်းဆန်းမှုတွေနှင့် လူငယ်တစ်ဦးလို ဖျတ်လတ်သွက်လက်နေတုန်းပါ။

''လေးလေး ...ထမင်းစားတော့မလားဟင်''

''ရတယ်၊ နေ ...နေ၊ ကြီးကြီးပဲ ပြင်ခိုင်းလိုက်မယ်''

ငြိမ်က သူ့လေးလေးဆီ ရောက်သွားပြီး မေးလိုက်တာကို သူ သေချာကြားလိုက်၏။

ဦးမင်းဒင်က ငြိမ့်ကိုပြုံးကြည့်ပြီး ခေါင်းလေးကို





...တ်ခနဲပုတ်ကာ ပြန်ပြောလိုက်သံကိုလည်း သူ ကြားနေရ...ည်ပဲ။

ဘယ်အချိန်ကြည့်ကြည့် သူတို့နှစ်ဦး ဆက်ဆံရေးက ...င်သာလိုက်လှဲနေခဲ့သည်။

ငြိမ်က သူ့ရှေ့ကို ပြန်လျှောက်လာပြီး ...

''ထွဋ်ကော ဆာနေပြီလား''

ဟု မေးမိသည်။

''မဆာပါဘူး၊ ငြိမ်ကော''

''ဟင့်အင်း ...ခဏကြာမှ စားရအောင်နော်''

ငြိမ့်ဆန္ဒကို မငြင်းချင်သဖြင့် ခေါင်းညိတ်လိုက်ရပေ...ဆံ့ ထမင်းစားဖို့ စိတ်မပါတော့တာ ကိုယ်တိုင်သိသည်။

ငြိမ့်ဘဝ၊ ငြိမ့်အနေအထားကို အကြီးအကျယ် စိတ်...ဏ်အုံ့ညြသွားရသည်လေ။

ဦးမင်းဒင်၏ ပြုစုပျိုးထောင်မှုအောက်မှာ ရှင်သန်လာ...ရသော မိန်းကလေး။

ဘာလို့မှန်းမသိ။ သည်အဖြစ်ကို သူ စိတ်နာသည်...ကိုသည်။ ချစ်သူလေးကို မိရင်းဘရင်းနှင့် နေခဲ့တာမျိုးပဲဖြစ်...ချင်သည်။ လေးလေးဆိုလျှင်တောင် လေးလေး အရင်း...ပါလေ။

သူစိမ်းတစ်ဦးလက်ထဲမှာ ကြီးပြင်းလာခဲ့ရတာမျိုး...

www.burmeseclassic.com



သူ မနစ်သက်မိပါ။

သိမ်မွေ့နူးညံ့လွန်းသော ချစ်သူလေးကို ငေးကြည့်ရင်း ဘယ်လိုမှမစွန့်လွှတ်နိုင်တာလည်း သေချာသည်။

"မောင်တို့ လက်ထပ်ကြရအောင်"

ငြိမ်က မျက်လုံးလေးတွေ ဝိုင်းစက်သွားရင်း ...

"ချက်ချင်းကြီး"

ဟု မေး၏။

"အင်းပေါ့ ...မောင် ငြိမ်နဲ့အတူ နေချင်ပြီ"

ခေါင်းလေးငုံ့ချပြီး တိတ်ဆိတ်နေတော့ အားမရနိုင်ဘဲ မျက်နှာပေါ် တစ်ဝက်တစ်ပျက် အုပ်မိုးနေသော ဆံပင်တွေကို လက်နှင့်ဖယ်ပယ်ရင်း မျက်နှာလုံးလုံးလေးကို ငေးကြည့်နေမိသည်။

"မောင့်သဘောပါ မောင်ရယ်၊ ငြိမ် တစ်ခုပဲတောင်းဆိုချင်ပါတယ်"

"ဘာလဲ ...ငြိမ် ပြောလေ"

"ငြိမ်နဲ့ လေးလေးကိုတော့ ခွဲပစ်ဖို့ မကြိုးစားပါနဲ့နော်၊ ငြိမ့်ကို နားလည်ပေးပါ၊ လေးလေးက ငြိမ် စိတ်တိုင်းကျ အရာရာဖြစ်စေခဲ့သူပါ၊ ငြိမ့်ကိုငဲ့ပြီး အိမ်ထောင်တွေဘာတွေတောင် ပြုခဲ့တာမဟုတ်ဘူး၊ ဒီတစ်ခုတော့ လေးလေးအပေါ် ငြိမ် ကျေးဇူးဆပ်ပါရစေ၊ လေးလေးကို ငြိမ်တို့နဲ့အတူ





အမြဲခေါ်ထားပါရစေ"

"ဟား"

မောင်က ခေါင်းမော့ပစ်ရင်း သက်ပြင်းရှိုက်သည်။

သူနှင့်ငြိမ် တစ်စတစ်စ ပြတ်တောက်သွားမှာ ပူပန်နေမိတော့သည်။

"ခွဲမပစ်ပါဘူး ငြိမ်လေးရယ်၊ ငြိမ် ကြိုက်သလိုဆုံးဖြတ်ပါ၊ မောင့်ဆန္ဒကို လိုက်လျောမလား၊ မောင်နဲ့ဝေးနိုင်သလား"

"ဘာရယ် ဘယ်လိုပြောလိုက်တာလဲ မောင်ရယ်"

ငြိမ့်အသံက တုန်တုန်ကလေးနှင့် အံ့ဩလွန်းစွာ မေးပေမယ့် မောင်က တိတ်ဆိတ်နေ၏။

မောင့်ရင်ထဲမှာ သံသယတွေရှိနေပြီဆိုတာ တုန်လှုပ်စွာ သိလိုက်မိပြီ။ လူတစ်ကိုယ်လုံး အင်အားမဲ့သူလို ချည့်နဲ့သွားရသည်။

မောင်ရယ် ...ထင်ရက်လိုက်တာ။

သည်လောက် မြင့်မြတ်ဖြူစင်ပြီး တုံ့ဆိုင်းမဲ့စရာ လေးလေးမေတ္တာကို မောင်မို့ မထင်စကောင်း ထင်ရက်လေခြင်း။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

"လေးလေး"

စာအုပ်ပေါ်မှာသာ စိတ်ရော၊ အကြည့်ရော ရှိနေ
လေးလေးကို ငြိမ် ခပ်တိုးတိုးပဲ ခေါ်မိသည်။

ခုတလော လေးလေးကိုကြည့်ရတာ ငြိမ့်အပေါ်
သက်သွားသလိုလို။

ငြိမ့်စိတ်ကပဲ အဲသည်လို ထင်မြင်မိတာလား။
ဟုတ် လေးလေးကိုက ငြိမ့်ကို ရှောင်ဖယ်အေးစက်နေ
လား။

"ဪ ...ကလေး၊ ထိုင်လေ"

ဖတ်လက်စ စာအုပ်ကို ပိတ်ပစ်ပြီး ငြိမ့်ကို
တယုခေါ်ဖော်ရတာမို့ အားတက်သွားရသည်။

"လေးလေးကို ငြိမ် ပြောစရာရှိလို့ပါ"





"ဟုတ်လား၊ ဗဲ ...ပြော ဘာပြောမလဲ"

လေးလေးက တမင် လုပ်ယူထားတာပဲလား။ အမှန်
တကယ်ပဲ အဲသည်ပုံစံဖြစ်နေတာလားတော့ မသိ။

ငြိမ် ချစ်သူရသွားတာကို ဘယ်လိုမှမနေသလို လုပ်
နေ၏။

တကယ်ဆို နည်းနည်းပါးပါးတော့ စိတ်ထိခိုက်ဖို့
ကောင်းသည်ပေါ့။

ဘာတစ်ခုမှ ပြောင်းလဲသွားသလို ခံစားရသဲ ဟန်
မပျက်နေနေတာကို ငြိမ် မသင်္ကာဖြစ်မိသည်။

ပုံစံအမှန်မဟုတ်ဘူး လေးလေးရယ်။

လေးလေး ကိုယ့်ကိုယ်ကို ညာနေပြီ။

ငြိမ် လေးလေးဘဝထဲက အပြီးအပိုင်ထွက်သွားဖို့
ဟန်ပြင်နေတာ လုံးဝမခံစားရဘူးလား။

နှစ်ဦးတည်း ကျစ်လျစ်စွာ ဖွဲ့စည်းထားသော မိသားစု
မှာ တစ်ဦးခွဲထွက်သွားမှာကို ကျန်တစ်ဦးက အထောက်ရှပ်ကို
ခံစားချက်မဲ့ နေနိုင်သတဲ့လား။

လေးလေးရယ် ...ငြိမ့်ကို သူချင်သူလိုက်ပါ။

တားမြစ်ပိတ်ပင်ချင်လည်း တားမြစ် ပိတ်ပင်လိုက်
ပါ။

အဲသည်လိုမဟုတ်လည်း ကြေကွဲနေတာကို ပွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းပဲ ထုတ်ပြလိုက်စမ်းပါ။

လေးလေးရင်ထဲမှာ ဘယ်လိုမှမကြည်လင်နိုင်တာ ငြိမ် သိပါတယ်။

ဘယ်တော့များ ခွဲချန်ထားခဲ့မလဲလို့ အမြဲစိုးရိမ်ကြီးနေခဲ့တာက ငြိမ်ပါ။ ခုတော့ ငြိမ် ခံစားရမှာ ကြောက်ရွံ့သည့် ဝေဒနာကို လေးလေး ခံစားနေရပြီ။

သည်လိုဖြစ်အောင် ဖန်တီးတာ မဟုတ်ပါဘူး။

မောင့်ကို ချစ်သွားမိတာ ရင်ထဲ အလိုလို ဖြစ်ပေါ်သွားတာပါ။

ငြိမ့်ကိုခွင့်လွှတ်ပါ လေးလေးရယ်။ လေးလေးကို ပေါ်ပေါ်ထင်ထင် မာမာကျောကျောပဲ သည့်ကိစ္စတွေနှင့်ပတ်သက်လာလျှင် ငြိမ် ပွဲကြမ်းပစ်ခဲ့တာချည်းပါပဲ။

ဘယ်အမျိုးသမီးနဲ့မှ လေးလေးကို ရင်းနှီးခွင့်မပေးခဲ့ဘူး။

အခုချိန်မှာတော့ ငြိမ် သိပ်မတရားခဲ့တာ နားလည်နေရပြီ။

ငြိမ် နည်းနည်းပါးပါးတောင် ကြိတ်မှိတ်မခံစားနိုင်ခဲ့သော အရာကို လေးလေး နှုတ်ပိတ်ရင်စည်းခံလိုက်ပြီ မဟုတ်လား။

ကိုယ်ချင်းစာပါတယ် လေးလေးရယ်။





လေးလေး ငြိမ့်အပေါ်ထားရှိတဲ့ မေတ္တာတွေကိုလည်း အံ့ဩရပါတယ်။ ငြိမ် ဘယ်လိုမှလိုက်မမှီအောင် မြင့်မားလွန်းတာ သိလိုက်ရတော့ ပိုပြီးစိတ်မကောင်းဖြစ်ရပါတယ်။

ငြိမ် လေးလေးအပေါ် ဘာလို့အနိုင်ယူခဲ့မိပါလိမ့်။

"ငါ ကျန်ရစ်ခဲ့ရင်" ဆိုတဲ့ အတွေးနဲ့ တုန်လှုပ်ပျာယာခတ်နေဖို့ပဲသိခဲ့ပြီး လေးလေးအပေါ် အနစ်နာခံဖို့ ဘာလို့ ခေါင်းထဲမရောက်တာလဲ။

မောပန်းနွမ်းနယ်တဲ့ အတွေးဆိုးတွေနဲ့ မာန်ပြင်နေမယ့်အစား သန့်စင်လွန်းလှတဲ့ မေတ္တာတစ်မျိုးနဲ့ လေးလေးဘဝကို သာယာလှပအောင် ဖန်တီးပေးသင့်တာ။

ငြိမ် မှားပါပြီ လေးလေးရယ်။

သိပ်ကလေးဆန်လွန်းတဲ့ ညီမျှမှုမရှိတဲ့ ငြိမ့် ဆုံးဖြတ်ချက်တိုင်းကို ပြုံးပြုံးကြီး လက်ခံခေါင်းညိတ်ပြီး ငြိမ့်ကို ချစ်ခဲ့တာပေါ့နော် လေးလေး။

"ဘာဖြစ်လို့လဲ ...လေးလေးကို ကြည့်လှချည်လား"

ပိတ်ထားသောစာအုပ်နှင့် ငြိမ့်ခေါင်းကို ထုချပစ်တော့မှ သတိဝင်လာရသည်။

"ငြိမ့်ကို ထွဋ်ရှုနဲ့ လေးလေး သဘောတူလားဟင်"

"ငြိမ် နှစ်သက်ရင် လေးလေး မပိတ်ပင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တူရမှာပေါ့''

''လေးလေး . . ငြိမ် အိမ်ထောင်ပြုသွားမှာ ဘယ်ရိ

မှမနေဘူးလားဟင်''

''နေတာပေါ့၊ ခံစားရတာပေါ့၊ စိတ်မကောင်းဖြစ်တ

ပေါ့၊ ဒါပေမယ့် လေးလေး ပျော်ရမယ်ကွ၊ မိဘဆိုတာ သား

သမီးကို သိပ်ချစ်ကြတာချည်းပဲ၊ အချိန်တန်ခွဲသွားမှာ တွေ

ရှိနေလို့ ဖြစ်မှာလား၊ ကောင်းသော ခွဲခြင်းပဲကွာ၊ ဝမ်းသ

ရမှာပေါ့''

လေးလေးက စိတ်ပါလက်ပါပြော၏။

''လက်ထပ်ပြီးရင် ငြိမ်တို့ကို ဒီအိမ်မှာပဲ နေခွင့်ပြု

ပါနော်''

ငြိမ့် ခွင့်တောင်းသံကြောင့် လေးလေးကိုယ်ကြီး မယ်

လာသည်။

''ငြိမ်တို့ လက်ထပ်ကြတော့မှာလား''

လေးလေး အမေးကြောင့် မျက်နှာပူ အနေခက်သွာ

ရရင်း . . .

''သူက အဲဒီလိုပဲ ဆန္ဒရှိနေတယ်''

''အင်းလေ . . ဒါလည်း ငြိမ်တို့နှစ်ဦးဆန္ဒပါ၊ လေ

လေးက ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးရမှာပေါ့''

ကုလားထိုင်ပေါ်ပြန်မှီချရင်း ခြောက်ကပ်သောအသံ





နှင့် ခပ်လေးလေးဆို၏။

''ငြိမ်လေးတို့ နေချင်တဲ့နေရာ နေပါ၊ လေးလေးကို ခွင့်တောင်းစရာ မလိုပါဘူးကွာ၊ ဒါ ငြိမ့်အိမ်ပဲဥစ္စာ''

ငြိမ့်ရင်ထဲ နွေးထွေးသွားရသည်။

''ဒါပေမယ့် လေးလေးရယ် . . သူက ဒီအိမ်မှာ မနေချင်ဘူးတဲ့၊ ငြိမ် ့ သိပ်စိတ်ညစ်နေမိတယ်''

လေးလေးထိုင်နေသော ကုလားထိုင်ပေါ် လက်နှစ်ဖက်ပိုက်တင်ရင်း ခေါင်းလေးပါ မှေးတင်ထားတော အခက် အခဲကို ဖွင့်ပြောပြမိသည်။

''အဲဒီလိုပဲ ပြောသလား''

''ဟုတ်တယ် လေးလေး၊ အိမ်ခွဲနေချင်တယ်တဲ့၊ ဘယ်လိုမှညှိမရဘူး လေးလေးရယ်''

အခက်အခဲတစ်ခုကြုံလာတိုင်း လေးလေးရှေ့ ဖွင့်ဟဝန်ခံကျင့်က စွဲမြဲနေပြီးသားမို့ ခုလည်း မဆင်ခြင်နိုင်ဘဲ အကျင့်ပါသွားရသည်။

''သေချာတွေးကြည့်တော့လည်း ဟုတ်တာပဲလေ၊ ငြိမ်လေးက သူ့ကိုလက်ထပ်မှတော့ သူခေါ်ရာ လိုက်ရမှာပေါ့''

''ငြိမ် လေးလေးကို မခွဲချင်ဘူး၊ လေးလေး တစ်ယောက်တည်း ကျန်ခဲ့မှာမျိုး မလိုချင်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



“ပြုတ်သားရဲရမှာပေါ့ ငြိမ်လေးရဲ့၊ လေးလေးကို ငဲ့မနေပါနဲ့ကွာ၊ ခုလို ခွဲမသွားချင်ဘူးဆိုတာလေး ကြားရရုံနဲ့ပဲ လေးလေး ဝမ်းသာလှပါပြီ၊ ကိုယ့်ဘဝခရီးလမ်းမှာ လေးလေးကြောင့် ကသိကအောက် အဖြစ်မခံပါနဲ့ကွာ၊ ကြားလား”

လေးလေးက လူကြီးပီသစွာ ပြန်ဖြေဖို့ ကြိုးစား၏။

“မာနကို လျှော့သင့်တဲ့နေရာမှာလျှော့”

“မာနထားတာ မဟုတ်ပါဘူး လေးလေး၊ ငြိမ် သူ့ဆီက ဒီတစ်ခုပဲတောင်းတာ၊ သူက မာကျောလွန်းတယ်”

“သူ့ဘက်က မလိုက်လျောနိုင်တဲ့ကိစ္စမို့ နေမှာပေါ့ ကလေးရဲ့”

“တော်ပါပြီ လေးလေးရယ်၊ ငြိမ် စိတ်ကုန်လှပြီ”

“ဟာ …မဟုတ်တာပဲကွာ၊ ဒီလိုပဲ စိတ်အခန့်မသင့်ကာမျိုးရှိတာပေါ့၊ ပြေလည်သွားမှာပါ”

“ငြိမ်က လူတစ်ဖက်သားကို ဖွတ် အတင်းအကျပ်လဲ မပြောချင်ဘူး၊ ကိုယ့်ဆန္ဒတစ်ခုကို တစ်ဖက်သတ်ကြီး မတိုက်တွန်းချင်ဘူး”

“အင်း”

“ငြိမ် ဖြစ်ချင်တာကို သိအောင်တော့ ပြောပြလိုက်တယ်၊ သူ့ဘက်က စိတ်မပါဘဲနဲ့ ဖွတ်မလုပ်ချင်ပါဘူး လေးလေးရယ်”





ငြိမ့်ရင်ထဲမှာတော့ မချိမဆံ့ ထိခိုက်နေရပြီ။

‘ဝေးသွားရင်’ ဆိုသောအတွေးနှင့် ခြောင်းဆန်နေမိ၏။

နိုမိတာလည်း အကြိမ်ကြိမ်ပါပဲ။

ဘွင့်က ငြိမ့်ဆီ အဆက်အသွယ်မလုပ်ဘဲ ရှောင်ဖယ်နေတာကြောင့် ဒေါသထွက် ခံပြင်းမိသည်။

သတိရတမ်းတမိတာကတော့ ဖွင့်ဟဝန်ခံဖို့ ရှက်ရွံ့မိသည်အထိ ပြင်းထန်သည်။

တစ်ရေးနိုး ငုတ်တုတ်ထထိုင်ပြီး မျက်ရည်ကျမိတာတွေ လူးလူးလိမ့်လိမ့်နှင့် ဘယ်လိုမှမဖြေနိုင်အောင် ရှိနေတာတွေ ငြိမ် မညာချင်ပါဘူး။

မောင့်ကို ငြိမ် အရူးအမူးချစ်တာပါ။

လေးလေးလောက် ယုံကြည်အားကိုးမှု မရှိရင်သာ ရှိမည်။

လေးလေးကို ချစ်တာထက် အဆပေါင်းများစွာ ပြင်းထန်နက်ရှိုင်းသည်။

အချိန်ပြည့်နီးပါး သူ့ဆီပဲ လွင့်ပါးသွားတတ်သော ကိုယ့်စိတ်ကို ချုပ်ထိန်းရ ခက်လွန်းလှပါသည်။

“ကလေး”

“ရှင် …လေးလေး”

“အပျင်းပြေ စကော့(ဗိုလ်ချုပ်ဈေး)ဘက် သွားမ



www.burmeseclassic.com

www.burmeseclassic.com



လား"

"လေးလေး သဘောပဲလေ"

"ကလေးလည်း ဝယ်စရာရှိတာဝယ်ပေါ့"

"အင်း"

လေးလေးက ငြိမ် ငိုင်ကျတွေဝေနေတာကို သိရှိသွားသလို အပြင်ခေါ်ထုတ်ဖို့ ကြိုးစား၏။

"သမီးရေ ...ဖုန်းလာတယ်ဟေ့"

ကြီးကြီးမေ ခေါ်သံက ငြိမ့်ကို လှိုက်ခနဲပျော်စေသည်။

လေးလေးရှေ့မှာပင် ဟန်ဆောင်တင်းမထားနိုင်ဘဲ ပြေးပြေးလွှားလွှားကလေး ထွက်လာမိသည်။

"ငြိမ်ပါ"

"မောင့်ကို မေ့နေပြီလား"

မေးရက်လိုက်တာ မောင်ရယ်။

ရုတ်ခြည်းပဲ မျက်ဝန်းအိမ်တွေ စိုစွတ်စပြုသည်။

"ငြိမ်လေး"

ပြန်မထူးနိုင်ဘဲ လည်ချောင်းတစ်လျှောက် ရင်တစ်ခုလုံး ဆို့နင့်နေရသည်။

"ငြိမ်လေး ...မောင် လာခဲ့မလို့"

"ငြိမ် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ပြောဖို့ဆို





ရင် မလာပါနဲ့ မောင်ရယ်၊ ငြိမ် သိပ်ခံစားနေရပြီ"

"ဆောရီးပါကွာ၊ မောင် ငြိမ့်ကိုလွမ်းလို့ လာတွေ့မှာပါ"

ငြိမ် သက်ပြင်းရှိုက်မိသည်။

"ညနေပိုင်းမှလာနော်"

"မောင့်ကို ငြိမ် သတိရရဲ့လား"

"ဟင့်အင်း"

ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာလျက် နှုတ်ခမ်းကို နာနာဖိကိုက်ရင်း ငြင်းဆန်မိသည်။

"သတိမရဘူး ...ဟုတ်လား"

မောင်က ဆွေးသွားသလို လေသံတိုးလေးနှင့် မေး၏။

"မရဘူး ...လုံးဝမရဘူး၊ မုန်းတယ်၊ မုန်းတယ်၊ ဟင့်အင်း"

ရင်ထဲရှိသမျှ ပေါက်ကွဲပြီးထင်သည်။

ရှိုက်ကြီးတငင်ငိုချရင်း အော်ပစ်မိ၏။

"ဟာ ...ငြိမ်လေးရယ်"

မောင့်အသံက တိမ်ဝင်ခြောက်သွေ့သွားရလျက် ညည်းလိုက်၏။

"မောင် ခုပဲလာခဲ့ပါရစေ ငြိမ်"

"ဟင့်အင်း ...မလာနဲ့၊ မလာနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါကြီးနှင့် ဗလုံးဗထွေးပြောရင်း ဖုန်းချပစ်လိုက်သည်။

လေးလေးက တစ်စွန်းတစ်စ ကြားလိုက်ပုံဖြင့် ငြိမ့်ကို ငြိမ်သက်စွာ အကဲခတ်နေ၏။ စီးကျနေသော မျက်ရည်စတွေကို သုတ်ပစ်ရင်း ...

"ဈေးသွားမယ်လေ လေးလေး"

"ညို့သည်လာမယ်ဆို"

"သူ့ဟာသူ လာချင်လာ၊ မလာချင်နေ"

ဟုဆတ်ဆတ်ပြောရင်း သွားဖို့ပဲ ပြင်ဆင်မိ၏။

လေးလေးက ငြိမ့်ကို လိုက်လျောသလို ပြုံးကြည့်နေခဲ့သည်။

ငြိမ်နှင့် လေးလေးတို့ ကားနှင့်အထွက် ခြံဝမှာတင် သူ့ကားနှင့်ဆုံတာမို့ ငြိမ် တစ်အား စိတ်ရှုပ်သွားရသည်။

"သမီး ဆင်းနေခဲ့မလား၊ လေးလေးပဲ သွားလိုက်မယ်လေ၊ ညို့သည်ကို အားနာစရာကွာ"

"လေးလေး"

လေးလေးကို အော်ပစ်လိုက်သည်။

"ဘာလို့ ဒီလောက်သဘောကောင်းနေတာလဲ"

"ဩော် ...ကိုယ့်အိမ်လာတာ မဟုတ်လား၊ ဘယ်ကောင်းမလဲ"





"မကောင်းရင် လေးလေးပဲ ညို့ခံလိုက်တော့"

"မဟုတ်သေးပါဘူး ကလေးရယ်"

ငြိမ့် ကားပေါ်မှာပဲ ပေကတ်ထိုင်နေမိသည်။

လေးလေးက မနေသာဘဲ ကားထဲမှ ဦးဆုံးထွက်ပြီး

"စိတ်ကောက်နေကြသလား"

ဟု တစ်ဖက်ကားထဲမှ ထွဋ်ကို အပြုံးနှင့် လှမ်းမေး၏။

ထွဋ်ကလည်း ကားထဲမှ ဆင်းလျှောက်လာသည်။

ခြံအဝင်ဝမှာ ကားနှစ်စီး ယှဉ်မိလျက်သား တစ်စီးကအထွက် တစ်စီးကအဝင် ဦးတည်ရာက ဆန့်ကျင်ဘက်။

"သူကစိတ်ကောက်တာပါ လေးလေး၊ ကျွန်တော် လုံးဝမအားလို့ မလာဖြစ်တာပါ၊ အဲဒါကို ဘာတွေတွေးပြီး ကောက်နေလဲမသိဘူး"

ထွဋ်က ရည်မွန်ဖော်ရွေစွာ ရှင်းပြနေ၏။

သူနှင့်လေးလေး ပြေလည်နေတာတွေ့တော့ ငြိမ် ဝမ်းသာမိသလိုလို။

"ကဲ ...သမီး ဘာလို့ပေကတ်နေတာလဲ၊ ဆင်းတော့လေ"

လေးလေးက ငြိမ့်ကို နူးညံ့စွာပြုံးပြရင်း ပြော၏။

"လေးလေးတစ်ယောက်တည်း သွားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဝေါ့ကွ"

ငြိမ် ကားထဲမှ ဖြည်းလေးစွာဆင်းတော့ လေးလေးက ကားပေါ်တက်ထိုင်ပြီး ညင်သာစွာ မောင်းထွက်သွား၏။

"ငြိမ်...လာ"

သူက ငြိမ့် လက်ဖျားလေးကို ဆွဲခေါ်ပြီး ကားပေါ်တက်စေသည်။ ကားကိုပြန်ကွေ့တော့ ငြိမ် အံ့သြမိ၏။

"ဘယ်သွားမလို့လဲ"

"ပြစရာရှိလို့"

ချိုကြည်နေသော မျက်နှာပေးနှင့်ပြောတော့ ငြိမ် ရင်ထဲက ဒေါသတွေ ပျက်ပြယ်ချင်သည်။

"ဘာပြမှာလဲ"

"မောင် အိမ်လေးတစ်လုံး ဝယ်လိုက်ပြီ၊ သိပ်တော့ မကောင်းဘူး၊ ရှိတဲ့ငွေ အကုန်စုပြီး ဝယ်ရတာတွေ၊ တဖြည်းဖြည်းတော့ ပြင်ယူရမှာပဲ"

"ဟင်"

သူ့စကားတွေက ငြိမ့်ကို ကြီးမားစွာ တုန်လှုပ်စေသည်။

"မောင် ...အဲဒါတွေစီစဉ်နေတာနဲ့ ငြိမ်လေးဆီ မလာဖြစ်တာပါ၊ ခုလည်း ငြိမ်လေး ဝမ်းသာသွားအောင် ခေါ်ပြမလို့"





"မောင်ရယ်"

စိတ်ပျက်လွန်းလှစွာ သူ့မျက်နှာကို ငေးစိုက်ကြည့်ရင်း ဘာပြောရမှန်းပင် မသိတော့။

'မောင် ...ငြိမ် ဘယ်လိုမှ လိုက်မနေနိုင်ဘူး'ဟု ပွင့်ပွင့်လင်းလင်းပြောဖို့ ဝန်လေးသွားရသည်။

သူ့သဘောနှင့်သူ ထင်ရာလုပ်ခဲ့တာကို မခံချင်လည်း ခံမိပါသည်။

တစ်ဖက်ကလည်း သြော် ...ကိုယ့်ကို တကယ်မြတ်နိုးရှာတယ်ဟု ယူကျုံးမရဖြစ်မိ၏။

သူဝယ်ထားသည်ဆိုသော အိမ်ကလေးသည် ကိုယ့်ရှိရာတိုက်တာ နှင့်ဝေးသလောက်။

"မောင်"

"ဟင်"

"ငြိမ် မကြည့်ချင်ဘူး၊ အိမ်ပဲပြန်လှည့်ပါ"

"ဘာဖြစ်လို့လဲ ငြိမ်"

"ငြိမ်မှ အဲဒီအိမ်မှာ မနေနိုင်တာ"

"ဘာ"

သူက ငြိမ့်ကို မမြင်ဖူးသူလို အကြာကြီးစိုက်ကြည့်နေ၏။

ကားကို တုံ့ခနဲရပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း တကယ်ဆုံးဖြတ်ပြီးသွားလား"

"ဟုတ်တယ် မောင်၊ ငြိမ်း လေးလေးကို တစ်ယော
တည်း မထားခဲ့နိုင်ဘူး"

သူ့မျက်နှာက နာကျင်ထိခိုက်သွားသလို မဲ့ကျ၏။

"ပြတ်သားလှချည်လား ငြိမ်း"

"မပြတ်သားပါဘူး မောင်ရယ်၊ ပြဿနာမဟုတ်တာ
ကို ပြဿနာလုပ် ခေါင်းမာနေတဲ့ မောင့်ကို တကယ်ဖြ
တောက်ပစ်ဖို့ ကောင်းနေပြီ၊ ဒါပေမယ့် ငြိမ်း အဲဒီလော
စိတ်မမာဘူး"

"ဩော်"

သရော်သလိုလို ခနဲ့သလိုလို ဆိုတာကို ငြိမ်း ခံရခ
လှသည်။

"မောင် ဘာလို့မလိုက်လျောနိုင်တာလဲလို့ ငြိမ်း
မလည်ဘူး၊ လူနှစ်ယောက်တည်းရှိတဲ့အိမ်မှာ ဘာလို့ လို
နေနိုင်ရမှာလဲ၊ ငြိမ်းကိုပြောစမ်းပါ"

"အဲဒီလူနှစ်ယောက်က ဘာတော်လဲ"

မောင့်အမေးက ငြိမ်း အသည်းပေါ် ရဲနေသော
စတင်လိုက်သလို ကျဉ်ခနဲ စူးတက်သွားရ၏။

"မောင် ဘာစကားပြောတာလဲ"

အသားတွေ တဆတ်ဆတ်တုန်ရင်း မျက်လုံး





ပြာဝေချင်၏။

"မင်း အဲဒီလူကိုမခွဲနိုင်ရင် ငါ့ကို ဘာလို့ချစ်လဲ၊
ဒီလိုကိစ္စကို ဘယ်ယောကျ်ားမှ မခံဘူး၊ မင်း မိန်းမကောင်း
ပီသစမ်းပါ ငြိမ်း"

"အစကတည်းက အဲဒီလူနဲ့ တစ်သက်လုံးနေဖို့
ရည်ရွယ်ရင် ငါ့အသည်းကို ဒုက္ခမပေးသင့်ဘူး"

မောင့် စွပ်စွဲချက်တွေက ငြိမ်းကို ကိုင်ပေါက်ပစ်လိုက်
တာထက်ပင် ဆိုးရွားနေ၏။

"သူစိမ်း ယောကျ်ားတစ်ဦးနဲ့ မင်းကို ငါစိတ်မချ
ဘူး၊ အဲဒီလောက် သဘောထား မကြီးနိုင်ဘူး၊ နွားမှမဟုတ်
တာ၊ လက်ပွန်းတတီးနေတာလည်း ငါ မကြိုက်ဘူး၊ မင်းတို့
ရင်းနှီးမှုအတိုင်းအတာကို ဘယ်သူသိနိုင်မှာလဲ"

"ရှင် ...ရှင်"

ဒေါသနှင့် မွန်ထူကာ ရှူးရှူးရှားရှားဖြစ်လျက် ဘာ
ချေပချက်မှ မထုတ်နိုင်အောင် ဖြစ်ရသည်။

မောင့်နှုတ်က သည်လိုစကားတွေ ကြားလိမ့်မည်ဟု
ယောင်၍ပင် မထင်ဘူးပါ။

မောင် သိပ်ရက်စက်ပါလား။

လေးလေးနှင့် ငြိမ်းကို အဲသည်လိုမျိုး ထင်ရက်လေ
ခြင်း၊ လေးလေးကြားလျှင် ရင်ကိုးမတတ် ခံစားရရှာပေတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

ငြိမ့်ကြောင့် အပြောခံရတာပါ လေးလေးရယ်။

သည်လူကို ငြိမ် မနေနိုင် မထိုင်နိုင် သွားချစ်မိလို့

မျက်လုံးစိမ်းများနှင့် အေးစက်လွန်းစွာကြည့်ရင်း ငြိမ် တစ်ကိုယ်လုံးရှိသွေးတွေ အေးခဲသွားသလို ခံစားရသည်။

"ငြိမ့်ကို ပြန်ပို့ပေးပါ၊ ငြိမ် တောင်းပန်ပါတယ်"

ငြိမ့်စကားဆုံးတော့ သူက ကားကို အိမ်ဘက်ပြန်မော သည်။

"ငြိမ့်ကို မောင် ပြောချင်သေးတယ်၊ ငြိမ် မောင်နဲ့ လိုက်နေဖို့ ဆုံးဖြတ်ပါ၊ မောင့်ကို တကယ်ချစ်ရင် သတ္တိရှိပါ မောင် သံသယရှိနေတာကြီးကို မောင့်နောက်လိုက်ခဲ့ပြီး မဟုတ်ဘူးလို့ သက်သေပြစမ်းပါ၊ မောင် ငြိမ့်ကို သိပ်ချစ်တယ်၊ ခွဲလို့မခွဲနိုင်ဘူး"

သူ့စကားတွေက ငြိမ့် အသည်းတွေကို တစ်စစီ ဖွဲ့ချေ နေ၏။

"မောင်ဝယ်ထားတဲ့အိမ်လေးမှာ ဘဝသစ်ကို စ အောင်ပါ ငြိမ်ရယ်၊ မောင် ငြိမ်နဲ့ မဝေးချင်ပါဘူး"

ကားရပ်လိုက်တော့ ငြိမ် ဆင်းဖို့ပြင်လိုက်၏။

"နေပါဦး ငြိမ်"

မောင်က ငြိမ့်ပခုံးလေးတွေကို ဆွဲယူ သူ့ဘက်လှည့်





စေရင်း ...

"အရမ်းချစ်တယ်"

ဟု တိုးတိုးသက်သက်ဆို၏။

"ငြိမ် မောင့်နေရာမှာ ခဏဝင်ကြည့်စမ်းပါကွာ၊ စာနာတတ်လာအောင်ပါ"

တစ်ခွန်းချင်းရှင်းပြနေတာကို နားထောင်ရင်း ငြိမ် ငြိမ်သက်နေမိသည်။

"မောင့်မှာ အမေအရွယ် အဒေါ်တစ်ယောက်လောက် ရှိတယ်ဆိုပါတော့၊ မောင်နဲ့ ဘာမှမတော်ဘူး၊ သွေးသားလည်း မစပ်ဘူး၊ မောင်နဲ့လည်း တရင်းတနှီးနေမယ်၊ ပြီးတော့ ငြိမ်လေးကို အဲဒီအမျိုးသမီးနဲ့အတူ လိုက်နေဖို့ခေါ်မယ်၊ မောင် အဲဒီမိန်းမကို တစ်ယောက်တည်း မထားရစ်ခဲ့နိုင်ဘူးလို့ ပြောမယ်၊ ငြိမ် ဘယ်လိုနေမလဲ၊ ဘယ်လို ခံစားရမလဲ၊ မောင်နဲ့ အဲဒီမိန်းမကို ရိုးသားတယ်လို့ ငြိမ် ယုံမလား၊ ငြိမ်နဲ့အတူ ခွဲထွက်လာစေချင်မှာပဲ၊ မောင်ပြောတာ ငြိမ် နားလည်လား"

"မောင်ရယ်"

ငြိမ် မောင့်ရင်ခွင်ထဲ အတင်းတိုးဝင်ရင်း ရှိုက်ကြီး တငင်ငိုချမိတော့သည်။

"အဲဒီအမျိုးသမီးက မောင့်ကို ဟိုးငယ်ငယ်လေးက တည်းက အနစ်နာခံ၊ သူ့ဘဝတစ်ခုလုံးပုံပေးပြီး ချစ်လာခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



မောင့်အနေနဲ့လည်း သူ့ဘက်ကို ပြန်ငဲ့ရမယ်''

ငြိမ့်အနေအထားကိုလည်း မောင် နားလည်သည်။

''သူ့ကိုပစ်ခွာသွားရင် မောင် မတရားသလိုဖြစ်တော့မယ်လေ၊ ငြိမ်လေး ခံစားမှုကို မောင် သိပါတယ်''

ငြိမ် နားဝင်အောင် စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

''ဟိုဘက်ကျတော့လည်း တစ်ချိန်လုံး ကိုယ်ပြုစုလာခဲ့တဲ့ ပန်းကလေး၊ သူများခူးခြွေသွားမှာ ကြိုက်ပါ့မလား''

''လေးလေးက အဲဒီလိုမဟုတ်ပါဘူး မောင်''

''ဟုတ်ပါတယ်၊ ငြိမ့်လေးလေး စိတ်ထားပြည့်တာ မောင်သိပါတယ်၊ ဒါပေမယ့် သူစိမ်းသွေးသား နှစ်ယောက် အတူနေကြလို့ တစ်သက်လုံးဖြစ်မှာလား၊ ငြိမ်နဲ့ လေးလေးက ဒီပုံစံအတိုင်း တစ်သက်လုံးနေသွားကြမှာလား''

မောင် စေ့စေ့စပ်စပ်မေးလာတော့ ငြိမ် မဖြေနိုင်။

''လူကြီးဆန်ဆန် ငြိမ်လေးကို မောင်နဲ့ သဘောတူခေါင်းညိတ်လိုက်ရပေမယ့် လေးလေးရင်ထဲ ဘယ်ကောင်းပါ့မလဲ၊ သူ့အနေအထားကျတော့ လူငယ်တစ်ဦးလို ဖွင့်တိုးဖို့ မလွယ်ဘူးလေ၊ ငြိမ်နဲ့မောင်နဲ့ သူ့မြင်ကွင်းထဲမှာ အမြဲရှိနေရင် သူ ပိုထိခိုက်မှာပေါ့၊ ငြိမ့်အပေါ်ထားတဲ့ သူ့မေတ္တာကလည်း ပေါ့ပေါ့သေးသေးမှ မဟုတ်တာ''

မျက်ရည်စတွေ မခြောက်တခြောက်နှင့် မောင့်





မျက်နှာကို မော့်ငေးကြည့်နေမိသည်။

''ငြိမ်ရယ် ...ငြိမ့်ကို မောင် နားလည်ပါတယ်၊ မောင့်ကိုလည်း ငြိမ် ကိုယ်ချင်းစာပေးပါ၊ ပြီးတော့ အကောင်းဆုံးအဖြေတစ်ခုကို ငြိမ် စဉ်းစားပါ၊ လေးလေးနဲ့ပဲ တစ်သက်လုံး နေသွားမလား၊ မောင့်ဆီပဲ သတ္တိရှိရှိနဲ့လာခဲ့မလား''

မောင်က သက်ပြင်းတစ်ချက်ရှိုက်၏။

''သွေးအေးလို့ပြောနိုင်တာ မဟုတ်ပါဘူး၊ မောင် အရမ်းခံစားနေရပါတယ်၊ ငြိမ် ဆုံးဖြတ်တာကို မောင် နာခံပါ့မယ်၊ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူချင်းတွေပဲ ငြိမ်ရယ်၊ အမုန်းနဲ့ ခွဲခွာစရာ မလိုပါဘူး၊ ငြိမ် ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် မောင်ကျေနပ်မှာပါ၊ လေးလေးအပေါ် ထောက်ထားညှာတာရမယ်ဆိုတာလည်း ငြိမ် မှန်တာပါပဲ၊ မောင့်ကို ငြိမ် သိပ်ချစ်တာလည်း မောင် ယုံကြည်ပါတယ်''

''မောင်က ငြိမ်တို့နဲ့လာနေဖို့ လုံးဝမဖြစ်နိုင်ဘူးပေါ့နော်''

''ဟုတ်တယ်၊ အဲဒါ မဖြစ်သင့်တဲ့အနေအထားလို့ မောင် ရှင်းပြပြီးပြီလေ''

''ငြိမ် စဉ်းစားပါမယ် မောင်ရယ်၊ ငြိမ်ကတော့ လေးလေးနဲ့ မောင်နဲ့ သုံးယောက်ပေါင်းပြီး တစ်သက်လုံးနေသွားချင်တာပါပဲ၊ ဒါပေမယ့် အဲဒါ လောဘကြီးနေမှာ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှန်း ငြိမ် နားလည်ပါပြီ၊ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ်နော်”

“အင်း … ငြိမ် သဘောပေါက်တာ မောင် ဝမ်းသာပါတယ်၊ မောင့်ကိုကော အပြစ်မြင်သေးလား”

“မမြင်တော့ပါဘူးမောင်ရယ်၊ ဒါပေမယ့် ခွဲရမှာ ကြောက်တယ်၊ မောင့်ကို ငြိမ် အရမ်းချစ်တယ်”

မောင့်ကိုယ်ကြီးကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားရင်း ငြိမ် တိတ်တဆိတ် မျက်ရည်ကျမိသည်။

“မောင်တို့ လက်ထပ်ကြရအောင် ငြိမ်ရယ်နော်”

ငြိမ် ပြန်မဖြေဖြစ်။

ဘယ်လိုစွမ်းအားနဲ့ ပြတ်သားတဲ့အဖြေကို ထုတ်နိုင်မှာလဲ။ ငြိမ် ဘယ်လိုဆုံးဖြတ်ရတော့မလဲမောင်ရယ်။

လေးလေးအကြောင်းတွေ တစေ့စေ့တွေးကြည့်တော့လည်း လေးလေးနဲ့ပဲ နေသင့်တာ သေချာသွားရသလို မောင့်ကိုလည်း အရမ်းချစ်နေမိတာပါပဲ။

လေးလေးကကော ငြိမ့်အပေါ် ဘယ်လိုသဘောထားလဲ။

မောင်နဲ့ငြိမ့်ကို အမြဲမြင်နေရရင် လေးလေး ကြေကွဲထိခိုက်နေမှာလား။

အဲသည်လို ခံစားနေရမယ်ဆိုရင်တော့ ငြိမ် ဘယ်လို





လုပ်ပျော်နိုင်တော့မှာလဲ။ ငြိမ့်အတွက် အစစအရာရာ အနစ်နာခံခဲ့သော လေးလေးကို ငြိမ် သိပ်ချစ်ရပါသည်။

ငြိမ် စိတ်ဆင်းရဲအောင် ဘယ်တော့မှလုပ်မှာမဟုတ်ဟု ငြိမ် ယုံသည်။

လေးလေးက ငြိမ် ဘာလုပ်လုပ် အပြစ်ယူနာကျင်မည်လည်း မထင်။

ငြိမ်နှင့်ပတ်သက်ပြီး လေးလေးရင်မှာ အမုန်းဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်။

အမြဲတမ်း ခွင့်လွှတ်နားလည်ပေးမှာ ကျိန်းသေပါပဲ။

လေးလေးက ငြိမ့်ကို မိဘလိုမေတ္တာမျိုးနှင့် တစ်သက်လုံးက ချစ်လာခဲ့တာမဟုတ်လား။

ငြိမ့်ကို ဘယ်လောက်ချစ်သည့်လူဖြစ်ဖြစ်၊ ငြိမ် ဆိုးပြလျှင် စိတ်နာအောင်လုပ်လိုက်လျှင် ငြိမ့်ကို မုန်းမျက်သွားမှာပါ။

လေးလေးကတော့ မပြောင်းလဲသော မေတ္တာစစ်တစ်မျိုးနှင့် အေးငြိမ်းသောအရပ်တစ်ခုကို ထာဝရချစ်သည်။ ဘယ်လိုမှ အဆုံးရှုံးမခံနိုင်။ ငြိမ့်ရင်မှာ သူနှင့်ပတ်သက်ပြီး အမောတွေနှင့် နင့်နေရသည်။

ငြိမ့်အပေါ် လေးလေးလောက် မကောင်းနိုင်မှန်း သိပေမယ့် သူ့ရင်ခွင်ကို ငြိမ် လိုချင်တောင့်တမိသည်။

ဒွိဟဖြစ်လွန်းသော စိတ်နှစ်ခွနှင့် ငြိမ် မူးဝေနေရ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မောင်က ငြိမ့်မျက်နှာလေးကို ငုံ့ကြည့်နေရင်းမှ ကက်ဆက်ခလုတ်လေးကို လှမ်းဖွင့်သည်။

ရှံသွင်ဆိုထားသည့် စွန့်စားမယ်အချစ် သီချင်းသံကြောင့် ငြိမ့်ရင်ထဲ တုန်ခါသွားရ၏။

အချစ်ကို ကမ်းလှမ်းခဲ့တဲ့သူပါ မေ ××× တမ်းတရသူလေး ××× နေ့များစွာကုန်ဆုံးခဲ့ ××× ဘဝထဲမှာ ငါဟာမျှော်လင့်နှက်ပါ ×××

မောင် သည့်သီချင်းလေးကို ကားထဲမှာ အကြိမ်ကြိမ်ဖွင့်ရင်း ငြိမ့်ကို သတိတရရှိနေခဲ့သည်ထင့်။

ငါ့အတွက်တော့ ×××မင်းလေးဟာ တန်ခိုးရှင် ××× ထာဝစဉ် ငါ့မြတ်နိုး လေပြည်ကို မွေးမြစေသလိုပင် ××× ရင်ကိုထွင်းဖောက်ခိုဝင် ××× အန္တရာယ်တွေရှေ့ကပြည့်လို့ ကာဆီးသလား ××× အသက်စွန့်လို့ အချစ်အတွက် ဖြိုခွင်းသွား ×××× တစ်ခါတစ်ရံမှာ ရှုံးနိမ့်ခြင်းတွေဦးမှာ ××× သည်ဒဏ်ရာ မင်းကလေးကြင်နာ ×××

"မောင်လေ ငြိမ့်ဆီမလာတဲ့ရက်တွေ ဒီသီချင်းနဲ့အားတင်းပြီးနေခဲ့တာ၊ အိမ်လိုက်ရှာဝယ်နေတော့လည်း ဒီသီချင်းနဲ့ပဲ စိတ်ဖြေခဲ့ရတယ်"

မောင်က ခပ်တိုးတိုးရှင်းပြ၏။





တကယ်ကို တမ်းတရတဲ့သူပါ မေ ××× အချစ်လက်ဆင့်ကမ်းလိုက်မယ် ××× စွန့်စားမယ်ကိုယ့်အချစ်ရဲ့လိုက်ရဲလား ×××× စွန့်စားမယ် ကိုယ့်အချစ်နဲ့ပြော ×××

မောင်ရယ် …ငြိမ့်ကို တစ်သက်လုံး ဒဏ်ရာတွေဖြစ်ကျန်ရစ်အောင် နှိပ်စက်နေတာလား။

တွေဝေဆုံးဖြတ်ရခက်နေတဲ့ ငြိမ့်စိတ်တွေ ပြတ်သားလာအောင်များ ပေးနေတာလား။

ဘာပဲဖြစ်ဖြစ် မောင့်လုပ်ရပ်တွေ ထိရောက်လှပါတယ်ကွယ်။

ဘာပဲဖြစ်ဖြစ် မင်းကလေးသာအနားရှိ ရင်ဆိုင်ကာဖြေရှင်းနိုင်သည် ××× နေရောင်လို့စွမ်းအားနဲ့ တို့အချစ် ××× နဂါးငွေ့တန်းဖြတ်ကျော်မည် ×××ပန်းပွင့်ဇော် နူးညံ့မှုနဲ့ တို့နှလုံးသား ×××အကြင်နာတွေ မင်းအတွက် အချိန့်တိုင်းရှိ ××× အရာရာမှာ အဆိုးနဲ့ကြုံတွေ့လည်း ×××× အချစ်များနဲ့တိုးမြှင့်ရင်ခုန်မည် ×××

"ငြိမ့်"

"ရှင်"

"ဆုံးဖြတ်လို့ရပြီလား"

"ဟင့်အင်း"

"မောင့်ကိုချစ်ရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှုံးမလောက်ကို ချစ်မိတာပါပဲ မောင်ရယ်"

"မောင် ယုံပါတယ်"

"ငြိမ့်ကို ခွဲသွားနိုင်သလားဟင်"

"ငြိမ်ရယ် …မေးရက်တယ်"

ငြိမ့် ဆံပင်စလေးတွေကို ဖိကပ်နမ်းရှိုက်ရင်း ရင်မောသံနှင့်ဆို၏။

"ဧည့်ခန်းထဲကိုသွားကြရအောင်နော် မောင်၊ ကားထဲမှာ ကြာလှပြီ"

"ဟင့်အင်း"

မောင်က ငြိမ့်ကိုလွှတ်မပေးဘဲ မွတ်သိပ်စွာ ပိုက်ထွေးထား၏။

ခဏတော့ အရာရာကို ငြိမ် မေ့လျော့သွားရသည်။ ပြီးမှ မောင့်ရင်ခွင်ထဲမှ ရုန်းဖယ်ထွက်မိသည်။

'မောင့်ကိုချစ်လား' ဟု ထပ်တလဲလဲမေးနေတာကို ခေါင်းညိတ်ပြရင်း ကားထဲမှဆင်းဖို့ ငြိမ် ကြိုးစားမိသည်။

"ငြိမ် …မောင့်ကိုလက်ထပ်ဖို့ပဲ ဆုံးဖြတ်ရမယ်"

အမိန့်ပေးသလိုလို ခပ်မာမာဆိုတာလေးကိုလည်း ခေါင်းညိတ်နာခံမိ၏။

ဧည့်ခန်းထဲရောက်တော့ ငြိမ် မောင့်မျက်နှာကို မကြည့်ရဲအောင်ပင် ရှက်ရွံ့နေမိသည်။





"မောင် …ထိုင်နော်၊ ငြိမ် ကော်ဖီယူခဲ့မယ်"

မောင်က ငြိမ့်လက်ဖျားလေးကိုဆွဲထားပြီး ငြိမ့်ကို တင်းကျပ်စွာ ပွေ့ပိုက်လာပြန်၏။

မောင့်နှုတ်ခမ်းအစုံကို လက်ချောင်းလေးများဖြင့် ကာထားမိရင်း …

'ဟင့်အင်း' ဟု ငြင်းဆန်ကာ ကိုယ်ချင်းခွာလျက် နောက်တစ်လှမ်း အတင်းဆုတ်မိသည်။

မောင်က ဇွတ်မကြိုးစားတော့ဘဲ ငြိမ့်ကို ရယ်ချင်သလို ပြုံးစိစိလေး ကြည့်နေတာကြောင့် မျက်စောင်းဝင့်မိတော့သည်။

"ချစ်လား"

မပွင့်တပွင့်မေးသော အသံမှာ မူးမိုက်ကျမတတ် ဖြစ်စေသော အင်အားတစ်မျိုး ပါဝင်နေတာ ငြိမ်ပဲ သိသည်။

"မချစ်ဘူး"

မောင် မကျေနပ်ဖြစ်အောင် ပြောရင်း ဧည့်ခန်းထဲမှ ပြေးထွက်ခဲ့မိသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

လေးလေး လှုပ်ရှားမှုတွေကို ကောင့်တစ်ထောင့်မှာ တိတ်ဆိတ်စွာထိုင်ရင်း အကဲခတ်နေမိသည်။

ဒေါ်နွယ်သဇင်က ညှော့ခန်းဆိုဖာမှာ တိတ်တဆိတ်ထိုင်နေရင်း လေးလေးကို မြူးကြည့်နေ၏။

လေးလေးက ဒေါ်နွယ်သဇင်ဘေးမှာ ထိုင်လျက် စကားပြောလိုက်၊ သတင်းစာဖတ်လိုက်နှင့်။

မျက်နှာတစ်ပြင်လုံး ကြည်ရွှင်လျက် ပြုံးနေပုံကလည်း အသက်ပါသည်။

ငြိမ် မျက်လုံးလေးထောင့်ကပ်ရင်း အရှည်ကြီး စဉ်းစားနေမိသည်။

ဒေါ်နွယ်သဇင်သည် လေးလေးအဖို့တော့ အကောင်းဆုံးအဖော် ဖြစ်နိုင်သူပဲဟု အဖြေကို အဆုံးမှာ ရှာဖွေတွေ့ရှိ





၏။

လေးလေး အိမ်ထောင်ပြုသွားမှာ ငြိမ် သိပ်မတုန့်လှုပ်တော့။

ကိုယ့်ကြောင့် သွေ့ခြောက်ခဲ့သောဘဝကို စိုပြည်စေချင်ပြီ။

ဒေါ်နွယ်သဇင်သည် လေးလေးကို သံယောဇဉ်ရှိရှာမှာပါ။

သူတို့နှစ်ဦးကို ညှော့ခန်းတွင် ထားရစ်ခဲ့ပြီး ခြံထဲဆင်းထာခဲ့သည်။

ခါတိုင်းဆို မယုံသင်္ကာ မျက်လုံးတွေနှင့် လေးလေးများ တွယ်ကပ်နေပြီး မျက်နှာကို တင်းထားမိသည်။

အခုချိန်မှာတော့ ငြိမ် သိပ်ကို လူကြီးဆန်သွားရပြီ။

ခြံဝင်းကျယ်ထဲ လမ်းလျှောက်ရင်း ကိုယ်စီကိုယ်စီ သာယာစိုပြည်လာမည့် ငြိမ့်ဘဝနှင့် လေးလေးဘဝကို စိတ်ထူးနှင့် မျှော်မှန်းရင်း ပျော်နေရသည်။

လေးလေးသာ ဒေါ်နွယ်သဇင်နှင့် လက်ထပ်လိုက်သည်ဆို မောင်လည်း မတွေးကောင်းတာတွေ တွေးတော့မည်ထင်။

ငြိမ့်အပေါ် သံသယတွေလည်း ပျက်သုဉ်းသွားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်လည်း မောင် ဝယ်ထားသော အိမ်ကလေးမှာ စိတ်ချမ်းသာစွာ ချစ်သူအလိုကျ လိုက်နေနိုင်ပေတော့မည်။

လေးလေးတစ်ဦးတည်း ကျန်ရစ်ခဲ့မှာ တွေးပူစရာ မလိုတော့။

ခက်ခဲရှုပ်ထွေးလာသော အခြေအနေကို ဖြေရှင်းဖို့ သည်တစ်နည်းပဲ စဉ်းစားလို့ရတာမှန်ပေမယ့် လေးလေးက ငြိမ် စီမံသလို နာခံပါမည်တဲ့လား။

လေးလေး ခံစားမှုကကော ဘယ်လိုနေမှာလဲ။

လေးလေး ဆန္ဒကိုလည်း ငြိမ် ထည့်တွက်ရဦးမည်။

သိပ်မကြာလိုက်ဘဲ ဒေါ်နွယ်သဇင် ပြန်သွားတော့ လေးလေးက ငြိမ့်အနားရောက်လာသည်။

"ငြိမ်လေး"

"ရှင်"

"ဘာတွေငေးနေတာတုံး"

"အဟင်း ...မငေးပါဘူး လေးလေးရဲ့"

လေးလေးက ခုံတန်းလေးမှာ ဝင်ထိုင်တော့ ငြိမ်လည်း လေးလေးရှေ့မှာ လက်ပိုက်ရပ်နေမိသည်။

"ငြိမ့်ကို လေးလေးပြောစရာရှိတယ်"

"ပြော ...လေးလေး"

"ငြိမ် အခုခံစားနေရတဲ့ ဒုက္ခမျိုးကို ငြိမ် ငယ်ငယ်





တုန်းက လေးလေး အလူးအလှိမ့်ခံစားရဖူးတယ်"

"ရှင်"

ငြိမ် တအံ့တသြနှင့် မျက်လုံးလေး ဝိုင်းသွားရသည်။

ငြိမ့် အခက်အခဲကို လေးလေးက သိနေသလား။

"လေးလေးမှာ တိုတုန်းက ချစ်သူတစ်ဦး ရှိခဲ့ဖူးတယ်"

လေးလေး စကားတွေက ငြိမ့်ကို အံ့သြပြီးရင်း အံ့သြစေသည်။

"ငြိမ်က ပေါက်စနလေးဆိုတော့ ဘယ်မှတ်မိပါ့မလဲ၊ သူက ငြိမ့်ကို မကြည်ဖြူနိုင်ဘူး၊ ရေရှည်သည်းခံနိုင်မှာ မဟုတ်ဘူးတဲ့၊ လေးလေး ဘယ်လိုလုပ်ရမလဲ၊ နောက်ဆုံးတော့ သူနဲ့ လေးလေး ဝေးသွားတယ်၊ ဘယ်လိုမှ ညှိမရခဲ့ဘူး"

"ဒီအကြောင်းတွေ ငြိမ် မသိခဲ့ဘူး"

"လေးလေးက မပြောပြချင်ပါဘူး၊ အခု တိုက်ဆိုင်လာလို့၊ ဒီတစ်ခါ သမီးအလှည့်ပေါ့၊ ထွဋ်က ငြိမ်နဲ့လေးလေးကို သက်ဘမကောင်းဖြစ်နေတယ် မဟုတ်လား"

"လေးလေးရယ်"

"ငြိမ်လေး ရဲရဲဆုံးဖြတ်စမ်းပါ၊ သူ့ကိုချစ်ရင် လိုက်သွားရဲရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ် မဆုံးဖြတ်တတ်တော့ဘူး လေးလေးရယ်"

"ဘာလို့လဲ"

ငြိမ် အားတင်းပစ်ရင်း ...

"လေးလေး ...ဒေါ်နွယ်သဇင်ကို လက်ထပ်မှာလား"

"အဟား"

လေးလေး ရယ်သံက ကြောက်စရာကောင်းအောင် အေးစက်သွား၏။

"ဘာလဲ ...ဒါ လေးလေးကို ရှင်းပစ်တဲ့နည်းလား"

"မဟုတ်ပါဘူး လေးလေးရယ်၊ မဟုတ်ပါဘူး"

ကမန်းကတန်း လက်ကာငြင်းရင်း ဖြေရှင်းချက်ထုတ်မိသည်။

"လေးလေး အိမ်ထောင်ပြုမှာ မစိုးရိမ်တော့ဘူးလား။

ဒေါ်နွယ်သဇင်နဲ့ သဘောတူပြီလား၊ လေးလေးကို မိန်းမယူစေချင်ပြီပေါ့၊ ဟုတ်လား"

"ဟင့်အင်း ...ငြိမ့်ကို ဒီလိုချောင်ပိတ်မမေးပါနဲ့ လေးလေးရယ်၊ လေးလေးဆန္ဒကို ငြိမ် မေးကြည့်တာပါ"

မျက်ရည်တွေ လိမ့်ဆင်းကျလာတော့ လေးလေးက

"တိတ် ...တိတ်"

"လေးလေး ဘယ်သူ့ကိုမှ လက်မထပ်တော့ပါဘူး





ကွာ၊ အေးအေးဆေးဆေးပဲ နေပါရစေတော့"

"လေးလေး သဘောပါ"

"ငြိမ့်အတွက် အနှောင့်အယှက်ဖြစ်နေရင် လေးလေး ငြိမ် ဖြစ်ချင်သလို နေပေးမှာပါ၊ ငြိမ်တို့ ဒီအိမ်မှာနေချင်လည်း လေးလေး ခွဲထွက်ပေးမယ်၊ ဒါမှမဟုတ် ငြိမ် လိုက်ချင်လည်း လိုက်သွား"

"အို ...မဟုတ်တာ"

လေးလေးကို နားလည်သွားရသည်နှင့်အမျှ မောင့်အမေးလည်း အပြစ်မမြင်မိတော့ပေ။

တစ်ချိန်လုံး လေးလေးအနားမှာ ရှိနေခဲ့သည့် ငြိမ်က လေးလေးအဖြစ်ကို တိတိပပမသိခဲ့ဘဲ ဘေးနားက မောင်ကမှ ချက်ချင်းသိမြင်အကဲခတ်နိုင်ခဲ့သည်။

အချစ်ချင်းတူလျှင်တောင် ယုံကြည်မှုက လေးလေး ဘက်သာမှာပဲဆိုတာ မောင် သိနေခဲ့သည်ထင့်။ အဲဒါကြောင့် လည်း ငြိမ့်ကို ဆွဲထုတ်ခေါ်သွားချင်တာပေါ့။

"ငြိမ်လေး"

အခန်းထဲကို ဝင်ခါနီး လေးလေး ခေါ်သံကြောင့် ရပ်ပစ်လိုက်ရသည်။

တံခါးပေါင်ကို ကိုင်ထားလျက် လေးလေးရှိရာ နောက်ပြန်လှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက ငြိမ့်ဘေးကို ရောက်လာခဲ့သည်။

"လေးလေး စကားတွေကြောင့် ငြိမ် ဝမ်းနည်းသွားသလား"

"ရပါတယ် လေးလေး၊ ငြိမ် အားလုံးကို နားလည်ပါတယ်၊ လေးလေးကို ပိုပြီးနားလည်ပေးနိုင်ပါတယ်"

အခန်းတံခါးကို တွန်းဖွင့်လျက် တည့်တည့်မတ်မတ်မှန်တင်ခုံရှေ့ ရောက်သွားမိသည်။

"လေးလေးကို ကလေးက ဘာတွေများ နားလည်သွားတာလဲ"

ငြိမ့် နောက်ပါးကိုရောက်လာပြီး လေးလေးက ဆက်မေးသည်။

"မသိပါဘူး လေးလေးရာ"

ငြိမ် လျှော့ပစ်ရင်း တိုက်ဆိုက်နေမိ၏။

လေးလေးကလည်း ဘာတစ်ခွန်းမှ ထပ်မမေး။

"လေးလေးရေ"

"ဟင်"

"ကော်ဖီသောက်မလားဟင်"

"သောက်မယ်လေ"

ငြိမ်နှင့်လေးလေး ထမင်းစားခန်းကို အတူယှဉ်လျှောက်လာခဲ့၏။ ထမင်းစားပွဲမှာ ထိုင်လိုက်သော လေးလေး





ရှေ့ ကော်ဖီတစ်ခွက်ဖျော်ပြီး ချပေးလိုက်၏။

လေးလေးဘေးမှာ ဝင်ရှိုင်ရင်း ပခုံးစွန်းကို ခေါင်းမှီချလျက် မျက်ရည်တွေ ရစ်ဝဲလာရသည်။

ခွင့်လွှတ်တော့ မောင်ရယ်။

ငြိမ့်ကို စိတ်နာလိုက်ပါ။ မေ့ပစ်လိုက်ပါတော့။

မျက်ရည်စတွေက ပါးပြင်ပေါ် တလိမ့်လိမ့်ကျလာသည်။

"ကလေး"

လေးလေးက ငြိမ့်ခေါင်းလေး မှေးတင်ထားသော ပခုံးစွန်းကို တဖြည်းဖြည်းဆက်ရင်း ခေါ်၏။

"ငြိမ်လေးကော ကော်ဖီမသောက်ဘူးလား"

"မသောက်ချင်ပါဘူး လေးလေးရယ်၊ ငြိမ် ဗိုက်ပြည့်နေတယ်"

မျက်ရည်စတွေကို လေးလေး မမြင်အောင် ထွယ်ဝှက်ထားရင်း ရင်တစ်ခုလုံး နင့်နင့်နဲ့နဲ့ နာနေရသည်။

လေးလေးဘေးမှ ဆက်ခနဲထရပ်ကာ ညှို့ခန်းဆီ လျှောက်လာပြီး ကက်ဆက်ကို ခပ်တိုးတိုးဖွင့်သည်။

ရဲသွင်၏ စွန့်စားမယ်အချစ် သီချင်းကလေးပါပဲ။

ဘယ်မှာဖြစ် မိန်းကလေးသာအနားရှိ ××× ရင်ဆိုင်ကာ ဖြေရှင်းနိုင်သည် ××× နေရောင်လို့စွမ်းအားနဲ့ ×××တို့



www.burmeseclassic.com

www.burmeseclassic.com



အချစ် ×××နဂါးငွေ့တန်းဖြတ်ကျော်မည် ××× ပန်းပွင့်လို နူးညံ့မှုနဲ့ ×××တို့နှလုံးသား ××× အကြင်နာတွေ မင်းအတွက် နေ့တိုင်းရှိ ××× အရာရာမှာ အဆိုးနဲ့ကြုံတွေ့လည်း အချစ်များနဲ့ တိုးမြှင့်ရင်ခုန်မည် ××××

မောင်ရယ် ...

မောင့်ပုံစံလေးကို အထင်အရှား မျက်ဝန်းထဲ မြင်ယောင်လာ၏။

"မောင့်နေရာမှာ ခဏဝင်ကြည့်စမ်းပါကွာ၊ တနေ တတ်လာအောင်ပါကွာ"

"ငြိမ်ရယ်"

"ငြိမ့်ကို မောင် နားလည်ပါတယ်၊ မောင့်ကိုလည်း ငြိမ် ကိုယ်ချင်းစာပေးပါ၊ ပြီးတော့ အကောင်းဆုံးအဖြေတစ်ခု ကို စဉ်းစားပါ၊ လေးလေးနဲ့ပဲ တစ်သက်လုံးနေသွားမလား မောင့်ဆီပဲ သတ္တိရှိရှိနဲ့ လာခဲ့မလား"

မောင့်စကားတွေက တစ်လုံးချင်း တစ်လုံးချင်း နားထဲစီးဝင်လာကြ၏။

ကက်ဆက်ကလေးပေါ် လက်ထောက်တင်ထားရင်း လက်ဖမိုးပေါ် မေးပြန်ထောက်ကာ တစ်ချက်ရှိုက်မိသည်။

ငြိမ့်ကို ရက်စက်တယ်လို့ပဲ ထင်လိုက်ပါ မောင်ရယ်။

ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချကြည့်လိုက်၏





တုန်လှုပ်ခြင်းကြီးစွာ ပြန်မြင်လိုက်နှင့် တစ်ဦးတည်း ခေါင်းရှုပ်ပြီး နုံးခွေလာရသည်။

လေးလေးကို ထားခဲ့ပြီး ဖျည့်မကြည့်စတမ်း ခွဲသွားဖို့ကျတော့ ငြိမ် ဘယ်လိုမှ သွေးမအေးနိုင်။

မောင့်ကို အဆက်အသွယ်ဖြတ်ပြီး လေးလေးနှင့်ပဲ နေဖို့ကျတော့လည်း ရင်ထဲမကောင်းနိုင်ပြန်။

မောင့်အပေါ် တင်းမာဖို့ကျတော့ ငြိမ့် နှလုံးသားက ဘယ်နည်းနှင့်မှ လက်မခံပါ။

ခုထက်ထိ နောက်ဆုတ်ဖို့ကို ဘယ်လိုမှ စိတ်သွင်းလို့မရ။

မောင် မရှိသည့်နောက် ဆက်လက်ရှင်သန်ရမည့် အချိန်တွေသည် ပျင်းရိငြီးငွေ့စဖွယ် ကောင်းလွန်းနေမှာ ငြိမ့်ကိုငြိမ် သိသည်။

ပြီးတော့ ဝေးသွားပြီးသည့်နောက်ပိုင်း ငြိမ် ဘယ်လို ခံစားရမလဲဆိုတာ မှန်းမကြည့်တတ်။

ကွဲကွာခြင်းအတွက် ဘယ်အတိုင်းအတာအထိ ပေးဆပ်ခံစားရမလဲ မသိနိုင်။

ဆုံးဖြတ်ချက်ကို ကိုယ်တိုင်ရွေးချယ်ပြီးမှ သည် ဆုံးဖြတ်ချက်အပေါ် တစ်သက်လုံး စိတ်မကောင်းဖြစ်နေမှာ ကြောက်လန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သည်ကိစ္စမှာ အခရာကျနေသည်။

လေးလေးကိုယ်တိုင်ကလည်း ငြိမ့် ဆုံးဖြတ်ချက်ကို ဘာမှ ဝင်မစွက်ဘဲ နာခံဖို့အသင့် ရှိနေ၏။

မောင်ကလည်း ငြိမ့်ကိုပဲ ရွေးချယ်စဉ်းစားခိုင်းသည်။

ကလေးဆန်စွာပဲ လေးလေးကို အားကိုးနေထိုင်ခဲ့သော အကျင့်ကြောင့်၊ ခုကိစ္စမှာလည်း လူကြီးတစ်ဦးလို ရင့်ကျက်မှုတွေ ရှိမနေ။

ခေါင်းကို အလုပ်ပေးလွန်းသဖြင့် ဦးနှောက်တွေလည်း ပူခြောက်လာရသလို ရင့်ကျက်ခြင်းတွေလည်း ရှိလာရသည်။

အကျဉ်းအကျပ် တစ်ခုတည်းမှာ ကြာရှည် ပိတ်မိနေတာကြောင့် အရင်ကထက် အဆပေါင်းများစွာ တည်ငြိမ်လာရသည်။

ဘယ်လောက်ပဲ ငြိမ်သက်မှုတွေ ရှိလာရှိလာ မျက်ရည်စတွေကတော့ စိုစွတ်နေဆဲပါပဲ။

တစ်ဦးဦးအပေါ် ပြတ်သားနိုင်ဖို့ လုံလောက်တဲ့အထိ မျက်ရည်တွေကို ငြိမ့် ပေးဆပ်နေရပြီဟု ယူဆမိသည်။

"ငြိမ့်လေး"

အုပ်မိုးကျလာသော အရိပ်ကြောင့် ငြိမ့် ဆတ်ခနဲ ဖြစ်သွားရသည်။





လေးလေးကို ခပ်ငေးငေးကြည့်ရင်း အကြာကြီး ငြိမ်နေမိသည်။

"ငြိမ့်လေး"

စူးစိုက်ကျလွန်းသော အကြည့်ကြောင့် မင်းဒင် အရမ်းကြေကွဲသွားရသည်။

သူ့ကလေး ဘယ်လောက် ထိရှခံစားနေရပြီလဲ။

ကိုယ့်စိတ်ကို တင်းရင်း ဆုံးဖြတ်ချက်ကို အပြတ်ချလိုက်၏။

ဖြစ်ချင်ရာ ဖြစ်ပါစေတော့။

ကိုယ့်ဘဝတစ်ခုလုံးသည် သူ့မလေးအတွက်ပဲလေ။

"ဒေါ်နွယ်သစင်ကို လေးလေး လက်ထပ်လိုက်တော့မယ်"

ကြားလိုက်ရသော စကားကြောင့် ငြိမ် ဆတ်ခနဲ တုန်သွားသည်။

ပြီးမှ သက်ပြင်းတစ်ချက် ရှိုက်မိသည်။

"ငြိမ်လေး သဘောတူလား"

လေးလေး အမေးကိုမဖြေဘဲ ဖျော့တော့စွာ ပြုံး၏။

ရင်မှာ မချိသည်မို့ အပြုံးက မဲ့စွက်လျက် မပီပြင်ချင်။

"ပြောလေ ငြိမ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ် စဉ်းစားပါရစေဦး"

မယုတ်မလွန် စကားကိုဆိုရင်း လေးလေးအပါးက ခွာလာခဲ့သည်။

ခဏတော့ ရှောင်နေပါရစေ လေးလေးရယ်။

ငြိမ် တစ်ဦးတည်း နေပါရစေ။

ငြိမ် ဖွင့်ထားသော ကက်ဆက်မှ သီချင်းသံက ခပ်တိုးတိုးထွက်ပေါ်နေတုန်း ညှို့ခန်းကျယ်မှာ ငေါင်စင်းစွာ ထိုင်နေမိရင်း အပျော်တွေ ကင်းမဲ့နေရသည်။

× × × ×





## အခန်း (၁၈)

လေးလေးမရှိချိန်မှာ ထွန်း ဆီက ဖုန်းလာတော့ ငြိမ် ဝမ်းသာသွားရသည်။

"ငြိမ်လား"

ဟု မေးတော့ ..

"ဟာ .."

ဟု အားပါးတရလေး ရေရွတ်မိ၏။

"မောင်လား"

"ဟုတ်တယ်၊ ငြိမ် ဆုံးဖြတ်ပြီးပြီလား"

သတိရတာတွေ အောက်မေ့တာတွေအစား ဆုံးဖြတ်ချက်ကိုပဲ ဦးဆုံးမေးလာ၏။

ဟုတ်ပါတယ်။ ငြိမ် သိပါပြီ။

လောကကြီးမှာ အပေါ်ယံသာယာမှုတွေထက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းအနှစ်သဏ္ဍာန်က ပိုအရေးကြီးပါတယ်။

ဘဝတစ်ခုကို ရင်ဆိုင် လက်တွဲတော့မယ်ဆို သတ္တိရှိရှိ ဖြတ်သားဖို့ သန္နာထားဖို့ အဲဒါတွေ အဓိကပါပဲ။

"ငြိမ် ... မောင် မေးတာဖြေလေ"

"ဖြေပါ့မယ် မောင်"

ဘာမှ စားမထားဘဲ နှင်သလို ဖြစ်နေတာကို မျိုချပစ်ရင်း ...

ငြိမ် လေးလေးနဲ့ပဲ နေတော့မယ်ဟု အပြတ်သားဆုံး ပြောချအပြီးမှာ အင်အားတွေ ကုန်ခမ်းသွားသလို ခံစားရတော့သည်။

"ဩော်"

မောင့် ရေရွတ်သံက ငြိမ့်နားထဲ ပူလောင်စွာ ဝင်လာ၏။

"အတည်ပဲလား ငြိမ်"

"အတည်ပါပဲ မောင်ရယ်၊ ငြိမ် စိတ်မကောင်းဘူး၊ မောင့်အတွက် ယူကျုံးမရဖြစ်တာ မဟုတ်ပါဘူး၊ ငြိမ့်ဘဝ အတွက် ငြိမ့်ဟာ ငြိမ် ခံစားရတာပါ"

မောင်က ငြိမ်ကျ နားစွင့်နေ၏။

"မောင် ခံစားရမှာထက် အဆပေါင်းများစွာ ငြိမ်က ခံစားရမှာပါ၊ ဆုံးဖြတ်ရတာ ငြိမ်လေ၊ မောင်က ငြိမ့် အဆုံး





အဖြတ်ကို နာယူတာပဲ"

မျက်ရည်တွေ ဝေ့တက်လာတာမို့ မျက်တောင်ခတ် ထိန်းရင်း ပြောချင်တာတွေ အကုန်ပြောမိသည်။

"သည်းခံနားထောင်ပေးပါ မောင်၊ နောက်ဆို ဒီလို ပြောဖို့ အခွင့်အရေးတောင် ရမှာမဟုတ်တော့ပါဘူး"

ငြိမ့်စကားကို မောင် သက်ပြင်းရှိုက်၏။

"တစ်ခါတလေတော့ အရိုက်ခံရတဲ့လူထက် ရိုက်ရ တဲ့ လူရဲ့ရင်မှာ ပိုနာကျင်တတ်ပါတယ်၊ ငြိမ့်ကို ခွင့်လွှတ် နားလည်ပေးပါ၊ ငြိမ် မောင့်ကို သိပ်ချစ်တယ်၊ ငြိမ့်ဘဝမှာ မောင်တစ်ယောက်ကိုပဲ ချစ်သူရည်းစားလို ချစ်ဖူးတာပါ၊ ငြိမ့် ရင်မှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ဘယ်သူမှ နားလည်မှာ မဟုတ်ဘူး"

"ငြိမ်ရယ်"

"ငြိမ် လေးလေးကို မောင့်လောက်မချစ်ပါဘူး၊ ဒါပေ မယ့် အားကိုးယုံကြည်မှုတော့ မောင့်ထက်ပိုတယ်၊ မောင်က ငြိမ့်ဘက်က ပြုမူသလို တုံ့ပြန်မှာပဲ၊ သာမန်မေတ္တာမျိုးလေ၊ စော်ကားတာ မဟုတ်ပါဘူး"

"ရပါတယ် ပြောပါ"

"လေးလေးကျတော့ တုံ့ပြန်မှုက တစ်သမတ်တည်း မိဘက သားသမီးအပေါ် ထားတဲ့မေတ္တာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်အသံလေး တိမ်ဝင်တိုးရှသွားရသည်။

“ငြိမ်း တစ်ကြိမ်မှားလဲ ခွင့်လွှတ်မှာပဲ၊ နှစ်ကြိမ်မှားလဲ အပြစ်ယူမှာ မဟုတ်ဘူး၊ အကြိမ်ကြိမ်မှားလဲ သွန်သင်ပြရင်း ငြိမ့်ကို ပစ်စလက်ခတ် လုပ်ရက်မှာ မဟုတ်ဘူး၊ လေးလေးကို ငြိမ် ယုံကြည်တယ်၊ လေးလေးလောက် ငြိမ့်အပေါ် ဘယ်သူမှ ကောင်းနိုင်မှာ မဟုတ်ဘူး၊ လေးလေးလောက် သည်းခံအနွံတာ ခံနိုင်မှာ မဟုတ်ဘူး၊ လေးလေးအရိပ်လောက် အေးမြလွန်းမယ့် အရိပ်မျိုး ငြိမ် ထွက်မရှာချင်တော့ဘူး မောင်ရယ်”

မောင်က ခုထိ စကားတစ်ခွန်းမှ မဆိုသေး။

“လေးလေးကို လက်ထပ်မယ်လို့ ငြိမ် တစ်ခွန်းမှ မပြော သေးဘူးနော်၊ မောင်ထင်တာ လွဲသွားမှာစိုးလို့၊ လေး လေးနဲ့ တစ်သက်လုံး အတူနေသွားမယ်လို့သာ ပြောတာ”

“မောင် နားမလည်ဘူး”

“ငြိမ်နဲ့လေးလေးကို နားလည်ပေးနိုင်မယ့် တစ်ယောက်လောက် ရှိလာရင်တော့ ငြိမ် လက်ထပ်ဖြစ် မှာပါ”

“ဟင်”

“ဟုတ်တယ်၊ လေးလေးက သူ့ဘဝ ငြိမ့်အတွက် ဖြစ်စေခဲ့သလို ငြိမ့်ဘဝလဲ လေးလေးအတွက်ပဲ ဖြစ်ရမယ်၊ တစ်ယောက်ကို တစ်ယောက် အဖော်ပြုရင်း တစ်သက်လုံး





သန့်စင်အေးချမ်းစွာ နေထိုင်သွားကြဖို့ပါ”

“ငြိမ်က အခုအတိုင်း ဆက်နေသွားမယ်လို့ ဆိုလိုတာ လား”

“ဟုတ်တယ် မောင်၊ ဒါပေမယ့် လေးလေးလောက် ငြိမ့်အပေါ် ကောင်းနိုင်မယ့်သူရှိလာမယ်၊ အဲဒီလူနဲ့ လေးလေး လဲ ပြေလည်မယ်ဆိုရင်တော့ အဲဒီတစ်ယောက်ကို ငြိမ် စဉ်းစား မှာပါ”

“ဒါဆို လေးလေးနဲ့အတူမနေနိုင်လို့ ပယ်တာပေါ့၊ ဟုတ်လား”

“ပယ်တယ်လို့ မသုံးပါနဲ့မောင်၊ ပယ်တယ်ဆိုတဲ့ စကားလုံးက သိပ်ကိုပေါ့လွန်းပါတယ်၊ ငြိမ်ကျခဲ့ရတဲ့ မျက်ရည် တွေကို တွေးယူကြည့်ပြီး စကားတွေပြင်ပါ မောင်ရယ်၊ ဆက်လွှတ်စပယ် မပြောပါနဲ့”

“ဆောရီး”

“ငြိမ်နဲ့မောင် သိပ်ချစ်ခဲ့ကြတာပါ၊ ငြိမ့်ကို ချစ်တယ် ဆို ငြိမ် သိပ်ခံစားရအောင် မလုပ်ပါနဲ့၊ ချစ်သူမဟုတ်တော့လို့ နက်စက်ပြမယ်ဆိုရင်တောင် ငြိမ်က အသည်းငယ် အားငယ် တတ်တဲ့ မိန်းမသားဆိုတာ ထည့်တွေးပါ မောင်၊ ညှာတာပါ”

ငြိမ့်အသံတွေ တုန်ခတ်လာတာမို့ စကားကို ခဏ ရပ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“အခုကိစ္စမှာ ငြိမ် အပြစ်ရှိခဲ့ရင်တောင် ဖွဲမယူပါနဲ့၊ ခွင့်လွှတ်ပေးပါ၊ မေတ္တာပျက်ရင်တောင် အမုန်းတော့ မခံရပါစေနဲ့”

“မောင် ငြိမ့်ဆီ မလာရတော့ဘူးလား”

“မောင့်သဘောပဲလေ၊ ဆန္ဒရှိလဲ လာပေါ့”

မောင်က သက်ပြင်းတရှိုက်ရှိုက်နှင့်ဘာမှ ဟုတ်တိပတ်တိ မပြောပါ။

“မောင့်ကို ငြိမ် မချစ်ဘူးနော်”

“အဲဒီလိုပဲ ထင်လိုက်တာ၊ မောင့်အတွက် ပိုပြီးချေသာမယ်လို့ ထင်ပါတယ် မောင်၊ ရပါတယ်”

“ငြိမ် ဒီလောက် စကားတတ်လိမ့်မယ်လို့ မောင် မထင်ထားဘူး”

“စကားတတ်တာ မဟုတ်ဘူး၊ ရင်ထဲရှိတာတွေ ထုတ်ပြောမိတာပါပဲ”

“မောင် အရှုံးပေးပါပြီ”

“အဟင်း …. နှုတ်ကရတဲ့ အရှုံးထက် ရင်ထဲက အရှုံးက ပိုခံစားရခက်ပါတယ် မောင်”

မောင်က ဘာမှမပြောဘဲ တိတ်ဆိတ်နေ၏။

“မောင် … ငြိမ် ဖုန်းချတော့မယ်”

“ဟာ …. နေပါဦး၊ ဘာလဲ မောင်နဲ့ ကြာကြာ





စကားမပြောချင်တော့ဘူးလား၊ ပြီးတော့ မောင့်ကိုရော ပြောအလှည့် မပေးတော့ဘူးလား”

“ပြောပါမောင် ငြိမ် နားထောင်နေပါတယ်”

“မောင် သဇင်မောင်မောင်ကို လက်ထပ်မယ်ဆို ငြိမ် သဘောတူမှာလား”

မောင့်အမေးက ရင်တစ်ခုလုံး ပြည့်နှင့်သွားစေသည်။ နှိပ်စက်လိုက်ပါ မောင်ရယ်။

လောင်ကျွမ်းမည်းချိတ်နေတဲ့အသည်းကို ဖုံချွေချင်လည်း ချွေပါတော့။

ငြိမ် တော်တော်နှင့် စကားမပြောနိုင်အောင်ပင် ဆို့တက်မောပန်းသွားရသည်။

ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေကို ဘယ်လိုမှ မတားနိုင်တော့။

“မောင်မေးတာ ဖြေလေ”

“ငြိမ်က ဘာဝင်စွက်လို့ ရမှာလဲ၊ မောင့်သဘောမောင့်ဆန္ဒပဲပေါ့”

“ဪ”

“မောင်ဝယ်ပေးထားတဲ့ အိမ်ကလေးအတွက် အိမ်ရှင်မတစ်ယောက် မြန်မြန်ဆန်ဆန် ရှာလိုက်မယ်ဆိုလဲ မောင့်ကို အပြစ်ယူလို့ မရပါဘူး၊ ငြိမ်ကိုယ်တိုင်လဲ မောင့်နေရာမှာဆို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲလုပ်မိမှာပဲ''

''မောင့်ကို စာနာပေးနိုင်တာ ကျေးဇူးတင်တယ် ငြိမ်ရယ်''

မောင်က ငြိမ့်နာမည်ကို တမက်မောလေး ခေါ်ပြီးမှ တဖြည်းဖြည်း စကားဆက်သည်။

''မောင်တို့အဖြစ်က သိပ်ကြေကွဲစရာကောင်းနေပြီ၊ အမုန်းနဲ့ လမ်းခွဲရတာမို့ ကိုယ်စီကိုယ်စီ ခံနိုင်ရည်အင်အားရှိဦးမယ်''

''ဟုတ်တယ်နော်''

''မောင် နာကြည်းအောင် ပြောစမ်းပါလား ငြိမ်''

''မောင် ဘယ်လိုပြောစေချင်လဲ၊ ငြိမ် ပြောပါ့မယ်''

မောင်နှင့်ငြိမ် အကြာကြီး တိတ်ဆိတ်နေ၏။ ပြီးမှ မောင်က တိုးဖွဖွလေး ...

''ချစ်တယ် ငြိမ်ရယ်၊ မောင် လာခဲ့ပါရစေ'' ဟု ခွင့်တောင်းသည်။

''ကိစ္စရှိလို့လား မောင်'' ဟု ပြန်မေးရတာ ရင်ထဲ မကောင်းနိုင်။

''ရှိတာပေါ့၊ ငြိမ်က မောင့်ချစ်သူပဲဟာ၊ ငြိမ့်ကို မောင် တစ်အားဖက်ထားချင်တယ်၊ ပြီးတော့ ...''

တိုးဖွလွန်းသော မောင့်အသံကြောင့် ငြိမ့်မျက်နှာ





ကလေး ရဲသွားရသည်။

တဒိတ်ဒိတ် အခုန်မြန်သွားသော ရင်ခုန်သံကို ညှိသက်သွားအောင် ထိန်းမရပါ။

''မောင်လာခဲ့မယ်ကွာ၊ ဒါပဲ''

မောင်က အပြတ်ပြောပြီး ဖုန်းချသွားပေမယ့် ငြိမ့်မှာတော့ တွေးစရာတွေ ရှိလာခဲ့ရသည်။

လက်မထပ်တော့ဘူးဟု ဆုံးဖြတ်ထားပြီးသော လူတစ်ဦးနှင့် ငြိမ် ချစ်သူတွေလို နေသင့်သေးရဲ့လား။

တစ်ခါတလေကျတော့လည်း ရင်တွင်းခံစားမှုတွေ သိပ်နက်ရှိုင်းလာတဲ့အခါ လူတွေ နားလည်မပေးနိုင်အောင် ပြုမူမိကြတယ် ထင်ပါရဲ့။

မောင်ရောက်လာတော့ ငြိမ် ခြံထဲမှာပဲ ဆင်းညိုခံမိသည်။

မောင် နှစ်သက်တတ်သော ဘလက်ကော်ဖီကို သံပရာ သီးတစ်စိတ်နှင့် ယူလာပေးတော့ မောင်က ကျေးဇူးဟု ဆို၏။

''မောင်တို့ တကယ်ဝေးကြရမှာလား၊ ငြိမ် မောင့်ကို ခွဲနိုင်လား''

အပ်ကြောင်းထပ်ခဲ့ပြီးသော အကြိမ်ကြိမ် ညှိမရခဲ့သော ခေါင်းရှုပ်စရာစကားပဲ မောင်က ပြောလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွဲနိုင်ပါတယ်၊ အတူရှိနေမှ အချစ်ရှိတာ မဟုတ်ဘူး၊ ဘယ်မှာပဲနေနေ ဘယ်လိုအနေအထားရှိရှိ ငြိမ်း မောင့်ကို ချစ်နေမှာပဲ"

"အဲဒါ ငြိမ်း ကြောင်နေတာ"

ပျစ်နှစ်စွာ ကောင်းချီးပေးလိုက်တော့ ငြိမ်း မဲ့သွားရသည်။

"အဓိပ္ပါယ်လဲ မရှိဘူး"

"ဝေဖန်လှချည်လား မောင်"

"ဟုတ်တယ်၊ မောင်တော့ အဲဒီအယူအဆ လုံးဝလက်မခံဘူး၊ လူ့သက်တမ်းက တိုတိုလေး၊ တိုတောင်းလှန်းတဲ့ အချိန်ကလေးမှာ ချစ်သူနဲ့ပဲ နေချင်တယ်၊ တစ်ယောက်တကွဲ မှဆွေးနေရမယ့်အဖြစ်ကို ပျော်စရာအဖြစ် မောင် မခံစားနိုင်ဘူး"

မောင့်ကို ငြိမ်း ငေးကြည့်နေမိသည်။

"တကယ်ချစ်ရင် တကယ်ရင်ဆိုင် ဖြတ်သန်းရဲမှာပဲ၊ ဘယ်အနေအထားရောက်ရောက် ချစ်နေမယ်၊ ချစ်လျက်သားနဲ့ နောက်ဆုတ်နေပြီး ခံစားမယ်ဆိုတာ ပျော့ညံ့တဲ့လူတွေ အလုပ်"

မောင်က ငြိမ်းမျက်နှာကို စေ့စေ့ကြည့်ပြီး ...

"ဒါဒီလို လူဖျင်းစကား ဘယ်တော့မှ မပြောနဲ့၊ ကိုယ့်





တန်ဖိုးကျတယ်၊ လူ့ပဲ ဖြစ်ချင်တာဆို ဖြစ်အောင်လုပ်ရဲရမယ်၊ လုပ်နိုင်ရမယ်၊ မောင်က အဲဒီလို မာန်ရှိမှ ကြိုက်တယ်"

"ငြိမ်း ဆင်ခြင်ပါ့မယ်"

"ငြိမ်း စိတ်ချမ်းသာမယ်ထင်တာကို ခပ်ရဲရဲပဲ လုပ်ပစ်လိုက်၊ ပြီးမှ နောင်တရ ထိခိုက်နေတာမျိုး မဖြစ်စေနဲ့၊ ငြိမ်းကို မောင် အဖြူရောင်မေတ္တာနဲ့ သတိပေးတာ"

"အခုကိစ္စကျတော့ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ငြိမ်း စိတ်ထိခိုက်ရမှာပဲ"

"အဲဒါ ငြိမ်း တွေဝေနေတာပဲ"

"ငြိမ်း အဖြစ်ချင်ဆုံးက လေးလေးရယ်၊ မောင်ရယ်၊ ငြိမ်း ရယ် သုံးယောက် အတူနေချင်တယ်"

"အဲဒီလိုမျိုး ရေရှည်ဖြစ်နိုင်မလား"

"လောလောဆယ် မောင် ငြိမ်းတို့နဲ့ လာနေပေးရင် ငြိမ်း ဝမ်းသာမိမှာပဲ"

"လေးလေးကရော သုံးယောက်စုနေရင် ဝမ်းသာမယ်တဲ့လား"

"ဘာလို့ ဝမ်းမသာရမှာလဲ၊ ငြိမ်း သူ့ကို ထားပစ်ထွက်သွားမှာထက်စာရင် သူနဲ့အတူနေတာ ဝမ်းသာသင့်တာပေါ့"

"မောင် အဲဒီလိုမထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


“လေးလေးအပေါ် မောင် မယုံဘူးနော်၊ ငြိမ်က သိပ်ယုံကြည်တယ်၊ လေးလေးက ငြိမ့်တို့နှစ်ဦးကို ဖခင်မေတ္တာ မျိုးပေးနိုင်မယ့် အရိပ်အာဝါသလို့ ခိုင်ခိုင်မာမာ ငြိမ် ယုံတယ်၊ ယုံယုံကြည်ကြည်နဲ့ လေးလေး အရိပ်အောက်မှာ လာနေ ကြည့်လှည့်ပါမောင်၊ သိပ်နွေးထွေးပြီး ထူးဆန်းလှတဲ့ မေတ္တာ တစ်မျိုးကို မောင် ခံစားရမှာပါ”

“မောင် ယုံဖို့ခက်နေတယ်”

“ကြိုးစားပေးပါလား မောင်၊ လေးလေးနဲ့ ငြိမ်နဲ့ တစ်သက်လုံး တစ်အိမ်တည်းမှာ နေလာခဲ့ကြတာပါ၊ သူပျိုး ထားတဲ့ ပန်းတစ်ပွင့်ကို သူ ခြွေရက်ပါ့မလား၊ တစ်ချိန်လုံး ငြိမ် သူ့လက်ထဲ ရှိနေခဲ့တာပါ၊ လေးလေး ငြိမ့်ကို သိမ်းပိုက် ချင်ရင် အသာလေးပါ”

“ဟုတ်ပါတယ်”

“လေးလေး ငြိမ့်ကို ဘယ်တော့မှ လက်ထပ်ယူမှာ မဟုတ်ဘူး၊ ရင်ထဲမှာ ချစ်နေတယ်ထား၊ အဲဒီလို ပြောထွက်မှာ လဲမဟုတ်ဘူး၊ ငြိမ့်ဘဝလေးကို စိုးမိုးခြယ်လှယ်ရက်မှာလဲ မဟုတ်ဘူး၊ လေးလေးစိတ်ကို ငြိမ် နားလည်ပါတယ်”

“အဲဒါဆို ငြိမ်က ဘာလို့ ယတိပြတ်ဆုံးဖြတ်ပြီး မောင့်ကို ပစ်ခွာဖို့ စဉ်းစားတာလဲ”

“မောင် မယုံတာကို ငြိမ် ခံစားရလို့ပါ၊ ငြိမ့်ကို





မယုံဘူးမဟုတ်လား၊ ငြိမ့် ကိုယ်ကျင့်တရားကို စော်ကားတယ် လေ၊ ငြိမ်က ယုံကြည်မှုကို သိပ်လိုလားတဲ့လူပါ၊ ကိုယ့်အကျင့် စရိုက်ကို ယုံထားစေချင်တယ်၊ မောင့်ကို လက်ထပ်ယူထားပြီး လေးလေးနဲ့ ဖောက်ပြန်မယ့် မိန်းမျိုးလား”

ငြိမ်က ပြောပြောဆိုဆို မျက်ရည်တွေ စီးကျလာ၏။

“လေးလေးကို မယုံရင်တောင် ငြိမ့်ကို ယုံသင့်ပါ တယ်၊ ငြိမ့် ဂုဏ်ခြွေကို နားလည်သင့်ပါတယ်၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်စိတ်နဲ့ သံသယကင်းဖို့ လိုပါတယ်”

“ငြိမ့်ကို မောင် အဲလို မပြောပါဘူး”

“မပြောပေမယ့် မောင့်စကားတွေက ကြိုတင်တွက် ဆထားသလိုလို၊ စွပ်စွဲသလိုလို၊ ငြိမ် သိပါတယ်”

မောင်က ငြိမ့်ကို စူးစိုက်ကြည့်ပြီး ...

“ငြိမ်လေးကို မောင် ယုံပါတယ်”

“အဲဒါဆို ဘာလိုသေးလဲ၊ ဘယ်မှာနေနေ၊ ဘာတွေ ပဲဖြစ်ဖြစ် မောင့်ရင်ထဲမှာ ယုံကြည်မှု ခိုင်မတ်နေရင် စိတ်မော စရာတွေ ကြုံမှာမဟုတ်ပါဘူး”

“ငြိမ်က မောင့်ကို ငြိမ်တို့နဲ့ လာနေစေချင်တယ်၊ ဒါပဲ မဟုတ်လား”

“မဟုတ်သေးဘူး၊ ငြိမ့်ကို ယုံကြည်စေချင်တယ်”

“ယုံပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မညာပါနဲ့ မောင်ရယ်၊ ယုံကြည်မှုရှိတဲ့လူက ဒီလို မသက်ာမဖြစ်ပါဘူး၊ ငြိမ်ကတော့ ကိုယ့်ကို တန်ဖိုးထား မြတ်နိုးဖို့ထက် ပိုပြီး ယုံကြည်စေချင်တယ်၊ စိတ်ချလက်ချ ရှိစေချင်တယ်၊ တစ်သက်လုံးအတွက် ငြိမ်ပြောတာ၊ ခဏခဏ သက်ာရှင်းနေရရင် စိတ်ပျက် ငြီးငွေ့စရာကြီး"

ငြိမ့်စကားတွေက ထွန်းကို တွေဝေစေသည်။

သူမကို စတင်မြင်ဖူးလိုက်စဉ်က ကိုယ့် အိမ်ရှင်မလောင်းလေးအဖြစ် လုံးလုံး မထင်မှတ်ခဲ့။

ချစ်သူတွေ ဖြစ်သွားချိန်အထိလည်း သူမနှင့် ပတ်သက်ပြီး ခံစားမှုတွေ ခုလောက်နက်ရှိုင်း ကျယ်ပြန့်ခြင်း မရှိ။

ဘယ်လိုမှ မလွဲနိုင်အောင် ရှုးရှုးမူးမူး လူးလူးလိမ့်လိမ့် ဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူပင် မထင်။

တစ်စတစ်စနှင့် ကိုယ့်ရင်ထဲကို သူမ ထွင်းဖောက်လာလိုက်တာ ခုချိန်မှာတော့ နံပါတ်တစ်နေရာသည် သူမအတွက် ဖြစ်ခဲ့ရပြီ။

ကိုယ့်ဘဝမှာ သူမ အလိုအပ်ဆုံး။ သူမ ရှိမှ ပြည့်စုံမည်ဟု ခံယူထားမိသည်အထိ။

သူမကို ချစ်သောသွေးတွေ ကိုယ်တစ်ကိုယ်လုံး ပျံ့နှံ့စိမ့်ဝင်စီးဆင်းနေပြီမို့ ဘာပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ နောက်မဆုတ်ချင်တော့။





အရာရာကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းဖို့ပဲ တွေးနေရတော့သည်။

သူမနေရာမှာ သဇင်မောင်မောင်ကို အစားထိုးကြည့်တော့လည်း ကိုယ့်ရင်ထဲ မဖြေသာနိုင်ပါ။

ကိုယ့်ရှေ့တွင် ပုံ့ပုံ့လေးထိုင်နေသော အခြယ်အသကင်းနေသည့် မျက်နှာပြောင်ပြောင်ကလေးနှင့် မှိုအစ်နေသော မျက်လုံးကလေးတွေကို အကြာကြီး မလွှဲတမ်းကြည့်နေမိရင်း အံ့ဩသထက် အံ့ဩလာရသည်။

သည်လိုပုံလေးကို ဘဝတစ်ခုလုံး ပုံပေးပြီး သည်းသည်းခိုက်ခိုက် ကြင်နာလိုက်မိတာ ယုံပင် မယုံချင်စရာ။

"ငြိမ်လေး"

"ဟင်"

"ငြိမ်လေးဖြစ်ချင်သလို မောင် လိုက်လျောပါ့မယ်၊ မောင် ငြိမ်လေးအနားမှာ နေရရင်ပြီးရော"

"ဟင်"

ငြိမ် ကြားလိုက်ရသောစကားကို မယုံနိုင်အောင်ဖြစ်သွားရလျက် ဖျတ်ခနဲ ထရပ်မိသည်။

"ငြိမ်လေး စိတ်တိုင်းကျ ဖြစ်စေရမယ်လို့ ပြောတာ"

"တကယ်လား ... မောင်"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ် မောင့်မျက်ဝန်းတွေကို ဆုံကြည့်ရင်း မေးမိတော့ မောင်က ခေါင်းကို အကြိမ်ကြိမ် ဆက်တိုက် ညိတ်ပြသည်။

"မောင်ရယ်"

မောင့်ရင်ခွင်ထဲ ပြေးဝင်လိုက်ရင်း မောင့်ကို တုန်ခိုက်စွာ ဖက်တွယ်ထားမိသည်။

ငိုရှိုက်မောပမ်းခဲ့ရသော နေ့တွေကို ပြန်နှုတ်ဆက်ချင်မိ၏။ ငြိမ့်အပေါ် သည်လောက် မြတ်နိုးတွယ်တာလိမ့်မည်ဟု လုံးဝမျှော်လင့်မထားမိပါ။

မောင် ငြိမ့်ကို ယုံကြည်ပြီပေါ့။

သံသယကင်းကင်းနဲ့ စိတ်ချနိုင်ပြီပေါ့နော်။

စကားတစ်ခွန်းမှ မဆိုပါဘဲ ကိုယ်စီငြိမ်ချလျက် တိတ်ဆိတ်နေမိသည်။

"မောင်တို့ ဘယ်တော့လောက် လက်ထပ်ကြမလဲ ဟင်"

"မောင့်သဘောပဲ၊ မောင်ရွေးပေါ့၊ ငြိမ်က ဘာပဲဖြစ်ဖြစ် ရတယ်၊ မောင်ကြိုက်သလို စီစဉ်ပါ"

"အိုကေ"

မောင်က အပျော်နှင့် ခပ်တိုးတိုးရယ်မောပြီး ငြိမ့်မျက်နှာ သူ့မျက်နှာကြီး တိုးကပ်လာ၏။

မောင့်နှုတ်ခမ်းအစုံကို ငြိမ့်လက်ချောင်းလေးများဖြင့် ကာဆီးထားမိရင်း ...

"မောင်နော်"

ဟု မျက်စောင်းဝင့်ရင်း ပြောမိသည်။

"ဟာကွာ"

မောင်က ငြိမ့်လက်ကို သူ့နှုတ်ခမ်းပေါ်မှ ဆွဲဖယ်ပြီး မကျေမနပ် ရေရွတ်၏။

"တစ်ခါမှ အလိုမလိုက်ဘူး"

ဟု ရှုံ့မဲ့ဆိုတာကြောင့် ...

ငြိမ် တခစ်ခစ် ရယ်မောနေမိသည်။

"မြန်မြန်လက်ထပ်မယ်၊ ဒါပဲ"

ငြိမ့်ပခုံးတွေကို မချင့်မရဲ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ပြော၏။

"လေးလေးကို အသိပေးထားလိုက်တော့နော်"

"အင်းပါ"

မောင် ပြန်သွားပြီး သိပ်မကြာခင်မှာပဲ လေးလေး ပြန်ရောက်လာသည်။

"ဟင် ... လေးလေး စောလိုက်တာ"

"ဒီနေ့ ခွင့်တင်ထားတယ်"

"ငြိမ်က အလုပ်သွားတယ် အောက်မေ့တာ"

"မဟုတ်ဘူးကွ"

ရုပ်အကျိုကြယ်သီးတွေကို တစ်လုံးချင်းဖြုတ်နေရင်းမှ







www.burmeseclassic.com

www.burmeseclassic.com



လေးလေးက ငြိမ့်ဆီ လှမ်းကြည့်သည်။

"ငြိမ့်ကို လေးလေး ပြောစရာရှိတယ်၊ ထမင်းစားပြီးမှ အေးအေးဆေးဆေး ပြောတာပေါ့၊ လာ … ငြိမ်လေးပါ တစ်ခါတည်းစားလိုက်"

"ဟုတ်ကဲ့"

ထမင်းအတူစားနေချိန်အထိ ငြိမ် အထူးတလည် တုန်လှုပ်အံ့ဩသွားအောင် ဘယ်လိုမှ မထင်မှတ်ထားသော စကားတစ်ခွန်း ပြောလာလိမ့်မည်ဟု ငြိမ် မထင်ထားခဲ့ပါ။

ထမင်းစားသောက်ပြီးချိန်မှာ လေးလေးက ငြိမ့်ကို စကား စလာခဲ့သည်။

လေးလေးစကားတစ်ခွန်းက ငြိမ့်ကို ဇောက်ထိုးပြောင်းပြန်ဖြစ်သွားအောင် မှုးမိုက်သွားစေတော့၏။

× × × ×





အခန်း (၁၃)

"လေးလေး ဒေါ်နွယ်သစင်နဲ့ လက်ထပ်လိုက်ပြီ"

"ရှင်"

"ခုပဲ တရားရုံးကအပြန် သူ့ကို အိမ်ဝင်ပို့ခဲ့တယ်၊ ဒီမှာစာချုပ်"

မျက်စိရှေ့ ရောက်လာသော စာချုပ်ကို စူးစိုက်ကြည့်ပေမယ့် ဘာတစ်ခုမှ မမြင်ရအောင် မှောင်ပိတ်ကျနေတော့၏။

"လေးလေး …ဘယ်လိုလုပ်လိုက်တာလဲဟင်"

မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်နေသော ငြိမ့်ကို မင်းဒင် ပြုံးကြည့်ရင်း …

"အဖြစ်သင့်ဆုံးပဲ ငြိမ်လေးရဲ့၊ လေးလေး မပြောပါဘူး၊ ဒေါ်နွယ်သစင်က လေးလေးအတွက် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အဖော်ပဲလေ၊ အဆင်တပြေရှိအောင် လေးလေး တွေးရမှာပေါ့''

''လေးလေးရယ်''

''ငြိမ်လေးလည်း လေးလေးကို စိတ်ချလက်ချ ထားနိုင်သွားနိုင်ပြီပေါ့၊ ပြီးတော့ ဒေါ်နွယ်သဇင်ကလည်း လေးလေးအပေါ် အရမ်းနားလည်ပေးနိုင်သူပါ၊ အဲဒါလည်း ငြိမ်လေး သိမှာပါ''

''ဟုတ်တော့ ဟုတ်ပါတယ် လေးလေး၊ ဒါပေမယ့်''

''မပြောနဲ့တော့ ငြိမ်လေး၊ လေးလေး ပျော်ပါတယ်''

''ပျော်တယ် ...ဟုတ်လား''

''ဟုတ်တယ် ဒေါ်နွယ်သဇင်က သိပ်စိတ်ထားမြင့်တယ်၊ လေးလေးကို သံယောဇဉ်လည်း ကြီးတယ်၊ ကိုယ့်ကိုလိုလားနှစ်သက်တဲ့လူကို ကိုယ့်ဘဝပေးရတာ ကျေနပ်စရာပေါ့''

ငြိမ် လေးလေးကို မမြင်ဖူးသူလို ငေးကြည့်နေမိသည်။

''လေးလေးရယ် ...ငြိမ့်အပေါ် ကောင်းလိုက်တာ''

ငြိမ် အကျပ်အတည်းတွေ့နေတာကို အနစ်နာခံ ဖြေရှင်းပေးလိုက်ပြီပေါ့။

ဘာပဲဖြစ်ဖြစ် ဒေါ်နွယ်သဇင်နှင့် လေးလေး လက်





ထပ်ဖြစ်သွားတာတော့ ငြိမ် အရမ်းကြည်နူးသည်။

လေးလေးဘဝ မခြောက်သွေ့တော့ဘူးလေ၊ အထီးကျန်မဆန်တော့ဘူးပေါ့။

''လေးလေးတို့ မင်္ဂလာမဆောင်ဘူးလားဟင်''

''ငြိမ်လေးက ဆောင်စေချင်လို့လား''

''ဆောင်စေချင်တာပေါ့၊ သမ္မတမှာ ဒိတ်ယူထားလိုက်ပါလား''

''အင်း ...လေးလေး စဉ်းစားချင့်ချိန်နေတာပါ''

''ဘာမှ စဉ်းစားစရာမလိုပါဘူး လေးလေးရယ်၊ ဒီလောက် တည်တည်ကြည်ကြည်နေခဲ့တာ၊ အတည်တကျတစ်ကြိမ်တည်းယူတာ ကြီးကြီးကျယ်ကျယ် ဆောင်သင့်တာပေါ့''

ငြိမ် အားတက်သရောလေး ပြောမိသည်။

လေးလေးက ခေါင်းညိတ်လက်ခံတာမို့လည်း ပျော်သွားရ၏။

''ဒေါ်နွယ်သဇင်နဲ့ တည့်အောင်ပေါင်းမှာလား ငြိမ်လေး''

''အဒေါ်နေရာ ရောက်လာပြီပဲ၊ တည့်ရမှာပေါ့ လေးလေးရဲ့''

''သူ လေးလေးကို သိပ်ချစ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက တွေးတွေးဆဆ ပြော၏။

လေးလေးမျက်လုံးတွေက အရောင်တဖိတ်ဖိတ်လက်ကာ ကြည်နူးနေသလိုမို့ ငြိမ် ပြောမပြတတ်အောင် ရင်ထဲအေးချမ်းရသည်။

သူ့အလိုလို အဆင်ပြေသွားပြီမို့ သည်မှာ မောင်လာနေမှာ လေးလေးကို ပြောမပြဖြစ်တော့ပေ။

"ငြိမ်လေးတို့အတွက်ပါ တစ်ခါတည်း ဒိတ်ယူထားလိုက်ရမလား"

"အာ ...လေးလေးနော်"

လေးလေးကျောပြင်ကို တဗုန်းဗုန်းထုရင်း ငြိမ်မျက်နှာလေး ထူပူနေမိသည်။

"ထွင့်ကို ဖုန်းဆက်လိုက်လေ၊ ဝမ်းသာသွားအောင်"

"ဟုတ်ကဲ့ပါ လေးလေးရယ်"

လေးလေးရှေ့မှာပဲ တယ်လီဖုန်းအနားကို ငြိမ်လျှောက်လာမိ၏။ မောင်က ငြိမ်မှန်းသိတော့ ကမန်းကတန်းဖုန်းလာကိုင်၏။

"မောင်လား"

"ဟုတ်တယ် ငြိမ်၊ ဘာဖြစ်လို့လဲ"

စိုးရိမ်တကြီးမေးတာကြောင့် တစ်ချက်ပြုံးမိရင်း ...

"ဘာမှမဖြစ်ပါဘူး မောင်ရဲ့၊ ပြောစရာရှိလို့ပါ၊





မောင်ဝယ်ထားတဲ့ အိမ်ကလေးကို ငြိမ် လိုက်ကြည့်ချင်လို့"

"ရပါတယ်၊ ငြိမ်က ဘာလို့စိတ်ဝင်စားသွားရတာလဲ"

လေးလေး လက်ထပ်လိုက်တာကို ငြိမ် အကျဉ်းချုံးရှင်းပြလိုက်၏။

"တွေ့ပြီလား၊ မောင့်မေတ္တာတွေ စစ်မှန်လို့ကွ"

အားပါးတရအော်လိုက်တာမို့ ငြိမ့်နားလေး အူသွားရသည်။

"တိုးတိုးပြောပါ မောင်ရယ်"

ချိုကြည်နေမည်ဖြစ်သော ချစ်သူမျက်နှာချောချောကိုမြင်ယောင်ကြည့်ရင်း ငြိမ် ရင်ခုန်လာရသည်။

"အခုလို ဆုံစည်းပျော်ရွှင်ရတာ ယုံကြည်မှုကိုယ်စီရှိလို့နော် မောင်"

"အင်း ...ဟုတ်တယ်"

"ဒါကြောင့် ငြိမ်အပေါ် တစ်သက်လုံးယုံကြည်စိတ်ချရမယ်၊ မောင့်အပေါ် မတရားတာမျိုး ငြိမ် မလုပ်ပါဘူး"

"အရမ်းယုံပါပြီ ငြိမ်ရယ်"

မောင်က ရင်တွင်းမှလှိုက်တက်လာသော အသံနှင့်ပြောတာကြောင့် ဖုန်းခွက်လေးကို နားထောင်မဝသလို ကိုင်ထားမိရင်း လက်ထပ်စာချုပ်ကို ကောက်ယူကြည့်လိုက် မိ



www.burmeseclassic.com

www.burmeseclassic.com



နှာကြီး ပြုံးကျနေသော လေးလေးဆီ အကြည့်ရောက်၏။

ချစ်တဲ့အကြောင်းတွေ အရိုးရှင်းဆုံး ပြောစမ်းပါ မောင်ရယ်၊ ငြိမ် ပျော်လွန်းလို့ပါ။

ပန်းသီနိုင်

---

မှိုမို · တလေ

BURMESE CLASSIC

www.burmeseclassic.com